
www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

### ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်စာပေ၏
စီစဉ်တင်ဆက်မှု

# တြိစဏ္ဏ

## မာယာ ဧကရီ

ဂမ္ဘီရဆန်းကြာယ်ဝဏ္ဏပြည်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၀၇၀၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၁၉၂၀၆၁၀

အကြိမ် – ဒုတိယအကြိမ်

၂၀၀၇–ခုနှစ်၊ ဇွန်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဒေါ်မြင့်မြင့်ကြူ (မြ – ၀၈၁၀၈)

မိုးကောင်းကင်အော့ဖ်ဆက်

အမှတ် (၁၂၁)၊

၃၈ လမ်းအောက်

ကျောက်တံတားမြို့နယ်။



## အခန်း (၁)

### သီရိသိင်္ဂီသဲလွန်စ

ကျွန်ုပ် ယခုရေးသားဖော်ပြမည့် အဖြစ်အပျက်များမှာအတွေ့အကြုံ နည်းသူတို့အဖို့ ယုံကြည်ရန် ခက်ခဲသော လျှို့ဝှက်ဆန်းကြယ်လှသော အကြောင်းအရာများပင် ဖြစ်တော့သည်။

လွန်ခဲ့သော နှစ်အနည်းငယ်က ကိုမင်းနောင်ဆိုသော သတ္တုတွင်း မန်နေဂျာတစ်ယောက်သည် မိုင်းမောနှင့် မန်တလူကြားတွင် ရှိသော ကျောက်ခေါင်းတောင် သတ္တုတွင်း ရှိရာသို့ တာဝန်ထမ်းဆောင်ရန် ရောက် ရှိလာတော့သည်။

ကျောက်ခေါင်းတောင် သတ္တုတွင်းမှာ ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် ရှိပြီး။ ယူနန်ပြည်နယ်စပ်နှင့်လည်း လွန်စွာနီးရုံမက ရာသီဥတုကြမ်းသော နေရာလည်း ဖြစ်ပေသည်။

ကျောက်တောင်များ ထူထပ်ခြင်း၊ တောများမှာလည်း လူသူ အရောက် အပေါက်နည်းသဖြင့် လူကိုးမပေါက်အောင် များပြားခြင်း၊ ရာသီဥတု မညီ မျှခြင်းကြောင့် သာမန်ဖွဲ့ရှိရုံဖြင့် သွားရောက်နေထိုင်ရန် ခက်ခဲလှသော နေ ရာများလည်း ဖြစ်၏။ ရာသီဥတုမှာ ပူလွန်းလျှင် မီးဟုန်းဟုန်း ထ,တောက် လောက်အောင် ပူလှပြီး အေးပြီဟော့ဆိုလျှင်လည်း အရိုးကွဲ လုမျှ အေး



www.burmeseclassic.com

www.burmeseclassic.com



လှပေသည်။

တောတောင်များတွင် လူသူအရောက်အပေါက် နည်းလှသောကြောင့် သားရဲတိရစ္ဆာန်များကလည်း ပေါချင်တိုင်းပေါနေရာ တောထဲတောင်ထဲသို့ တစ်ယောက်ချင်း နှစ်ယောက်ချင်း မသွား မလာဝံ့ကြပေ..။ သွားပြန်လျှင်လည်း ပြန်လမ်းမရှိသော ဘဝသို့ ရောက်သည်က များပေသည်။

ထို့ထက် ဆိုးသည်က ငှက်ဖျားရောဂါ ပေါလှခြင်းပင်ဖြစ်သည်။ တောတောင်များထဲတွင်လည်း အဆိပ်ပြင်းသော သတ္တဝါများကလည်း လွန်စွာပေါလှသဖြင့် အရဲစွန့်ပြီး အမဲလိုက် ထွက်သူများပင် အဆိပ်ရှိသော မြွေအစရှိသော သတ္တဝါများ ကိုက်ခဲခြင်း ခံရသဖြင့် မကြာခဏ သေးဝါးကုသမှုပြုကြရသည်။

အလုပ်သမားများမှာ အစားအသောက်၊ အနေအထိုင်၊ ပင်ပန်းဆင်းရဲသောကြောင့် ထိုနေရာသို့လာရောက်၍ မည်သူမှ အလုပ်မလုပ်လိုသော်လည်း အင်္ဂလိပ်နယ်ချဲ့အစိုးရက အတင်းအကြပ်စေခိုင်းသဖြင့် လာရောက်လုပ်ကိုင်နေသူကများသည်။

ထို့ပြင် ထိုနေရာသို့ လာရောက် လုပ်ကိုင်နေသူများမှာ မိမိတို့၏သားသမီး သားမယားများကို ခေါ်လာရန် မလွယ်ကူသောကြောင့် တစ်ကိုယ်တည်း လာရောက် လုပ်ကိုင်နေရသူ များပေသည်။

ကျောက်ခေါင်းတောင် သတ္တုတွင်း၌ လာရောက်အလုပ် လုပ်နေကြသူ အတော်များများမှာ မြန်မာလူမျိုးနည်းပြီး၊ တိုင်းရင်းသားများက ပိုများလေသည်။

ထို့ပြင် အခြားနယ်များက လာရောက်အလုပ်လုပ်ကြသော လူမျိုးကွဲ အတော်များများ ရှိလေသည်။





ကိုမင်းနောင် ထိုနေရာသို့ ရောက်လာပြီး တစ်နှစ်ခန့်ကြာသောအခါ မိမိစခန်းရှိ အလုပ်သမားများနှင့်သာမက အနီးဝန်းကျင် တစ်ဝိုက်ရှိ တိုင်းရင်းသားကျေးရွာများတွင် နေထိုင်ကြသော လူများနှင့်ပါ သိကျွမ်းခင်မင်သွားတော့သည်။

အလုပ်သမားများက ကိုမင်းနောင်ကို အင်္ဂလိပ်မျက်နှာဖြူတစ်ယောက် မဟုတ်သောကြောင့်လည်း ပိုမို၍ ရင်းနှီးခင်မင်ကြဟန် ရှိပေသည်။

သို့သော်လည်း လူမျိုးကွဲများ တိုင်းရင်းသားများမှာ မြန်မာစကားကို ကောင်းစွာ နားမလည်ကြသောကြောင့် အနည်းငယ်အခက်အခဲတော့ ရှိပေသည်။

ကိုမင်းနောင်သည် တက္ကသိုလ်မှ ဘူမိဗေဒဘာသာဖြင့် ဘွဲ့ရခဲ့သူ တစ်ယောက် ဖြစ်သောကြောင့် ကျောက်ခေါင်းတောင်တစ်ဝိုက်သို့ ရောက်သောအခါ မိမိဝါသနာပါသော ရှေးဟောင်း ပစ္စည်းများ ရှာဖွေစုဆောင်းသော အလုပ်ပါ လုပ်ကိုင်ခွင့်ရသောကြောင့် အပင်ပန်းခံ လာရောက်ရကျိုးတော့ နပ်သည်ဟု ဆိုရပေမည်။

တစ်နေ့သောအခါ အလုပ်သမားတစ်ဦးက သူ့အား သတင်းတစ်ခု ပေးသည်။

“ဆရာက ရှေးဟောင်းပစ္စည်းတွေ စုဆောင်းတာ ဝါသနာပါပုံရတယ်”

“ဟုတ်တယ်၊ ကျုပ်ကတက္ကသိုလ်ကျောင်းသားဘဝကတည်း ဒါကို ဝါသနာပါတာ ..ဒီနားတစ်ဝိုက်မှာတော့ နှံ့သလောက်ရှိနေပြီ”

“ဒီလိုဆိုရင် ..ဆရာ့အတွက် လေ့လာဖို့ ကောင်းတဲ့ နေရာတစ်ခုနဲ့ တွေ့ဖို့ကောင်းတဲ့ လူတစ်ယောက်တော့ ရှိသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ ရှိတာလဲ"

"ဒီကနေ အရှေ့မြောက်စူးစူးဘက်ကို သွားရင် တောင်တစ်လုံး နှစ်လုံး လောက် ခြားတဲ့နေရာမှာ ဟောနန်းဟောင်းကြီး တစ်လုံးရှိတယ်။ အဲဒီမှာ ဦးဒိဗ္ဗဆိုတဲ့ လူထူးလူဆန်းကြီး တစ်ယောက်ရှိတယ်၊ သူနဲ့ တွေ့လိုက်ရင် ဆရာ လိုချင်တာတွေ အတော်များများ ရလိမ့်မယ်လို့ ကျွန်တော် ထင်တယ်။

"ဟင် ဟုတ်လား သူ့ဆီရောက်အောင်သွားရင် ဘယ်လောက်ကြာ မလဲ"

"သူက ယူနန်ပြည်နယ်စပ်က တောင်တန်းကြီးပေါ်မှာ ရှိတာဆိုတော့ မြင်းနဲ့သွားရင် နှစ်ရက် သုံးရက်လောက် သွားရတယ်။ ခြေကျင်သွား မယ်ဆိုတော့ တောင်တစ်လုံး နှစ်လုံးကျော် ရတာဆိုတော့ (၁၀)ရက် လောက်သွားရတယ်ဟု သတင်းပေးသည်။

"သူ့ဆီမှာ ဘာတွေ ရှိသလဲ"

"ကျွန်တော်တို့တော့ သိပ်မသိပါဘူး၊ ဒါပေမယ့် တစ်ဆင့် စကားနဲ့ ကြားရတာကတော့ သူ့ဆီမှာ အလွန်ထူးဆန်းတဲ့ အကြောင်းအရာ တွေ ပစ္စည်းတွေ ရှိတယ်လိုတော့ သိရတာပဲဆရာ"

ဟု ပြောသဖြင့် နောက်ရက်တွင် အလုပ်များ ခေတ္တနားခိုက်တွင် ဦးဒိဗ္ဗ ရှိရာသို့ ထွက်ခဲ့လေသည်။

လမ်းပြ အဖော်တစ်ယောက်ခေါ်ပြီး မြင်းနှစ်ကောင်နှင့် ထွက်လာကြ ခြင်း ဖြစ်သည်။

လမ်းပြမှာ တိုင်းရင်းသား တစ်ဦးဖြစ်ပြီး၊ ထိုခရီးလမ်းကို ကျွမ်းကျင် သူဖြစ်သောကြောင့် ဖြတ်လမ်းများမှ သွားသောအခါ လမ်း၌ နှစ်ညမျှ





အိပ်ပြီး၊ ဦးဒိဗ္ဗနေထိုင်သော ဟော်နန်းကြီးသို့ ရောက်သွားလေသည်။

ဟော်နန်းကြီးမှာ တောင်နှစ်လုံးကြား၌ရှိသော တောင်ကုန်း တစ်ခု

ပေါ်၌ တည်ရှိပြီး ခမ်းနားထည်ဝါလှပေသည်။

ရှေးနှစ်ပေါင်းများစွာကတည်းက တည်ဆောက်ထားခဲ့ဟန်ရှိပြီး

အရောင်အသွေးများ မှေးမှိန်လျက်ရှိသော်လည်း တည်ဆောက်ထားသော

ကျောက်တုံးကျောက်ခဲကြီးများမှာ ခိုင်ခံ့မာကျောလျက်ပင် ရှိနေသေး၏။

ဟော်နန်းကြီးကို ကျောက်မြှုများကို ထုဆစ်ကာ ဆောက်လုပ်ထားသဖြင့်

ရဲ တိုက်ကြီးနှင့်ပင် တူတော့သည်။

ခံ့ညားသော ဝင်းတံခါးကြီးများ၊ မျှော်စင်များ၊ ဖွဲ့စည်းတည်ဆောက်

ထားသော အခန်းကြီးများမှာ ကြီးကျယ်ခမ်းနားလှသည်။ ဟော်နန်းကြီး၏

ပတ်ဝန်းကျင်တစ်ဝိုက်တွင် လိမ္မော်ပင်၊ ဂရိတ်ဖရုပင်၊ လိုင်ချီး၊ ကြက်မောက်

စသော သီးပင်စားပင်များကို ဝေဝေဆာဆာ စိုက် ပျိုးထားသည်ကို တွေ့ရ

သည်။

ဝင်းအတွင်းသို့ ဝင်ရန် တံခါးပေါက်အနီးသို့ ရောက်သောအခါ အစောင့်

တစ်ယောက်က ခြံဝင်းတံခါးပေါက်ကို လာရောက် ဖွင့်ပေးသည်။

ထိုသို့ ဖွင့်ပေးရင်းမှာပင် မပြီသသော မြန်မာစကားဖြင့် မေးသည်။

"ကျောက်ခေါင်းတောင် သတ္တုတွင်းက မန်နေဂျာ ဆိုတာလား"

"ဟုတ်ပါတယ်"

"ဆရာကြီးက ဆရာလာရင် အတွင်းကို လာခဲ့ဖို့မှာထားပါတယ် မြင်း

တွေကို ထားခဲ့ပါ"

ဟု ဆိုသဖြင့် ကိုမင်းနောင်က မြင်းများကို ထိုသူလက်သို့ အပ်ခဲ့ပြီး

တံခါးပေါက်မှ အတွင်းသို့ ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ရောက်သောအခါ အဆောက်အအုံကြီး ဆောက်လုပ်ထားပုံမှာ အချိုးအစားကျနလှပြီး အခန်းများဖွဲ့စည်းထားပုံမှာလည်း ခမ်းနားထည်ဝါလှကြောင်း တွေ့ရသည်။ ဤမျှ သိခေါင်လှသော အရပ်ဒေသတွင် ထိုမျှကြီးကျယ်ခမ်းနားလှသော အဆောက်အအုံကြီးအား မည်သူကများ တည်ဆောက်ခဲ့ပါလိမ့်ဟု ကိုမင်းနောင်က တွေးမိလေသည်။ အတွင်းသို့ ရောက်သောအခါ အခန်းကျယ်ကြီး တစ်ခုတွင် ဘုရားဝတ်ပြုနေသူ အများအပြားကို တွေ့ရသည်။ လာရောက် ဘုရားဝတ်ပြုနေသူများမှာ ထိုနေရာဝန်း ကျင်တစ်ဝိုက်တွင် နေထိုင်ကြသူများ ဖြစ်ဟန်ရှိပေသည်။

ထိုသူများမှာ ငြိမ်သက်စွာဖြင့် ဘုရားဝတ်ပြုနေချိန် ဖြစ်သောကြောင့် ကိုမင်းနောင် ဝင်လာသည်ကိုပင် သတိပြုမိကြဟန် မတူပေ။ ခန်းမကြီး၏ ဝဲဘက်ထောင့်တစ်နေရာတွင် ကျောက်ဖြူပြားကြီး တစ်ချပ်ကို ထောင်ထားပြီး ထိုကျောက်ပြားပေါ်တွင် သက္ကတ ဘာသာနှင့် ပါဠိဘာသာ များဖြင့် ရောထွေး ရေးသားထားသော စိတ်ဝင်စားဖွယ်ရာကောင်းသော စာတမ်းအချို့ကို တွေ့ရသဖြင့် ဖတ်ကြည့်လိုက်သည်။

ဤ ထူးခြားသော အရပ်ဒေသတွင် တွေ့ခဲ့ရသော ကျွန်ုပ်၏ မိတ်ဆွေကောင်းတစ်ဦးဖြစ်သူ ‘ဗညားမော်နှင့် ၎င်း၏ ဇနီးဖြစ်သူ သီရိသိင်္ဂီမြို့တော်မင်းသမီး မာယာတို့အား ရာသက်ပန် အမှတ်ရစေသောငှာ ဤမှတ်တမ်းကျောက်စာအား ရေထိုးထားခဲ့ပေသည်။

ဤကျောက်စာ မှတ်တမ်းအား တွေ့ရှိသူသည် ကွယ်လွန်သွားခဲ့ကြပြီဖြစ်သော ၎င်းတို့ နှစ်ဦးအတွက် ဘဝကူးကောင်းစေရန် အတွက်သော်လည်းကောင်း။

နောင်ဘဝတွင် ၎င်းတို့ ချစ်သူနှစ်ဦး ပြန်လည်ဆုံတွေ၍ ပေါင်းသင်း





နိုင်ကြပါစေရန် ဆုတောင်းပေးနိုင်ကြပါစေသတည်း။

"ဦး ဒိဗ္ဗ"

ဟူ၍ ဖြစ်ပေသည်။

ကိုမင်းနောင်သည် ထိုကျောက်စာကို ဖတ်မိသောအခါ၊ ဗညားမော်ဆိုသူသည် မည်သူဖြစ်သနည်း။ သီရိသိင်္ဂီမြို့တော် မင်းသမီးဖြစ်သူ မာယာသည် မည်သူဖြစ်သနည်း၊ ယခု ကျောက်စာမှတ်တမ်းကို ရေးထိုးထားသော ဦးဒိဗ္ဗ ဆိုသူမှာလည်း ယခု မိမိတွေ့ဆုံမည့် ဦးဒိဗ္ဗဆိုသူပင် ဖြစ်လေသလောဟု တွေးတောနေမိလေသည်။

ထိုသို့ တွေးတောနေခိုက် ဘုရားဝတ်ပြုသော အခမ်းအနား ပြီးဆုံးပြီဖြစ်သောကြောင့် ခန်းမကြီးအတွင်းမှ လူများ တစ်ဦးစ နှစ်ဦးစအပြင်သို့ ပြန်ထွက်လာနေကြသည်။

ပထမဆုံး ထွက်လာသူမှာ အရပ်ထောင်ထောင် မောင်းမောင်း နှင့် လွန်စွာ ခံ့ညားသော လူကြီးတစ်ဦးဖြစ်သည်။

သူသည် တိုင်းရင်းသား တစ်ဦးဖြစ်ပြီး အသက်ခြောက်ဆယ်ခန့် အရွယ်ရှိပြီဖြစ်သော်လည်း ဘဝ၏ ဆုတောင်းနိုပ်စက်မှုများကို အကြိမ်ကြိမ် ခံခဲ့ရဟန်ရှိသောကြောင့် အရွယ်နှင့် မမျှအောင် အိုမင်းရင့်ရော်နေသည်။

၎င်းမှာ သူတွေ့လိုသော ဦးဒိဗ္ဗပင် ဖြစ်ဟန်ရှိပေသည်။

စင်စစ်အားဖြင့် ဦးဒိဗ္ဗ၏ အထူးခြားဆုံး အချက်မှာ ၎င်း၏ မျက်နှာထားပင်ဖြစ်၏။ ကိုမင်းနောင်သည် ၎င်း၏ တစ်သက်တာတွင် ဤမျှ ခင်မင်ဖွယ်ကောင်းပြီး သဒ္ဒါထားဖြူစင်ဟန်ရှိသော မျက်နှာမျိုးကို မတွေ့ဘူးဟု ထင်မြင်မိလေသည်။

မျက်နှာပြင်ပေါ်ရှိ နှာခေါင်း၊ မျက်လုံး၊ ပါးစပ်တို့မှာ လွန်စွာသည်ကြည်



www.burmeseclassic.com

www.burmeseclassic.com



ခံ့ညားမှုရှိကာ မျက်နှာတစ်ခုလုံး ခြုံကြည့်လျှင် သသော၊ မနော ဖြူစင်ရိုးသားပြီး၊ တစ်ဖက်သားအပေါ်တွင် ကြင်နာသနားမှု ဆောင်နေပေသည်။

ထို့ပြင် လူတစ်ဖက်သား အားကိုးထိုက်သော အသွင်ကိုလည်း ဆောင်ပေ၏။ ဦးဒိဗ္ဗသည် ဝင်လုဆဲဆဲ နေရောင်ဟပ်နေသော တံခါးပေါက်ဝနားတွင် တုတ်ကောက်တစ်ချောင်းပေါ်တွင် အားပြုကာ ရပ်နေရင်းအနီးမှ ဖြတ်ကာ ထွက်သွားသူများအား ပြုံး၍ ကြည့်နေလေသည်။ ထွက်သွားသူများကလည်း ၎င်းအား အလွန် ရိုကျိုး ခင်မင်စွာ နှုတ်ဆက်ပြီးမှ အပြင်သို့ အသီးသီး ထွက်သွားကြလေသည်။

အခန်းထဲမှာ ဘုရားဝတ်ပြုလာသူများ မကျန်သလောက် ရှိသောအခါ ကျောက်စာချပ်ကြီးရှေ့တွင် ရပ်နေသော ကိုမင်းနောင်အား လှမ်းမြင်သွားသဖြင့် ထိုနေရာသို့ လျှောက်လာလေသည်။ အနီးသို့ ရောက်သောအခါ ချိုသာသော အပြုံးဖြင့် နှုတ်ဆက် လေသည်။

''ကျောက်ခေါင်းတောင် သတ္တုတွင်းက မန်နေဂျာ ကိုမင်းနောင် မှတ်တယ်''

''ဟုတ်ပါတယ် ကျွန်တော် မင်းနောင်ပါ ဒါထက်ဦးက ဦးဒိဗ္ဗဆိုတာ များလား''

''ဟုတ်ပါတယ်ကွယ် ..တွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်က တစ်ပတ်တစ်ခါလောက် ဒီနားဝန်းကျင်မှာရှိတဲ့ ရွာတွေက လူတွေနဲ့ စုပေါင်းပြီး ဝတ်ပြုနေကျဆိုတော့ ညှော်ပတ်ကျေမှု ပျက်ကွက်ခဲ့ရင် သည်းခံပါ'' ဟု တောင်းပန်လေသည်။

''အို ..တောင်းပန်စရာ မလိုပါဘူး၊ ဦးဒိဗ္ဗရယ် ကျွန်တော် ကသာ ဦးတို့ရဲ့ အလုပ်ကို အနှောင့်အယှက်ပေးရာ ရောက်မှာ စိုးနေတာပါ''





''ရပါတယ်လေ ..မောင်လာမယ်ဆိုတာကို ကြားပြီး သတင်းကြားကတည်းက ကျုပ်က ဝမ်းသာနေမိတာ၊ အခုလို တကယ် ရောက်လာတော့ ပိုပြီး ဝမ်းသာရတာပေါ့ဗျာ ..''

''အင်း ကျွန်တော်ကတော့ ဒီကို အပင်ပန်းခံပြီး၊ လာရကျိုးနပ်လောက်တယ်လို့ ဆိုရမယ်၊ ဘာကြောင့်လဲဆိုတော့ ဒီဟော်နန်းကြီးကို မြင်ကတည်းက အတော့်ကို စိတ်ဝင်စားနေမိတယ်၊ ဒီဟော်နန်းကြီးက အပြင်ဘက်ကကြည့်တော့လည်း ခံ့ညားသလို အတွင်းရောက်တော့လည်း အတော့်ကို ခမ်းနားလှတယ်။ လိုက်ကြည့်ခွင့်ရ မယ်ဆိုရင် တစ်ခေါက်လောက်တော့ လိုက်ကြည့်ချင်ပါတယ်''

ဟု ခွင့်တောင်းသောအခါ ဦးဒိဗ္ဗက ..၊

''ကြည့်နိုင်ပါတယ်၊ ကြည့်နိုင်ပါတယ်၊ ဒီဟော်နန်းကြီး တည်ဆောက်ပုံက ဟော်နန်းဆိုတာထက် ရဲတိုက်ကြီး တစ်တိုက်နဲ့ ပိုပြီး တူပါတယ်။ တကယ်တော့ ဒီအဆောက်အအုံကြီးရဲ့ တည်ဆောက်ခဲ့တဲ့ သက်တမ်းက နှစ်ပေါင်း နှစ်ထောင်ကျော်ခဲ့ပြီ''

''ဟင် ..နှစ်ပေါင်း နှစ်ထောင်ကျော်ပြီ ဟုတ်လား''

''ဟုတ်ပါတယ် ဒီအဆောက်အအုံကြီးက ရန်သူတွေလာရင် လုံခြုံစိတ်ချ မှုရှိအောင်၊ ခုခံတိုက်ခိုက်မှု ကောင်းအောင် တည်ဆောက်ခဲ့သလို ဘုရားရှိခိုးကျောင်းကြီးအဖြစ် ရည်စူးပြီး တည်ဆောက်ခဲ့ဟန်ရှိပါတယ်၊ ဟိုးတစ်ချိန်တုန်းက ဒီနေရာမှာ အုပ်ချုပ်နေထိုင်တဲ့ လူတွေက ဒီနားက တိုင်းရင်းသား အလုပ်သမားတွေကို အခကြေး ငွေမပေးဘဲ အာဏာနဲ့ ဖွတ် အတင်းခိုင်းခဲ့တာဆိုတော့ အခုလောက် ကြီးကျယ် ခမ်းနားခဲ့တာပေါ့၊ ဒီမှာ အသုံးပြုတဲ့ ကျောက်ဖြူတုံးကြီး တွေကို ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကနေ နှစ်မိုင်၊သုံးမိုင် ဝေးတဲ့ ကျောက်တောင်တွေဆီက ဖဲ့ပြီး လက်ဆင့်ကမ်း သယ်ရတယ်လို့ ပြောကြတယ်"

"အော် ဒါကြောင့် ဒီလောက်ကောင်းတာကိုး"

"ရှေးတုန်းကတော့ ဒါထက်ပိုကောင်းတာပေါ့ဗျာ၊ ဒီမှာ ကျုပ်လာမနေခင် အနှစ် နှစ်ဆယ်လောက်က လာနေတဲ့ လူတွေက ဖျက်ဆီးပစ်ခဲ့လို့ ကျုပ်လက်ထက်ရောက်မှ ပြုပြင်ခဲ့ရတာတွေ အများကြီးရယ် အရင်က ဒီမှာ အလွန်ရက်စက်တဲ့ လူသတ်သမားတွေ၊ ဓါးပြတွေ လူဆိုး သူခိုးတွေ နေသွားခဲ့ဖူးတယ်၊ ဒီနားတစ်ဝိုက်က လူတွေဆိုရင် သူတို့ နှိပ်စက်ခဲ့တာကို၊ အတော်ခံခဲ့ရသေးတယ်"

ဟု ပြောပြလေသည်။

"ဒါထက် ဒီကျောက်စာက ဘယ်သူ့အတွက် ရည်စူးပြီး ရေးထားတာလဲ၊ ဒီကျောက်စာထဲမှာ ပါတဲ့ လူတွေကရော ဘယ်သူတွေလဲ"

ဟု မေးလိုက်ရာ ဦးဒိဗ္ဗ၏ မျက်နှာမှာ ပိုမို၍ အိုမင်းရင့်ရော် ဟန်ဆောင်သွားပြီး ဝမ်းနည်းကြေကွဲမှု အရိပ်အယောင်များ ယှက်သန်းလာတော့သည်။

"ဒီကျောက်စာက ကျုပ်ကိုယ်တိုင် ရေးထိုးတာပါ။ ကျုပ် အသည်းပေါ်က စာတွေကို ပျောက်ပျက်သွားမှာစိုးလို့ ကျောက်ပြားပေါ်မှာ ရေးထားတာပါ။ ဒါမှ ကျုပ်မရှိတော့ရင်လည်း ကျုပ်အပေါ်မှာ သစ္စာအရှိဆုံး၊ အချစ်ခင်ရဆုံး လူတစ်ယောက်ရဲ့ အကြောင်းကို ကျန်တဲ့လူတွေ သိကြမှာ မဟုတ်လား"

"သူက ဘယ်သူလဲ"





"သူက ဘယ်သူလဲဆိုတော့ ကျုပ်ဘဝမှာ ကျုပ်အပေါ်မှာ အခင်တွယ်ဆုံးနဲ့ သစ္စာအရှိဆုံး လူတစ်ယောက် ဆိုပါတော့ဗျာ၊ ဒါပေမယ့် သူ့ရဲ့ဘဝမှာ ကျုပ်အပေါ်မှာ သံယောဇဉ် အရှိဆုံးလို့ ဆိုရပေမယ့် နောင်တော့ ကျုပ်ထက်ပိုပြီး ခင်မင် တွယ်တာရတဲ့ မိန်းမတစ်ယောက်ကို တွေ့သွားခဲ့တယ် ..၊ ဒီမိန်းမကြောင့်ပဲ ဒုက္ခတွေ အများကြီးတွေ့ခဲ့ရတယ်၊ ထူးဆန်းအံ့သြဖွယ်ရာကောင်းတဲ့ အကြောင်းအရာတွေ လည်း အများကြီး တွေ့ကြုံခဲ့ရတယ်၊ ကျုပ်ဘဝတစ်သက်မှာတော့ ဘယ်တော့မှ မေ့ပျောက်လို့ရတော့မှာ မဟုတ်ပါဘူး၊ ဖြစ်နိုင်ရင်တော့ ဒီအ ကြောင်းတွေကို မှတ်တမ်း ကြီးတစ်စောင်လောက်ကို ရေးထားခဲ့ချင်တာ၊ ပိုင်း စကားကောင်း နေလိုက်တာ၊ ကျုပ်ကလည်း အတော့်ကို အလိုက်မသိတဲ့ လူတစ်ယောက်ပါပဲ၊ ဒီလောက် ခရီးအဝေးကြီးက လာလို့ ပင်ပန်းလာတဲ့ လူကို အေးအေးဆေးဆေး အနားမယူနိုင်းဘဲနဲ့၊ စိတ်မကောင်းစရာတွေ ပြောနေလိုက်တာ"

ဟု ဆိုကာ စကားကို ရပ်ပစ်လိုက်လေတော့သည်။

ထို့နောက် ဦးဒိဗ္ဗသည် ကိုမင်းနောင်အား နံရံတွင် ပတ်ဆောက်ထားသော လှေကားတစ်ခုမှ ခေါ်ဆောင်သွားလေသည်။ နှစ်ယောက်သား လှေကားမှနေ၍ လှေကားကျဉ်းကလေးတစ်ခုမှ တက်သွားရာ ထိပ်သို့ ရောက်သွားသောအခါ တံခါးတပ်ထားသော အခန်းကျဉ်းကလေးတစ်ခုသို့ ရောက်သွားလေတော့သည်။ ထိုအခန်းရှိသည်ကို အောက်မှ ကြည့်၍ မမြင်ရသော်လည်း ထိုအခန်းမှ ကြည့်လျှင် ဘုရား ဝတ်ပြုရာ အခန်းတွင်းရှိ လူများကို ကောင်းစွာ မြင်နိုင်လေသည်။

"ဒီအခန်းက လျှို့ဝှက်အခန်းပဲ၊ အရင်ဘုန်းကြီးတွေရှိစဉ်က သူ့



www.burmeseclassic.com

www.burmeseclassic.com



တပည့်တွေ ဘုရားခန်းထဲမှာ ဘယ်လိုနေထိုင်ကြတယ် ဘာတွေ ပြောနေကြတယ်ဆိုတာ သိဖို့ လျှို့ဝှက်ပြီး ဆောက်ထားတဲ့ အခန်းပဲ၊ ဒီအခန်းထဲမှာ ကျုပ်ရဲ့ တစ်သက်မှာ မမေ့နိုင်စရာ အဖြစ်အပျက် တစ်ခုလည်း ဖြစ်ခဲ့ဖူးတယ် ဆိုပါတော့"

ဟု အမှတ်တမဲ့ပြောပြီး ကိုမင်းနောင်အား ထိုအခန်းထဲသို့ ခေါ်သွားသည်။ အခန်းထဲမှာ အလင်းရောင်ကောင်းစွာ မရှိသောကြောင့် အတန်ငယ်မှောင်နေသည်။

"ဒါ ဒီည ခင်ဗျား အိပ်ဖို့အတွက် စီစဉ်ပေးထားတဲ့ အခန်းပါပဲ"

ထိုအခန်းပြတင်းပေါက်တွင် သံတိုင်များ တပ်ဆင်ထားပြီး နံရံများပေါ်တွင် ငရဲခန်းနှင့်သက်ဆိုင်သော နိပါတ်တော်လာ ပုံများကို ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ရေးဆွဲထားလေသည်။ အလယ်ပြတင်းပေါက် အောက်တွင်ကား ဘုန်းတော်ကြီး တစ်ပါးပုံကို ရေးဆွဲထားသည်။ အရုပ်နှင့် အရောင် အသွေးများမှာ ကြောက်မက်ဖွယ်ရာ အသွင်ကို ဆောင်နေသည်။ ကြမ်းပြင်ပေါ်၌ ကော်ဇောဟောင်းတစ်ချပ် ခင်းထားသောကြောင့် အလင်းရောင်ကောင်းစွာရမည်ဆိုပါက နေထိုင်ရတာသိပ်ဆိုးလှမည်မဟုတ်ပေ ..။

"ဒါက ..ဧည့်သည်တွေလာမှသာ အသုံးပြုတဲ့အခန်းပါ၊ တခြားအချိန်တွေမှာတော့ ပိတ်ထားတာများပါတယ်၊ ဒါကြောင့် အဆင်မပြေတာ ရှိရင် ခွင့်လွှတ်ပါ"

ဟု ဦးဒိဗ္ဗက တောင်းပန်စကားဆိုလေသည်။

"ကိစ္စမရှိပါဘူး၊ ဒါပေမယ့် ဒီအခန်းထဲရောက်လာမှ စိတ်ထဲမှာ တစ်ခုခု ထူးခြားနေသလိုတော့ ထင်မိတယ်"





"အင်း ဖြစ်နိုင်ပါတယ်၊ ဒါထက်ခင်ဗျားဝိညာဉ်တို့၊ တစ္ဆေတို့ကို အယုံအကြည်ရှိသလား"

"အင်း ရှိချင်လည်း ရှိမှာပေါ့၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဒီအခန်းထဲမှာ လုပ်ကြံသတ်ဖြတ်မှုတွေရှိခဲ့ဖူးတာပဲ၊ ကျုပ်ရောက်စတုန်းကတော့ ဒီအခန်းထဲမှာ လူအရိုးစုတွေ တွေ့လို့ ဖယ်ရှားခဲ့ရသေးတယ်"

ကိုမင်းနောင်ကတော့ ငရဲခန်းအရုပ်များကြောင့်သော်လည်းကောင်း၊ သေဆုံးသွားသော လူများကြောင့်သော်လည်းကောင်း၊ ဝိညာဉ်များ၊ တစ္ဆေများကြောင့်သော်လည်းကောင်း စိတ်ထဲမှာ ဘယ်လိုမှ မခံစားရကြောင်း ပြောရသော်လည်း ညဘက်တွင် တစ်ယောက်တည်း အိပ်ရသောအခါ အနည်းငယ် စိုးရိမ် ကြောက်ရွံ့မှုဖြစ်သဖြင့် နောက်တစ်ခေါက်လာသောအခါ ထိုအခန်းထဲတွင် မအိပ်တော့ပေ ..။

ညဘက်တွင် ဦးဒိဗ္ဗက ညစာကျွေးရင်းနှင့် ရှေးဟောင်းနှောင်းဖြစ်များကို ပြောဖြစ်ကြသည်။

ဦးဒိဗ္ဗသည် တိဘက်စာပေများ၊ သက္ကတဘာသာများ၊ ပါဠိဘာသာစာပေများကို ကောင်းစွာ ကျွမ်းကျင်နှံ့စပ်ရုံမက၊ ရေးနိုင်ဖတ်နိုင်၊ ဘာသာပြန်နိုင်သောအဆင့်ရှိသည့်အပြင် ဗဟုသုတလည်းများစွာ ကြွယ်ဝလှသည်။

၎င်းပြောပြသော ရှေးဟောင်းအဖြစ်အပျက်များမှာ ကိုမင်းနောင်အတွက် များစွာစိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။ ထိုအထဲတွင် သိရိသိဂ်ကြီး တော်အကြောင်းကိုပါ ကြားရသောအခါ ပို၍ စိတ်ဝင်စားမှု ဖြစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဦးဒိဗ္ဗပြောတဲ့ ရှေးဟောင်းအဖြစ်အပျက်တွေအကြောင်း က သိပ်ပြီး စိတ်ဝင်စားဖို့ ကောင်းတာပဲ၊ အဲဒီအထဲမှာပါတဲ့ သီရိသိင်္ဂီ မြို့တော်ကြီး အကြောင်းကို ကြားရတာ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းတာပဲ၊ ခင်ဗျား ပြောပုံအရဆိုရင် ယူနန်ပြည်နယ်ထဲက လူသူ မရောက်နိုင်တဲ့ တောင် တန်းတွေရဲ့ ကြားလောက်မှာ ရှိနိုင်တယ်။ တကယ်သာ ရှိရိုးမှန်ရင် အချိန် ဘယ်လောက်ပဲ ကြာကြာ ကျွန်တော်တော့ သွားကြည့်လိုက်ချင် တာပဲ”

ဦးဒိဗ္ဗထံမှ သက်ပြင်းရှည်တစ်ချက်ချသံကို ကြားလိုက်ရသည်။ သူ သည် ထိုအကြောင်းကို ဆက်ပြောလိုဟန်မရှိပေ။

“ကျွန်တော်လည်း ရှေးဟောင်းယဉ်ကျေးမှုတွေအကြောင်းကို စိတ်ဝင် စားပါတယ်၊ အတော်လည်း လေ့လာလိုက်စားဖူးပါတယ်၊ စာပေကျမ်း ဂန်တွေထဲမှာတော့ ဦးဒိဗ္ဗပြောတဲ့ သီရိသိင်္ဂီမြို့တော် အကြောင်းရေး သားထားတာ တစ်ခါမှမတွေ့မိဘူး၊ တကယ်ရှိတာရော ဟုတ်ရဲ့လား” ဟု ကိုမင်းနောင်က ဦးဒိဗ္ဗ၏ မခံချင်စိတ်ကို ဆွပေးလိုက်သည်။

“မောင်ရင်က ကျုပ်ပြောတာကို မယုံပဲကိုး၊ ရှေးကလူတွေ လျှို့ဝှက် တည်ဆောက်ခဲ့တဲ့ သီရိသိင်္ဂီဆိုတဲ့ မြို့တော်ကြီးဆိုတာ တကယ်ရှိ ပြီး၊ ကျုပ်ကိုယ်တိုင် တကယ်ရောက်ခဲ့တာပါ”

“ဟင် ..ဦးဒိဗ္ဗက အဲဒီမြို့ကို တကယ်ပဲ ရောက်ခဲ့ဖူးတယ် ဟုတ်လား”

“ဟုတ်ပါတယ် ..၊မောင်ရင့်ကို လိမ်ညာပြောလို့လဲ ကျုပ်မှာ ဘာအကျိုး ရှိမှာလဲ ဒါပေမယ့် ဒီအကြောင်းတွေကို ကျုပ် ဘယ်သူ့ကိုမှ မပြောခဲ့ဘူး၊ ဘာကြောင့်လဲဆိုတော့ ပြောရင်လည်း ဘယ်သူကမှ ယုံကြည်မှာ မဟုတ်ဖူး၊ ယုံကြည်စရာမရှိလောက်အောင်လည်း ထူးဆန်းခဲ့တာကိုး၊





အခုလောက် ပြောမိတာတောင်မှ လွန်လှပြီ ..၊ ဒါပေမယ့် ရှေးလူမျိုးတွေနေတဲ့ သီရိသိင်္ဂီမြို့ကြီးတော့ တကယ့်ကို ရှိတာပါ။ မောင်ရင့်ကိုတော့ မြင်မြင်ချင်း ခင်မင်မိတဲ့အတွက် သက်သေ ခံ ပစ္စည်းတစ်ခုတော့ ကျုပ်ပြပါ့မယ်” ဟု ဆိုကာ အခန်းထဲမှ ထွက် သွားပြီး ခဏကြာသောအခါ ပြန်လာသည်၊ သူနှင့်အတူ မထုခွဲရ သေးသော စိန်ရိုင်းတုံးကြီး တစ်တုံးပါလာသည်။ စိန်ရိုင်းတုံးကြီးမှာ ရွှေနှင့်ကွပ်ထားပြီး တစ်ဖက်၌ လူသေမျက်နှာကဲ့သို့သော ရုပ်ပုံတစ် ခု၏ ပတ်ချာလည်တွင် အရုပ်သင်္ကေတဖြင့် ရေးထားသော ရှေးစာ များပါပြီး အခြားတစ်ဖက်၌လည်း ထိုရှေးစာများကို ရေးထားလေ သည်။

ကိုမင်းနောင်က ထိုစာများကို ကြည့်သော်လည်း တစ်ကြိမ် တစ်ခါမှ မတွေ့ဘူးသောကြောင့် နားမလည်ပေ။

“ဒီစာတွေကို ဦးဒိဗ္ဗ ဖတ်တတ်သလား”

“အင်း ..ဖတ်တတ်ပါတယ်၊ အပေါ်မှာ ရေးထားတဲ့ စာရဲ့ အဓိပ္ပါယ် က (နတ်များ ကျွန်ုပ်အား စောင်မပါစေသတည်း) တဲ့၊ ကျန်တစ်ဖက်က စာတွေကတော့ (ဤဟာဒယစိန်ကြီးသည် ငါ၏ မှိုခိုအားထားရာ ဖြစ်ပါစေ သတည်း) လို့ ရေးထားတာပါ။ ဒီစိန်ကြီးကိုတော့ အသည်းပုံနဲ့ သဏ္ဍာန် တူလို့ “ဟာဒယ” စိန်လို့ ခေါ်ကြပါတယ်”

ဟု ရှင်းပြလေသည်။

ကိုမင်းနောင်မှာ ရှေးဟောင်းပစ္စည်းများကို နှစ်သက်မြတ်နိုးတန်ဖိုး ထားတတ်သူဖြစ်ရာ ထိုစိန်ကြီးကို မြင်လိုက်သည်နှင့် ရှေးဟောင်းပစ္စည်း တစ်ခု ဖြစ်မှန်းသိသဖြင့် လိုချင်မိလေသည်။ ကိုမင်းနောင်က ထိုစိန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ဦးဒိဗ္ဗအားပြန်ပေးရင်း –

"ကျွန်တော်ကိုတော့ သီရိသိင်္ဂီမြို့အကြောင်းကို နည်းနည်း လောက် ပြောပြပေးပါလား"

ဟု သွေးတိုးစမ်းသည့်သဘောဖြင့် ပြောလိုက်သည်။

ထိုအခါ ဦးဒိဗ္ဗက ...၊

"ဒါတော့ တောင်းပန်ပါရစေဗျာ၊ ဒီအကြောင်းတွေကို ကျုပ်တစ် သက်မှာ ဘယ်သူ့ကိုမှ မပြောတော့ပါဘူးလို့ ဆုံးဖြတ်ထားလို့ မပြောပါရစေနဲ့ဗျာ"

ဟု တုန်ယင်လိုက်လှဲသော လေသံဖြင့် တောင်းပန်ရှာလေသည်။

"ကျွန်တော် သိတော့ရော ဘာထူးမှာမို့လဲ ကျွန်တော်က ဒီအကြောင်းတွေကို မှတ်တမ်းတစ်ခု အနေနဲ့ သိချင်တာပါ"

"ကျုပ်ပါးစပ်က ပြောရင်တော့ ဘယ်လိုမှ ပြောလို့ထွက်မှာမဟုတ်ဘူးဗျာ၊ ဒါပေမယ့် ဒီအကြောင်းတွေကို မှတ်တမ်းတစ်ခု အနေနဲ့ ကျန်ခဲ့အောင် ကျုပ်ရေးထားတာတွေ ရှိပါတယ်၊ တကယ်လို့ ခင်ဗျား နဲ့ တိုက်ဆိုင်ရင်တော့ တစ်နေ့ကျရင် ဖတ်ခွင့်ရချင်ရမှာပေါ့ဗျာ၊ ကဲ ခင်ဗျားလည်း၊ ခရီးပန်းလာတယ်၊ အေးအေးဆေးဆေး အနားယူပါဦး၊ မနက်ကျမှပဲ ထပ်ဆုံကြသေးတာပေါ့၊ ကောင်းသောညဖြစ်ပါစေ"

ဟု နှုတ်ဆက်ကာ ဦးဒိဗ္ဗသည် အခန်းထဲမှ ပြန်ထွက်သွားလေတော့သည်။ ကိုမင်းနောင် ရင်ထဲမှာတော့ ဦးဒိဗ္ဗပြောသွားသော သီရိသိင်္ဂီမြို့ဟောင်း အကြောင်းများက ပဲ့တင်ထပ်လျက်ရှိရာ ထိုညက ကောင်းစွာ အိပ်မပျော်ခဲ့ပေ ...။

☆ ☆ ☆





## အခန်း(၂)
## ဦးဒိဗ္ဗ ထံမှ မှတ်တမ်းရရှိခြင်း

ဤသို့ဖြင့် ကိုမင်းနောင်နှင့် ဦးဒိဗ္ဗတို့မှာ နှစ်အနည်းငယ် ကြာသောအခါ ခင်မင်ရင်းနှီးသော မိတ်ဆွေအဖြစ်သို့ ရောက်ခဲ့ကြလေသည်။

အလုပ်အားသည်နှင့် ကိုမင်းနောင်က ဦးဒိဗ္ဗဆီသို့ ညအိပ် ညနေ သွားကာ ရှေးဟောင်းအကြောင်းများကို ဆွေးနွေးပြောဆိုကြသလို ဦးဒိဗ္ဗကလည်း ကိုမင်းနောင်ရှိရာ ကျောက်ခေါင်းတောင်သတ္တုတွင်းရှိရာသို့ လာရောက် လည်ပတ်လေသည်။

ဦးဒိဗ္ဗ လာခြင်းကြောင့် ကိုမင်းနောင်အတွက်များစွာ အဆင်ပြေမှုကတော့ အလုပ်သမားရှားပါးသော၊ သီခေါင်လှသော နေရာတွင် တိုင်းရင်းသား အလုပ်သမားများစွာတို့ကို စုဆောင်းပေးသွားခြင်းပင်ဖြစ်သည်။

နယ်မြေခံ တိုင်းရင်းသားများမှာ ဦးဒိဗ္ဗအား လွန်စွာချစ်ခင် ရိုသေကြသောကြောင့် ၎င်းကတစ်ခွန်းပြောလျှင် မည်သူကမှ ငြင်းပယ်ခြင်း မပြုကြဘဲ မိမိတို့ လုပ်ကိုင်နေကျ အလုပ်များကို ပစ်ပယ်ကာ ကိုမင်းနောင်အတွက် များစွာ လိုအပ်သော သတ္တုတွင်းအလုပ်များအား မညည်းမညူ လာရောက် လုပ်ကိုင်ပေးကြလေသည်။

ဤသို့ဖြင့် နှစ်နှစ်ခန့် ကြာသောအခါ ဦးဒိဗ္ဗမှာ အသက်အရွယ်အရ



www.burmeseclassic.com

www.burmeseclassic.com

နာမကျန်းဖြစ်လာသောကြောင့် ကိုမင်းနောင်ထံ မလာရောက်နိုင်တော့ဘဲ တစ်ဦးနှင့်တစ်ဦး အတန်ငယ် အဆက်အသွယ် ပြတ်သွားကြလေသည်။

ကိုမင်းနောင်ကလည်း အလုပ်မအားလပ်သောကြောင့် ဦးဒိဗ္ဗရှိရာသို့ မရောက်နိုင်ဘဲရှိရာ တစ်နေ့သောအခါ ဦးဒိဗ္ဗထံမှ လူတစ်ယောက်ရောက်လာပြီး စာတစ်စောင်ပေးသည်။

စာပါအကြောင်းအရာမှာ ...၊

ဦးဒိဗ္ဗမှာ လွန်စွာ မကျန်းမမာ ဖြစ်နေသောကြောင့် သူ့အား အမြန်ဆုံး လာရောက်တွေ့ဆုံပါရန် မှာကြားသော စာဖြစ်ပေသည်။ သို့ကြောင့် ကိုမင်းနောင်အလုပ်များအားမိမိလက်အောက်မှ တာဝန်ခံတစ်ယောက်နှင့် လွှဲကာ ဦးဒိဗ္ဗရှိရာသို့ အမြန်ဆုံးလာခဲ့သည်။

ဟော်နန်းကြီးသို့ ရောက်သောအခါ ဦးဒိဗ္ဗမှာ ဝေဒနာ ဖိစီးမှုကြောင့် သရိုးပေါ် အရေတင်ကာ အိပ်ရာပေါ်လဲနေသည်ကို စိတ်မကောင်းစရာ မြင်တွေ့ရသည်။

ကိုမင်းနောင်အား မြင်သောအခါ များစွာ အားတက်လာသော အမူအရာဖြင့် ဤသို့ ပြောလေသည်။

"ကျုပ်ကတော့ အသက်အရွယ်ကလည်းကြီး၊ ငယ်ငယ်က ဒဏ်ရာဒဏ်ချက်တွေက ဖိစီးပြီဆိုတော့ နေရတော့မယ် မထင်ဘူး ဒါကြောင့် မောင်ရင့်ကို အရေးပေါ်မှာရတာပါ"

"ဒီလောက်လည်း စိတ်မလျှော့ပါနဲ့ဗျာ ရောဂါဆိုတာ ဆေးကောင်း ဝါးကောင်းနဲ့ တွေ့ရင် ပျောက်ကင်းတာပါပဲ၊ ခင်ဗျား ရောဂါပျောက်ကင်းအောင် ကျွန်တော် ကြံဆောင်ပါ့မယ်"

"မဖြစ်နိုင်တာကို ပြောမနေပါနဲ့တော့ဗျာ ...ကျုပ်ရောဂါ အခြေအနေကို





ကျုပ်သာ အသိဆုံးပါ။ ဒါကြောင့် ခင်ဗျား ကျုပ်ရဲ့ အနားကိုလာပြီး၊ ကျုပ်ပြောတာတွေကို သေသေချာချာ နားထောင်ပြီး မှတ်သားထားစမ်း ပါ"

ဟု ဆိုသဖြင့် ၎င်းစိတ်ကျေနပ်မှု ရှိစေရန် အနီးသို့ သွားကာ ပြောသမျှ နားထောင်ပေးရသည်။

"ဒီလိုဗျ ကျုပ်က သေလူဖြစ်နေပြီဆိုတော့ ကျုပ်ဘဝမှာ အရေးကြီးဆုံး ကိစ္စတွေကို ကျုပ်နဲ့အရင်းနှီးဆုံး မိတ်ဆွေကိုတော့ ပြောခဲ့ချင်တယ်"

"ပြောပါ ဦးဒိဗ္ဗ"

"ကျုပ်ရဲ့ ဘဝတစ်သက်တာမှာ အခင်မင် အရင်းနှီးဆုံး မိတ်ဆွေနှစ်ယောက်ရှိခဲ့တယ်၊ တစ်ယောက်က ခင်ဗျားပဲ၊ ကျန်တစ်ယောက်ကတော့ 'ဗညားမော်'ဆိုတဲ့ လူတစ်ယောက်ပဲ၊ အခု ကျုပ်ပြောမှာကဗညားမော်ဆိုတဲ့ လူနဲ့ ပတ်သက်တဲ့ အကြောင်းတွေပဲ၊ သူ့အကြောင်းကို ပြောရင်တော့ မလွဲမသွေပါရမှာပေါ့ဗျာ"

ဟု ပြောကာ ခေတ္တ အမောဖြေနေလေသည်။

ကိုမင်းနောင်မှာ သိရိုးသိကြိမ့်အကြောင်း ပါလာသဖြင့် လွန်စွာ စိတ်ဝင်စားမှု ဖြစ်သော်လည်း ဦးဒိဗ္ဗ၏ အခြေအနေ မဟန်သောကြောင့် မမေးဘဲ သူပြောသမျှကိုသာ စိတ်ရှည် လက်ရှည် နားထောင်နေသည်။

"ဒီအကြောင်းတွေက ပါးစပ်နဲ့ ပြောလို့လည်း ပြည့်စုံမှာ မဟုတ်ဘူး၊ ဒါကြောင့် ပြည့်ပြည့်စုံစုံဖြစ်အောင် ကျုပ် မှတ်တမ်းတွေ ရေးထားတယ်၊ အဲဒီမှတ်တမ်းကို ခင်ဗျားကို ပေးထားခဲ့ချင်တယ်၊ ကျုပ် ခေါင်းရင်းက ဗီရိုထဲမှာ ထည့်ထားတယ် တစ်ဆိတ်လောက် ယူပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသဖြင့် ကိုမင်းနောင်က ခုတင်ခြေရင်း၌ ရှိသော ဗီရိုထဲမှ ဖဲကြိုးဖြင့် စည်းစားသော စာရွက်အထပ်ကြီးကို ထုတ်ယူကာ ဦးဒိဗ္ဗလက်ထဲသို့ ထည့်ပေးလိုက်သည်။

"တကယ်တော့ သီရိသိင်္ဂါမြို့အကြောင်းပြောရင် အမိက ကျုပ်ရယ်၊ ဗညားမော်ရယ်၊ မာယာရယ် မပါလို့ မပြီးဘူး"

အမိက ဇာတ်လိုက်ကတော့ ကျုပ်ပဲပေါ့ဗျာ ..၊

ခင်ဗျားကို ဒီစာရွက်တွေပေးလိုက်မယ်၊ နောက်တော့ ခင်ဗျား အတွက် တစ်ခုခုအသုံးပြုလို့ ရချင်ရမှာပေါ့၊ ဒါထက် တစ်ခုမေးပါရစေ"

"ဘာမေးမှာလဲ မေးပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ခင်ဗျားက တခြားနယ်က ဒီကိုလာပြီး အလုပ်လုပ်နေတာဆိုတော့ တာဝန်ပြီးရင် နေရပ်ကို ပြန်မှာလား" ဟု မေးလေသည်။

ထိုအခါ ကိုမင်းနောင်က သက်ပြင်းတစ်ချက်လေးတွဲ့စွာ ချလိုက်ရင်း၊

"ကျွန်တော်က တစ်ကောင်ကြွက်ပါဗျာ၊ နေရပ်ပြန်သွားတော့လည်း ဘာအလုပ်အကိုင်မှ မယ်မယ်ရရ ရှိတာမဟုတ်တော့ ပြန်သွားလည်း ဝတ်သေရုံရှိမှာပေါ့၊ ဒါကြောင့် ဒီမှာပဲနေတော့မယ်လို့ ဆုံးဖြတ်ထားတာပါ"

"ဒီစကားကြားရတာ ဝမ်းသာသဗျာ၊ ခင်ဗျား ဒီမှာပဲ နေတော့မယ်ဆိုရင် ဟောဒီကျုပ်ပိုင်ဆိုင်တဲ့ ဟော်နန်းကြီးနဲ့ အမွေပစ္စည်းတွေ အားလုံးကို ခင်ဗျားကို လွှဲထားပေးခဲ့ချင်လို့ပါ"

"ဗျာ ..ဒီဟော်နန်းကြီးကို ကျွန်တော်ကို လွှဲထားပေးခဲ့မယ် ဟုတ်လား"





"ဟုတ်ပါတယ် ကျုပ်ကလည်း ခင်ဗျားလို တစ်ကောင်ကြွက်ပါပဲ၊ သေသွားတဲ့အခါ ဒီပစ္စည်းတွေကို ယူသွားလို့မှ မရတာဗျာ...၊ ဒီတော့ ကိုယ်အခင်မင်ဆုံး မိတ်ဆွေကို ပေးထားခဲ့တာက အကျိုးရှိမှာပေါ့ မဟုတ်ဘူးလား"

"ကျွန်တော်တော့ ကြားရတာနဲ့ပဲ မယုံကြည်နိုင်အောင်ဖြစ်နေမိတယ်"

"ဘာ မယုံစရာရှိလဲဗျာ ..လောကမှာ ကိုယ်ဖြစ်ချင်တာထက်၊ သူဖြစ်ချင်တာတွေကို ဖြစ်နေတာက ပိုများနေတာပဲ၊ အံ့ဩစရာတော့ မရှိပါဘူး၊ အစကတည်းက ကျုပ်သေရင် ဒီအမွေတွေကို ခင်ဗျားကိုပဲ ပေးထားခဲ့ဖို့ ရည်ရွယ်ထားတာပါ"

"အခုလို ကျွန်တော့်အပေါ် စေတနာနဲ့ ရက်ရက်ရောရော ပေးထားခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကျုပ်ကို ကျေးဇူးတင်စရာ မလိုပါဘူးဗျာ၊ ခင်ဗျားရဲ့ ကိုယ်ကျင့်တရားရယ် ရိုးသားမှုနဲ့၊ ကံကြမ္မာတရားကိုပဲ ကျေးဇူးတင်ရမှာပါ၊ ဒါတွေကြောင့် ခင်ဗျား ကျုပ်ဆီက အမွေတွေ ရတယ်လို့ဆိုရင် မှန်ပါလိမ့်မယ် ..၊

ကဲ ....ဒီ မှတ်တမ်းကြီးကို ယူပြီး ခင်ဗျားပြန်ပေတော့၊ ကျုပ် မသေခင်မှာတော့ တစ်ခေါက်တော့ လာခဲ့ဦးပေါ့ဗျာ"

ဟု ဆိုသဖြင့် ကိုမင်းနောင်လည်း ဦးဒိဗ္ဗ ရေးသားထားသော မှတ်တမ်းကြီးကို ယူ၍ ပြန်ခဲ့သည်။

ကံကြမ္မာက ဆန်းကြယ်လှပေစွ ..၊

လူ့ဘဝမှာ ဟော်နန်းကြီးသို့ လာစဉ်ကာလက သာမန် သတ္တုတွင်း မန်နေဂျာတစ်ယောက်ဘဝနှင့် ဖြစ်သော်လည်း ပြန်လာသောအခါတွင်



www.burmeseclassic.com

www.burmeseclassic.com



ဟောနန်းပိုင်ရှင်ကြီးဘဝသို့ ပြောင်းလဲ ရောက်ရှိသွားပြီ ဖြစ်တော့သည်။

ကံကြမ္မာလှည်းဘီးသည် သူ့ဘဝ ကံကြမ္မာအား ဆိုးဘက်မှ အကောင်းဆီသို့ ဦးတည်ကာ ရွေ့ရှားနေဟန် ရှိနေလေတော့သည်။

နောက်တစ်ပတ်ခန့်ကြာသောအခါ ဦးဒိဗ္ဗကွယ်လွန်သွားပြီဖြစ်ကြောင်း လာရောက်အကြောင်းကြားသဖြင့် လိုက်သွားကာ ဦးဒိဗ္ဗအား ဟော်နန်းကြီး ခြံဝင်းအတွင်းမှာပင် ကောင်းမွန်စွာ ဂူသွင်းသဂြိုဟ်လိုက်တော့သည်။

နောက်ပိုင်းတွင်ကား ကိုမင်းနောင်သည် ဟော်နန်းကြီးဆီသို့ ရွှေ့ပြောင်း နေထိုင်ရင်း၊ သတ္တုတွင်းများရှိရာသို့ တစ်ပတ်တစ်ခေါက်သာ သွားရောက် ကြည့်ရှုလေတော့သည်။ ကိစ္စများ ပြီးစီးသွား၍ အလုပ်နား သော တစ်ရက်တွင် ဦးဒိဗ္ဗပေးထားခဲ့သော မှတ်တမ်းကြီးအား အေးအေး ဆေးဆေး ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေသည်။

ဆက်လက်ဖော်ပြမည့် အကြောင်းအရာများမှာ ဦးဒိဗ္ဗ ကိုယ်တိုင် ရေးသားထားခဲ့သော မှတ်တမ်းများပင် ဖြစ်ပေတော့သည်။

☆ ☆ ☆





## အခန်း (၃)

## ဟာဒယစိန်နှင့် ထူးဆန်းသော အကြောင်းများ

ဤမှတ်တမ်းကြီးကို ရေးသားခဲ့သော ကျွန်ုပ်ဒိဗ္ဗသည် ငယ်စဉ်ဘဝက ရှမ်းပြည်နယ်နှင့် ယူနန်ပြည်နယ် နယ်စပ်ရှိ ရွာကလေးတစ်ရွာတွင် မွေးဖွား ကြီးပြင်းခဲ့ပြီး ကျွန်ုပ်၏ ဖခင်မှာ ထိုကျေးရွာ၏ ကျေးရွာလူကြီး ဖြစ်သည်။

ဖခင်သည် ရိုးသားမှုရှိသောကြောင့် မိမိရပ်ရွာသာမက အခြားအနီးဝန်းကျင်ရွာမှ လူများကပါ ချစ်ခင်လေးစားမှု ခံရလေသည်။

ကျွန်ုပ် (၉)နှစ်သားအရွယ်တွင် နယ်ချဲ့များက ကျွန်ုပ်တို့ နေထိုင်သော ကျေးရွာနယ်ပယ်များကို သိမ်းပိုက်ကာ အခွန်အကောက်များကို မတရား စည်းကြပ်ကောက်ယူခိုင်းလေသည်။ ဖခင်က ထိုသို့မလုပ်နိုင်ကြောင်း ငြင်းဆိုသဖြင့် ရွာသို့ ရောက်လာကြပြီး လူများကို သတ်ဖြတ်ခြင်း၊ မိန်းမများကို ဖမ်းဆီးခေါ်ဆောင်သွားခြင်း၊ မတရား ညှဥ်းပန်း နှိပ်စက်မှုများ ပြုလုပ်ကြလေသည်။

တစ်နေ့သောအခါ ကျွန်ုပ်၏ ဖခင်အား ဖမ်းဆီးခေါ် ဆောင်သွားကာ မတရားညှဥ်းပန်းနှိပ်စက်ကာ သူတို့ သိလိုသော အကြောင်းကို မေးမြန်းကြလေသည်။

မည်သို့ပင် ညှင်းပန်းနှိပ်စက်ကာ မေးသော်လည်း ဖခင်က တစ်လုံးမှ ဖွင့်မပြောပေ။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ မိခင်အားလည်း ဘာပဲမေးမေး



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မပြောရန် မှာကြားထားလေသည်။

တစ်နေ့သောအခါ ဖခင်ကြီး အချုပ်ခန်းအတွင်း၌ ချုပ်နှောင်ထားစဉ် ရွာမှ ဘုန်းတော်ကြီး တစ်ပါးနှင့် ကျွန်ုပ်အား သွားရောက် တွေ့ခွင့်ရလေသည်။

နယ်ချဲ့စစ်သားများကတော့ သူတို့လိုချင်တာ မရသောကြောင့် ဖခင်အား သတ်ပစ်မည်ဟုသာ ကြိမ်းမောင်းလျက် ရှိနေကြသည်။ အချုပ်ခန်းမှာ မှောင်မည်းကျဉ်းမြောင်းလှပြီး အနံ့အသက်များလည်း ဆိုးဝါးလှသည်။

ဖခင်သည် ဘုန်းတော်ကြီးနှင့်တွေ့သောအခါ သူမှာလို သမျှများကို မှာကြားပြီး ၎င်းကိုယ်တွင် ဝှက်ထားသော ပစ္စည်းတစ်ခုကို ဘုန်းတော်ကြီး အားပေးလိုက်သည်ကို လှမ်းမြင်ရသည်။

ထို့နောက် ဖခင်သည် ကျွန်ုပ်အား မျက်ရည်လည်ရွဲဖြင့် ဖက်ကာ နမ်းရှုပ်လေသည်။ ဖခင်၏ မျက်ရည်များကား ကျွန်ုပ် မျက်နှာပေါ်သို့ စွန်းထင်း သွားသောအခါ ကျွန်ုပ် မျက်လုံးအိမ်မှ မျက်ရည်များလည်း အလိုလို စီးကျလာတော့သည်။

"ဆရာတော် ကလေး အရွယ်ရောက်လာတဲ့အခါမှာ အဲဒီ ပစ္စည်းကို သူ့အားပေးပြီး၊ တပည့်တော်တို့ရဲ့ ဇာတ်ကြောင်း အမှန်တွေကို ပြောပြပေးပါဘုရား"

ဟု မျက်ရည်စက်လက်ဖြင့် မှာကြားလေသည်။

ထို့နောက် ကျွန်ုပ်အားလည်း ဤသို့ မှာကြားပြန်လေသည်။

"ငါ့သား ဖခင်ကတော့ ရန်သူတွေလက်က လွတ်ဖို့ အကြောင်းမမြင်တော့ဘူး၊ ဒါကြောင့် ငါ့သား ဘုန်းတော်ကြီးရဲ့ သွန်သင်ဆုံးမမှုတွေကို နာခံပြီး၊ ယောကျ်ားတို့ တတ်အပ်တဲ့ ပညာတွေကို သင်ယူပေတော့။ တစ်





နေ့ကျရင် မိဘမျိုးရိုး အမွေကို ရအောင် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်း ရှိသမျှ ကြိုးစား အားထုတ်ပေတော့ ..."

ဟု မှာကြားကာ နမ်းရှုပ်ပြန်လေသည်။

ထိုကား ကျွန်ုပ်နှင့်ဖခင်တို့ နောက်ဆုံး တွေ့ရခြင်းပင် ဖြစ်တော့ သည်။

အဘယ်ကြောင့်ဆိုသော် ..၊

နောက်ပိုင်းတွင် နယ်ချဲ့များက ၎င်းတို့သိလိုတာ မေးမရသောကြောင့် ဖခင်ကြီးအား သတ်ပစ်လိုက်သောကြောင့်ဖြစ်သည်။

ဖခင်ကြီးသေဆုံးပြီး မကြာမီမှာပင် မိခင်ဖြစ်သူမှာလည်း ဖခင်စိတ်ကြောင့် ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားသောကြောင့် ကျွန်ုပ်မှာ ဘုန်းတော်ကြီးဆီမှာပင် နေရပြီး ၎င်းလက်ပေါ်မှာပင် ကြီးပြင်းခဲ့ရလေတော့သည်။

ဘုန်းတော်ကြီး၏ ကျောင်းကလေးမှာ ရွာနှင့်ဝေးပြီး ချောင်းကမ်းပါးနံဘေးတွင်ရှိကာ သာယာအေးချမ်းမှု ရှိလေသည်။ ကျွန်ုပ်အား ဘုန်းတော်ကြီးက သက္ကတဘာသာ၊ ပါဠိ ဘာသာများ၊ လောကီ လောကုတ္တရာ ပညာများ၊ ပွဲကျောင်း ပညာများ၊ ဂမ္ဘီရပညာများကို အမွေခံတစ်ဦးအနေနှင့် မခြွင်းမချန် သင်ပေးလေရာ ကျွန်ုပ်မှာလည်း နေ့မအား ညမအား အစွမ်းကုန် သင်ယူရလေသည်။ တစ်ခါတစ်ရံတွင်မူ ..ဖခင်နှင့် မိခင်တို့၏ အဖြစ်ဆိုးများကို မြင်ရသဖြင့် လောကီတွင် မနေလိုတော့ဘဲ ရဟန်းပြုပြီး တရားအားထုတ်လိုက်သော ဆန္ဒဖြစ်ပေါ်ကာ ဘုန်းတော်ကြီးအား ခွင့်တောင်းသောအခါ ဤသို့ ပြောသည်။

"မင်းအတွက် ရဟန်းပြုဖို့ အချိန်မရောက်သေးဘူး၊ မင်းဖခင် ပေးသွားတဲ့ တာဝန်ကို အောင်မြင်အောင် ထမ်းဆောင်ရဦးမယ်။ ဒီတာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကို အောင်မြင်အောင် ထမ်းဆောင်ပြီးမှ ရဟန်းပြုချင်သပ ဆိုရင်လည်း ပြုတာပေါ့"

ဟု ပြောလေသည်။

ထူးခြားမှုမှာ ဘုန်းတော်ကြီး သင်ကြားပေးသော အကြောင်း အရာများထဲတွင် နယ်ချဲ့များ၏ ယုတ်မာရက်စက်ပုံများကို ကွက်ကွက် ကွင်းကွင်း ရေးထားသော အကြောင်းအရာ စာပေများလည်း အမိက ပါဝင်လေရာ ကျွန်ုပ်မှာ မျက်နှာဖြူ နယ်ချဲ့များအား လွန်စွာ စက်ဆုပ်ရွံရှာမုန်းတီးမှု ဖြစ်မိ တော့သည်။

ဤသို့ဖြင့် ကျွန်ုပ်အသက်နှစ်ဆယ်ပြည့်သောနေ့တွင် ဘုန်းတော်ကြီးက ကျွန်ုပ်အား ခေါ်ပြီး ဤသို့ ပြောလေသည်။

"ငါ့တပည့်ကို အခုပြောပြရမယ့် အချိန်ရောက်ပြီဆိုတော့ မင်း ဖခင်မှာကြားခဲ့တာတွေကို ပြောပြရမယ့်အချိန် ရောက်ပြီ၊ တကယ်တော့ မင်းဟာ သာမန်ဆင်းရဲသား မျိုးနွယ်တွေ မဟုတ်ဘူး၊ ဒီနယ်တစ်ဝိုက်မှာရှိတဲ့ မျိုးနွယ်တွေကို အုပ်ချုပ်နိုင်တဲ့ ဟာဒယမျိုးနွယ်တစ်ဦးပဲ၊ ဒါပေမယ့် အခုအချိန်မှာ ဟာဒယမျိုးနွယ်တွေကို နယ်ချဲ့တွေက မတရား ဖမ်းဆီး နှိပ်စက်ကြလေတော့ လျှို့ဝှက်စွာ နေထိုင်ကြရတဲ့ အဆင့်မှာ ရှိနေတယ်"

"တပည့်တော်က ငယ်သေးတော့ ဟာဒယမျိုးနွယ်တွေရဲ့ ခေါင်းဆောင်ဆိုတာကို ဘယ်လိုသိပြီး ဘယ်သူတွေက လက်ခံကြမှာလဲ"

"ဒီအတွက် မပူပါနဲ့လေ ..မင်းဖခင် မသေခင်တုန်းက သက်သေခံပစ္စည်းတစ်ခု ဘုန်းကြီးကို ပေးသွားခဲ့တာ ရှိပါတယ်၊ အခု မင်းလည်း အသက်နှစ်ဆယ် ပြည့်ပြီဆိုတော့"





ဟု ဆိုကာ သိမ်းဆည်းထားသော ပစ္စည်းတစ်ခုအား ထုတ်ယူကာ ကျွန်ုပ်အားပေးလေသည်။

ထိုအရာမှာ အသည်းပုံ (ဟာဒယ)သဏ္ဌာန် စိန်ကြီးတစ်လုံးပင် ဖြစ်တော့သည်။

၎င်းစိန်ကြီးမှာ မသွေးရသေးသော်လည်း အစဉ်အဆက် ဝတ်ဆင်လာခဲ့ ဟန်ရှိသောကြောင့် အရောင်တဖိတ်ဖိတ် တောက်ပလျက် ရှိနေသည်။ စင်စစ်မှာတော့ ၎င်းစိန်ထဲမှာ တစ်ခြမ်းမျှသာ ရှိသည်ဖြစ်ပြီး အခြားတစ်ခြမ်းနှင့် ဆက်မှ စိန်တုံးတစ်တုံးအဖြစ်သို့ ရောက်ပေလိမ့်မည်။ စိန်ကြီးအား ဝတ်ဆင်ရန် ကြိုးတပ်ထားကာ တစ်ဖက်တွင် လူမျက်နှာ ပုံနှင့် စာများ ပြီး၊ အခြား တစ်ဖက်၌လည်း စာမျ ိ ရေးထားသည်။

"ဒီစာတွေရဲ့ အဓိပ္ပါယ်က ဘာလဲ ဆရာတော်"

" ငါတို့က ဘာသာရေးအတွက်ပဲ အလုပ်လုပ်တာဆိုတော့ ဒါတွေကို မပြောလိုဘူး၊ အကြမ်းဖျင်းလောက် ငါပြောပြမယ်၊ ဒီစိန်ကြီးက မင်းတို့ မျိုးရိုးအစဉ်အဆက်က အသုံးပြုခဲ့တာပဲ၊ သူတို့ အထွတ်အမြတ်ထားတဲ့ ပစ္စည်းဆိုရင်လည်း မမှားဘူး၊ ဒီစိန်ကြီး တစ်ခြမ်းနဲ့ကျန်တဲ့ တစ်ခြမ်း ပေါင်းမိရင် အခုတို့တစ်တွေအပေါ် မတရားလာပြီးအုပ်ချုပ်နေတဲ့ မျက်နှာဖြူတွေကို မောင်းထုတ်ပစ်နိုင်လိမ့်မယ်"

"ဒါဖြင့် နောက်တစ်ခြမ်းက ဘယ်မှာ ရှာရမလဲ"

"ငါကတော့ ဘယ်သိပါ့မလဲ ..တွေ့အောင်ရှာရမှာက မင်း တာဝန်ပဲ .. ရှေးက တော်လှန်ရေးအတွက် ကြိုးစားခဲ့ကြတဲ့ ခေါင်းဆောင်တွေလည်း ဒီစိန်ကြီးတစ်ခြမ်းကို လိုက်ရှာခဲ့ကြဘူးတယ်၊ ဒါပေမယ့် အခုအထိတော့ သဲလွန်စ မရကြသေးဘူး၊ ဒီအကြောင်းတွေကို ငါ့



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုပြီး၊ ပိုပြောနိုင်တဲ့ လူတစ်ယောက်တော့ရှိတယ်၊ မင်းနဲ့ အဆက်အသွယ်လုပ်ပေးပါ့မယ်"

ထိုစကား ကြားသောအခါ ဒိဗ္ဗ ရင်ထဲမှာ အံတော်အတန် အားတက်မှု ရှိလာလေသည်။

"နောက်တစ်ခု ရှိတာက မင်းဟာ အခုအချိန်ကစပြီး ဟာဒယ လူမျိုးတွေရဲ့ ခေါင်းဆောင်ဖြစ်လာပြီဆိုတော့ မင်းတို့ ဘိုး ဘွား ဘီ ဘင်တွေ သိမ်းဆည်းထားခဲ့တဲ့ ရတနာပစ္စည်းတွေကို လက်ခံယူရလိမ့်မယ်"

"ဗျာ ..ရတနာပစ္စည်းတွေ ..ဟုတ်လား"

"ဟုတ်တယ် ဒီရတနာပစ္စည်းတွေကြောင့်ပဲ မင်းဖခင်အပါအဝင် မင်းတို့ရဲ့ ဘိုး ဘွား ဘီ ဘင်တွေ သေကြတာ မနည်းကြတော့ဘူး"

"ဘာကြောင့်လဲဟင်"

"ဘာကြောင့်လဲဆိုတော့၊ ဒီပစ္စည်းတွေရှိတယ်ဆိုတာကို နယ်ချဲ့မျက်နှာ ဖြူတွေက သတင်းကြားထားပြီးသား ဖြစ်တယ်။ ဒါကြောင့် ခေါင်းဆောင်တွေကို ဖမ်းပမ်းပြီး စစ်မေးရင်းက မရတော့ မင်းအဖေကို သတ်ပစ်ခဲ့တာပဲ"

ဟု ရှင်းပြလေသည်။

ထို့နောက် ဘုန်းတော်ကြီးက ဒိဗ္ဗဖခင် မသေခင်က သူ့အတွက် ရည်စူးပြီး ရေးသားထားသော စာတစ်စောင်ကို ထုတ်ပေးသည်။ စာပါ အကြောင်းအရာများမှာ ...၊

"သားဖြစ်သူ ဒိဗ္ဗ ..

မင်းက ငါရဲ့ တစ်ဦးတည်းသော သားဖြစ်သောကြောင့် မျိုးရိုး အမွေနှင့် မျိုးရိုးတာဝန်များကို ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိ သည်နှင့်အညီ၊





ဖခင်တို့ မရှိသည့်နောက်တွင် ဟာဒယ လူမျိုးများ၏ ခေါင်းဆောင်အဖြစ်နှင့် နယ်ချဲ့ မျက်နှာဖြူများအား တို့မြေပေါ်က တိုက်ထုတ်ပါလေ..၊

ရတနာပစ္စည်းများကြောင့် ငါတို့ ဘိုး ဘွား ဘီ ဘင်တို့မှာ နယ်ချဲ့တို့၏ ရက်စက်စွာ အသတ်ခံခဲ့ရသည်။

ငါတို့အား မည်မျှပင် နှိပ်စက်ညှဉ်းပန်းကြပါစေ၊ ထိုရတနာ ပစ္စည်းများ အကြောင်းကို မည်သူကမှ ဖွင့်မပြောခဲ့ကြပေ။ ငါ့သား၏ လက်ထက်ရောက်သောအခါတွင်လည်း ဘယ်လိုအကြောင်းနှင့်မှ ထိုရတနာများအား နယ်ချဲ့လက်သို့ ပါမသွားစေရန် ထိန်းသိမ်း စောင့်ရှောက်ရန် တာဝန်ရှိပေသည်။

ငါတို့ လူမျိုးများ၏ နဂိုရည်ရွယ်ချက်အတိုင်း ငါတို့ လူမျိုးများ အတွက် အထိပ်ရောက်ရေးနှင့်၊ နယ်ချဲ့များ မောင်းထုတ်နိုင်ရေးအတွက် အသုံးပြုပါလေ ..၊

ထို့ထက် နယ်ချဲ့မျက်နှာဖြူများအား တို့မြေပေါ်မှ မောင်းထုတ်နိုင် ရေးကို အောင်မြင်အောင် ဆောင်ရွက်ပါလေ၊

ဟူ၍ ရေးသားထားလေသည်။

ထိုစာကို ဖတ်ပြီးသောအခါ မိမိတို့၏ ဘိုး ဘွား အဖေ အမေတို့ အသက်ပေး၍ ဆောင်ရွက်ခဲ့ကြသော ကိစ္စများကို မိမိလက်ထက်တွင် အောင်မြင်အောင် ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချလိုက်မိသည်။

ထို့နောက် ဘုန်းတော်ကြီးက ကျွန်ုပ်အား ဟာဒယစိန်တုံးကို လှမ်းပေးသဖြင့် ယူကာ လည်ပင်း၌ ဆွဲထားလိုက်သည်။ စိန်တုံးကြီး၏ အေးစက်သော အတွေ့အထိမှာ ရင်ဘတ်မှတစ်ဆင့် အသည်းနှလုံးတိုင် အောင်စိမ့်ဝင်သွားသည်ဟု ခံစားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးကတော့ သူ့ကိုကြည့်ကာ တတွတ်တွတ်နှင့် မေတ္တာမျာ
ပို့သပေးကာ နေရာမှ ထွက်သွားလေတော့သည်။

ကျွန်ုပ်အတွက်မှာ ဘဝ၏ တစ်ဆစ်ချိုး အပြောင်းအလဲများ ရှိရာသ
ရောက်ရှိလာပြီဖြစ်ကြောင်း ခံစားလိုက်မိလေသည်။

☆ ☆ ☆





## အခန်း (၄)
## စူဠသုဘဒ္ဒါလို မိန်းမမျိုး

ကျွန်ုပ်သည် ဟာဒယစိန်ကြီးကို ရရှိပြီးနောက် တစ်ပတ်ခန့် ကြာအောင် ဘုန်းတော်ကြီးဆီမှာပင် ဆက်လက်နေထိုင်ကာ ဘုန်းတော်ကြီး သင်ကြားပေးသော လောကီ လောကုတ္တရာ စာပေများ၊ ယောက်ျားတို့ တတ်အပ်သော ပညာများ၊ ပွဲကျောင်း ပညာများကို ဆက်လက် သင်ကြားရပြန်လေသည်။

တစ်ပတ်ခန့် ကြာသောအခါ ရုပ်ဖျက်ထားကြသော ဟာဒယ လူမျိုးအချို့ ရောက်လာပြီး ကျွန်ုပ်အား လာရောက်ခေါ်သွားကြလေသည်။ ဘုန်းတော်ကြီးမှာ လောကုတ္တရာအလုပ်များ လုပ်နေသည်ဆိုသော်လည်း ကျွန်ုပ်အား နှစ်ပေါင်းများစွာ အုပ်ထိန်းစောင့်ရှောက်လာခဲ့သဖြင့် သံယောဇဉ်ဖြစ်ကာ ယခုကဲ့သို့ ခွဲခွာရသောအခါ များစွာ စိတ်မကောင်း ဖြစ်ဟန်ရှိပေသည်။

ကျွန်ုပ်မှာလည်း ဖခင်ပေးအပ်ခဲ့သော တာဝန်ကြောင့်သာ ယခုကဲ့သို့ ခွဲခွာရသော်လည်း ဘုန်းတော်ကြီးနှင့် ယခုကဲ့သို့ ခွဲခွာရသဖြင့် စိတ်ထဲမှာ မကောင်းလှပေ ..၊

ကျွန်ုပ်အား ခေါ်ဆောင်သွားကြပြီး တတိယမြောက်နေ့သို့ ရောက်သောအခါ ဘုန်းတော်ကြီး တွေ့ပေးမည်ဆိုသော ဦးစိုင်းလုံ ဆိုသူ၏ နေအိမ်သို့ ခေါ်ဆောင်သွားလေသည်။ ဦးစိုင်းလုံမှာ အသက်ငါးဆယ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရှိပြီး ဟာဒယလူမျိုးတစ်ဦးဖြစ်ကာ ရွာလူကြီးတစ်ဦးလည်း ဖြစ်ဟန်ရှိပေသည်။

ကျွန်ုပ်ရောက်သွားသောအခါ ဦးစိုင်းလုံ၏နေအိမ်၌ ဟာဒယလူမျိုးအတော်များများ ရောက်နေသည်ကိုလည်းတွေ့ရသည်။ သူတို့သည် ကျွန်ုပ်ရောက်လာမည်ကို ကြိုတင်သိသဖြင့် လာရောက်စောင့်ဆိုင်း နေ ကြဟန်ရှိသည်။

ဦးစိုင်းလုံကို ကျွန်ုပ်က တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသော်လည်း သူကတော့ ကျွန်ုပ်အား ကောင်းစွာ သိရှိနေသည်။

သူကပင် အခြားလူများနှင့် ကျွန်ုပ်အား မိတ်ဆက်ပေးလေသည်။ ထိုသို့ မိတ်ဆက်ပေးပြီးသောအခါ ရွာလူကြီးတစ်ယောက်က ကျွန်ုပ်အား ကြည့်၍ မေးသည်။

"အသည်းရှိသလား"

အမှတ်တမဲ့မို့ ဘာကို ရည်ရွယ်၍ မေးမှန်းမသိသဖြင့် ...၊

"ရှိပါတယ်"

ဟု အဖြေပေးလိုက်ရာ အားလုံးက ဝိုင်းရယ်ကြလေသည်။

ထိုအချိန်တွင် ဦးစိုင်းလုံက ကျွန်ုပ်အနီးသို့ ကပ်ပြီး တစ်စုံတစ်ရာ ပြောလိုက်တော့မှ သဘောပေါက်သွားပြီး ကျွန်ုပ် လည်ပင်း၌ ဆွဲထားသော 'ဟာဒယစိန်ကြီး'အား ပြသလိုက်မှ အားလုံးက ဦးညွှတ်ကာ အရိုအသေ ပေးလိုက်ကြလေသည်။

ထို့နောက်တွင် တံခါးများပိတ်၊ အစောင့်များချကာ နယ်ချဲ့ များကို မည်သို့ မည်ပုံ တော်လှန်ကြမည်ကို ညှိနှိုင်းတိုင်ပင်ကြသည်။

တကယ်တော့ ထိုပွဲတွင် ကျွန်ုပ်အား ဟာဒယလူမျိုးများ၏ ခေါင်းဆောင်





အဖြစ် အားလုံးက အသိအမှတ်ပြုလိုက်ကြခြင်းပင် ဖြစ်၏။ ထို့နောက်တွင် ကျွန်ုပ်အား သစ္စာဆိုစေပြီး၊ ၎င်းတို့တိုက်သော သစ္စာရေကို သောက်ပြီးနောက် ဟာဒယလူမျိုး အကြီးအကဲများက ၎င်းတို့ သိုဝှက်သိမ်းဆည်းထားသော ရတနာပစ္စည်းများအား ပြသအပ်နှံလေသည်။

ရတနာပစ္စည်းများကား အမျိုးအမည် စုံလှပြီး တန်ဖိုးအနေနှင့်လည်း နည်းမည်မဟုတ်ပေ ...၊

ထိုပစ္စည်းများက ကျွန်ုပ်တို့၏ ဘိုး ဘွား မိဘများ အသက်ပေးစောင့်ရှောက်ခဲ့သော ရတနာပစ္စည်းများပင်ဖြစ်၏။ ၎င်းပစ္စည်းများကို အသုံးချကာ နယ်ချဲ့များကို တော်လှန်တိုက် ထုတ်ရပေမည်။ ယခုအခါ ထိုတာဝန်သည် ကျွန်ုပ်အပေါ်တွင် လုံးလုံးလျားလျား ကျရောက်နေပြီ ဖြစ်တော့သည်။

ကျွန်ုပ်သည် ဦးစိုင်းလုံတို့ရွာ၌ ခေတ္တနေထိုင်ကာ ရှေ့လုပ်ငန်းစဉ်များကို တိုင်ပင်ညှိနှိုင်းမှုများ ပြုလုပ်ရပေသည်။

ထိုသို့ နေထိုင် နေစဉ်ကာလအတွင်း၌ ကျွန်ုပ်သည် မြင်းတစ်စီးနှင့်အနီး ဝန်းကျင် ရွာများသို့ လှည့်လည်သွားလာရလေသည်။ တစ်နေ့သောအခါ တစ်ယောက်တည်း ပြန်လာသောအချိန်တွင် မိုးနဲ့ရွာအစပ်သို့ ရောက်သောအခါ အိမ်တစ်အိမ် အတွင်းဆီမှအမျိုးသမီး အော်သံများ ကြားရသဖြင့် ထိုနေရာသို့ သွားကြည့်သောအခါ မြင်ကွင်းက မကောင်းလှပေ။

နယ်ချဲ့လူရမ်းကားသုံးဦးက အမျိုးသမီးတစ်ဦးကို ဆွဲလား ရမ်းလားပြုလုပ်နေသည်ကို တွေ့မြင်ရသဖြင့်ကျွန်ုပ်သည် ကျောတွင် လွယ်ထားသောဓားကိုဖြုတ်ပြီး အတွင်းသို့ဝင်သွားသည်။

လူရမ်းကားသုံးဦးမှာ အရက်မူးနေဟန်ရှိပြီး ၎င်းဝင်လာသည်ကိုမြင်သောအခါ သေနတ်များကို ပြေးဆွဲကြစဉ် ကျွန်ုပ်က လက်ထဲမှ ဓားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်စွာ ထိုးခုတ်သတ်ဖြတ်လိုက်ရာ မိုက်သား သုံးဦးတို့ မှာ အချိန် အနည်းငယ်အတွင်းမှာပင် ဒဏ်ရာများ အသီးသီးရပြီး ကြမ်းပြင် ပေါ်လဲကျ ကျန်တော့သည်။ ခဏကြာသောအခါ ဟာဒယ လူမျိုး လေးငါးဦး ရောက်လာ ပြီး ကျွန်ုပ်အား ရိုသေစွာ ဦးညွှတ်ပြီးနောက် လူရမ်းကားသုံးဦးကို အပြင် ဘက်သို့ သယ်ယူသွားလေတော့သည်။ သူတို့ လက်စတုံး ဖျောက်ဖျက်ပစ် လိုက်ကြမည်မှာ သေချာလှ၏။ အခန်းထဲမှာ ရှင်းသွားသောအခါ ကြမ်း ပြင်ပေါ်တွင် အသက်ဥဝကျော် အရွယ်အမျိုးသမီး တစ်ဦးလဲကျ နေသည်ကို တွေ့ရသဖြင့် သွားကြည့်သောအခါ ကြောက်လန့်မှုကြောင့် သတိမေ့မျော နေခြင်းဖြစ်ကြောင်းသိရသဖြင့် အတန်ငယ် ပြုစုလိုက်သောအခါ သတိ ပြန်ရလာသည်။ အခြားအမျိုးသမီး တစ်ယောက်ကတော့ ထိတ်လန့်သော အမူအရာဖြင့် နံရံတွင်ကပ်၍ ရပ်နေသည်။

သူမသည် လှပချောမွေ့သော အသက်နှစ်ဆယ်ဝန်းကျင် မိန်းမပျို တစ်ဦးဖြစ်သည်။

သူမက မျက်လုံးရွဲကြီးများဖြင့် ကျွန်ုပ်အား လှမ်းကြည့်နေသဖြင့် ကျွန်ုပ်က အနီးသို့ လျှောက်သွားပြီး နှစ်သိမ့်မှု ပေးလိုက်ရသည်။

"မကြောက်ပါနဲ့တော့ကွယ်၊ အန္တရာယ်တွေ ကင်းသွားပါပြီ"

"ကျေးဇူးတင်လိုက်တာ မောင်ကြီးရယ်..မောင်ကြီးသာ ရောက် မလာ ရင်တော့ ကျွန်မတို့ ညီအစ်မနှစ်ယောက် ဘဝတော့ မတွေးရဲစရာ ပါပဲ"

"ရပါတယ်ကွယ်၊ ကြုံကြိုက်လို့ ကူညီရတာပဲ၊ ဒီမိစ္ဆာကောင်တွေက တို့မြေပေါ်ကို မတရားလာပြီး တို့လူမျိုးတွေ ကို စော်ကားနေကြတာ ဒါထက် ညီမတို့က မိန်းမသား နှစ်ယောက်တည်း နေကြတာလား၊





တခြားဘယ်သူမှ မရှိကြဘူးလား"

"မရှိကြဘူး၊ ကျွန်မတို့က ညီအစ်မနှစ်ယောက်တည်းနေကြတာ၊ ကျွန်မ နာမည်က သူဇာ ..အစ်မကြီးက မမင်းဇာတဲ့ ဒီက မောင်ကြီး နာမည်ကရော ဘယ်သူလဲဟင်"

"ကျွန်တော့်နာမည် ဒိဗ္ဗလို့ ခေါ်ပါတယ်"

"ဒိဗ္ဗ ..၊ ဒိဗ္ဗဆိုတော့ ဟာဒယ လူမျိုးတွေရဲ့ ခေါင်းဆောင် ကိုဒိဗ္ဗဆိုတာ များလားဟင်"

"ဒါတွေကို မင်းဘယ်လို သိတာလဲ မိန်းကလေး"

"ဒီတစ်နယ်လုံးမှာ မောင်ကြီးနာမည်ကို မကြားဘူးတဲ့ လူမှ မရှိ တာ၊ မသိဘဲ နေပါ့မလား"

ဟု ကန္ဒဲ့ကလျ အမူအရာဖြင့် ပြောလေရာ၊ မိန်းကလေးများ နှင့် ...တွေ့အထိ နည်းလှသော ကျွန်ုပ်ရင်ထဲမှာ မခုန်စဖူး ရင်ခုန်သံများ မြန် ...နေသည်ကို သတိပြုမိလိုက်သည်။

အမှန်တော့ ထိုသို့ တွေ့စဉ်ကတည်းက ကျွန်ုပ်သည် သူဇာ ဆိုသော မိန်းမချောကလေးအပေါ်တွင် မေတ္တာသက်ဝင် ချစ်ခင်စုံမက်မှု ဖြစ်နေခဲ့ ...ရာ နောင်သောအခါ ၎င်းရှိရာသို့ မကြာခဏ သွားရောက်တွေ့ဆုံရာမှ ...ချစ်သူဘဝသို့ ရောက်ခဲ့ကြလေသည်။

တွေ့စ,က,တော့ ချစ်သူတို့ သဘာဝ တစ်ဦးအပြစ် တစ်ဦးက မမြင်နိုင် ...ဲ့ အချစ်သာလျှင် အရေးအပါဆုံး ဖြစ်နေတော့သည်။

ကျွန်ုပ်အဖို့မှာလည်း သူဇာသည် အချစ်ဦးဖြစ်သောကြောင့် အရူး အမူး ...ဖြစ်ကာ သူနှင့် ပတ်သက်၍ ဘာဆိုဘာမှ အပြစ်မမြင်နိုင်အောင် ဖြစ်နေ ...တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လအတန်ကြာသောအခါ သူဇာသည် သူမ၏ဇာတိကို ပြလာတော့သည်။ ကျွန်ုပ်တို့ထံတွင် ရှိသော ရတနာများကို မေးမြန်းရာမှ ကျွန်ုပ်က လုံးဝမပြောသောအခါ တစ်ဦးနှင့်တစ်ဦး ကတောက်ကဆ ဖြစ်တော့သည်။ နောင်မှသိရသည်မှာ သူဇာသည် ကျွန်ုပ်ကို ချစ်ဟန်ဆောင်ကာ ကျွန်ုပ်ထံမှ ရတနာပစ္စည်းများရစေရန် အပိုင်ကြံစည်ခြင်းပင် ဖြစ်တော့သည်။

ထိုသို့ ကျွန်ုပ်ထံမှ ရတနာပစ္စည်းများကို မရနိုင်သောအခါ ကျွန်ုပ်တို့ သတင်းများကို မျက်နှာဖြူများထံ သွားရောက်ပြောကြားလေရာ မကြာမီ ကျွန်ုပ်နှင့် ဟာဒယ လူမျိုးခေါင်းဆောင်အချို့ အဖမ်းခံရလေတော့သည်။

အစက ဘယ်သူ့လက်ချက်မှန်းမသိရသော်လည်း နောင်သောအခါ ကျွန်ုပ်၏ ချစ်သူ သူဇာ၏ စနက်မှန်းသိရလေသည်။ သို့သော် ကျွန်ုပ်အတွက် များစွာ အသိနောက်ကျခဲ့ပြီဖြစ်၏။

နယ်ချဲ့များက ကျွန်ုပ်တို့အား အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းကာ ရတနာများအကြောင်းကို မေးမြန်းကြရာ ကျွန်ုပ်တို့ တစ်တွေမှာ သစ္စာဆိုထားကြသူများပီပီ မည်သူ တစ်ဦးတစ်ယောက်မှ ထုတ်ဖော် မပြောကြသဖြင့် နယ်ချဲ့များက နည်းအမျိုးမျိုးဖြင့် နှိပ်စက်ကြပြန်ရာ တစ်ယောက်ပြီးတစ်ယောက် သေဆုံးကြလေသည်။

နောက်ဆုံး ကျွန်ုပ်အလှည့်သို့ ရောက်ရန် အနည်းငယ်သာ လိုသောအချိန်တွင် ကျွန်ုပ်အား မွေးစားသော ဘုန်းကြီးကြွ လာပြီး ရတနာပစ္စည်းအချို့နှင့် ကျွန်ုပ်အား လဲလှယ်သဖြင့် ကျွန်ုပ်မှာ သေဘေးမှ သီသီကလေး လွတ်ခဲ့ရသည်။

ထိုအချိန်မှ အစပြုကာ ကျွန်ုပ်မှာ မိန်းမများအပေါ်တွင် နာကျည်းကာ စိတ်အနာကြီး နာကာ မုန်းတည်းမှု ဖြစ်ခဲ့ရသည်။





တော်လှန်ရေးအတွက် ရည်စူးထားသော ရတနာပစ္စည်း အချို့မှာ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်နှင့် ပတ်သက်၍ ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာအတွက်ကြောင့် အလဟဿ ဆုံးရှုံးခဲ့ရသဖြင့် ဟာဒယလူမျိုးများ ရှေ့တွင် မျက်နှာမပြချင်လောက်အောင် အရှက်ရမိတော့သည်။

သူတို့က မည်သို့မှ မပြောကြသော်လည်း ဟာဒယလူမျိုးခေါင်းဆောင် တစ်ယောက်က လွတ်လပ်ရေးအတွက် မလုပ်ဘဲ မိန်းမတစ်ယောက်နှင့် အချိန်ကုန်နေသဖြင့် ထိုကဲ့သို့ ဒုက္ခတွေ့ရသည်ဟု ထင်စရာရှိပေလိမ့်မည်။

သို့ကြောင့် အချုပ်အနှောင်မှ လွတ်သည်နှင့် ရွာသို့ ချက်ခြင်း မပြန်သေးဘဲ၊ ကျွန်ုပ်၏ မွေးစားဖခင်ဘုန်းတော်ကြီးကျောင်းသို့ ခေတ္တလိုက်နေသည်။

ထိုသို့နေစဉ်ကာလအတွင်း ဘုန်းတော်ကြီးက ဤသို့ ဆုံးမသည်။

“လောကမှာ လူ့ရယ်လို့ ဖြစ်လာရင် မမှားဘူးတဲ့ လူ၊ ဘယ်သူမှ မရှိဘူး၊ နည်းနည်းမှားကာနဲ့ များများမှားတာပဲ ကွာတယ်၊ အသိဉာဏ်ရှိတဲ့လူကတော့ တစ်ကြိမ် အမှားလုပ်မိပြီးရင် နောက်တစ်ကြိမ် ထပ်မမှားအောင် အသိဉာဏ်နဲ့ ပြုပြင်တယ်၊

အသိဉာဏ်နည်းတဲ့ လူကတော့ တစ်ကြိမ်မှားလည်း နောင်တမရဘူး၊ နှစ်ကြိမ်မှားလည်း နောင်တမရဘူး၊ အကြိမ်ကြိမ် ထပ်မှားတတ်ကြတယ်၊ ဒါပဲ ကွာတယ်”

ထိုဆုံးမစကားကြောင့် ကျွန်ုပ်ရင်ထဲမှ အာဃာတ တရားများ အတန်အသင့် လျော့ပါးသွားလေသည်။

“အထူးသဖြင့် ယောက်ျားတွေဟာ မိန်းမတွေကြောင့် ဒုက္ခတွေကြတာများတယ်၊ ဇာတ်နိပါတ်တော်တွေထဲမှာလည်း မိန်းမကြောင့် ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြတဲ့ ဖာတ်ပွေကြ အမိက များတယ် သည့်အထဲမှာ ရှုဋ္ဌသု ဘဒ္ဒါဇာတ်ကတော့ အထင်ရှားဆုံးပေါ့၊ မိန်းမတစ်ယောက် ကြောင့် တစ်ဘဝမကဘူး၊ နှစ်ဘဝတိုင်တိုင် ပျက်စီးခဲ့ရတဲ့ အကြောင်းပေါ့ ကွယ်"

ချစ်ခြင်းမေတ္တာဆိုကာ သာယာမှုကို အနည်းငယ်သာ ပေးတတ်ပြီး ပူပန်သောကကိုတော့ အတိုင်းအဆမရှိပေးလေ့ရှိတယ်ဟု ဆုံးမလေသည်။

ကျောင်းမှ ပြန်လာကတည်းက ကျွန်ုပ်အပေါ်တွင် ရက်စက်ယုတ်မာခဲ့သော မိန်းမအကြောင်းကို မကြားလိုသော်လည်း ၎င်းတို့ကို ဟဒယလူမျိုး အချို့က သုတ်သင်လိုက်ကြပြီဆိုသော သတင်းကိုတော့ တစ်စွန်းတစ်စ ကြားလိုက်ရသည်။ ဒါကတော့ သူ့ အကုသိုလ်ကံကြမ္မာက သူတို့ဘဝကို အဆုံးသတ်ပေးလိုက်ခြင်းဖြစ်ပေလိမ့်မည်။

ဤသို့ဖြင့် ကျွန်ုပ်သည် စိတ်ပြေလက်ပျောက် သဘောမျိုးဖြင့် မြောက်ပိုင်းသတ္တုတွင်းများတွင် မိတ်ဆွေအချို့ရှိသဖြင့် ၎င်းတို့ထံသို့ သွားရောက်ခဲ့ရာမှ ကျွန်ုပ်ဘဝတစ်သက်တာတွင် လွန်စွာ အရေးပါသော ကဏ္ဍမှ ပါဝင်လာမည့် 'ဗညားမော်' ဆိုသော လူတစ်ယောက်နှင့် ဆုံစည်းခဲ့ရလေသည်။





## အခန်း (၅)

## သတ္တုတွင်းတိုက်ပွဲ

တစ်နေ့သောအခါ ကျွန်ုပ်သည် မိုင်းမနှင့် မိုင်းလကြားရှိ ရွာတစ်ရွာသို့ ကိစ္စတစ်ခုဖြင့် ရောက်သွားလေသည်။

အကြောင်းမှာ ဟဒယလူမျိုးတစ်ဦးထံတွင် ရတနာများ မြုပ်နှံထားသော နေရာကို ရေးဆွဲထားသော မြေပုံရှိသည်ဆို၍ ၎င်းမှာ မြေပုံအညွှန်းများကို မဖတ်တတ်သောကြောင့် ကျွန်ုပ်ထံ အပ်နှံလိုသည်ဟု အကြောင်းကြားသဖြင့် ထိုရွာသို့ လာခဲ့ခြင်းဖြစ်သည်။

၎င်းသိုက်ညွှန်းမှာ ရှေးလူများ အဆက်ဆက် မြုပ်နှံသိမ်း ဆည်းခဲ့သော ရတနာများရှိရာကို ရေးဆွဲထားသော ပေစာဖြစ်ပြီး အဆင့်ဆင့်ကူးပြောင်းလာကာ နေရာ ရှာမတွေ့နိုင်အောင် ဖြစ်နေကြခြင်း ဖြစ်သည်။

ကျွန်ုပ်မှာ ဘုန်းတော်ကြီးနှင့်နေစဉ်ကပင် သက္ကတဘာသာ ပါဠိဘာသာများကို ရေးနိုင်ဖတ်နိုင်ခဲ့ပေရာ အကယ်၍ ထိုသိုက်ညွှန်းကို တွေ့လျှင်လည်း အဖြေထုတ်နိုင်မည်ဟု ယုံကြည်မိပေသည်။

ကျွန်ုပ် ထိုရွာသို့ ရောက်သွားသောအခါ အခက်အခဲတစ်ခုနှင့် ကြုံရပြန်လေသည်။

အခြားမဟုတ်ပေ ..၊

ကျွန်ုပ်ရောက်သွားသော အချိန်တွင် ထိုသူမှာ ကွယ်လွန်သွားပြီ ဖြစ်၍ သင်္ဂြိုဟ်ပြီးစအချိန် ဖြစ်သောကြောင့် သူနှင့်မတွေ့လိုက် ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတွင်သားတစ်ယောက် ကျန်ရစ်ခဲ့သော်လည်း ကိုသိုက်ညွန့်စာ နှင့် ပတ်သက်ပြီး ဘာမှ မေးစမ်း ကြည့်၍ မရပေ ..။

သို့ကြောင့် ကျွန်ုပ်လည်း ထိုရွာတွင် ခေတ္တနေထိုင်ရင်း သေဆုံးသွားသူ၏ သားအား ငှင်းဖခင်၏ သိုက်ညွှန်းစာများကို ကြိုးစားရှာဖွေရန် စေခိုင်းရသည်။

ထိုရွာကလေး၏ အမည်မှာ ကိုင်းကုန်းဖြစ်ပြီး၊ ငှင်းနှင့် မဝေးလှ သော တောင်ကြားတွင် သတ္တုတွင်းတစ်တွင်းရှိသဖြင့် ရွာမှ လူအတော် များများမှာ ထိုသတ္တုတွင်း၌ သွားရောက်၍ အလုပ်လုပ်ကိုင်ကြသည်။

ထိုသတ္တုတွင်းမှာ မြန်မာလူမျိုး တစ်ဦးပိုင်ဆိုင်သော သတ္တုတွင်းဖြစ်သည်။ ထိုသတ္တုတွင်းမှာ အတော်အသင့် အောင်မြင်လာသော အခါ နယ်ချဲ့ မျက်နှာဖြူများက မျက်စိကျပြီး ထိုလူအား သတ္တုတွင်းကို စွန့်ခွာပြေးစေရန်အတွက် နည်းအမျိုးမျိုးဖြင့် အနှောင့်အယှက် ပေးကြလေသည်။

သတ္တုတွင်း အလုပ်သမား အတော်များများမှာ ကျွန်ုပ်တို့ ဟဒယ လူမျိုးများ ဖြစ်သောကြောင့် တစ်နေ့တွင် ငှင်းတို့နှင့် ပတ်သက်ပြီး ပြဿနာတစ်ခု ပေါ်လေသည်။

ကိစ္စကတော့ မိန်းမတစ်ယောက်နှင့် ပတ်သက်ပြီး ဖြစ်ရသော ကိစ္စပင်ဖြစ်၏။

မိန်းမတစ်ယောက်အား လူနှစ်ယောက်က ဝိုင်းကြိုက်ကြကာ လုကြရင်းနှင့် တစ်ဖက်နှင့် တစ်ဖက် ပြဿနာဖြစ်ကြခြင်းပင်။

ထိုသို့ ဖြစ်သောအခါ သူ့ဘက် ကိုယ့်ဘက် လူများပါလာကာ ရိုက်ကြနှက်ကြ၊ ထိုးကြ ခုတ်ကြဖြစ်သဖြင့် သေဆုံးသူ နှစ်ယောက်ရှိပြီး





ဒဏ်ရာ ရသူများလည်း ရှိပေသည်။

ကျွန်ုပ်ရောက်သွားသောအခါ ဒဏ်ရာရသူများကို ပြုစု ကုသပေး လျက် သေဆုံးသူများ၏ အလောင်းများကို အလျင်အမြန်ပင် ဖျောက်ဖျက်သည့် သဘောဖြင့် အလောင်းများကို မြေမြှုပ်ပစ်ရန် စီစဉ်နေကြသည်။ နယ်ချဲ့များ အုပ်စိုးနေစဉ် ကာလလည်းဖြစ်၊ အုပ်ချုပ်မှုနှင့် အလှမ်းကွာဝေးနေသောကြောင့် ပြဿနာတစ်ခု ပေါ်လာလျှင် ကိုယ့်အချင်းချင်း အဆင်ပြေသလို ရှင်းသောနည်းကို အသုံးပြုကြသည်။ ရန်ဖြစ်ကြသူများမှာ သတ္တုတွင်း အလုပ်သမားများဖြစ်သောကြောင့် ပိုင်ရှင်ဖြစ်သူလည်း ရောက်နေသည်။

ကျွန်ုပ်ရောက်သွားသောအခါ ကျွန်ုပ်အား ကောင်းစွာ သိ သော လူမျိုးစု ခေါင်းဆောင်တစ်ဦးက ကျွန်ုပ်တို့ လူမျိုးချင်း သာ သိသော သင်္ကေတဖြင့် အရိုအသေပေးကာ နှုတ်ဆက် လိုက်သည်။

"အရှင်ဒိဗ္ဗ ထင်ပါရဲ့"

"ဟုတ်ပါတယ် ဘယ်လိုဖြစ်ကြတာလဲ"

"ကျုပ်တို့လည်း အရှင်ဒီရွာကို ရောက်လာလိမ့်မယ်ဆိုလို့ စောင့်နေကြတာပါ။ ဖြစ်ရတဲ့ အကြောင်းက ဒီလိုပါ"

ဟုဆိုကာ မလှမ်းမကမ်းတွင် စိတ်တုန်လှုပ်စွာ ရပ်နေသော မိန်းကလေးကို လက်ညှိုးထိုးပြပြီး အကြောင်းစုံပြောပြလေသည်။ အကြောင်းရင်းကတော့ မိန်းမတစ်ယောက်က ဖြိုဟ်မွှေသဖြင့် ဖြစ်ရသည်ကိုသိပြီး ကျွန်ုပ်မှာ မူလကတည်းက မိန်းမများကို မုန်းတီးနေရာ ထိုကိစ္စကို သိသောအခါ အလွန်ဒေါသ ထွက်စွာဖြင့် ထိုမိန်းကလေး ရှိရာသို့ လျှောက် သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေဟာ နင့်ကြောင့်ဖြစ်ရတာပဲ မဟုတ်လား၊ နင်တို့ မိန်းမတွေဟာ အတော်ကို ဂြိုဟ်မွှေကြတယ်၊ လူတွေသေ အောင် ဒုက္ခပေးတယ် .."

"သူတို့ ဘာသာဖြစ်ကြတာ ကျွန်မနဲ့ ဘာဆိုင်သလဲ၊ ကျွန်မက သူတို့နှစ်ယောက်စလုံးကို တစ်ယောက်မှ သဘောမကျ ဘူး"

ဟု ကက်ကတ်လန်ပြန်၍ ရန်တွေ့လေသည်။

ထိုအခါ ရွာလူကြီးက ..၊

"ဟဲ့ အမိုက်မ နင်ဘယ်လို စကားပြောတာလဲ၊ ဒါဘယ်သူလို့ အောက်မေ့နေသလဲ၊ တို့ ဟာဒယလူမျိုးတွေရဲ့ အရှင်ဒိဗ္ဗ ဆိုတာသူပဲ"

ဟုပြောလိုက်သောအခါ မိန်းကလေးမှာ လွန်စွာ ထိတ်လန့်ကြောက်ရွံ့သွားသော အမူအရာဖြင့် ..၊

"အို ...မသိလို့ ပြောမှားဆိုမှားရှိတာ ကျွန်မကို ခွင့်လွှတ်ပါ အရှင်၊ ဒီကိစ္စ ကျွန်မနဲ့ လုံးဝမသက်ဆိုင်ပါဘူး၊ ကျွန်မ ဘာသာနေရင်းက သူတို့က လာကြိုက်ကြပြီးတော့ အခုလို ပြဿနာ ဖြစ်ကြတာပါ၊ တကယ်တော့ ကျွန်မရဲ့ ဖြားယောင်းသွေးဆောင်မှု လုံးဝ မပါဘူး အရှင် ..."

ဟု ကြောက်ရွံ့စွာ တောင်ပန်းပြောဆိုလေသည်။

ထိုအခါ ကျွန်ုပ်မှာ မိန်းမများကို မုန်းသည်ဆိုသော်လည်း မိန်းကလေးပြောတာ မှန်ကန်လောက်သည်ဖြစ်၍ ထိုနေရာမှ အမြန်ဆုံး ထွက်သွားရန် ပြောလိုက်သည်နှင့် မိန်းကလေးမှာ ကျွန်ုပ်အား ဟာဒယလူမျိုးတို့၏ အရိုအသေပေးမှုအတိုင်း ကြောက်ရွံ့စွာ အရိုအသေ ပေးပြီးနောက်





ပြေးထွက်သွားလေတော့သည်။

ထိုအခါမှ သေဆုံးသူများဘက်မှ နှစ်ဦးနှစ်ဘက်ရန်စောင် နေသူများမှာလည်း ကျွန်ုပ်အား အသီးသီး အရိုအသေပေးပြီးနောက် ထွက်ခွာသွားကြလေသည်။

အားလုံး ရှင်းသွားသောအခါမှ သတ္တုတွင်းပိုင်ရှင်ဆိုသူက ကျွန်ုပ် အနီးသို့ ရောက်လာပြီး ...၊

"အံ့ဩဖို့ သိပ်ကောင်းတာပဲ၊ ဒီလူတွေကို စကားလေး တစ်ခွန်း တည်းနှင့် အေးအေးချမ်းချမ်း ဖြစ်သွားအောင် ရှင်းပေးနိုင်တာ ကတော့ အတော့်ကို အံ့ဩဖို့ ကောင်းတာပဲ..၊

"ဒါထက် ခင်ဗျားက ဘယ်သူလဲ အင်္ဂလိပ်ဘက်က လူလား"

ဟု တအံ့တဩ မေးလေသည်။

"ကျုပ်က နယ်ချဲ့အစိုးရ ဘက်ကလူ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီဟာဒယလူမျိုးတွေအပေါ်မှာတော့ အတော်အသင့် ဩဇာ သက်ရောက်မှုရှိတဲ့ လူတစ်ယောက် ဆိုပါတော့ဗျာ -"

"အေးဗျာ ..ခင်ဗျားနဲ့ တွေ့ရတာ သိပ်ပြီး ဝမ်းသာတာပဲ ကျွန်တော့် နာမည်က 'ဗညားမော်'လို့ ခေါ်ပါတယ်၊ ဒီမှာ သတ္တုတွင်းလာ တူးနေတာဆိုပါတော့"

ဗညားမော်ဆိုသော လူမှာ ကျွန်ုပ်နှင့်အသက်အရွယ် မတိမ်းမယိမ်း ရှိပြီး၊ ယောက်ျားပီသသော ရုပ်ရည်ပိုင်ရှင်မျိုး ဖြစ်ကာ တွေ့စကပင် ၎င်းအား ခင်မင်လိုစိတ်များ ဖြစ်ပေါ်မိပေသည်။

သူသည် အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိပြီး၊ အသားညိုညို မျက်လုံး မျက်ခုံး ကောင်းသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒီနယ်မှာအလုပ် လာလုပ်ရတာ အဆင်ပြေရဲ့လား မိတ်ဆွေ”

“ကျွန်တော့်ကို ဗညားလို့ပဲ ရင်းရင်းနှီးနှီး ခေါ်နိုင်ပါတယ်”

“ဟုတ်ကဲ့ အခုလို သိရတာ ဝမ်းသာပါတယ်၊ ကျုပ်နာမည်က ဒိဗ္ဗလို့ ခေါ်ပါတယ်၊ ဟာဒယလူမျိုးတွေရဲ့ ခေါင်းဆောင် တစ်ဦးပါပဲ”

“ကျွန်တော်ကလည်း ကိုဒိဗ္ဗနဲ့ အခုလို တွေ့ရတာ ဝမ်းသာ ပါတယ် ဘာကြောင့်လဲဆိုတော့ ခင်ဗျား စောစောက မေးသလိုပဲ ဒီမှာ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လားဆိုတော့ သိပ်တော့ အဆင်မပြေ ဘူးဗျ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရဲ့ အလုပ်ကို နယ်ချဲ့ မျက်နှာဖြူတွေကလည်း မျက်စိကျနေကြတယ်ဗျ၊ ဒါကြောင့် နည်းအမျိုးမျိုးနဲ့ အနှောင့်အယှက်ပေးချင်ကြတယ်”

“ဩ သူတို့ရဲ့ အကျင့်ပဲလေ ..”

ကျွန်ုပ်၏ နှုတ်မှ လွှတ်ခနဲ ထွက်သွားမိသည်။

ဒါကို ဗညားမော်က သတိပြုမိသွားပုံရသည်။

“ကိုဒိဗ္ဗကလည်း ဒီနယ်ချဲ့တွေကို သိပ်သဘောကျဟန် မတူဘူး”

“ဘယ်သဘောကျနိုင်ပါ့မလဲဗျာ ..၊ ကျုပ်တို့ မြေပေါ်ကိုလည်း မတရားကျူးကျော်သိမ်းပိုက်ကြတယ်၊ ကျုပ်တို့ရဲ့ တိုင်းရင်းသားတွေ ကိုလည်း နည်းအမျိုးမျိုးနဲ့ နှိပ်စက်နေကြတာ မဟုတ်လား”

“ဟုတ်တယ် ဒီမိစ္ဆာကောင်တွေက သိပ်ပြီး တရားလွန်တာပဲ၊ အခုဆိုရင် ကျွန်တော့်အလုပ်မှာလည်း သူတို့နှောင့် ယှက်တာကို ခံရတယ်။ ဘယ်လောက် ယုတ်မာသလဲဆိုရင် နယ်ခံတွေကို သွေးထိုးမြှောက်ပင့်ပေးပြီး ကျုပ်ကို သတ်ဖို့အထိ စီစဉ်ကြတယ်ဗျ”

“သတိထားနေပေါ့ဗျာ၊ ခင်ဗျားကိုတော့ မြင်မြင်ချင်းပဲ ကျုပ်





ခင်မင်မိပါတယ်။ လိုတဲ့အကူအညီရှိရင်လည်း ပြောပေါ့၊ ကျုပ်ဒီရွာမှာ နေဦးမှာပါ”

“ဒီလိုဆိုရင်လည်း အတော်ပဲဗျာ၊ တွေ့တွေ့ချင်းပဲ အကူ အညီ တောင်းရတော့မှာပဲ”

“ဘာများလည်းဗျ ကိုဗညား”

“အခြားတော့ မဟုတ်ပါဘူး၊ အခု နယ်ချဲ့တွေက သွေးထိုး ပေးနေ လို့ ကျွန်တော် သစ်တောသွင်းမှာ အလုပ်သမား သိပ်မရှိတော့ဘူးဗျာ၊ အဲဒါ ခင်ဗျားရှိတုန်း ကူညီနိုင်ရင် အကူအညီ ပေးခဲ့ပါဦး”

ဟု အကူအညီတောင်းသဖြင့် ဟာဒယလူမျိုးအတော်များများကို စုဆောင်းပြီး အကူအညီပေးခဲ့ရာမှ ဗညားမော်နှင့် ကျွန်ုပ်တို့မှာ ခင်မင် ရင်းနှီးသော မိတ်ဆွေများအဖြစ်သို့ ရောက်သွားကြလေတော့သည်။

တစ်နေ့သောအခါ ဟာဒယလူမျိုးတစ်ယောက်က ကျွန်ုပ်အား လာရောက် သတင်းတစ်ခု ပြောသည်။

“အရှင်ရဲ့ မိတ်ဆွေ သစ်တောတွင်းကလူကို ဒီည မျက်နှာဖြူ အလိုတော် ရိတွေက ဝိုင်းသတ်ကြလိမ့်မယ်၊ နယ်ချဲ့တွေက မြှောက်ပေးတာပဲ ..အဲဒါ အရှင် မကယ်ရင်တော့ သူသေမှာပဲ ..”

ဟု ဆိုသဖြင့် ကျွန်ုပ်မှာ ဗညားမော်အား သွားရောက် သတိပေးရန် လည်း အချိန်မရှိတော့သဖြင့် မိမိလူများထဲမှ လက်ရွေးစင်အချို့ကို ခေါ်ပြီး လက်နက်များကိုပါ တစ်ခါတည်း ယူခဲ့ကြပြီးနောက် ဗညားမော်ရှိရာ သစ်တောတွင်းသို့ လျို့ဝှက်စွာ လာခဲ့ကြသည်။

ထိုနေရာသို့ ရောက်သောအခါ မှောင်ရီသမ်းနေသော အချိန် ရောက် နေပြီဖြစ်၍ ငုပ်နေသော အိမ်ပတ်ဝန်းကျင် တစ်ပိုက်တွင် လျို့ဝှက်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပုန်းအောင်းစောင့်ဆိုင်းနေကြသည်။

ရာသီဥတုမှာ ညဦးပိုင်းတွင် မဆိုးလှသော်လည်း အတော် ညဉ့်နက်လာသောအခါ အအေးဓာတ်က များလာသည်။ နှင်းများကလည်း တဖွဲဖွဲကျဆင်းလာသည်။

ညဦးပိုင်းအချိန်တွင် ဗညားမော်နေသော အိမ်ဆီမှ မီးရောင်ကို မြင်ရသော်လည်း ညဉ့်နက်သွားသောအခါ မီးရောင် ပိတ်သွားတော့သည်။

ထိုအချိန်တွင် ပတ်ဝန်းကျင်တစ်ဝိုက်ဆီမှ လှုပ်ရှားလာသော ပုံရိပ်များကို မသဲမကွဲ လှမ်းမြင်ရသည်။ မလှမ်းမကမ်းဆီသို့ ရောက်လာသောအခါ အားလုံး (၁၅)ဦးခန့် ရှိမည်ဟု ခန့်မှန်းရသည်။ မည်သည့်လက်နက်များ ကိုင်ဆောင်ထားမှန်း မသိရသော်လည်း သေနတ်လိုလို၊ ဓားလိုလို လက်နက်များကို ကိုင်ထားမှန်းတော့ မသဲမကွဲ လှမ်းမြင့်ရသည်။

ကျွန်ုပ်တို့၏ ဦးတည်ချက်မှာ နယ်ချဲ့များကို တိုက်ထုတ်ရန် ရည်ရွယ်ချက်ဖြစ်သဖြင့် ယခုကဲ့သို့ နယ်ချဲ့ အလိုတော်ရိများကို သုတ်သင်ရမည်ဆိုသောအခါ စိတ်ထဲမှာ တက်ကြွမှုများ အလိုလို ဖြစ်လာလေတော့ သည်။

တရွေ့ရွေ့ ချဉ်းကပ်လာသော ရန်သူများမှာ ကျွန်ုပ်တို့ စောင့်ဆိုင်းနေသည်ကို သိဟန်မတူဘဲ ရှေ့သို့သာ မဲပြီး တရွေ့ရွေ့ တိုးကပ်လာရာ ကျွန်ုပ်တို့ အနီးသို့ ရောက်သောအခါမှ ရုတ်တရက် ထ,ကာ လျှပ်တပြက် တိုက်ခိုက်ကြလေရာ ရန်သူများမှာ အငိုက်မိကာ အထိနာ သွားတော့သည်။

ကျွန်ုပ်တို့တစ်တွေမှာ မူလကတည်းက နယ်ချဲ့များနှင့် ၎င်းတို့၏ အလိုတော်ရိများကို မုန်းတီးနေရာ ယခုကဲ့သို့ အခွင့်သာခိုက်တွင်





တက်ညီလက်ညီ တိုက်ခိုက်ကြရာ မကြာမီ ရန်သူများအားလုံး လဲကျသေဆုံးသွားတော့သည်။

ခဏကြာမှ စခန်းဘက်မှ ဗညားမော်နှင့် အလုပ်သမားများ ပြေးထွက်လာသည်။ အချို့က ကညင်ဆီမီးတိုင်များကို ထွန်းလိုက်သောအခါ ပတ်ဝန်းကျင်အား ကောင်းစွာ မြင်နိုင်လေသည်။ ဗညားမော်သည် ကျွန်ုပ်ကို မြင်သောအခါ လွန်စွာ အံ့သြသွားဟန်ရှိသည်။

ကျွန်ုပ်က အဖြစ်အပျက်များကို အတိုချုပ်၍ ရှင်းပြလိုက်သောအခါ ပို၍ အံ့သြသွားလေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်မှာ ခင်ဗျားပေးတဲ့ အသက်ပဲ ရှိပါတော့တယ်၊ ဒါပေမယ့် ဒီရန်က အေးတော့မယ် မထင်တော့ မထင်ဘူး"

"ဘာကြောင့်လဲ ဗျာ"

"တခြားတော့ မဟုတ်ဘူး၊ ကျွန်တော့်ကို အရင်ကတည်းက မျက်နှာဖြူတွေက သိပ်ပြီး ကြည့်လို့ရတာ မဟုတ်ရတဲ့အထဲ၊ အခုလို သူတို့ လူတွေသေကြေပျက်စီးပြီဆိုတော့ အကြောင်းမရှိ အကြောင်းရှာပြီး ကျွန်တော့်ကို ဒုက္ခအမျိုးမျိုး ပေးကြတော့မှာ အမှန်ပဲ"

"ဒါဖြင့် ခင်ဗျားက ဘယ်လို စီစဉ်ချင်လို့လဲ ပြောပါဦး"

"မထူးတော့ပါဘူးဗျာ၊ ကျွန်တော်လည်း အနှောင့်အယှက်တွေ များလွန်းလို့ ဒီအလုပ်တွေကို စိတ်ကုန်လှပါပြီ၊ ဒီတော့ ဒီအလုပ်တွေကို စွန့်ပြီး တခြားသွားရုံသာ ရှိတောတာပေါ့ဗျာ"

"ဘယ်ကို သွားဖို့ စိတ်ကူးလို့လဲ"

"ကျွန်တော် တစ်ကောင်ကြွက်ဆိုတော့ ဘယ်နေရာသွားသွား၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲလုပ်လုပ် စိတ်ပူစရာတော့ မရှိပါဘူးဗျာ ..ဒီရန်တွေက လွတ်ရင် ပြီးတာပါပဲ"

"ကိုင်း ..ဒါဖြင့် ဘာမှ စိတ်ပူမနေနဲ့တော့၊ ကျုပ် ဒီက ပြန်ရင် ခင်ဗျား ကျုပ်နောက်သာ လိုက်ခဲ့ပေတော့။ ခင်ဗျားရဲ့ စားဝတ်နေ ရေး ကိစ္စ အဝဝကို ကျုပ်ပဲ တာဝန်ယူပေးပါမယ်"

ဟု ပြောသောအခါ ဗညားမော်သည် ငြင်းပယ်ရန် ခက်နေ ဟန်ဖြင့် ငြိမ်၍ စဉ်းစားနေသည်။

ထို့နောက်တွင် ကျွန်ုပ်တို့သည် ညတွင်းချင်းမှာပင် အလောင်းများကို ဖျောက်ဖျက်ကာ အားလုံးခြေရာ ဖျောက်လိုက်ကြလေတော့သည်။

✿ ✿ ✿





## အခန်း (၆)

## နေ့နဲ့ ည ပေါင်းဆုံရန် ဖြစ်လာခြင်း

ကျွန်ုပ်သည် ကျိုင်းကုန်းရွာမှ အမြန်ဆုံး ပြန်လည်ထွက်ခွာရန် ရှိသော်လည်း လာရင်းကိစ္စ အဆင်မပြေသေးသောကြောင့် မပြန်နိုင်သေးဘဲ ဆက်လက်စောင့်ဆိုင်းနေရသည်။

တစ်နေ့တွင် ရွာလယ်ပိုင်းမှ ကိစ္စတစ်ခုကို သွားရောက်ရှင်းလင်း ပေးပြီး ပြန်လာစဉ် နောက်မှ ရွာသားတစ်ယောက် ပြေးလိုက်လာသည်။

"အရှင် ကျွန်တော်တို့ အရှင့်ကို ရှာနေတာပါ"

"ဘာကိစ္စလဲ"

"အရှင် ရှာခိုင်းထားတဲ့ ရှေးဟောင်းသိုက်ညွှန်းကို ရှာလို့ တွေ့ပါပြီ"

"ဘာ သိုက်ညွှန်း ဟုတ်လား"

"မှန်ပါတယ် အရှင်အလိုရှိတဲ့ ရှေးဘုရင်တွေရဲ့ ပစ္စည်း ဘဏ္ဍာတွေ ရှိတဲ့နေရာကို ရေးထားတဲ့ သိုက်ညွှန်းစာကို ပြောတာပါ ..၊ သိုက်စာ ပိုင်ရှင် သေသွားတော့ သူ့ရဲ့ သိုက်စာကို ဘယ်မှာထားခဲ့မှန်းမသိလို့ လိုက်ရှာနေတာပါ။ တစ်နေ့က သူ့သားက အိမ်အမိုးကို ပြင်ဖို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရင်းနဲ့ ပြန်ရှာတွေ့တာပါ အရှင်" ဟု ဆိုကာ ကတ္တီပါ အဟောင်းစဖြင့် တရိုတသေ ထုပ်ထားသော ပေစာထုပ်ကြီးကို ကျွန်ုပ်အားပေးထား ခဲ့ကာ ပြန်သွားလေသည်။ ကျွန်ုပ်သည် မမျှော်လင့်ဘဲ သိုက်ညွှန်းပေ စာများကို ရခဲ့သဖြင့် ဝမ်းမြောက်ဝမ်းသာဖြင့် ပြန်လာစဉ် ရွာ အစွန်နားရှိ လူပြတ်သော နေရာသို့ ရောက်သောအခါ အမှောင်ထဲမှ လူတစ်ယောက် ထွက်လာလေသည်။

ပထမ ကျွန်ုပ်အား ရန်မူမည့် ရန်သူထင်သောကြောင့် ကျောတွင် လွယ်ထားသော ဓားကို ကိုင်လိုက်ရာ ထိုသူက ကျွန်ုပ်အနီးသို့ ရောက်သောအခါ ဟာဒယလူမျိုးတို့ ထုံးစံအတိုင်း ဒူးထောက်ကာ အရိုအသေ ပေးလိုက်သည်။

"သည်းခံပါအရှင် သည်းခံပါ။ အရှင်နဲ့ ကျွန်တော်က ကွဲကွာ နေတာ ကြာပြီဆိုတော့ ကျွန်တော်ကို မမှတ်မိတာ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်ဟာ အရှင်တို့ ဟာဒယလူမျိုးတွေရဲ့ သွေးသောက်သစ္စာ တော်ခံ တစ်ဦးဖြစ်ပါတယ် ..၊

ကျွန်တော့် နာမည်က အဂ္ဂ ဖြစ်ပါတယ်"

ဟု ပြောသောအခါမှ ကျွန်ုပ်အနေနှင့် အဂ္ဂဆိုသူအား ကောင်းစွာ မမှတ်မိသော်လည်း ၎င်း၏ သစ္စာရှိပုံ၊ တာဝန်ကို ကျေပွန်စွာ ထမ်းရွက် တတ်ပုံ၊ သက်စွန့်ဆံဖျား ဆောင်ရွက် တတ်သော သတင်းများကို တစ်ဆင့်စကားဖြင့် ကြားထားပြီး ဖြစ်သဖြင့် ယခုကဲ့သို့ မမျှော်လင့်ဘဲ တွေ့ရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။ ၎င်းမှာ လွန်စွာ ဝေးလံလှသော ခရီးတစ်ခုကို ဖြတ်သန်းလာခဲ့ဟန်ဖြင့် မောပန်း နွမ်းနယ် လျက် ရှိသည်။





"မင်းနဲ့ အခုလို တွေ့ရတာ ငါဖြင့် သိပ်ပြီး အားရှိတာပဲ၊ ဒါထက် မင်းက ဒီနယ်ထဲမှာ မရှိဘူးလို့ ပြောသံကြားရတယ်၊ ဘယ်ကို ရောက်နေတာလဲ"

"ကျွန်တော် ယူနန်ပြည်နယ်ထဲ ရောက်နေတာ နယ်ချဲ့ တော်လှန် ရေး ကိစ္စနဲ့ သွားနေတာပါ။ အခုတောင် သိပ်ကိုအရေးကြီးတဲ့ ကိစ္စပေါ်လာတာနဲ့ အရှင့်ဆီကို မရောက်ရောက်အောင် လာခဲ့တာပါ'

"ဘာကိစ္စများ ရှိလို့ပါလိမ့်"

'ဒီနေရာမှာ ပြောလို့တော့ မသင့်လျော်ဘူး၊ အရှင်နဲ့ အေး အေးဆေးဆေး နေရာမှာ ပြောမှ ဖြစ်မယ်"

"ကိုင်း ဒါဖြင့် ငါနဲ့လိုက်ခဲ့"

ဟု ဆိုကာ အဂ္ဂအား ကျွန်ုပ်တည်းခိုနေထိုင်ရာ နေအိမ်သို့ ခေါ်သွား ပြီးနောက် အစားအသောက်များ ကောင်းမွန်စွာ ကျွေးမွေးပြီးမှ လာရင်း အကြောင်းကို မေးရလေသည်။

"ကိုင်း ငါ့ဆီကို အရေးတကြီး လိုက်လာရတဲ့ အကြောင်းကိုလည်း ပြောပြပါဦး"

"ကျွန်တော် မပြောခင် အရှင့်ဆီမှာ ဟာဒယစိန်ကြီးရှိတယ် မဟုတ် လား"

"ရှိပါတယ်"

"ကျွန်တော် ခဏလောက်ပြပါ ကြည့်ပါရစေ"

ဟု ဆိုသဖြင့် ကျွန်ုပ်က အခန်းတံခါးများကို လုံခြုံစိတ် ချရအောင် ပိတ်ပြီးနောက် လည်ပင်း၌ ဆွဲထားသော ဟာဒယစိန်ကြီးကို အဂ္ဂ လှပ်ကာ ပြသည်။ အဂ္ဂက ထိုစိန်ကြီးကို အသေအချာကြည့်ပြီး...၊



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ဟဒယစိန်ကြီးနဲ့ ပတ်သက်လို့ ရှေးစကားတွေဘယ်လို ထားခဲ့တယ်ဆိုတာလည်း ကျွန်တော့်ကို ပြောပြပါ အရှင်"

ကျွန်ုပ်က အကျိုကို ပြန်စေ့ရင်း ..၊

"တို့ ဟဒယလူမျိုးတွေရဲ့ အယူကတော့ ဗုံဆီမှာရှိတဲ့ စိန်ကြီး တခြမ်းနဲ့ ပျောက်ဆုံးနေတဲ့ စိန်ကြီးတခြမ်း ပြန်ဆက်နိုင်တဲ့ တစ်နေ့ မှာ တို့ရဲ့ ဟဒယလူမျိုးတွေ ပေါင်းစည်းမိပြီး နယ်ချဲ့တွေကို မောင်းထုတ်နိုင်မယ်လို့ အဆိုရှိပါတယ်"

"မှန်ပါတယ် အရှင် ..ရှေးကျမ်းတွေအလိုအရဆိုရင် အခု အရှင့်ဆီမှာ ရှိနေတဲ့ အသည်းပုံ စိန်တစ်ခြမ်းက (နေ့) လို့ ခေါ်ပြီး ပျောက်ဆုံးနေတဲ့ အသည်းပုံ စိန်တစ်ခြမ်းက (ည)လို့ ခေါ်ပါတယ်၊ နေ့နဲ့ ည ပေါင်းမိရင် တစ်ရက်ပြည့်ပါ လိမ့်မယ်၊ အလင်းနဲ့ အမှောင် ဆန့်ကျင်ဘက်နှစ်ခုဆုံမှ လိုအင် ဆန္ဒပြည့်စုံ အောင်မြင်မယ် အဓိပ္ပါယ် မဟုတ်လား အရှင်"

"အေး ဟုတ်တယ်"

"အခု အရှင့်ဆီမှာက နေ့ဆိုတဲ့ စိန်တခြမ်းရှိနေပြီ"

"အေး ကျန်တဲ့ တစ်ခြမ်းက ဘယ်လိုက်ရှာရမလဲ"

"အဲဒီ ပျောက်ဆုံးနေတဲ့ စိန်ကြီးတစ်ခြမ်းကို ကျွန်တော် တွေ့ခဲ့ရတယ် အရှင် .."

"ဟေ ဟုတ်လား ဘယ်မှာ တွေ့ခဲ့တာလဲ၊ ဘယ်သူ့ဆီမှာ တွေ့ခဲ့တာလဲဆိုတာ ငါ့ကို သေသေချာချာ ပြောပြပါဦး"

ဟု အလောတကြီး မေးလိုက်မိသည်။

"ယူနန်ပြည်နယ်ထဲက တောင်တန်းတစ်ခုပေါ်မှာရှိတဲ့ ဘုရားရှိခိုး





"ဆက်ပြောပါဦး"

"တစ်နေ့တော့ အဲဒီဘုရားကျောင်းကို အသက်အရွယ်ကြီး လှတဲ့ လူကြီးတစ်ယောက်နဲ့ အလွန်လှပတဲ့ မိန်းကလေးတစ်ယောက် ရောက်လာတယ်၊ သူတို့ ဘယ်ကလာတယ် ဘယ်သွားမယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ အဲဒီမှာနေရင်းက အဘိုးကြီးက အဲဒီနေရာတစ်ဝိုက်က လူတွေကို ရောဂါကုပေးတယ်၊ ဆေးကုခကို ငွေငွေပေးရင်တော့ မယူဘူး၊ စားသောက်ဖို့ ပစ္စည်းတွေပေးရင်တော့ ယူတယ်၊ သူက ဆေးကုတာလည်း အတော်စွမ်းတော့ ရွာသူ /ရွာသားတွေက သူ့ကို အတော့်ကို ယုံကြည်အားကိုးကြတယ် အရှင် "

"အင်း ဆက်ပါဦး"

"တစ်နေ့တော့ ကျွန်တော်ရဲ့ မိန်းမ အသည်းအသန်ရောဂါ ဖြစ်တာနဲ့ ကျွန်တော်လည်း မိန်းမရဲ့ ဆံပင်အချို့နဲ့ စားသောက် စရာအချို့ ယူပြီး ဆေးဆရာကြီးဆီကို ရောက်သွားခဲ့တယ်၊ ကျွန်တော်နေတဲ့ရွာနဲ့ သူတို့နေတဲ့နေရာက အတော် ဝေးလေတော့ မနက်စောစောကတည်းက သွားတာ ညနေ စောင်းကာမှ သူ့ဆီရောက်သွားတယ်၊ ဘုရားကျောင်းလှေကားက တက်သွားပြီး အပေါ်ထိပ်လည်းရောက်ရော ကျွန်တော့်ကို စောင့်နေ ဟန်တူတဲ့ ဆေးဆရာကြီးကို တွေ့ရတယ်"

"အင်း .."

"နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့က ဆွတ်ဆွတ်ဖြူနေပြီး အသက်က ခြောက်ဆယ်လောက်ရှိတယ်၊ ဒါပေမယ့် သူ့မျက် လုံးတွေကတော့ အရွယ်နဲ့မမျှအောင် စူးရှတောက်ပြောင်လွန်းပါတယ်၊ သူက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို ဟာဒယလူမျိုးတွေ ဘာသာ စကားနဲ့ပဲ နှုတ်ဆက်ပါတယ်"

ဟု ဆိုကာ အောက်ပါအတိုင်း ပြောပြလေသည်။

"ဘယ်က ရောက်လာတာလဲ မင်းကို မြင်ရတာ အတော့်ကို စိတ်မချမ်းမသာ ဖြစ်လာပုံရတယ်"

အဂ္ဂက ခေါင်းညိတ်ပြပြီး ဟာဒယလူမျိုးတစ်ဦး နှုတ်ဆက်ပုံမျိုးနှင့် နှုတ်ဆက်တော့ ဆေးဆရာကြီးကလည်း ပြန်ပြီး နှုတ်ဆက်သည်။ နောက် အဆင့်ဆင့် လျှို့ဝှက် သင်္ကေတ နည်းတွေနဲ့ နှုတ်ဆက်ပြန်တော့ လည်း အမှားအယွင်းမရှိဘဲ ပြန်လည် နှုတ်ဆက်တာကို မြင်တော့ ၎င်းဆေးဆရာကြီးမှာ သာမန် မဟုတ်ဘဲ ဟာဒယလူမျိုးများ၏ အရေးပါ အရာရောက်သော လူတစ်ဦးဖြစ်ကြောင်း သိလိုက်ရသည်။

"ဟုတ်ပါတယ်၊ ကျွန်တော့် မိန်းမ အသည်းအသန်ဖြစ်နေလို့ လိုက်ကြည့်နိုင်ရင်လည်း လိုက်ကြည့်ပေးပါ၊ ဒါမှမဟုတ် ဆေးပေးမယ်ဆိုရင်လည်း သင့်တော်တဲ့ ဆေးပေးပါ"

ဟု ဆိုကာ အဂ္ဂက မိန်းမထံမှ ဖြတ်ယူလာသော ဆံပင်နှင့် လက်ဆောင်ပစ္စည်းများကို ဆေးဆရာကြီးအား ပေးလိုက်သည်။ ဆေးဆရာကြီးက သူပေးသော လက်ဆောင်ပစ္စည်းများကို ချထားပြီး ဆံပင်ကို ယူကာ လက်ဖြင့် ဆုပ်ကိုင်၍ မျက်စိမှိတ်လျက် အာရုံပြုကြည့် နေသည်။ ပြီးလျှင် စိတ်မသက်မသာနှင့် သက်ပြင်းချကာ ...၊

"စိတ်မကောင်းစရာဘဲ မင်းရဲ့မိန်းမက မင်းရွာက ထွက်လာကတည်းက သေနေနှင့်ပြီ မမီတော့ဘူး"

ဟု ပြောလိုက်သည်။





အဂ္ဂမှာ ထိုစကားကြားသောအခါ များစွာ စိတ်မကောင်း ဖြစ်သွားမိသည်။

"ဒါထက် မင်းက ဟာဒယတော်လှန်ရေး ဂိုဏ်းဝင်တစ်ဦး ထင်ပါရဲ့"

ဟု မေးသည်။

"ဟုတ်ပါတယ်"

"ဂိုဏ်းထဲမှာတော့ မင်းက အဆင့်အတော်ရှိပုံရတယ်"

"ကျွန်တော့်ထက် မြင့်တဲ့ ဂိုဏ်းချုပ်တစ်ယောက်ရှိပါသေး တယ်"

"အော် ဂိုဏ်းချုပ်လည်း ရှိသေးသကိုး၊ ဒါဖြင့် ဒီအကြောင်း တွေကို နောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့၊ ရွာမှာ မင်းမိန်းမ လည်း သေပြီဆိုတော့ ဒီမှာ အေးအေးဆေးဆေး နေပြီးမှသာ ပြန်ပေတော့၊ မင်းလည်း ခရီးပန်းလာတယ် နားလိုက်ဦး"

ဟု ဆိုကာ သူ့တို့ တည်းခိုရာ ဘုရားကျောင်း အပေါ်ထပ်ရှိ အခန်း တစ်ခန်းသို့ ခေါ်သွားကာ အစားအသောက်များ ကျွေးမွေးပြီး အနားယူ ခိုင်းသည်။

ထိုအခါမှ ဆေးဆရာကြီးမှာ တစ်ဦးတည်းမဟုတ်ဘဲ၊ သူနှင့်အတူ အဖော်တစ်ယောက်ပါလာသည်ကို တွေ့ရသည်။

ထိုအမျိုးသမီး၏ အမည်မှာ 'မာယာ'ဖြစ်ကြောင်းနောက်တွင် သိရပြီး အသက်နှစ်ဆယ်ကျော်အရွယ်ခန့်ရှိသည်။ အသားအရည်ရော ရုပ်ရည်ပါ လွန်စွာ ချောမောလှပသော မိန်းမပျိုတစ်ဦးဖြစ်ကြောင်း သတိပြုမိသည်။ ညဘက်တွင် ဟာဒယလူမျိုးများနှင့် ပတ်သက်သော တော်လှန်ရေး အကြောင်းများကို ပြောဆိုဆွေးနွေးကြသည်။

ထိုအချိန်တွင် မာယာဆိုသော မိန်းကလေးကလည်း သူတို့ အနား



www.burmeseclassic.com

www.burmeseclassic.com



တွင် လာရောက်ထိုင်ကာ နားထောင်နေသည်။

"မင်းဟာ တို့ရဲ့ ဟဒယ လူမျိုးတစ်ယောက်ဖြစ်တာရယ်၊ နယ်ချဲ့တော်လှန်ရေး အဖွဲ့ဝင်တစ်ယောက် ဖြစ်တာရယ်ကြောင့် ပြောသင့်ပြောထိုက်တာကို ပြောပြီး အသိပေးတန်တာကို အသိပေးရမယ်၊ ဒါမှလည်း အကူအညီကောင်းလို့ရတာတွေလည်း ရှိရင်ရမှာပေါ့၊ ဒါပေမယ့် သစ္စာရှိဖို့တော့ သိပ်ပြီး အရေးကြီးတယ်"

ဟု ဆေးဆရာကြီးက ပြောသည်။

"စိတ်ချပါ သစ္စာရှိပါတယ်"

"အေး မင်းကိုတော့ တွေ့စကတည်းက စိတ်ချယုံကြည်မှု ရှိပါတယ်။ ငါ့နာမည်က ဥတ္တရလို့ခေါ်တယ် သမီးရဲ့ နာမည်က မာယာလို့ ခေါ်တယ် မှတ်ထားပေါ့၊ တို့သားအဖနှစ်ယောက် ဘယ်ကလာတယ်၊ ဘယ်သူတွေဖြစ်တယ်ဆိုတာကတော့ မင်းနောက်တော့ သိပါလိမ့်မယ်၊ ဒါပေမယ့် မင်းဟာ ဟဒယ လူမျိုးတွေရဲ့ အဓိကကျတဲ့ နေရာမှာ ရှိတယ်ဆိုရင်တော့ ငါတို့ရှာတဲ့ ပစ္စည်း ဘယ်နေရာမှာ ရှိတယ်ဆိုတာကို ပြောပြနိုင်မှာ သေချာတယ်"

"ဘာပစ္စည်းလဲ .."

"ဟဒယလူမျိုးတွေရဲ့ အထွတ်အမြတ်ထားတဲ့ ပစ္စည်းဆိုပါတော့"

ထိုအခါ အဂ္ဂက မီးဖိုနံဘေးမှ မီးသွေးခဲတစ်ခဲကို ကောက်ယူပြီး ကြမ်းပြင်ပေါ်မှာ အသည်းပုံတစ်ခုရေးပြလိုက်တာနှင့် မာယာကလည်း မလှမ်းမကမ်းနေရာမှာ အသည်းပုံတစ်ပုံ ရေးပြီး အမည်းရောင်များ ခြစ်လိုက်သည်။

အမည်းဆိုတာ ညရဲ့ သင်္ကေတပင်ဖြစ်သည်။





မလှမ်းမကမ်းနေရာမှာ အသည်းပုံတစ်ပုံ ရေးပြီး အမည်းရောင်များ ခြစ်လိုက်သည်။

အမည်းဆိုတာ ညရဲ့ သင်္ကေတပင်ဖြစ်သည်။

"ကဲ .ကျေနပ်ပြီလား"

"ငါတို့ဆီမှာ ညရှိတယ်၊ နေ့က ဘယ်မှာရှိသလဲ"

ဦးဥတ္တရက မေးသည်။

"ကျွန်တော်တို့ရဲ့ အရှင်ဆီမှာ ရှိပါတယ်"

"ငါတို့ သူ့ဆီသွားလို့ ရမလား၊ သူနဲ့ တွေ့လို့ရော ရမလား"

"မရနိုင်ဘူး၊ သူရှိတဲ့နေရာက ခရီးသိပ်ဝေးတာက တစ်ကြောင်း၊ နောက်ပြီး သူကို တွေ့ဖို့ရာ မလွယ်လှဘူး"

"ဒါဖြင့် ဘယ်လို လုပ်ရမလဲ"

"ကျွန်တော် သူ့ဆီသွားပြီး၊ အကျိုးအကြောင်း ပြောပြပါ့မယ်"

"အေး သူနဲ့ တွေ့ရင် ပြောပြပေးပါ၊ နေ့နဲ့ည ပေါင်းစပ်ပြီး တစ်ရက်ပြည့်မှ အောင်မြင်မှု ရမယ်လို့ ပြောလိုက်ပါ"

"ဒါကတော့ ဟုတ်ပါပြီ၊ ကျွန်တော်က ဆရာကြီးတို့ဆီမှာ ယုံလောက်တဲ့ ပစ္စည်းရှိတယ်ဆိုတာ ဘယ်လိုယုံရမလဲ၊ ဟိုရောက်ရင် ဘယ်လို သက်သေပြရမလဲ"

"မောင် မျက်စိနဲ့ မြင်ရင်ရော ယုံမှာပါ"

အဂ္ဂက ခေါင်းညိတ်ပြလိုက်သောအခါ ဦးဥတ္တရက ၎င်းဝတ်ထား သော ဝတ်ရုံဖားဖားကြီးကို ဟပြီး လည်ပင်း၌ ဆွဲထားသော စိန်တုံး ကြီးအား ပြလေသည်။

စိန်တုံးကြီးမှာ အသည်းပုံတစ်ခြမ်းဖြစ်ပြီး မီးရောင်ကြောင့် အရောင်



www.burmeseclassic.com

www.burmeseclassic.com



များ တဖျပ်ဖျပ် လက်နေသည်။

“ကောင်းပါပြီ ကျွန်တော် ယုံပါပြီ၊ အခု ကျွန်တော် ရွာကို ပြန်ပြီး ကျွန်တော့် မိန်းမကို သင်္ဂြိုဟ်ပြီးတာနဲ့ ရှမ်းပြည်နယ် ဘက်ကို ချက်ချင်း လိုက်သွားပါမယ်”

“ကောင်းပြီ၊ မင်း ခရီးအတွက် စရိတ်ပေးလိုက်မယ်”

ဟု ဆိုကာ အသဲပုံတံဆိပ်များ ရိုက်ထားသော ရွှေဒင်္ဂါးများကို အထုပ်နှင့် ထုပ်ပေးလိုက်သည်။

အဂ္ဂပြောပြသော အကြောင်းအရာများမှာ ကျွန်ုပ်အတွက် များစွာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။

“ဒါထက် သူတို့ ပေးလိုက်တဲ့ အသည်းပုံ တံဆိပ်ပါတဲ့ ရွှေဒင်္ဂါးပြားတွေ ကျန်သေးလား”

“ခက်တာက အခု ကျွန်တော့်လက်ထဲမှာ တစ်ပြားမှ မကျန်တော့ပါဘူး၊ အဲဒီ သူတို့တည်းနေတဲ့ ဘုရားရှိခိုးကျောင်းကြီးနဲ့ မနီးမဝေးမှာ ရဲတိုက်ကြီး တစ်လုံးရှိတယ်၊ အဲဒီမှာ ဒမြဗိုလ် ယက္ခခေါင်းဆောင်တဲ့ အဖွဲ့တစ်ဖွဲ့ ရှိတယ်၊ သူတို့က အပြန်မှာ ကျွန်တော့်ကို ဖမ်းပြီး ပါသမျှ ရွှေဒင်္ဂါးပြားတွေကို အကုန်ယူထားလိုက်ကြတယ်၊ နောက် အဲဒီ ရွှေဒင်္ဂါးပြားတွေ ဘယ်က ရသလဲလို့ မေးတယ်၊ ပထမတော့ ကျွန်ုပ်တော် လုံးဝ မပြောဘဲ တင်းခံပါသေးတယ်၊ နောက်ဆုံး မပြောရင် သတ်ပစ်မယ်ဆိုလို့ ဆေးဆရာကြီးဆီက ရတာပါလို့ ပြောမှ ကျွန်တော့်ကို လွှတ်လိုက်ကြတာ၊ အခု အချိန်လောက်ဆိုရင် သူတို့ တတွေ ဆေးဆရာကြီး သားအဖကို ဖမ်းပြီးလောက်ပြီနဲ့ တူပါ တယ်အရှင်”

ဟု အဂ္ဂက ပြောပြသည်။





“ဒါကတော့ ဖြစ်သမျှအကြောင်း အကောင်းကြီးပေါ့၊ ဒါပေမယ့် ကျန်တာတွေ ပါသွားတာထက်၊ သူတို့ဆီမှာရှိတဲ့ ညဆိုတဲ့ စိန်ကြီး ပါမသွားဖို့က အရေးကြီးတာပါ၊ ဒါထက် တို့တစ်တွေ ဒီက,နေ လိုက်သွားရင် ဘယ်လောက်ကြာမလဲ အဂ္ဂ၊ လမ်းကိုရော မင်းမှတ်မိ သလား”

“လမ်းကိုတော့ ကောင်းကောင်း မှတ်မိပါတယ်။ ကုန်လမ်း ခရီး ရော ရေလမ်းခရီးပါ သွားရမှာဆိုတော့ နည်းနည်းတော့ ကြာလိမ့် မယ်”

“ရပါတယ် ဘာပဲဖြစ်ဖြစ် ရောက်အောင်တော့ သွားရမှာပဲ၊ ဒါပေမယ့် ငါ့မှာ ရတနာသိုက်ရှာရမယ့် တာဝန်ကလည်း ရှိသေး တော့ တလက်စတည်းနဲ့ ရတနာသိုက်ရှာရင်းနဲ့ ခရီးထွက်ကြတာပေါ့ မကောင်းဘူးလား”

“ကောင်းပါတယ်အရှင် ..ကောင်းသလိုသာ စီစဉ်ပါ၊ ကျွန်တော်က တော့ ခရီးသိပ်ပင်ပန်းလာလို့ အိပ်ပါရစေတော့”

ဟု ဆိုကာ အဂ္ဂသည် ကျွန်ုပ်အား အရိုအသေပေး နှုတ်ဆက်ပြီး နောက် အိပ်ရာဝင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

## အန္တရာယ်တွင်းထဲမှ ရတနာသိုက်

ကျွန်ုပ်သည် ညဘက်ရောက်သောအခါ ရှေ့အစီအစဉ်များနှင့် ပတ်သက်ပြီး စဉ်းစားရင်း ရင်ထဲမှာ လှုပ်ရှားလျက်ရှိသည်။ ရတနာပစ္စည်းများ ရှာဖွေရန် အလုပ်သော်လည်းကောင်း၊ ဟာဒယစိန်ကြီး တစ်ခြမ်းရှိသည် ဆိုသူများနှင့် တွေ့ဆုံရမည့် ကိစ္စမှာ ကျွန်ုပ်အတွက် စိတ်လှုပ်ရှားဖွယ်ရာ ပင်ဖြစ်၏။

အကယ်၍သာ ခရီးကြမ်းကြီးများ ဖြတ်သန်းသွားခဲ့ပြီးမှ ၎င်းတို့ ထံမှာရှိသော ဟာဒယစိန်ကြီးမှာ အစစ်မဟုတ်ဘဲ အတုဖြစ်နေလျှင် ခက်မည်ဆိုသော အတွေးကလည်း ဝင်ရောက်လျက်ရှိသည်။ ထို့ပြင် အတုနှင့် ဖြားယောင်းပြီး ကျွန်ုပ်တို့ ရောက်သွားသောအခါမှ ကျွန်ုပ်ထံ တွင်ရှိသော ဟာဒယစိန်ကြီးကို လုယက်တိုက်ခိုက်ယူမည်ဆိုပါကလည်း အခက် တွေ့နိုင်ပေသည်။ သို့သော် ထိုအရာများမှာ ကျွန်ုပ်အတွေး သာ ဖြစ်နိုင်ပြီး အမှန်တကယ် ဖြစ်မည် မဖြစ်မည်ကို သေချာစွာ မသိနိုင်သေးပေ။ အကယ်၍ အစစ်အမှန် ဖြစ်မည် ဆိုပါက နေ့နှင့်ည ပေါင်းစပ်မိပြီး ကျွန်ုပ်တို့ ရည်ရွယ်ချက်ကြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ကို [illegible] တစ်ဖက်က တွေးမိပြီး ရင်ထဲမှာ





အားတက်မိပေသည်။

ညဘက်တွင် ကျွန်ုပ်သည် ရရှိလာသော သိုက်ညွှန်းစာကို ဖတ်ကာ အဓိပ္ပါယ်များ ဖော်ရလေသည်။

ပေစာများမှာ သက္ကတဘာသာဖြင့် ရေးထားသောကြောင့် ကျွန်ုပ် အဖို့ အလွယ်တကူ ဖတ်ရှုကာ အဓိပ္ပါယ် ဖော်နိုင်ပေသည်။

သိုက်ညွှန်းစာ အတိုင်းသာ အောင်မြင်ပါက ရတနာပစ္စည်းများ အမြောက်အမြား ရမည်ဖြစ်ပြီး၊ အကယ်၍ ရရှိပါက ကျွန်ုပ်တို့ ရည်ရွယ်ထားသော တော်လှန်ရေး ကိစ္စများအတွက် များစွာ အထောက်အကူ ရမည်ဖြစ်ပေသည်။

ထို့ကြောင့် နောက်တစ်နေ့ နံနက်စောစောမှာပင် အဂ္ဂကိုပါ ခေါ်ပြီး ဗညားမော်ရှိရာသို့ ထွက်လာခဲ့သည်။

၎င်းနှင့် တွေ့သောအခါ –

"ကဲ ဗညားရေ ကျုပ်တော့ ဒီမှာနေလို့ မရတော့ဘူး၊ ခရီး ရှည်ကြီး ထွက်ရတော့မယ်၊ အဲဒီ ခင်ဗျားကိုလာပြီး အကြောင်းကြားတာပဲ၊ ခင်ဗျားသဘောကရော ဘယ်လိုရှိသလဲ" ဟု မေးလိုက်သည်။

"အေးဗျာ ခင်ဗျား ရောက်လာတာနဲ့အတော်ပဲ၊ ကျွန်တော် လည်း ဒီသတ္တုတွင်းမှာ ဆက်နေလို့ မဖြစ်တော့ဘူးဗျ"

"ဘာကြောင့်လဲဗျ"

"တခြားတော့ မဟုတ်ပါဘူး၊ မျက်နှာဖြူအရာရှိတွေက သူ့လူတွေ ပျောက်သွားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို သိပ်ပြီး မသင်္ကာကြဘူး၊ ဒါပေမယ့် ပွင့်ပွင့်လင်းလင်းလည်း မလုပ်ဝံ့ကြဘူး လေ အဲဒီလိုလုပ်ရင် သူတို့ရဲ့ ယုတ်မာတဲ့ အကြံတွေပေါ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



စိုးနေကြတယ်။ ဒါပေမယ့် သူ့လူတွေ ပျောက်သွားတာ ကျွန်တော် လက်ချက်ဆိုတာတော့ သိနေကြ ပုံရတယ်၊ ဒီအတိုင်း သွားရင် တော့ မကြာခင်မှာ သူတို့ ကျွန်တော့်ကို အကြောင်းတစ်ခုခုပြပြီး ဒုက္ခပေးမှာတော့ အသေအချာပဲ''

''ဒါဖြင့် ခင်ဗျား ဘာလုပ်မလဲ''

''မထူးတော့ပါဘူး၊ ကျွန်တော် ဒီမှာ ဆက်ပြီး အလုပ်လုပ်နေလို့ လည်း ထူးမှာမဟုတ်တော့ပါဘူး၊ ခင်ဗျားနဲ့ပဲအတူ လိုက်ခဲ့ပါတော့ မယ်''

''ကောင်းပြီလေ ဒီလိုဆိုရင်လည်း စီစဉ်စရာတွေ အမြန်ဆုံး စီစဉ်ပြီး တော့ သွားကြရအောင်၊ တော်ကြာကျုပ်တို့ အစီအစဉ်တွေကို နယ်ချဲ့တွေသိရင် နောက်ကလိုက်ပြီး နှောင့်ယှက်နေဦးမယ်''

ထို့နောက်တွင် ကျွန်ုပ်၊ ဗညားမော်၊ အဂ္ဂတို့သည် နောက်ထပ် စိတ်ချ ရသော လက်ရွေးစင် လေးငါးဦးတို့နှင့်အတူ၊ ရိက္ခာဆေးဝါး၊ လက်နက် များကို ယူကာ မြင်းကိုယ်စီနှင့် သိုက်ညွှန်းစာ လမ်းအတိုင်း ခရီးစတင် ထွက်ကြလေသည်။

သိုက်ညွှန်းစာလမ်းကြောင်းမှာ အရှေ့မြောက်စူးစူးဘက်သို့ ဖြတ်ကာ ယူနန်ပြည်နယ် အနောက်ပိုင်း သီခေါင်လှသော အရပ်ဒေသများဘက်သို့ ဦးတည်နေလေသည်။

ကျောက်တောင် ကျောက်တုံးများ ထူထပ်သောလမ်းများ၊ သစ်တောအုပ်များကို ဖြတ်ကျော်သွားရသည်။ တစ်နေ့နှင့် တစ်ည ခရီး နှင်ပြီးသောအခါ ပေစာ၌ ညွှန်းပြထားသော နေရာတစ်ဝိုက်သို့ ရောက်ကြသည်။





ထိုနေရာတစ်ဝိုက်တွင် ကျောက်တောင်ကျောက်ဂူများ၊ ချောက်များ၊ ...များ၊ သစ်တောများ ပေါလှသည်။ အချို့ နေရာများတွင် လမ်းဟူ၍ ...မယ်ရရ မရှိသော တောင်ပတ် လမ်းများ ဖြစ်သောကြောင့် မြင်းများ ...ကို ရှေးမှ သွားစေပြီး ကျွန်ုပ်တို့က နောက်မှ ခက်ခက်ခဲခဲ လိုက်ကြရ ...ည်။ အချို့ နေရာတွင် သွားရန် ခက်ခဲလှသဖြင့် ကျန်လူများကို တစ်နေ ...ရာတွင် ထားရစ်ခဲ့ပြီး ကျွန်ုပ်၊ ဗညားမော်နှင့်အဂ္ဂတို့ သုံးယောက်သာ ...များကြသည်။

နောက်ဆုံးတွင် ကျွန်ုပ်တို့ သုံးယောက်သည် တောင်ထိပ် တစ်ခု ပေါ်သို့ ...ရောက်ကြကာ တစ်ဖက်ရှိ တောင်ခြေတွင် ရှိသော ချောင်းငယ် တစ်ချောင်း ...က်သန်းစီးဆင်းနေသော လျှိုအတွင်းသို့ ရောက်အောင် နွယ်ကြိုးများကို ...သုံးပြုပြီး ခက်ခက်ခဲခဲ ဆင်းကြရသည်။ ပေစာ အညွှန်းအရ ...တောင်စောင်း ဆင်ခြေလျှောနေရာတစ်ခု၌ ကျောက်ဂွန်း ကြီးတစ်ခု ရှိရာ ...ကျောက်ဂွန်းအောက်သို့ သိုက်တွင်းအဝသည် သစ် ပင်ကြီးတစ်ပင်၏ ...ကိုင်း သစ်ခက်များ ဖုံးကွယ်ထားကြောင်း ရေးသားထားသည်။

ကျွန်ုပ်တို့သည် ချောင်းဆီသို့ ရောက်သောအခါ ချောင်းအတိုင်း ...ဆင်းပြီး ကျောက်ဂွန်းကို လိုက်လံရှာဖွေကြရာ မကြာမီ ဝက်သစ်ချ ... တောင်မရိုးပင်ကြီးများ ဖုံးကွယ်ထားသော ကျောက်ဂွန်းတစ်ခုကို ...ကြရသည်။

''ကျုပ်တို့ ရှာနေတဲ့ ကျောက်ဂွန်းကို တွေ့ရပြီ၊ ဒါပေမယ့် ဂူပေါက်ဝ ကို သစ်ကိုင်းတွေနဲ့ ဖုံးအုပ် ကာကွယ်ထားတဲ့ သစ် ပင်ကြီးလည်း မတွေ့ရပါလား''

''နှစ်တွေကြာပြီဆိုတော့ သစ်ပင်ကြီး သေချင်သေမှာပေါ့၊ သေသေ



www.burmeseclassic.com

www.burmeseclassic.com



ချာချာ သွားကြည့်ကြရအောင် ကိုဒိဗ္ဗ”

ကျွန်ုပ်တို့သည် ကျောက်စွန်းအောက်ဖက်တွင် လိုက်လံ ကြည့်ရှုရ အပင်သေကြီး အငုတ်ဆွေးသာလျှင် ကျန်သော သစ်ပင် နေရာကိုသာ တွေ့ကြရသည်။

ထို့ကြောင့် ကျွန်ုပ်တို့ သုံးယောက်သည် ထိုသစ်ပင်ကြီးရှိရာ တစ်ဝိုက် ကျောက်နံရံများကို လိုက်လံရှာဖွေကြရာ အချိန် အတော်ကြာ သည်အထိ ဂူပေါက်နှင့်တူသော အရာကိုမျှ မတွေ့ရပေ ..။ နောက်ဆုံး ဘယ်လိုမှ ရှာမတွေ့ကြသည့်အဆုံး တစ်နေရာတွင် စိတ်ပျက် လက်ပျက်ထိုင်က အမောအပန်း ဖြေနေကြစဉ်၊ ကျွန်ုပ်တို့ရှိရာနှင့် မလှမ်းမကမ်းရှိ သစ်ချုံအောက်တွင် ထူးဆန်းသော ဂမုန်းပင်တစ်မျိုးကို တွေ့ရသဖြ ထိုနေရာသို့သွားကာ ချုံနွယ်များကို ဖယ်ရှားပြီးနောက် ဂမုန်းပင်ကို နုတ်ယူလိုက်သည်။

ဂမုန်းပင်မှာ ရွှေလာငွေလာ ဂမုန်းအစစ်ဖြစ်သည်။

ဤသည် ဂမုန်းပင်အား နုတ်ယူလိုက်ပြီး အောက်သို့ ကြည့်လိုက် သောအခါ မြေကြီးများ ပွနေသော အောက်တွင် ထူးခြားသော ကျောက်ပြားတစ်ချပ်ကို မြင်ရသည်။

ထိုကျောက်ပြားမှာ သဘာဝအတိုင်း ဖြစ်နေသည်မဟုတ်ဘဲ လူတို့ ပြုပြင်ထားသော ကျောက်ပြားဖြစ်ကြောင်း သိရသောအခါ ကျွန်ုပ်မှာ များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိတော့သည်။

“လာကြဗျို့ ဒီကိုလာကြ၊ ဒီမှာ ကျောက်ပြားကြီးတစ်ချပ် တွေ့ရပြီဗျ”

ဟု အော်ပြောလိုက်သောအခါ သစ်ပင်ခြေရင်း တစ်ခုတွင် ခြေပ





လက်ပစ် အနားယူနေကြသော ဗညားမော်နှင့် အဂ္ဂတို့လည်း ကျွန်ုပ်ရှိရာ သို့ အပြေးအလွှား ထ,လာကြလေသည်။

ထို့နောက် ကျွန်ုပ်တို့ သုံးယောက်မှာ ချုံနွယ်သစ်ပင်များကို ခုတ်ထွင် ဖယ်ရှားခြင်း၊ မြေကြီးများကို ဖယ်ရှားခြင်းများကို အားတက်သရော ပြုလုပ်လိုက်သောအခါ မကြာမီ တွင်း ပေါက်ဝတစ်ခုကို ပိတ်ထားသော ကျောက်ပြားကြီးတစ်ချပ်ကို တွေ့ရလေတော့သည်။ ကျောက်ပြား ကြီးမှာ သုံးပေပတ်လည် ခန့်ရှိသည်။

“ဒါ ကျောက်ဂူပေါက်ဝကို ပိတ်ထားတဲ့ ကျောက်ပြားဖြစ်မယ်၊ ကြိုးစားပြီး ဖွင့်လိုက်ကြရအောင်”

ထို့နောက် ကျွန်ုပ်တို့ သုံးယောက်မှာ လက်မောင်းလုံးခန့် သစ်ပင် များကို ခုတ်ပိုင်းပြီး ‘ကုပ်’အဖြစ် အသုံးပြုကာ ကျောက်ပြားကြီးအား ဖယ်ရှားကြရာ ကျောက်ကျိုးများ ကိုက်နေသောကြောင့် အတော်အတန် အားစိုက်မှ ကျောက်ပြားကြီးမှာ ဘေးသို့ ရွေ့သွားလေသည်။ ကျောက်ပြားကြီးဘေးသို့ ရွေ့သွားသောအခါ ထိုနေရာတွင် အပေါက်ကြီး တစ်ပေါက်ကို တွေ့ကြရသည်။ အောက်သို့ ဆင်းရန် လှေကားထစ်များ သဖွယ် ပြုလုပ်ထားသော ကျောက်ထစ်များကို တွေ့ရသည်။

ကျွန်ုပ်တို့ သုံးယောက်သည် အသင့်ဆောင်ယူလာသော ကညင်ဆီခဲ များကို သစ်ချောင်းနှင့်တွဲကာ မီးတိုင်အဖြစ် အသုံးပြုကာ ဂူပေါက်မှ အောက်သို့ ဆင်းကြသည်။

အောက်သို့ ရောက်သောအခါ မြေပြင်ကို ဖောက်ထားသော လမ်းများကို တွေ့သဖြင့် ထိုလမ်းများအတိုင်း လိုက်ကြည့်ကြသည်။ ချိုးနေရာများမှာ အပေါ်မှ ကျောက်တုံးကြီး များ ပြိုကျကာ လမ်းများ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဆို့နေသည်ကို တွေ့ရသည်။

မီးရောင်ဖြင့် ဂူအမိုးသို့ မော့ကြည့်သောအခါ ဂူနံရံအမိုးများ ဆွေးမြည့်နေပြီး၊ ကျောက်တုံးကျောက်ခဲကြီးများ အချိန်မရွေး ပြိုကျ နိုင်သော အခြေအနေမျိုးဖြစ်သည်။

"ကိုဒိဗ္ဗ ရှေ့ဆက်သွားလို့ ဖြစ်ပါ့မလား"

"ဘာကြောင့်လဲ"

"ကျုပ်က သတ္တုတွင်း လုပ်ခဲ့တဲ့ ဘူမိဗေဒသမားတစ် ယောက် တော့ မြင်ရုံနဲ့ သိတယ်၊ ဒီအခြေအနေက လုံးဝ စိတ်မချရဘူး၊ အချိန် ဂူအမိုး ပြိုကျလာနိုင်တယ်။ ပြန်ထွက်ကြရင် ကောင်းမယ်"

ဟု ဗညားမော်က စိုးရိမ်စွာ ပြောသည်။

ဟာဗျာ ဒီအခြေအနေရောက်မှတော့ တိုးပြီး အခြေအနေ ဆက်ကြည့်ပါရစေ၊ ခင်ဗျားကြောက်ရင် ဒီမှာ နေရင်နေခဲ့လေ၊ ကျ အဂွဝင်ကြည့်လိုက်ဦးမယ်"

"ဟာဗျာ ..လာတုန်းက အတူတူလာပြီးမှ ဒီရောက်မှ မနေရစ်တော့ပါဘူး၊ သေအတူ နေအတူ လိုက်ခဲ့ပါမယ်၊ ဒါပေ ခဏနေကြဦး"

ဟု ဆိုကာ ဗညားမော်က ပါးစပ်နားကို လက်ဝါးနှစ်ဖက် အပ်

"ဟေး ဟေး ဟေး"

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်ရာ ဂူနံရံများမှ 'ဟေး ဟေး'ဟူသော ပဲ့တင်သံများ ပြန်လာပြီး တစ်ဆက်တည်း ဂူအမိုး ကျောက်တုံးကြီး အချို့ 'ဝုန်း ဝုန်း'ဟု ပြုတ်ကျ လာတော့သည်။

အတန်ကြာမှ ပြန်လည်ငြိမ်သက်သွားသည်။





ဂူအတွင်းပိုင်းမှာ ဖုံများဖြင့် မှောင်နေတော့သည်။

အခြေအနေ ငြိမ်သွားသောအခါမှ ကျွန်ုပ်တို့ သုံးယောက် မှာ မီးတိုင်များကို အားပြုပြီးအတွင်းသို့ ဆက်ဝင်ခဲ့ကြသည်။ အတွင်းတစ်နေရာ ရောက်သောအခါ လူမေးရိုးတစ်ခုကို တွေ့ရသဖြင့် မီးရောင်ဖြင့် အသေအချာ ကြည့်လိုက်သောအခါ ကျောက်တုံးကြီးတစ်တုံးအောက် တွင် ပိနေသော လူအရိုးစု တစ်ခုကို တွေ့ကြရသည်။

ဒီလူဟာ သိုက်တွင်းထဲ ဝင်ပြီး ရတနာတွေ ဝင်ယူပြီးလို့ ပြန်ထွက် လာတဲ့အခါ ဂူအမိုးပေါ်က ကျောက်တုံးကြီး ပြုတ်ကျလို့ သေတာ ဖြစ်မယ် ဒီမှာ ကြည့်စမ်း"

၎င်း အရိုးစုနှင့် မလှမ်းမကမ်းတွင် ပြန့်ကျဲနေသော ရွှေ တုံးရွှေခဲ အချို့ကို တွေ့ကြရသည်။ အိတ်မှာ ဆွေးမြည့်နေပြီ ဖြစ်၍ ရွှေတုံးရွှေခဲ များမှာ ပြန့်ကျဲနေခြင်းဖြစ်၏။

"အတွင်းပိုင်းမှာတော့ ရွှေတွေအများကြီး ရှိလိမ့်မယ် ထင်တယ်"

"ရှိတာကတော့ ဟုတ်ပါပြီ ဒါပေမယ့် အတွင်းပိုင်းကို သိပ်ပြီး ဝင်လို့ မကောင်းဘူး"

ဟု ဗညားမော်က ဘူမိဗေဒသမားပီပီ စိတ်မချစွာ တားသည်။ ထို့နောက် ကျွန်ုပ်တို့ သုံးယောက်သည် အရိုးစု ပတ် ဝန်းကျင်တစ်ဝိုက် တွင် ပြန့်ကျဲလျက်ရှိသော ရွှေတုံးရွှေခဲများကို လိုက်လံစုဆောင်းကာ အိတ်တစ်လုံးဖြင့် ထည့်ကြသည်။

ထိုသို့ ထည့်နေစဉ် ဂူအတွင်းပိုင်းဘက်ဆီမှ မသက်ာစရာ အသံ တစ်သံကြားလိုက်ရသဖြင့် ကျွန်ုပ်က လက်ထဲမှ မီးတိုင်ကို မြှောက်ကြည့် လိုက်ရာ ဂူအတွင်းပိုင်းမှ မည်းမည်း သဏ္ဍာန် သတ္တဝါများ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို လှမ်းမြင်ရသည်။

"ဘာကောင်တွေလဲ မသိဘူးဗျို့ မြေပေါ်မှာ ဝပ်နေကြ၊ ဝပ်နေကြ"

ဟု ကျွန်ုပ်က သတိပေးလိုက်ပြီး သုံးယောက်သား မြေပေါ် သို့ မှောက်ချလိုက်ကြသည်။

"ဝေါ ..ဝေါ ..ဝေါ"

"ဖလူး ဖလူး၊ ဖလပ် ဖလပ်"

"ဗိုး ဗိုး ဗိုး"

ကျွန်ုပ်တို့ အပေါ်မှ လင်းနို့အုပ်ကြီး ဖြတ်ပျံသွားပြီးနောက်တွင် တုန်လှုပ်မှုကြောင့် ဂူအမိုးပေါ်မှ ကျောက်တုံးတချို့ ပြုတ် ကျလာတော့သည်။

"ဝုန်း ဝုန်း ဝုန်း"

ကျောက်တုံးကြီးများမှာ ကံကောင်းထောက်မစွာဖြင့် ကျွန်ုပ်တို့ သုံးယောက်ကိုယ်ပေါ်သို့ တည့်တည့်မကျသော်လည်း မြေပေါ်သို့ ကျပြီး လိမ့်ဆင်းလာသော ကျောက်တုံး ကြီးတစ်တုံးက ကျွန်ုပ်ကိုယ်ပေါ်သို့ တည့်တည့်လာပိနေတော့သည်။

ကျောက်တုံးကြီးတစ်တုံး တည့်တည့်ကြီးအဖိခံရလျှင်တော့ ဘယ်နည်းနှင့်မှ အသက်ရှင်နိုင်မည် မဟုတ်ပေ၊

ယခုကံကောင်းသည်မှာ ကျောက်တုံးကြီးမှ ကျောက်စွန်း တစ်ခု ပေါ်တွင် ကျန်တစ်ဖက်စွန်းက လာရောက်ပိထားခြင်း ဖြစ်၏။ အခြေအနေ ငြိမ်သက်သွားသောအခါ ကျန်နှစ်ယောက်မှာ ထလာနိုင်ပြီး ကျွန်ုပ်မှာ လုံးဝ မလှုပ်သာတော့ပေ။

ဂူအတွင်းမှာ လင်းနို့ တစ်ကောင်စ နှစ်ကောင်စ,က,လည်း ပျံသန်း





နေကြရာ ကျောက်တုံးအချို့က ပြိုကျနေဆဲပင် ..၊ အကယ်၍များ စောစောက ပျံထွက်သွားသော လင်းနို့အုပ်ကြီး နောက်တကျော့ ပြန်ဝင် လာပါက ဂူအမိုးတစ်ခုလုံး ပြိုကျလာမည်လား မပြောတတ်ပေ ..၊

ထိုသို့ ပြိုကျလာလျှင်တော့ ကျွန်ုပ်တို့ သုံးယောက်မှာ ဘယ်လိုမှ အသက်ရှင်နိုင်စရာ အကြောင်းမရှိပေ ..၊

ဗညားမော်နှင့် အဂ္ဂတို့က လွှင့်ကျနေသော မီးတိုင်ကို ပြန်ထောင် ကာ ကျွန်ုပ်အပေါ်ပိနေသော ကျောက်တုံးကြီးကို နှစ်ယောက်အားဖြင့် တွန်းဖယ်ပစ်ရန် ကြိုးစားကြသော်လည်း ကျောက်တုံးကြီးကတော့ တုတ်တုတ်မျှ မလှုပ်ပါချေ။

ထိုအချိန်မှာ ကျွန်ုပ်တို့ အပေါ်ရှိ ကျောက်စွန်းများပေါ် တင်နေသော ကျောက်တုံးများမှာလည်း အောက်သို့ ပြုတ်ကျလုဆဲဆဲ လှုပ်လီလှုပ်လဲ့ ဖြစ်နေသည်ကို လှမ်းမြင်ရသည်။

ထိုနေရာသို့ လင်းနို့တစ်ကောင်နှစ်ကောင် ဖြတ်ပျံသွားတိုင်း ပြုတ်ကျ လုမတတ် ဖြစ်နေသည်။

"ဟေ့ လူတွေ အကျိုးမရှိတာ လုပ်မနေကြနဲ့ ဂူထဲက အမြန်ပြန် ထွက်ကြ၊ ကျောက်တုံးကြီးတွေ ပြိုကျလာတော့မယ်"

"ဟာ လာတုန်းက အတူတူလာကြပြီး၊ တစ်ယောက်ဒုက္ခ တွေ့နေ တုန်း၊ ကျန်တဲ့လူတွေက ရှောင်သွားရမယ်ဆိုတာ မဖြစ်နိုင်တာဘဲ၊ ခင်ဗျား ခင်ဗျားကို ကျုပ်တို့ ရအောင်ကယ်မယ်၊ သေအတူ နေအတူပဲ၊ ခင်ဗျား ဒီလောက်စကားပြောနိုင်ပုံ ထောက် ရင် အခြေအနေတော့ ဆိုးဟန် မတူသေးဘူး"

ဟုဆိုကာ ဗညားမော်က မီးရောင်ဖြင့် ကျောက်တုံးကြီး ပ[illegible]သည်



www.burmeseclassic.com

www.burmeseclassic.com



ကို လှည့်ကြည့်သည်။

"မျှော်လင့်ချက်ရှိသေးတယ်ဗျို့ ကျောက်တုံးကြီးက ခင်ဗျားပေါ်မှ မှေးပြီး ပိရုံ ပိနေတာ ကြိုးစားရင် ရနိုင်တယ်။ ဒါထက် ခင်ဗျား ခါးရိုးတွေ ဘာတွေများ ကျိုးသွားသေးလား"

"အရိုးတော့ ကျိုးဟန်မတူဘူး၊ ဒါပေမယ့် နာတာတော့ အတော် နာတယ်"

ထို့နောက် ဗညားမော်နှင့်အဂ္ဂတို့သည် ကျောက်တုံးကြီးကို အားစိုက်၍ တွန်းကြည့်ကြသော်လည်း လုံးဝ မလှုပ်ပေ ..။' ' က ိ ု င ် ဒီအတိုင်းကြာရင် ခက်မယ်၊ ကျုပ်အပေါ်တက်ပြီး အကူအညီ တေ့ သွားခေါ်လိုက်ဦးမယ်၊ အဂ္ဂက ဒီမှာ စောင့်နေ" ဟ ဆိုကာ ဗညားမော်က အပြင်ပြန်ထွက်ရန် ပြင်လိုက် သည်နှ ကျွန်ုပ်က တစ်စုံတစ်ရာကို သတိရသဖြင့် လည်ပင်းမှာ ဆွဲထား သေ ဟဒယစိန်တုံးဆွဲကြိုးကို ဖြုတ်ကာ ဗညားမော်လက်ထဲ ထည့် ပေးလိုက်သည်။

"ဒီဆွဲကြိုးကို ခင်ဗျားယူသွား၊ ကျန်လူတွေနဲ့တွေ့ရင် ဒီဟဒယ စိန်တုံးကိုပြပြီး ခေါ်မှရမှာ နောက် ဒီဂူထဲမှာ ကျုပ် တစ်ခု ဖြစ်သွားရင်လည်း၊ ဒီဆွဲကြိုးကို ခင်ဗျား ယူ၊ ကျုပ် တာဝန်တွေကို ဆက်ပြီး ဆောင်ရွက်ပေးပါ"

"အတိတ်နိမိတ်မရှိတာတွေ ပြောမနေနဲ့ဗျာ၊ ခင်ဗျား ဘာမှ မဖြစ် နိုင်ပါဘူး၊ ကျုပ် အချိန်မီအောင် ပြန်လာခဲ့မယ်"

ဟု ဆိုကာ ကျွန်ုပ်လက်ထဲမှ ဆွဲကြိုးကို ယူသွားပြီး အပြင်သို့ ထွက်သွားလေတော့သည်။





လမ်းခုလတ်တွင် စောင့်ဆိုင်းကျန်ရစ်ခဲ့ကြသော ကျွန်ုပ်တို့ လူများ ရှိရာသို့ သွားပြီး ဒီနေရာသို့ ရောက်အောင် ပြန်လာရမည့် အချိန်မှာ အတော်ကြာပေမည်။ ယခု အခြေအနေမျိုးနှင့် သူတို့ ရောက်လာလျှင် လည်း အချိန်မီနိုင်တော့မည် မဟုတ်ပေ။

သို့ကြောင့် အဂ္ဂကိုလည်း ကျွန်ုပ်အနီးတွင် မရှိစေလိုသောကြောင့် ရှေရှာခိုင်းလိုက်ရာ အဂ္ဂလည်း အပြင်သို့ ထွက်သွားလေသည်။

အမှန်တော့ ဗညားမော်မှာ ကျွန်ုပ်အား ကယ်လိုစိတ်ကြောင့်သာ သွေးရူးသွေးတန်းနှင့် ထွက်သွားသော်လည်း အခြေအနေမှာ ထင်သလောက် လွယ်မည် မဟုတ်ပေ။

လမ်းခုလတ်၌ ကျန်ခဲ့သူများကို ပြန်ခေါ်ဖို့အတွက် အချိန် အတော် ပေးရမည်။ သူတို့ ပြန်လာလျှင်သော်မှ ဂူအဝ်တွင်းသို့ အုပ်စုလိုက်ကြီး ဝင်ဖို့ မလွယ်ကူပေ။ ထိုလူများ ဂူထဲဝင်လာပါက အသံလှိုင်းများ၊ ထိခိုက်မှုများကြောင့် ဂူအမိုးပြိုကျမည်မှာ သေချာလှသည်။ သို့ကြောင့် ကျွန်ုပ်မှာ မိမိသေဘေးထက်၊ အခြားလူများ အများအပြား သေရမည့် အဖြစ်ကို တွေးပြီး စိတ်ပူနေမိသည်။ ထိုသို့ တွေးနေစဉ် မကြာမီမှာပင် ဂူအတွင်းသို့ လူတစ်ယောက် ပြန်ဝင်လာသည်။

ဗညားမော်ပင်ဖြစ်သည်။

ဗညားမော်သည် ကျွန်ုပ်ထင်သလို ကျန်ခဲ့သူများကို ပြန်ခေါ်ခြင်း မဟုတ်ဘဲ အလျားတစ်လံခန့် လက်မောင်းလုံးခန့် အရွယ်ရှိသော သစ်သားချောင်းကြီးတစ်ချောင်းကို ယူပြီး ပြန်လာခြင်းဖြစ်၏။

"ဟိုလူတွေ ပြန်ခေါ်နေလို့ အချိန်မရတော့ဘူး၊ ဒီဂူအခြေအနေက သိပ်ကြာကြာနေလို့ မရတော့ဘူး၊ ကျုပ် သစ်လုံးတစ်လုံးရှာယူ



www.burmeseclassic.com

www.burmeseclassic.com



လာတယ်၊ ကုပ်အားနဲ့ တွန်းဖယ်ကြည့်မယ်၊ ခင်ဗျားကလည်း အနာခံပြီး နည်းနည်းအားစိုက်ပြီး ရုန်းဗျာ"

ထို့နောက် ဗညားမော်သည် ကျွန်ုပ်ကိုယ်ပေါ်တွင် ပိနေသော ကျောက်တုံးကြီးအောက်သို့ တုတ်လျှိုသွင်းပြီး အားစိုက်၍ မ,သည်၊ သို့သော် ..တုတ်တုတ်မျှ မလှုပ်ပေ ..၊

သူသည် လက်မလျှော့ဘဲ တုတ်လျှိုသွင်းလို့ရသမျှ နေရာများကို တစ်နေရာပြီး တစ်နေရာ ထိုးသွင်းပြီး ကြိုးစား၍ မ,ကြည့်နေရာ ကျွန်ုပ်ခြေထောက်ဘေးတစ်နေရာသို့ ရောက်သောအခါ ကျောက်တုံးကြီး၏ ဟန်ချက်နေရာကို ထိုးမိသဖြင့် အနည်းငယ် လှုပ်လာသည်။

ဗညားမော်ကလည်း မ၊ ကျွန်ုပ်ကလည်း ကြိုးစားရုန်းထွက် ကြည့်ရာ ကံအားလျော်စွာ ကျောက်တုံးကြီးမှာ ကြွတက်လာသည်။

ကျွန်ုပ်သည်လည်း အားရှိလာကာ ရှိသမျှ ခွန်အားသုံး၍ တိုးထွက်လေရာ ကုပ်ချော်သွားပြီး ကျောက်တုံးကြီးက ပြန်ပိကျလာသည်။ သည်တစ်ခါတော့ သွားပြီဟု စိတ်ထဲမှ အောက်မေ့လိုက်စဉ် ကျောက်တုံးမှာ ပေါင်နှစ်လုံးကြားသို့ ပြန်ကျသဖြင့် မည်သည့် ဒဏ်ရာမှ မရလိုက်ပေ။

နောက်တစ်ကြိမ် ကြိုးစားသောအခါ ကျွန်ုပ်မှာ အနာခံပြီး ရုန်းထွက်လေရာ အဝတ်အစားနှင့် အပေါ်ယံအရေပြားများ ပွန်းပဲ့စုတ်ပြတ်ပြီးမှ ကျွန်ုပ်မှ ကျောက်တုံးကြီးအောက်မှ လွတ်တော့သည်။ ထိုအချိန်တွင် ကျောက်တုံးကြီးမှာလည်း ဘေးသို့ လိမ့်ဆင်းသွားရာ တဒိုးဒိုးနှင့်တုန်ခါမှုများကြောင့် မျက်နှာကြက် အမိုးဆီမှ ကျောက်တုံးများ ပြုတ်ကျလာကြပြန်သည်။

"အချိန်မရှိဘူး ဂူထဲက မြန်မြန်ထွက်ကြရအောင်"





ကျွန်ုပ်မှာ လမ်းမလျှောက်နိုင်သောကြောင့် ဗညားမော်က ကျွန်ုပ် အား ကျောပိုးကာ မနိုင်မနင်း သယ်ထုတ်ရလေသည်။ ကျွန်ုပ်တို့ ဂူပေါက်ဝသို့ ပြန်ရောက်သောအခါ ဂူအတွင်းဆီမှ ကျောက်တုံး ကြီးများ 'တဝုန်းဝုန်း' ပြုတ်ကျသံကို ကြားလိုက်ရပြီးနောက် ကျွန်ုပ်မှာ လည်း သတိလစ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

## ခရီးထွက်ရန် အဖော်ကောင်းတစ်ယောက် ရရှိခြင်း

နေအိမ်သို့ ပြန်ရောက်ပြီး နောက်တွင် ကျွန်ုပ်မှာ ကျောက်တုံး ပိသော ဒဏ်အပြင်၊ ဖျားသည့်ဒဏ်ကိုပါ ခံရသဖြင့် ရက် အတန်ကြာ အိမ်ထဲမှာ နေရသည်။ ထိုရက်ထဲမှာ ဗညားမော်သည် ကျွန်ုပ်အနား မှာပင်နေကာ နေကောင်းသည်အထိ ပြုစု စောင့်ရှောက်ပေးလေသည်။

ကျွန်ုပ်တို့၏ ရတနာရှာဖွေသော ခရီးမှာ ရည်ရွယ်ထားသလောက် မရခဲ့သော်လည်း ဂူအတွင်းမှာ တွေ့သော ရွှေ တုံးရွှေခဲအချို့ကို တနိုင်စီ သယ်ယူလာခဲ့သဖြင့် အတော်အသင့် ကျေနပ်ဖွယ်ရာတော့ ရှိပေသည်။

တစ်နေ့တွင် ဗညားမော်သည် ကျွန်ုပ်ပေးလိုက်သော ဟဒယစိန် ကြီးကို ပြန်ပေးသည်။

ထိုသို့ ပေးရင်းနှင့်ထူးဆန်းသော စကားတစ်ခွန်းပြောသည်။

"ခင်ဗျား ပေးထားလို့သာ ယူထားရတာပါဗျာ၊ ကျုပ်ဖြင့် ဒီစိန်ကြီး ကို ယူထားရတာ စိတ်မသန့်လှပါဘူး"

"ဘာကြောင့်လဲဗျ"

"ဒီလိုဗျ ဒီစိန်ကြီး ကျွန်တော့်ဆီမှာ ရှိနေတဲ့ ရက်တွေမှာ မိန်းမ လှလှကလေး တစ်ယောက်ကို ညတိုင်း အိပ်မက်မက်တယ်၊ သူက ညတိုင်း ကျွန်တော့်ဆီလာပြီး၊ အဲဒီ စိန်ကြီးကို လာတောင်းနေ တာဗျ"

"အိပ်မက်ဆိုတာ စိတ်စွဲရင်လည်း မက်လေ့ရှိပါတယ်၊ ခင်ဗျား တစ်ခုခုကို စိတ်စွဲလို့ မက်တာဖြစ်ချင် ဖြစ်မှာပေါ့"

ဟာ ..စိတ်စွဲရအောင် အဲဒီ မိန်းကလေးကို အပြင်မှာ တစ်ခါမှ





မတွေ့ဖူးပါဘူး၊ အဲဒါပေမယ့် အခုနေ အပြင်မှာ တွေ့ရင်တော့ ကျွန်...းအဖ ...မျိုးတွေ သူ့ကို ကောင်းကောင်း မှတ်မိမှာ သေချာတယ်။ လှတာတော့ ဒ... ကို လှတယ်ဗျ"

ဟု ဆိုကာ ဗညားမော်က ဟဒယစိန်ကြီးအား ကျွန်ုပ်ကို ပြန်ပေး လေသည်။

"ဒါထက် ဒီစိန်ကြီးနဲ့ ပတ်သက်လို့ ထူးခြားတဲ့ ရာဇဝင် တစ်ခုတော့ ရှိမယ်ထင်တယ်၊ ကျွန်တော့်ကို နည်းနည်းလောက် ပြောပြနိုင် မလား"

"ရပါတယ်ဗျာ၊ ခင်ဗျားက ကျုပ်ရဲ့ ကျေးဇူးရှင်လည်းဖြစ်၊ လက်တွဲဖော်လည်း ဖြစ်နေမှတော့ သိသင့် သိထိုက်တာတွေ တော့ ပြောပြရမှာပေါ့ဗျာ ..၊ ဒါ ဟဒယစိန်လို့ခေါ်တယ်။ သူ့ကို ဘာကြောင့် ဟဒယစိန်လို့ အမည်ပေးထားရသလဲဆိုတော့ အသည်းပုံနဲ့ တူလို့ ပဲဗျ၊ ဒါ ကျုပ်တို့က ဟဒယလူမျိုးတွေရဲ့ အထွတ်အမြတ်ထားတဲ့ ပစ္စည်း တစ်ခုဆိုပါတော့၊ ဒီစိန်ကြီးကို လူမျိုးစု အကြီးအကဲတွေပဲ ဆွဲခွင့်ရှိတယ်။ အခုလောလောဆယ်မှာတော့ ကျုပ်က ဟဒယ လူမျိုးတွေရဲ့ အကြီးအကဲဖြစ်နေလို့ ဒီစိန်ကြီးကို ဆွဲခွင့်ရတာပဲ"

"အော်"

"အခု ကျုပ်ဆီမှာ ရှိတဲ့ စိန်ကြီးက တစ်ခြမ်းပဲရှိသေးတယ်၊ ဒါကို (နေ့)လို့ ခေါ်တယ် ကျန်တဲ့ တစ်ခြမ်းက (ည)လို့ခေါ်တယ်၊ အဲဒီ စိန်ကြီး နှစ်ခြမ်းပေါင်းစပ်ပြီးမှ ပြည့်စုံမှာ ဖြစ်သလို နေ့နဲ့ညပေါင်းမိ မှလည်း ကျုပ်တို့ ဆန္ဒတွေ ပြည့်ဝ အောင်မြင်မှာ ဖြစ်တယ်"



www.burmeseclassic.com

ခရီးထ

'ဘယ်လို အောင်မြင်မှာလဲ'

"ဒါက ကျုပ်တို့ လူမျိုးတွေရဲ့ အဓိက ရည်ရွယ်ချက်ဖြစ်သလို၊ လျှို့ဝှက်ချက်လည်း ဖြစ်တယ်ဗျ၊ ဒါကို ဟဒယလူမျိုးတွေနဲ့ တော်လှန်ရေး ဂိုဏ်းဝင်တွေလောက်ပဲ သိခွင့်ရှိတယ် ဗျ"

"ကျွန်တော့်ကိုရော နည်းနည်းလောက် ပြောမပြနိုင်ဘူး လား"

"ပြောပြပါ့မယ် ..ကျုပ်တို့ ဟဒယ လူမျိုးတွေမှာ ယုံ ကြည်ချက် တစ်ခုရှိတယ်ဗျ၊ ဒီ ဟဒယ စိန်ကြီးနှစ်ခြမ်းပေါင်းမိရင် နေ့နဲ့ည ပြည့်စုံတယ်လို့ အဓိပ္ပါယ်ရသလို၊ ကျုပ်တို့ကို နှိပ်စက်နေတဲ့ နယ်ချဲ့ တွေကို မောင်းထုတ်နိုင်ပြီး၊ ကျုပ်တို့ လူမျိုးတွေ တန်ခိုးအာဏာ ရှိလာမယ်လို့ ယုံကြည်ကြတယ်၊ ဒါကိုတော့ ကျုပ်တို့အားလုံး သစ္စာ ရှိကြရတယ်၊ သစ္စာဖောက်ရင်လည်း အသက်သေတာများတယ်၊ ကျုပ်တို့ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ စိန်ကြီးနှစ်ခြမ်းပြန် ပေါင်းစပ်မိဖို့ပဲဗျ"

"ကျန်တဲ့ စိန်ကြီးတစ်ခြမ်းက ဘယ်မှာလဲ"

"အခုတော့ သတင်းကြားပါပြီ ...အဂ္ဂက ကျုပ်တို့ ဂိုဏ်းဝင် တစ်ယောက်ပဲ၊ သူက အဲဒီစိန်ကြီးကို မျက်စိနဲ့ တွေ့ခဲ့လို့ ကျုပ် ကို လာပြီး သတင်းပေးတာပဲ"

"ဘယ်နေရာမှာတဲ့လဲ"

"ယူနန်ပြည် [illegible] တောင်တန်းတစ်ခုပေါ်မှာ ရှိတဲ့ ဘုရားရှိခိုး





ကျောင်းထဲမှာတဲ့၊ အဲဒီကို ဆေးလာကုတဲ့ ဆေးဆရာကြီး သားအဖ နှစ်ယောက်ဆီမှာ တွေ့ခဲ့တာ၊ သူတို့ကလည်း ဟဒယ လူမျိုးတွေ ဖြစ်ပြီး သီရိသိင်္ဂီမြို့က လာကြတာလို့ အဂ္ဂက ပြောတယ်"

"ဟင် သီရိသိင်္ဂီမြို့ဟုတ်လား၊ တစ်ခါမှလည်း မကြားဖူးပါလား၊ အဲဒီမြို့က ဘယ်နေရာမှာ ရှိတာလဲဗျ"

"ကျုပ်လည်း တိတိကျကျတော့ မသိဘူးဗျ၊ ဒါပေမယ့် အဲဒီမြို့ရှိ တယ်ဆိုတာတော့ သိရတယ်၊ ဘာကြောင့်လဲဆိုတော့ ဟဒယ လူမျိုးထဲမှာကို အဲဒီ သီရိသိင်္ဂီမြို့ကို ရောက်သွားဖူးတဲ့ လူတစ်ယောက် ရှိခဲ့တယ်ဗျ"

"ဘယ်လို ရောက်သွားတယ်ဆိုတာလဲ ပြောပါဦး"

"သူဟာ ယူနန်ပြည် နယ်အစပ်ဘက်မှာ နယ်ချဲ့တွေနဲ့ တိုက်ပွဲ ဖြစ်ရင်းက အရေးနိမ့်တာနဲ့ ပြေးရင်းလွှားရင်း ရောက်သွားခဲ့တာ၊ ပြေးရင်းလွှားရင်းက အစာရေစာ ပြတ်ပြီး မေ့လဲ ကျသွားတာတဲ့၊ သူသတိပြန်ရလာတော့ သီရိသိင်္ဂီမြို့ကို ရောက်နေပြီး အဲဒီက လူတွေက ကယ်ထားလို့ အသက်မသေတာတဲ့"

"သူက သီရိသိင်္ဂီမြို့မှန်း ဘယ်လိုသိတာလဲ"

"ရောက်စကတော့ ဘယ်သိမှာလဲဗျာ၊ ရောက်ပြီး နည်းနည်း ကြာသွားမှသိတာတဲ့၊ အဲဒီက လူတွေက ကျုပ်တို့ဘက်က လူတွေနဲ့ သိပ်မတူဘူး၊ အသားဖြူဖြူ အရပ်မြင့်မြင့်၊ ထောင်ထောင် မောင်းမောင်းတွေနဲ့၊ မိန်းမတွေဆိုရင်လည်း အတော်ချောကြတယ်၊ နောက်ပြီး ဝတ်ပုံစားပုံတွေကလည်း မတူကြဘူး၊ အထူးသဖြင့် ကတော့ အဲဒီမြို့မှာ ရှိသမျှ ပစ္စည်းတွေ အသုံးအဆောင်တွေဟာ



www.burmeseclassic.com

ရွှေတွေနဲ့ချည်း လုပ်ထားတာတဲ့၊ ရွှေတွေဆိုတာ ရွှံ့ပေါ်သလို ပေါ်တာကိုး၊ ဒါကြောင့် သီရိသိင်္ဂီလို့ အမည်ပေးထားတာ ဖြစ်မှာပေါ့၊ အဓိပ္ပါယ်ကတော့ 'ကျက်သရေရှိတဲ့ ရွှေမြို့တော်ပေါ့ဗျာ"

"အင်း စိတ်ဝင်စားစရာပဲ၊ နောက်တော့ ဘယ်လိုဖြစ်ပြီး ပြန်ရောက်လာတာလဲဗျ"

"သူ အဲဒီမြို့မှာ နေစဉ်တုန်းကတော့ စားသောက်နေထိုင် ဖို့ ဘာမှ မပူရဘူးတဲ့၊ ဒါပေမယ့် ပြန်တော့ ပြန်ခွင့်မပေးဘူး၊ ဘာကြောင့်လဲဆိုတော့ သူပြန်သွားရင် သူတို့မြို့က အကြောင်းတွေကို တခြားလူတွေကို ပြန်ပြောမှာစိုးလို့ပဲ၊ တချို့က သူ့ကို သတ်ပစ်ဖို့တောင် ကြံစည်ကြတာတဲ့၊ တော်သေးတာက သူဟာ ဟဒယ လူမျိုးဖြစ်နေလို့ သက်သာခွင့်ရတာတဲ့"

"နောက်တော့ ဘယ်လို ပြန်လွတ်လာတာလဲ"

"အဲဒီမြို့က မိန်းမတစ်ယောက်က သူ့ကို သနားပြီး ကယ်တာတဲ့၊ ပြေးရင်းလွှားရင်းနဲ့ အဲဒီ မိန်းမကတော့ လမ်းမှာ သေပြီး ကျန်ရစ်ခဲ့တယ်၊ သူကတော့ ကံကောင်း ထောက်မ,စွာနဲ့ ပြန်လွတ်လာခဲ့တယ် ဆိုပါတော့ဗျာ"

ဟု ဓာချုနိုပ်က ပြောပြလိုက်သောအခါ ဗညားမော်မှာ တအံ့ တဩဖြင့် နားထောင်နေသည်။

ပြီးမှ ..၊

"သီရိသိင်္ဂီမြို့ရှိတယ်ဆိုတာကတော့ ဟုတ်ပါပြီ၊ ခင်ဗျား ကရော အဲဒီကို သွားဖို့များ စိတ်ကူးနေတယ် မဟုတ်လား"

ဟုမေးသည်။





"အဲဒီကို သွားဖို့က မလွယ်ဘူး၊ လမ်းမသိရင် ဘယ်လိုမှ မရောက်နိုင်ဘူး၊ ဒါပေမယ့် အခုတော့ အဲဒီမြို့ကို ရောက်နိုင်မယ့်လမ်းစ,ကို တွေ့နေပြီဆိုပါတော့ဗျာ .."

"ဘယ်လို တွေ့တာလဲ"

"အင်္ဂလာပြီး သတင်းပေးတဲ့ ဆေးဆရာကြီး သားအဖကို သွားတွေ့ရမှာပေါ့ဗျာ၊ တကယ်လို့သာ သူတို့က သီရိသိင်္ဂီမြို့ သားတွေ မှန်ရင်တော့ ကျုပ်တို့အတွက် သီရိသိင်္ဂီမြို့ကို ရောက်ဖို့ရာ မခက်တော့ဘူးပေါ့ ကိုဗညားရယ် .."

"အဖြင့် ခင်ဗျားက သူတို့နဲ့ သွားတွေ့ဖို့ ဆုံးဖြတ်လိုက်ပြီပေါ့ ဟုတ်လား ကိုဒိဗ္ဗ"

"ဒါပေါ့ဗျာ၊ ဒီအခွင့်အရေးမျိုးက နောက်တစ်ကြိမ်ရဖို့ လွယ်တာမှ မဟုတ်တာ၊ သူတို့နဲ့ တွေ့ရင် ဟဒယစိန်ကြီး လည်း ပြန်ပြီး ပေါင်းစပ်မိမယ်၊ သီရိသိင်္ဂီမြို့ကိုလည်း ရောက်ဖို့လမ်းစ ရနိုင်မယ် မဟုတ်လား"

"သွားတာကတော့ ဟုတ်ပါပြီ ဘယ်သူတွေနဲ့ သွားမှာလဲ"

"ဒီ ခရီးမျိုးက လူများများနဲ့ သွားလို့ မဖြစ်တာဆိုတော့ အခု လောလောဆယ်မှာတော့ အင်္ဂနဲ့ ကျုပ်နဲ့သွားကြမယ်၊ ခင်ဗျားလိုက် မယ်ဆိုတော့ ခင်ဗျားနဲ့ သုံးယောက်သွားမှာပေါ့ဗျာ .. ခင်ဗျား သဘော ရော ဘယ်လို ရှိသလဲ ပြောပါဦး"

"အေးဗျာ ကျုပ်ဘဝကလည်း ဒီမှာ ဆက်နေလို့ကလည်း အကြောင်းက သိပ်ထူးတော့မှာ မဟုတ်ပါဘူး၊ ဖြစ်ချင်ရာ ဖြစ်စေတော့ ခင်ဗျားနဲ့ပဲ အတူလိုက်ခဲ့ပါတော့မယ် .."

www.burmeseclassic.com



"ဒီစကားကြားရတာ ကျုပ်အဖို့ အားလည်းရှိ၊ ဝမ်းလည်း သာမိပါရဲ့၊ ဒါပေမယ့် ဒီခရီးမျိုးက အန္တရာယ်အလွန်များတယ်၊ အသက်စွန့်ပြီး သွားရတာဆိုတော့ ဆုံးဖြတ်ချက် မချခင် သေသေချာချာ စဉ်းစားစေ ချင်တယ် ကိုဗညား"

"ဘာမှ ထွေထွေထူးထူး စဉ်းစားစရာ မလိုပါဘူးဗျာ၊ ကျွန်တော့်မှာ နောက်ဆံတင်းစရာလည်း ဘာမှမရှိ၊ စီးပွားရေးကလည်း မက်လောက်စရာဘာမှ မရှိတော့တာမို့ သေအတူ ရှင်မခွဲ ခင်ဗျားနဲ့ပဲ အတူလိုက်ခဲ့ဖို့ ဆုံးဖြတ်ထားပြီးပါပြီ"

"ဒါဖြင့်လည်း ကျုပ်အတွက် အားကိုးရတဲ့ အဖော်ကောင်း တစ်ယောက် ရတာပေါ့ဗျာ .."

ထို့နောက်တွင် ကျွန်ုပ်တို့သည် ခရီးထွက်ရန် အစီအစဉ် များကို တိုင်ပင်ဆွေးနွေးကြလေတော့သည်။

❀ ❀ ❀





## အခန်း (၉)

## ယက္ခထောင်ချောက်သို့ ဝင်မိခြင်း

ဤသို့ဖြင့် ကျွန်ုပ်၊ ဗညားမော်နှင့် အဂ္ဂတို့ သုံးယောက်မှာ ယူနန်ပြည်နယ် တစ်နေရာတွင် ရှိသော ဆေးဆရာကြီး သားအဖတို့နှင့် တွေ့ဆုံရန် ခရီးစ,တင် ထွက်ကြသည်။

အချိန်မှာ နွေနှောင်းပိုင်းရာသီဖြစ်သောကြောင့် ရာသီဥတုမှာ အခြေအနေ မဆိုးလှဟု ဆိုနိုင်သော်လည်း တောင်တန်းကြီးများပေါ်မှာတော့ မြူနှင်းသို့လျက်ရှိသော မိုးရိပ်မိုးငွေ့များအား လှမ်းမြင်နေရသည်။ ၎င်းရာသီဥတုအခြေအနေမှာ အချိန်မရွေး လေပြင်း မုန်တိုင်းများ ကျနိုင်သော အခြေအနေ မျိုးဖြစ်သည်။

ကျွန်ုပ်တို့သည် ရှမ်းပြည်နယ် အရှေ့ဘက်ရှိ မိုင်းဝဲဘက်မှ တစ်ဆင့် နယ်စပ်ကို ကျော်ဖြတ်ကာ လမ်းမကြီးအတိုင်း 'ယွန်ကျင်ဟောင်' နယ်ဘက်သို့ ဦးတည်ကာ ခရီးထွက်ခဲ့ကြသည်။

ရိက္ခာများနှင့် ခရီးစရိတ်အတွက် ရွှေတုံး ရွှေခဲအချို့ကို သယ်ယူခဲ့ကြပြီး မြင်းကိုယ်စီနှင့် လာကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ယွန်ကျင်ဟောင်သို့ သွယ်တန်း ဖောက်လုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုလမ်းမကြီးမှာ ရာသီမရွေး သွားလာနိုင်သော လမ်းမကြီးဖြစ်သောကြောင့် ကျွန်ုပ်တို့အတွက် အခက်အခဲမရှိ သွားနိုင်ခဲ့ကြသည်။ လမ်းတွင် နယ်ချဲ့မျက်နှာဖြူ စစ်သားများနှင့် မကြာခဏ တွေ့သော်လည်း သာမန် ခရီးသွားများ ထင်သောကြောင့် အနှောင့်အယှက် မပေးကြပေ။

လမ်းခရီးတွင် ကြောက်စရာ အကောင်းဆုံးမှာ အုပ်စုဖွဲ့ လျက် လုယက်တိုက်ခိုက်နေကြသော သူခိုးဓားပြများပင် ဖြစ် သည်။

တောမီးလောင်တောကြောင် လက်ပမ်းပေါက်ခတ် ဆိုသကဲ့သို့ နယ်ချဲ့မျက်နှာဖြူများက နယ်မြေအတော်များများကို သိမ်းပိုက်ထားသော်လည်း အုပ်ချုပ်မှု မရှိသောကြောင့် သူခိုး၊ ဓားပြများမှာ ကိုယ့်အုပ်စုနှင့် ကိုယ်ဖွဲ့ကာ လက်နက်အားကိုးဖြင့် လူသတ်ပစ္စည်းယူဖြင့် ဆိုးချင်တိုင်း ဆိုးနေသော အချိန် ဖြစ်သည်။

ကျွန်ုပ်တို့ သာမန်ခရီးသွားများ အသွင်ဖြင့် ရက်အတန်ကြာအောင် ထိုလမ်းမကြီးမှ သွားသော်လည်း အနှောင့်အယှက် အန္တရာယ်တစ်စုံတစ်ရာ မတွေ့ရသည်မှာ လွန်စွာ ကံကောင်းသည်ဟု ဆိုရပေသည်။ အဆင်ပြေသည်မှာ ထိုလမ်းမကြီးပေါ် ဝယ် ခရီးတစ်ထောက်နားသော နေရာများတွင် ခရီးသည်များ တည်းခိုနိုင်ရန် စားသောက်ဆိုင်များ ရှိပေသည်။

တစ်ခုသော ညနေပိုင်းတွင် ကျွန်ုပ်တို့သည် ခရီးသွားရန်လည်း အချိန်မရှိ၊ လွန်စွာလည်း ပင်ပန်းလှသောကြောင့် စားသောက်ဆိုင် တစ်ဆိုင်တွင် တစ်ညတာ ဝင်ရောက်တည်းခိုရသည်။ စားသောက်ဆိုင်မှာ အတော်အတန် ကျယ်ဝန်းလှပြီး ကျွန်ုပ်တို့ကဲ့သို့ ဝင်ရောက်တည်းခိုနေသူ အချို့ကိုလည်း တွေ့ရသည်။ ကျွန်ုပ်တို့သည် ဆိုင်ရှင်အား မြင်းများ





အပ်နှံပြီး သုံးယောက်အတူ တည်းခိုနိုင်သော နေရာတစ်ခုကို ငှားယူလိုက်သည်။

အခန်းဟုသာ ဆိုရသော်လည်း တန်းလျားကြီးသဖွယ် ဆောက်ထားသော တဲအိမ်ကြီးပေါ်ဝယ်၊ အကာများကာ၍ အခန်းသဖွယ် ပြုလုပ်ထားသည်။ ရေချိုးရန် အတွက်မူ စားသောက်ဆိုင်နှင့် တစ်ခေါ်လောက်ဝေးသော နေရာတွင်ရှိသော စမ်းချောင်းထဲတွင် သွားချိုးရသည်။

ကျွန်ုပ်တို့သည် မိမိတို့တွင် ပါလာသော ပစ္စည်းများ နေသား တကျ သိမ်းဆည်းထားခဲ့ပြီး စမ်းချောင်းကလေးရှိရာဘက်သို့ ထွက်လာကြသည်။

အရေးကြီးသော ရွှေငွေများနှင့် လက်နက်များကိုတော့ ကိုယ်နှင့်မကွာ ယူဆောင်လာခဲ့သည်။

စမ်းချောင်းလေးမှာ အတော်အတန် ကျယ်ဝန်းပြီး ကျောက်တုံးကျောက်ခဲများအား ဖြတ်သန်းစီးဆင်းလာသော တောင်ကျရေမှာ ကြည်လင်လှသည်။ ရေချိုးဆိပ်တွင် လူလေး ငါးယောက် ရေချိုးနေ သည်ကို မြင်ရသဖြင့် ၎င်းတို့၏ အထက်ဖက်နေရာသို့ သွားကာ ရေချိုး ကြသည်။

ရေမှာ ကြည်လင်သလောက် အေးမြလှပေရာ တစ်နေ့လုံး ပင်ပန်းလာသမျှ ရေနှင့်တွေ့လိုက်မှ လန်းဆန်းမှု ဖြစ်သွားကြသည်။ ကျွန်ုပ်တို့သုံးယောက်အားရပါးရ ရေချိုးနေစဉ် ကမ်းစပ်သို့ လူလေးယောက်ရောက်လာပြီး မကျေမနပ်နှင့် လှမ်းကြည့်နေသည်။ ခေါင်းဆောင်ဖြစ်ဟန် တူသူက ကမ်းစပ်သို့ ဆင်းလာပြီး ခါးထောက်ကာ ရပ်ကြည့်နေသည်။

"မင်းတို့ ဒီ သက်သက် လူပါးဝတာပဲ၊ စော်ကားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းပြောသည်။

"ကျုပ်တို့ ဘာသာ ရေချိုးနေတာ ခင်ဗျားတို့ကို ဘာစော်ကားမိလို့လဲ"

"မင်းတို့က ဒီနေရာက ရေချိုးနေတော့ တို့ဆီကို အနယ် အမှုန်တွေ၊ ရေနောက်တွေ ဆင်းလာတာပေါ့ကွ၊ မင်းတို့ ဒါတမင် လုပ်တာ မဟုတ်လား"

"မဟုတ်ပါဘူးဗျာ ဟိုနေရာမှာ နေရာမရှိလို့ ဒီနေရာမှာ လာချိုး တာပါ တမင် ရည်ရွယ်ပြီး လုပ်တာ မဟုတ်ပါဘူး"

"နေရာမရှိရင် တို့အောက်ဖက်မှာ သွားချိုးပေါ့ကွ၊ တို့ အထက်မှာ ဘာကြောင့် လာချိုးရတာလဲ၊ မင်းတို့ ခရီးသွားတွေ ထင်တယ်၊ ဒါကြောင့် ငါ့အကြောင်း မသိတာဖြစ်မယ်၊ ဒီနယ် တစ်ဝိုက်မှာ 'စက္က'ဆိုရင် မသိတဲ့လူ မရှိဘူး၊ ဘယ်သူမှလည်း ဒီလို မလုပ်ဝံ့ဘူး"

ဟု ဒေါသတကြီး ကြိမ်းမောင်းနေသည်။

ထိုအခါ အဂ္ဂက တိုးတိုး လှမ်းပြောသည်။

"ကျွန်တော် သိပြီအရှင် ..ဒီလူက ဒီနယ်တစ်ဝိုက်မှာ ကြီးစိုးမင်းမူနေတဲ့ ဓားမြဗိုလ်ယက္ခရဲ့ သားပဲ .."

"ဒီလူကတော့ ဒီအတိုင်း အေးမယ့် သဘောမရှိဘူး၊ ကျွန် တော်တို့ တစ်ခုခု လုပ်မှကို ရတော့မယ်"

ဟု ဆိုကာ ကျွန်ုပ်တို့ သုံးယောက် ကမ်းပေါ် ပြန်တက် လာသည်။ ကမ်းစပ်သို့ရောက်သောအခါ ၎င်းနောက်မှ လူသုံး ယောက်က ရန်မူရန် ပြေးဆင်းလာသည်။





"ကိုင်း အဂ္ဂရေ တစ်ပွဲတစ်လမ်းတော့ နွှဲလိုက်ကြဦးစို့ဟေ့"

ပြေးဆင်းလာသော လူမိုက်သုံးယောက်မှာ သခင်အားကိုးနှင့် မိုက်နေကြဟန်ရှိပြီး တိုက်ရည်ခိုက်ရည် ညံ့ဖျင်းလှသည်။

ကျွန်ုပ်ကဲ့သို့ ပွဲကျောင်းပညာကို ကောင်းစွာ တတ်ကျွမ်းသူ အဖို့ ကျန်နှစ်ယောက်၏ အကူအညီ မလိုပါဘဲ၊ သူတို့အား အလွယ်တကူ အနိုင်ယူနိုင်စွမ်းရှိပေသည်။

မကြာမီမှာပင် လူမိုက်သုံးယောက်မှာ သဲပြင်ပေါ်ဝယ် လဲကျသွားလေတော့သည်။

"ဒိုင်း ဒိုင်း"

သေနတ်သံနှစ်ချက် ထွက်လာသဖြင့် ကြည့်လိုက်ရာ စက္က ဆိုသူမှာ ကျွန်ုပ်တို့အား သေနတ်ဖြင့် ချိန်ထားသည်ကို မြင်ရသည်။

"သိုင်းသမားဆိုပေမယ့် သေနတ်ကျည်ဆန်လောက်တော့ မြန်နိုင်မယ် မထင်ဘူး"

"မင်းသာ သတ္တိရှိတဲ့ ယောက်ျားတစ်ယောက်ဆိုရင် သေနတ်ကို ဘေးမှာထားပြီး ယှဉ်ဝံ့ရမှာပေါ့"

ကျွန်ုပ်က ရှေ့သို့ တိုးသွားသောအခါ စက္ကကလည်း သေနတ်နှင့် ချိန်ထားလျက်သားဖြင့် ရှေ့သို့ တိုးလာသည်၊ မလှမ်း မကမ်းသို့ ရောက်သောအခါ ကျွန်ုပ်လည်းပင်း၌ ဆွဲထားသော ဟဒယစိန်ကြီးကို မြင်သည်နှင့် တအံ့တသြ အမူအရာဖြင့် သေနတ်ကို ပြန်သိမ်းလိုက်သည်။

"ကဲ ဖြစ်ပြီးတာတွေကို ကျုပ်ကပဲ တောင်းပန်ပါတယ်၊ ဒီကိစ္စမှာ ကျုပ်လူတွေက မဆင်မခြင် လုပ်ကြတာလည်း ပါ ပါတယ်"

ဟု ဆိုကာ သူ့တပည့်များကို ခေါ်ပြီး တည်းခိုဆောင်သို့ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

ထိုအခါမှ ကျွန်ုပ်တို့လည်း မိမိတို့ အဝတ်အစားများကို ပြန်ဝတ်ကာ ထမင်းဆိုင်ဘက်သို့ ပြန်ခဲ့ကြသည်။

ကျွန်ုပ်တို့ သုံးယောက်ကို မြင်သောအခါ ဆိုင်ရှင်က တအံ့တသြ နှင့်မေးသည်။

"ဟင် ခင်ဗျားတို့ သုံးယောက် ဘာမှ မဖြစ်ကြဘူးလား"

"ကျုပ်တို့က ဘာဖြစ်ရမှာလဲ"

"ခင်ဗျားတို့စောစောက စက္ကတို့အဖွဲ့နဲ့ ရန်ဖြစ်ကြတယ်လို့ ကြားတယ်၊ သေနတ်သံတွေလည်း ကြားတော့၊ ကျုပ်က ခင်ဗျားတို့တော့ တစ်ခုခုဖြစ်ပြီလို့ တစ်ထစ်ချတွေးထားတာ အခုတော့"

"ဘာမှ မဖြစ်ပါဘူးဗျာ ပြီးသွားပါပြီ"

ကျွန်ုပ်က အရေးမပါသလို အေးအေးဆေးဆေး ပြောလိုက်သော်လည်း ဆိုင်ရှင်က လေသံတိုးတိုးဖြင့် သတိ ပေးသည်။

"ဒီလူတွေနဲ့ ပြဿနာ မဖြစ်တာ အကောင်းဆုံးပဲ၊ ဒီနယ် တစ်ဝိုက်မှာတော့ မျက်နှာဖြူအစိုးရပြီးရင် သူတို့ကိုပဲ ကြောက် နေရတာ သူတို့နဲ့ တစ်ခုခုဖြစ်ရင် သေတာများတယ်"

"အခုလို သတိပေးတာ ကျေးဇူးပါပဲ"

ကျွန်ုပ်တို့လည်း ဆိုင်ရှင်အား နှုတ်ဆက်ပြီး မိမိတို့ ငှားထားသော အခန်းဆီသို့ လာခဲ့ကြသည်။

ညဦးပိုင်း ညစာ စားသောအခါ ကျွန်ုပ်တို့ ဝိုင်းသို့ စက္က ရောက်လာသည်။ သူသည် ညနေပိုင်းက ဖြစ်ပျက်ခဲ့သော ကိစ္စများကို အရေးမစိုက်ဟန်ဖြင့် ကျွန်ုပ်တို့အား ပြုံးပြကာ စားပွဲဝိုင်းတွင် ဝင်ထိုင်သည်။





"ဒီက မိတ်ဆွေတွေက မြန်မာပြည်ဘက်က လာကြတာလား၊ ညီ့သည်တွေ ထင်ပါရဲ့"

"ဟုတ်ပါတယ်"

"ဘယ်နယ်ဘက်ကို သွားကြမှာလည်း ကျုပ်တို့လည်း ခရီး သွားတွေပါပဲ"

"မြောက်ပိုင်း၊ မဲခေါင်မြစ်နားအထိ သွားကြမှာပါ"

"ကျုပ်တို့လည်း အဲဒီဘက်ကို ပြန်ကြမှာပါ။ ကျုပ်က စန်ပတိုင်းနယ် သားပါ။ အဲဒီမှာ ကျုပ်တို့နေတဲ့ နေရာရှိပါတယ်။ အိမ်မှာဝင်တည်း ပြီးမှ ခရီးဆက်ကြရင်လည်း ရပါတယ်"

"အခုလို ဖိတ်တာ ကျေးဇူးတင်ပါတယ်ဗျာ"

"အေးဗျာ ညနေက ကျုပ်လူတွေက ရိုင်းပြမှုအတွက်၊ ကျုပ် ကပဲ ခင်ဗျားတို့ကို တောင်းပန်ပါတယ်၊ ဒီအတွက် စိတ်မကောင်းပါဘူး၊ ဒါကြောင့် မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ ဒီညစာ စားသောက်ပွဲအတွက် ကျုပ်ကပဲ ဒကာခံပါရစေ"

ဟုဆိုကာ ကျွန်ုပ်တို့နှင့်အတူ ဝိုင်းစားပြီးနောက် စားသောက်ဖိုး သင့်ငွေများကို ရှင်းကာ ပြန်သွားကြလေသည်။

၎င်း ထွက်သွားသောအခါမှ အဂ္ဂက ..၊

"ကျွန်တော်တော့ ဒီလူကို သိပ်ပြီး မသင်္ကာဘူး သခင်၊ ရန်စ,တုန်းက မျက်နှာပထားနဲ့ သခင့်လည်ပင်းမှာ ဆွဲထားတဲ့ ဟဒယစိန်ကြီးကို မြင်ပြီး ပြောင်းလဲသွားတာ သူမှာ လျှို့ဝှက်တဲ့ အကြောင်းတစ်ခုတော့ ရှိကို ရှိရမယ်"

ဟု မှတ်ချက်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"သတိတော့ ထားရမှာပေါ့ကွာ၊ သူ့အနေနဲ့ ရိုးရိုးသားသား လာပြီး မိတ်ဆွေဖွဲ့တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"မဟုတ်ဖူး သခင် ဒီလူတွေက ဒီနယ်တစ်ဝိုက်မှာ နာမည် ကြီးပဲ၊ တစ်ကယ့်လူဆိုး ဓားပြတွေပဲ၊ ကျွန်တော်တို့ သူတို့နဲ့ အတူ ခရီးသွားလို့ ဖြစ်ပါမလား"

"သိပ်လည်း စိတ်ပူမနေပါနဲ့ အဂ္ဂရယ်၊ ဟိုရောက်တော့မှ မီးစင်ကြည့်က,ရတာပေါ့၊ စစ်မရောက်ခင်က မြားကုန်မနေစမ်းပါနဲ့၊ သူတို့က ရိုးရိုးသားသားဆိုရင် တို့အတွက်အဖော်တောင် ရဦးမှာ မဟုတ်လား" ဟု နှစ်သိမ့်မှု ပေးလိုက်ရသည်။

ထိုညတွင် ကျွန်ုပ်တို့သည် မည်သည့် အနှောင့်အယှက် အန္တရာယ်မှ မတွေ့ကြရဘဲ၊ ကောင်းမွန်စွာ အိပ်စက်အနား ယူကြပြီး နောက်တစ်နေ့ နံနက်လင်းသောအခါ ခရီးဆက်ရန် ပြင်ကြလေသည်။ ထို့နောက် စက္ကူတို့အဖွဲ့မှာ လေးယောက်ဖြစ်ပြီး သူတို့လည်း ကျွန်ုပ်တို့နှင့် တစ်ပြိုင်နက်တည်း ခရီးထွက်ရန် ပြင်ဆင်ကာ အတူတကွ ခရီးဆက်ခဲ့ကြတော့ သည်။

ထိုသို့ ထွက်လာရာ လမ်းခရီးတစ်လျှောက်လုံး မည်သည့် အန္တရာယ် အနှောင့်အယှက်မှ မတွေ့ကြရဘဲ၊ စန်ဟိုင်းနယ်ထဲ သို့ ရောက်သောအခါ မျက်နှာဖြူလက်ပါးစေ လူဆိုးတစ်ဖွဲ့နှင့် ရင်ဆိုင်တိုးကာ ရန်ရှာခြင်းခံရသဖြင့် အစွမ်းကုန် ခုခံတိုက် ခိုက်ရလေတော့သည်။

၎င်းတို့တွင် သေနတ်များပါသောကြောင့် သတိနှင့် အစွမ်းကုန် ခုခံတိုက်ခိုက်ရင်းမှာပင် စက္ကူ၏ တပည့်များမှာ ရန်သူ များလက်ချက်ဖြင့် သေဆုံးကုန်လေတော့သည်။

စက္ကူပင်လျှင် ရန်သူများ၏ လက်ချက်နှင့် အသက်သေတော့မည့်





ဆဲဆဲတွင် ကျွန်ုပ်တို့သုံးယောက်က အစွမ်းကုန် ခုခံကာကွယ်တိုက်ခိုက်ကာ ၎င်းအား ရန်သူများလက်မှ လွတ်မြောက်ခဲ့ရသော်လည်း ကျွန်ုပ်စီးခဲ့သော မြင်းများကို ထားခဲ့ပြီး တောလမ်းများမှ ခြေကျင် ခရီးသွားကြရသည်။

အတန်ကြာသောအခါ ယူနန်ပြည်နယ် တောင်တန်း တစ်ခုပေါ်တွင် ရဲတိုက်ကြီးတစ်ခုရှိရာသို့ ရောက်လာတော့သည်။ ထိုရဲတိုက်ကြီးကို မြင်သောအခါ အဂ္ဂက ..၊

"အရှင် ကျွန်တော် အလာခရီးတုန်းက ဒီရဲတိုက်မှာနေတဲ့ လူတွေက ကျွန်တော်ဆီမှာပါတဲ့ ရွှေဒင်္ဂါးတွေကို တိုက်ခိုက် လုယက်ပြီး ယူထားလိုက်ကြတယ်၊ အခု ကျွန်တော်တို့ ဒီမှာ တည်းရမယ်ဆိုရင်တော့ သတိတော့ အတော်ထားရလိမ့်မယ်" ဟု သတိပေးလေသည်။

"ဒီလောက်လည်း စိတ်မပူပါနဲ့ကွာ ရန်သူတွေ လက်ထဲက သူ့ရဲ့ အသက်ကို ကယ်ခဲ့တဲ့ စက္ကူတစ်ယောက်လုံး ရှိနေတာပဲ ဒီလောက် စိတ်ပူစရာ လိုမယ်မထင်ပါဘူး"

"ဒီလိုလူမျိုးတွေက ဥစ္စာပစ္စည်းအတွက် ဆိုရင် ဘနပူး သိုက်တူးမယ့် လူစားမျိုးတွေဆိုတော့ သတိထားဟာ မမှားဘူး"

"အေးပါ ..ဒါပေမယ့် တို့က အဲဒီမှာ တည်းကြဦးမှ ဖြစ် မှာ ဘာကြောင့်လဲဆိုတော့ တို့အတွက် ရှေ့ကို ခရီးဆက်ဖို့ မြင်းတွေ ဘာတွေတော့ လိုသေးတယ် မဟုတ်လား၊ စက္ကူဆီက အကူအညီ တောင်းယူတန် ယူရမှာပဲ .."

ထို့နောက်တွင် ကျွန်ုပ်တို့သည် စက္ကူ၏ ဖိတ်ကြားခေါ်ဆိုမှု ကြောင့် ၎င်းတို့ ရဲတိုက်ကြီးဆီသို့ ရောက်သွားလေတော့သည်။ ရဲတိုက်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ခြံကျယ်ကြီး တစ်ခုအတွင်းမှာ ရှိပြီး ရှေးနှစ် ပေါင်းများစွာကတည်းက တည်ဆောက်ခဲ့ဟန်ရှိသဖြင့် အချို့နေရာများတွင် ဟောင်းနွမ်းပျက်စီးလျက် ရှိနေပြီဖြစ်၏။ ခြံကျယ်ကြီးအတွင်းမှာ သစ်ပင်ကြီးများ အုပ်အုပ်ဆိုင်းဆိုင်းရှိသည်။ မြင့်မားသော အုတ်တံတိုင်း ခြံစည်းရိုးကြီးအပေါ်၌ သံချွန်များ တပ်ထားပြီး အဝင်အထွက် ပြုလုပ်သော သံတံခါးကြီးမှာလည်း ခိုင်ခံ့လှသည်။

တံခါးပေါက်တွင် ရိုင်ဖယ်သေနတ်ကိုင်ဆောင်ထားသော ခြံစောင့်က ကျွန်ုပ်တို့ကို မြင်သောအခါ မနှစ်မြို့ဟန်ရှိသော်လည်း စက္ကကို မြင်သောအခါ အလျင်အမြန် လာရောက်၍ တံခါးဖွင့်ပေးလေသည်။

ကျွန်ုပ်တို့ ခြံဝင်းအတွင်း အလွန်ထွားကျိုင်းသော ခြံစောင့် ခွေးကြီးသုံးလေးကောင်က သဲကြီးမဲကြီးဟောင်ကာ စားတော့ ဝါးတော့မတတ်ဖြစ်နေလေရာ စက္ကက တစ်ချက်ဟန့်လိုက်တော့မှ အမြီးကုပ်ကာ ထွက်သွားကြလေတော့သည်။

ကျွန်ုပ်တို့ ခြံဝင်းအတွင်းမှ ရဲတိုက်ကြီးဆီသို့ သွားကြစဉ် ခြံဝင်းအတွင်းမှာ အလုပ်လုပ်နေသော မိန်းမရွယ်တစ်ယောက်က ကျွန်ုပ်တို့အား စိတ်ဝင်စားဟန်ဖြင့် စူးစူးစိုက်စိုက် လှမ်းကြည့်နေသည်ကို သတိပြုမိလိုက်သည်။

ရဲတိုက်ကြီး ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း ကြမ်းတမ်း ခက်ထန်သော အမူအရာရှိကြသည့် အချို့ကိုလည်း တွေ့ရသည်။ အဂ္ဂပြောပုံအရဆိုလျှင် ထိုလူများသည် ယက္ခ၏ တံပြကိုဏ်းအဖွဲ့ဝင် လူဆိုးများ ဖြစ်နိုင်လောက်ပေသည်။

ကျွန်ုပ်တို့ ရဲတိုက်ကြီးအတွင်းသို့ ရောက်သောအခါ မျက်နှာပေါ်တွင်





ကန့်လန့်ဖြတ် အမာရွတ်ကြီး ရှိသည့် အသက် ငါးဆယ်ကျော်အရွယ်ခန့်ရှိ လူကြီးတစ်ဦး ထွက်လာသည်။ ၎င်းသည် ဝတ်ရုံကဲ့သို့ အင်္ကျီဖားဖားကြီးအား ဝတ်ဆင်ထားလေသည်။

"မင်း ပြန်လာပြီလား စက္က"

ဟု အောင်မြင်သော အသံကြီးနှင့် မေးလိုက်သည်။

"ပြန်လာပြီ အဖေ၊ ဒါပေမယ့် လမ်းမှာ လူဆိုးတွေနဲ့ တွေ့လို့ဟိုကောင်တွေတော့ အားလုံးသေပြီး ကျန်ရစ်ခဲ့ကြပြီ၊ ကျုပ်ကို တောင်ဒီက မိတ်ဆွေတွေ ကယ်ခဲ့လို့ အသက်ချမ်းသာရာရလို့ပြန်ရောက်လာနိုင်တာ .."

ဟု ဆိုကာ စက္ကက အကြောင်းစုံ ပြောပြလိုက်သည်။

"သူတို့က ဘယ်သူတွေလဲ .."

"သူတို့က မြောက်ပိုင်းတောင်တန်း တစ်ခုပေါ်ကို သွားကြမယ့်ခရီးသွားပါ။ ကျုပ်အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်တွေ ဆိုပါ တော့၊ ဒါကြောင့် ဒီမှာ တည်းခိုဖို့ ခေါ်လာတာပါ"

"အင်း ..ကျုပ်ရဲ့ သားအသက်ကို ကယ်ခဲ့တဲ့အတွက် မိတ်ဆွေတွေကို ကျေးဇူးတင်ပါတယ်။ ကျုပ်သားရဲ့ ဧည့်သည်ဆိုတော့ ကျုပ်ရဲ့ဧည့်သည်ပဲပေါ့၊ ဒီမှာနေခိုက် လွတ်လွတ် လပ်လပ် အားမနာတမ်းတည်းခိုနေနိုင်ပါတယ်"

ထိုသို့ ပြောနေစဉ် ကျွန်ုပ်တို့ ခြံဝင်းထဲမှာ တွေ့ခဲ့သော မိန်းကလေးက မလှမ်းမကမ်းသို့ ရောက်လာသဖြင့် ထိုလူကြီးက လှမ်းခေါ်လိုက် သည်။

"မောလီ ဒီကိုလာစမ်း"

မိန်းကလေးက လွန်စွာ ကြောက်ရွံ့ဟန်ဖြင့် အနားသို့ လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည့်သည်တွေကို ထားနေကျ အခန်းထဲသို့ လိုက်ပို့ပေး လိုက်၊ နောက်ပြီး ညစာ စားဖို့ပါ တစ်ခါတည်း ပြင်ပေတော့"

"ဟုတ် ဟုတ်ကဲ့"

ဟု ဆိုကာ မောလိဆိုသော မိန်းကလေးက ကျွန်ုပ်တို့အား ရဲတိုက်ကြီးအတွင်းရှိ အခန်းတစ်ခန်းသို့ လိုက်ပို့ပေးသည်။ ကျွန်ုပ်တို့ ထွက်လာသောအခါမှ စက္ကသည် ၎င်း၏ ဖခင်ဖြစ်သူအား အရေးကြီးသော အမူအရာနှင့် တစ်စုံတစ်ရာ ပြောပြနေသည်ကို သတိပြုမိလိုက်သည်။

ကျွန်ုပ်တို့ကို ပို့ဆောင်ပေးသော အခန်းမှာ အတန်အသင့် ကျယ်ဝန်းသည် ဆိုသော်လည်း ပြတင်းတံခါးပေါက်များကို သံတိုင်များ အခိုင်အမာ စိုက်ထားသောကြောင့် အချုပ်ခန်းကြီးနှင့်ပင် တူလေသည်။ ထို့ပြင် အခန်းတစ်ခုလုံးမှာ မှောင် နေပြီး ညှိစို့စို့ အနံ့အသက်များ ရနေသည်။

အခန်းထဲ ရောက်သောအခါ မောလိက အခန်းနံရံပေါ်မှ မီးတိုင်များကို မီးထွန်းပေးသည်။

ကျွန်ုပ်သည် စိတ်ထဲတွင် တစ်စုံတစ်ခု သင်္ကာမကင်းရှိသဖြင့် ကျွန်ုပ်တို့ကို လိုက်ပို့သော မိန်းကလေးအား ဟာဒယ လူမျိုးတို့ အသုံးပြုသော လျှို့ဝှက်နည်းဖြင့် ကျေးဇူးတင်ကြောင်း ပြောပြလိုက်သည်။ ထိုအခါ ကျွန်ုပ်ထင်သည့်အတိုင်းပင် မောလိမှာ ဟာဒယလူမျိုး တစ်ဦးဖြစ်သောကြောင့် တအံ့တသြ အမူအရာဖြင့် ကျွန်ုပ်အား အရိုအသေပေးလိုက်သည်။

ထို့ထက်ပို၍ သေချာစေရန် ကျွန်ုပ်လည်ပင်း၌ ဆွဲထားသော ဟာဒယစိန်ကြီးအား မြင်သာစေရန် အင်္ကျီကို လှပ်ပြလိုက်ရာ မောလိ သည် ဟာဒယစိန်ကြီးကို မြင်သော် အလွန် အံ့သြတုန်လှုပ်သော အမူအရာ ဖြင့် ကြမ်းပြင်ပေါ်သို့ ဒူးထောက်ကာ အရိုအသေ ပြုလိုက်လေသည်။





"အရှင်ဟာ ဟာဒယ ဂိုဏ်းချုပ် ဒိဗ္ဗ ဖြစ်ပါသလား"

"ဘယ်လိုကြောင့် ဒီလို ပြောနိုင်တာလဲ"

"အရှင့်ရဲ့ သတင်းကို အနယ်နယ်အရပ်ရပ်မှာ ရောက်နေကြတဲ့ ဟာဒယဂိုဏ်းဝင်တွေအားလုံးက သိကြပါတယ်။ ဒီနေရာဟာ အရှင်လာရမယ့် နေရာမဟုတ်ပါဘူး၊ နေအပ်တဲ့ နေရာလည်း မဟုတ်ပါဘူး။ ဒီနေရာက အမြန်ဆုံး ထွက်ခွာဖို့သာ ကြိုးစားပါ အရှင်"

ဟု စိုးရိမ်တကြီး ပြောလေသည်။

"ဘာကြောင့်လဲ"

"ဒါတွေကို နောက်မှ ပြောပြပါမယ်၊ အရေးကြီးတာက သူတို့ ကျွေးတဲ့ အစားအစာတွေကို စားရင်သတိနဲ့စားပါ။ အရက် တိုက်ရင် လုံးဝ မသောက်ပါနဲ့ အရှင် .."

နောက်ပြီး ညဘက်ရောက်ရင်လည်း လုံးဝ မအိပ်ပါနဲ့၊ ကျွန်မ ပြန်ထွက်သွားရင် ဒီအခန်းထဲက ကြမ်းပြင်တစ်ပိုက်မှာ လိုက်ရှာကြည့်ပါ ထူးခြားတာ တွေ့ရပါလိမ့်မယ်"

ဟု ပြောကာ အခန်းထဲမှ ပြန်ထွက်သွားလေတော့သည်။

မောလိ ထွက်သွားသောအခါ ကျွန်ုပ်တို့သည် အခန်းတံခါးကို ပိတ်ပြီးနောက် မီးရောင်ဖြင့် ကြမ်းပြင်တစ်ပိုက်လိုက်ကြည့်သောအခါ ပွန်းထင်နေသော သွေးကွက်များကို တွေ့ရလေ သည်။

ထိုအခါ ဗညားမော်က ..၊

"ကိုအဂ္ဂရေ ကျုပ်တို့တော့ သေမင်းထောင်ချောက်ထဲကို ဝင်မိသလို ဖြစ်နေပြီဗျ၊ ဘယ်လို လုပ်ကြမလဲဟင်"

ဟု စိတ်ပူစွာ မေးလေသည်။



www.burmeseclassic.com

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ဗျာ၊ ကျုပ်တို့ မောလိနဲ့ တွေ့ရတာ အတော် ကံကောင်းတယ်လို့ ဆိုရမယ်၊ အခုတော့ ဒီအကြောင်းတွေကို ကြိုတင်သိရတော့ ရှောင်ချိန်ရတာပေါ့ နောက်ပြီး မောလိဟာ ဟာဒယကိုဏ်းဝင်တစ်ယောက်ဆိုတော့ အခုလောက်ဆိုရင် ကျုန်တို့ အလုပ်သမားတွေကိုလည်း တိုးတိုး တိတ်တိတ် လိုက်ပြောမှာ သေချာတယ်။ အကြောင်းရှိ လာရင်တော့ သူတို့ကို အားကိုးတ အားကိုးရမှာပဲ"

ဟု ပြောနေကြစဉ် စက္ကကိုယ်တိုင် ကျွန်ုပ်တို့ဆီလာကာ ထမင်း စားရန်အတွက် လာခေါ်လေသည်။ သူက ခေါ်ပြီး ပြန်ထွက်သွားသည်။

"ကိုင်း ဒီတော့ ဒီလို လုပ်ကြရအောင် အင်္ဂက ဒီအခန်းထဲမှာ နေရစ် တို့နှစ်ယောက်ပဲ ထမင်းစားခန်းသွားကြမယ်၊ ဒါမှ ဟိုမှာ အရေးကိစ္စပေါ်ရင် မင်းက ကူညီပေးလို့ရမယ်၊ နောက်ပြီး မင်းက ဒီမှာနေရင်း ဒီမှာရှိတဲ့ ဟာဒယအဖွဲ့ဝင်တွေနဲ့ ဆက်သွယ်မိအောင် ကြိုးစားပြီး အခြေအနေတွေကို သိအောင် လုပ်ထား"

"ဟုတ်ကဲ့ အရှင် .."

"နောက် အရေးကြီးဆုံးက ဆေးဆရာကြီးနဲ့ သူ့သမီးတို့ရဲ့ အခြေအနေကို သိအောင် စုံစမ်းထား ကြားလား"

"စိတ်ချပါ အရှင်"

ထို့နောက် ကျွန်ုပ်နှင့် ဗညားမော်တို့နှစ်ယောက်တည်း ထမင်းစား ခန်းထဲ လာခဲ့သည်။ ထမင်း စားခန်းထဲရှိ စားပွဲတွင် ယက္ခနှင့် စက္ကတို့ သားအဖနှစ်ယောက်အပြင် အခြား လူ(၁၀) ယောက်ခန့်ကို တွေ့ရသည်။ အားလုံးလူဆိုး လူမိုက် ရုပ်များ ဖြစ်ကြသည်။ ထိုအထဲတွင် မျက်နှာ





က,ပြားတစ်ယောက် နှစ်ယောက်လည်းပါသည်။

၎င်းတို့အားလုံးက ကျွန်ုပ်တို့နှစ်ယောက်အား စားတော့ ဝါးတော့ မတတ် လှမ်းကြည့်နေကြသည်။

ထို့နောက် ယက္ခက ကျွန်ုပ်တို့အား ခေါ်၍ နေရာပေးကာ ညစာ စားသောက်ကြသည်။ သို့သော် မောလိ သတိပေးထားသောကြောင့် သီးသန့်ချပေးထားသော စားသောက်စရာများကို လုံးဝ မထိမိအောင် သတိနှင့် စားကြသည်။

ထမင်းဝိုင်းတွင် ယက္ခက ထိုနယ်နှင့် ပတ်သက်သော အကြောင်း များအား အကြောင်းမရှိ အကြောင်းရှာကာ ပြောဆိုနေရင်း ကျွန်ုပ်တို့ စားသောက်နေမှုကို မသိမသာ လှမ်း၍ အကဲခတ်ကြည့်လျက်ရှိသည်။ ထမင်းစားပြီးသောအခါ စက္က ကိုယ်တိုင် တကောင်းတစ်ခုထဲမှ အရက်များ ငှဲ့ထည့်ကာ လိုက်လံ ချပေးသည်။ ကျွန်ုပ်တို့နှစ်ယောက် အတွက်မူ သီးသန့်ထားသော အရက်တကောင်း အတွင်းမှ ငှဲ့ထည့်လာ သည်ကို သတိ ပြုမိလိုက်သော် လည်း မသိ ဟန်ဆောင်နေလိုက်သည်။

"ဒါ ကျုပ်တို့ဆီမှာ ဧည့်သည်လာရင် ဧည့်ခံဖို့ သီးသန့်စိမ် ထားတဲ့ ဝိုင်အရက်ပါ၊ သောက်ကြည့်ပါဦး"

ဟု ဆိုကာ အရက်နှစ်ခွက်ကို ကျွန်ုပ်တို့ရှေ့သို့ ချပေးသည်။

"မသောက်တော့ပါဘူး မိတ်ဆွေ၊ ကျွန်တော်တို့နှစ်ယောက် စလုံး ခရီးသွားတဲ့အခါမှာ အရက်သောက်လေ့ မရှိတဲ့အတွက် ခွင့်လွှတ် ပါ"

ဟု ငြင်းလိုက်သောအခါ စက္ကက အံ့ဩသွားဟန် ရှိသည်။

"ခင်ဗျားတို့ကလည်း တယ်လည်း နကြတာကိုး၊ ယောကျ်ားတွေပဲ နည်းနည်းပါးပါး သောက်တာပဲ ဘာမှ မဖြစ်လောက်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သောက်ပါဗျ"

ဟု အတင်းတိုက်သော်လည်း မသောက်ကြပေ။

ထိုအခါ ယက္ခက ...၊

"ကဲပါ စက္ကရယ် သူတို့ မသောက်ချင်တာကို အတင်း တိုက်မနေပါနဲ့တော့ကွာ၊ သူတို့ ခရီးပန်းလာလို့ ဖြစ်ပါလိမ့်မယ်၊ ကဲ ဧည့်သည်တွေကို မင်းကိုယ်တိုင် အခန်းထဲလိုက်ပို့ ပေးလိုက်ပါ၊ နောက်ပြီး အဝင်အထွက်တံခါးတွေကိုလည်း သေသေချာချာ စစ်ဖို့လည်း မမေ့နဲ့နော်"

ဟု လှမ်းမှာလိုက်သည်။

ထို့နောက် စက္ကကိုယ်တိုင် ကျွန်ုပ်တို့အား လိုက်ပို့ပေးပြီး ပြန်ထွက်သွားတော့သည်။ ကျွန်ုပ်တို့လည်း အခန်းထဲရောက်သည်နှင့် အခန်းတံခါးကို ပိတ်လိုက်သည်။ ထိုအခါ ခုတင်အောက်တွင် ပုန်းနေသော မောလိ ထွက်လာသည်။

"ဘာထူးသလဲ အဂ္ဂ"

"အခြေအနေကတော့ မထင်တာတွေ ဖြစ်ကုန်ပြီအရှင်၊ ဆေးဆရာကြီး သားအဖကို သူတို့ ဖမ်းထားပြီး၊ တစ်နေရာမှာ ချုပ်ထားတယ်၊ ရွှေတွေအကြောင်း မေးလို့မရရင် သတ်ပစ်မယ်လို့ ပြောနေကြ တယ်၊ ကျွန်တော်တို့ အမြန်ကယ်မှ ဖြစ်မယ်"

ဟု အရေးတကြီး ပြောပြလေသည်။

"အေး အခြေအနေ ကြည့်လုပ်ကြတာပေါ့ကွာ ဆေးဆရာကြီးသားအဖကို ဖမ်းသလို၊ တို့တွေကိုလည်း ဘယ်သူတွေ မှန်းသိရင် ချမ်းသားပေးကြမှာ မဟုတ်ဘူး၊ ဒီလူတွေ လူစုနေ ကြတာ





အကြံအစည် တစ်ခုခု ရှိပုံရတယ်။

ဒီတော့ တို့တစ်တွေ အမြန်ဆုံး တိုင်ပင်ပြီး လှုပ်ရှားကြမှ ဖြစ်တော့မယ်၊ အချိန်ဆွဲလို့ မဖြစ်တော့ဘူး"

ဟု ဆိုကာ ကျွန်ုပ်တို့ တစ်တွေသည် လွတ်မြောက်ရန် လမ်းနှင့် ဆေးဆရာကြီး သားအဖတို့အား ကယ်တင်ရန် အစီအစဉ်များအား တိုင်ပင် ဆွေးနွေးကြသည်။

အပြင်မှာ မှောင်ရီသမ်းစပြုလာလေပြီ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

## ရဲတိုက်အတွင်းမှ တိုက်ပွဲ

ညဘက်ရောက်သောအခါ မောလိက လျှို့ဝှက်အခန်းတစ် ခန်းကို ပြသည်။ ထိုအခန်းမှာ ကျွန်ုပ်တို့အား ပေးထားသော အခန်းထဲမှာပင် ရှိသည်။ သို့သော် ထိုအခန်း ရှိနေခြင်းကို အတွင်းလူအနည်းငယ်မျှသာ သိကြပေသည်။

ကျွန်ုပ်၊ ဗညားမော်၊ အဂ္ဂနှင့် မောလိတို့တစ်တွေ ထိုအခန်းထဲမှာ ဝင်ပုန်းနေပြီး အခန်းထဲမှ မီးတိုင်များအား ငြိမ်းသတ်ထားလေ၏။ ညဉ့်နက်ပိုင်း အချိန်ရောက်သောအခါ တံခါး အပြင်ဘက်မှ တိုးတိတ် ညင်သာစွာ ချဉ်းကပ်လာသော ခြေသံများကို ကြားရပြီး တံခါးဖွင့်သံ သဲ့သဲ့ကို ကြားရသည်။

"ကျွီ ..ကျွီ .."

တစ်ဆက်တည်း အခန်းတွင်း ဝင်လာသော ခြေသံများ ကြားရသည်။

"ခုတ် ခုတ် ခုတ်"

ခုတင်များပေါ်တွင် ကျွန်ုပ်တို့အိပ်ပျော်နေသည် အထင်နှင့် ဓားများဖြင့် ခုတ်လိုက်သော အသံများ ဖြစ်ပေါ်ရှိသည်။ မကြာမီ အခန်းထဲမှ မီးတိုင်များ ထွန်းလိုက်သောကြောင့် အလင်းရောင်များရလာသည်ကို တံခါးကြားမှ လှမ်းမြင်နေရသည်။

"ဟင် ဒီအခန်းထဲမှာ တစ်ယောက်မှ မရှိပါလား"

"ဒီအခန်းထဲမှာ အိပ်ကြတာရော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ယက္ခကြီးက ငါတို့ကို သေသေချာချာ မှာလိုက်တာပဲ"





"ဒါဖြင့် ထွက်ပြေးကြပြီ ထင်တယ်"

"ဒါလည်း မဖြစ်နိုင်ဘူး၊ သူတို့ အခန်းထဲ ဝင်သွားပြီးကတည်းက ငါ တစ်ယောက်ကို အသေအချာ စောင့်ကြည့်ခိုင်းတာပဲ၊ ပြန်ထွက်သွားတာ မတွေ့ပါဘူး"

"ဒီလို ဆိုရင်တော့ တို့ရဲ့ အကြံအစည်တွေကို သိလို့များ လျှို့ဝှက်ပြီး ထွက်သွားကြသလားမှ မသိတာ .."

"ဒါဆိုရင်တော့ တို့အထဲမှာ သစ္စာဖောက်တစ်ယောက် ရောက်ရှိနေပုံပဲ၊ လာကွာ ယက္ခကြီးဆီသွားပြီး အကျိုးအကြောင်း ပြောကြရ အောင်"

"အခု သူတို့က ဘယ်မှာလဲ"

"မြေအောက်ခန်းထဲမှာ ဖမ်းထားတဲ့ သားအဖနှစ်ယောက် ကို စစ်နေတယ်"

ဟု ပြောဆိုကာ ကျွန်ုပ်တို့အား လာရောက်လုပ်ကြံသူများ မှာ အခန်းထဲမှ ပြန်လည်ထွက်သွားလေသည်။

သူတို့အပြင်သို့ ရောက်သောအခါ မောလိက ..၊

"အရှင်တို့ အခုနေ ဒီအထဲက အမြန်ဆုံး ထွက်ကြမှဖြစ်မယ်၊ အရှင်တို့ကို အခန်းထဲမှာ ရှာမတွေ့ရင် ဒီလျှို့ဝှက်အခန်းထဲကို ဝင်ပုန်းနေမှန်း သူတို့ သိကြလိမ့်မယ်၊ ယက္ခကြီးတို့သာ ဒီအထဲမှာ လျှို့ဝှက်ခန်း ရှိတာကို သိကြတယ်၊ သူတို့ တစ် ကျော့ပြန်လာရင် မလွယ်ဘူး"

ဟု ဆိုသဖြင့် ကျွန်ုပ်တို့လည်း လက်နက်နှင့် ပစ္စည်းများကို ယူပြီး လျှို့ဝှက်အခန်းထဲမှ ထွက်ကာ ထိုမှတစ်ဆင့် အမှောင် ရိပ်ကို ကွယ်ကာ အခန်းအပြင်ဘက်သို့ ထွက်လိုက်ကြသည်။ ရဲတိုက်ကြီးတစ်ခုလုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



မှောင်လျက် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။ ကျွန်ုပ်တို့မှာ မောလိပြသော လမ်းမှ သွားကြရာ မကြာမီ အခန်းကျယ်တစ်ခု အတွင်းသို့ ရောက်ကြလေ တော့သည်။

“အရှင်တို့ အခုနေ အပြင်ထွက်ရင် အကောင်းဆုံးပဲ၊ သူတို့အားလုံး မြေအောက် အခန်းထဲ ရောက်နေကြပုံရတယ်။ အပြင်ရောက်ရင် နောက်ဖက်ကို ထွက်တဲ့ လျှို့ဝှက်ပေါက် ရှိတယ်။ အဲဒီနေရာအထိ ကျွန်မ လိုက်ပို့ပေးပါမယ်”

ဟု မောလိက ပြောသည်။

“တို့အပြင်ကို ထွက်ပြေးလို့ မဖြစ်သေးဘူး မောလိ၊ တို့ အခု ဒီကို လာတဲ့ ရည်ရွယ်ချက်က ဟဒယစိန်ကြီးတစ်ခြမ်း ရှိတယ်၊ အခု ဖမ်းခံနေရတဲ့ ဆေးဆရာကြီးသားအဖနဲ့ တွေ့ဆုံဖို့လာကြတာ၊ သူတို့နဲ့ မတွေ့ဘဲ ထွက်ပြေးရင်လည်း ဘာမှ အကျိုးရှိမှာ မဟုတ် ဘူး၊ ငါတို့က သူတို့နဲ့ တွေ့မှကိုဖြစ်မှာ၊ ဒါမှ ဟဒယစိန် တုံးကြီး နှစ်ခြမ်း ပေါင်းစပ်ပြီး တို့ရည်ရွယ်ချက်တွေ အောင်မြင်မှာ ..”

ကျွန်ုပ်စကားကြောင့် ကျန်သုံးယောက်မှာ အတန်ကြာအောင် ငြိမ်ပြီး စဉ်းစားနေပြီးမှ ဗညားမော်က မေးသည်။

“ဒါဖြင့် ကိုဒိဗ္ဗက ဘယ်လိုလုပ်ချင်တာလဲ”

“ကျုပ် အဖမ်းခံထားရတဲ့ ဆေးဆရာကြီးသားအဖနှစ် ယောက်ကို ဖြစ်တဲ့နည်းနဲ့ ကယ်ထုတ်ချင်တယ်”

“အသက်အန္တရာယ်တော့ အလွန်နီးတယ် သခင်၊ သူတို့မှာ လူအင်အားရော လက်နက်အင်အားပါရှိတယ်၊ အဆင်မသင့်ရင် ကျွန်တော်တို့အားလုံး သေသွားနိုင်တယ်၊ ဒါပေမယ့် သခင် ခိုင်းရင်





အသက်စွန့်ပြီး လုပ်ဝံ့ပါတယ်”

ဟု အဂ္ဂက ပြောသည်။

ထိုအခါ မောလိကလည်း ...၊

“ဟုတ်ပါတယ် အရှင် ကျွန်မတို့ ဟာဒယလူမျိုးတွေ အထွတ်အမြတ်ထားတဲ့၊ ပစ္စည်းအတွက် ကျွန်မတို့ အသက် စွန့်ရလည်း ဝန်မလေးပါဘူး၊ သခင် စီစဉ်တဲ့အတိုင်း လုပ်ပါ့မယ်”

ဟု ရဲဝံ့စွာ ပြောလေသည်။

“ကောင်းပြီး၊ မင်းတို့ဆီက ဒီစကားကြားရတာ အားရှိလှတယ်၊ ကျုပ်က ကိုဗညားအတွက်ပဲ စိတ်ပူတာပါ၊ ခင်ဗျား အပြင်ကို ထွက်ချင်ထွက်နှင့်ပါလား”

“ဟာဗျာ မဖြစ်နိုင်တာဘဲ၊ ရည်ရွယ်ချက်တစ်ခုနဲ့ ခရီးအတူတူ လာကြတဲ့ လူအချင်းချင်း၊ အန္တရာယ်တွေ့ကာမှ ရှောင်သွားတာ မိတ်ဆွေကောင်းတွေ လုပ်အပ်တဲ့ အလုပ်မျိုး မဟုတ်ပါဘူး၊ သေအတူ ရှင်မကွာ ခင်ဗျားတို့နဲ့ပဲ အတူတူ တိုက်ပါ့မယ်”

ဟု မိတ်ဆွေကောင်း ပီသစွာ စကားဆိုလေသည်။

သို့ကြောင့် ကျွန်ုပ်တို့ လေးယောက်မှာ မြေအောက်အခန်းထဲမှာ အဖမ်းခံထားရသော ဆေးဆရာကြီး သားအဖတို့အား ကယ်တင်ရန် တိုင်ပင်ကြရပြန်သည်။

မောလိက မြေအောက်သို့ ဆင်းသော ဝင်လမ်း ထွက်လမ်းများကို ပြောပြသည့်အပြင် ယက္ခတို့၏လက်နက်များထားသော နေရာများကိုပါ ပြသဖြင့် ကျွန်ုပ်တို့ လေးယောက် နှစ်သက်ရာ လက်နက်များကို ယူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်နက်များမှာ နယ်ချဲ့စစ်သားများကိုင်ဆောင်သော ရိုင်ဖယ်သေနတ်၊ စတင်းဂန်း၊ ခြောက်လုံးပြူးသေနတ်နှင့် တစ်လုံးထိုး သေနတ်များ ဖြစ်သည်။

ထို့နောက် အဂ္ဂနှင့် မောလိတို့က တစ်လမ်းမှ ဝင်၍ ကျွန်ုပ်နှင့် ဗညားမော်တို့က အခြားတစ်လမ်းမှ လျှို့ဝှက်စွာ ဝင်ကြသည်။

“ကိုဗညား၊ ခင်ဗျား သေနတ်ကောင်းကောင်း ပစ်တတ်ရဲ့ မဟုတ်လား”

“ပစ်တတ်ပါတယ်၊ တက္ကသိုလ်မှာ နေကတည်းက သေနတ် ပစ်အသင်းမှာ ဆုတွေ ဘာတွေတောင်ရခဲ့တာ ဒီ အတွက်ဘာမှ မပူနဲ့ဗျို့”

ကျွန်ုပ်တို့ ဝင်သော လမ်းမှာ အနောက်မှ ဝင်သော လမ်းဖြစ်သည်။ ကျောက်သားဖြင့် ပြုလုပ်ထားသော အခန်းများမှာ ဖြတ်ကာ မြေအောက်သို့ ဆင်းသော ကျောက်လှေကားများအတိုင်း အောက်ဖက်သို့ တဖြည်းဖြည်း ဆင်းခဲ့သည်။

လမ်းတစ်လျှောက်လုံး အစောင့်တစ်ယောက်တစ်လေမှ မတွေ့ရပေ၊ ယက္ခကြီးတို့မှာ ရဲတိုက်အတွင်း၌ ၎င်းတို့အတွက် အနှောင့်အယှက် အန္တရာယ်ပေးမည့်သူ မရှိဟု ယူဆထားသောကြောင့် အစောင့်များ မထားဘဲ မြေအောက်အခန်းထဲသို့ ရောက်နေဟန်ရှိသည်။

မြေအောက်သို့ ဆင်းသော လှေကားထစ်များအတိုင်း တဖြည်းဖြည်း ဆင်းလာရာ မကြာမီ မြေအောက်ခန်းကို ကောင်း စွာ မြင်နိုင်သော နေရာသို့ ရောက်လာသဖြင့် အမှောင်ရိပ်မှ ကွယ်ကာ လှမ်းကြည့်လိုက်ရာ မီးဖိုကြီးတစ်ဖို အနီးရှိ ကျောက်ဖျာ တစ်ချပ်ပေါ်တွင် လူနှစ်ယောက်ကို ကြိုးများဖြင့် ချည်နှောင်ကာ ဖမ်းဆီးထားသည်ကို မြင်ရသည်။





တစ်ယောက်က အသက်ကြီးကြီး လူကြီးတစ်ဦးဖြစ်ကာ ကျန်တစ်တစ်ဦးက မိန်းမပျိုတစ်ဦးဖြစ်သည်။

ယက္ခကြီး၊ စက္ကနှင့် လူဆယ်ယောက်ခန့်က ၎င်းတို့ နှစ် ယောက်ကို ဝိုင်းထားသည်။ ကျွန်ုပ်တို့ရှိရာနှင့် မဝေးလှသည်က တစ်ကြောင်း၊ ညအချိန်တိတ်ဆိတ်ငြိမ်သက်လျက် ရှိသောကြောင့် ၎င်းတို့၏ စကားသံများကို ကောင်းစွာ ကြားနေရလေသည်။

“ခင်ဗျားတို့ အတော်ခေါင်းမာကြတာပဲ၊ ကျုပ်မေးတာကို ကောင်းကောင်း ဖြေစမ်းပါ။ ခင်ဗျားတို့ ဘယ်သူတွေလဲ ဘယ်က လာကြတာလဲ ပြောစမ်းပါ”

“ကျုပ်တို့သားအဖက နယ်လှည့်ပြီး ဆေးကုသပေးနေကြ တာပါ”

ဟုအဘိုးကြီးက တိုတိုတုတ်တုတ် ဖြေသည်။

“ဒါဖြင့် အသဲပုံတံဆိပ်ပါတဲ့ ရွှေဒင်္ဂါးတွေက ဘယ်ကရတာလဲ”

‘ဘယ်က ရွှေဒင်္ဂါးတွေလည်း ကျုပ်မသိရပါလား”

“ခင်ဗျား ညာတာ၊ သက်သက်ညာနေတာ၊ ခင်ဗျားဆီမှာ ဆေးလာကုတဲ့ လူတစ်ယောက်ကို ခင်ဗျားကတောင် ခရီး စရိတ်ပြန်ပေး လိုက်တာလေ မမှတ်မိတော့ဘူးလား၊ မမှတ်မိရင်လည်း မှတ်မိအောင် ပြရတာပေါ့”

ဟု ဆိုကာ ယက္ခကြီးက ၎င်းအင်္ကျီအိတ်အတွင်းမှ ရွှေဒင်္ဂါးပြား ...ချိုကို ထုတ်ပြလေသည်။

“ဒီမှာ မြင်လား၊ ခင်ဗျား လူတစ်ယောက်ကို ပေးလိုက်တဲ့ ရွှေဒင်္ဂါးတွေလေ ကျုပ်တို့က အဲဒီလူဆီက လုယူထားလိုက်တာ ခင်ဗျားဆီမှာ အဲဒီလို ရွှေဒင်္ဂါးတွေ ရှိသေးတယ် မဟုတ်လား၊ ပြောစမ်း”



www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ပါဘူးကွယ်၊ အဲဒီ ရွှေဒင်္ဂါးတွေက ရွာတစ်ရွာမှာ ဆေးကုပေးရင်းနဲ့ ရလာတာပါ။ ကျုပ်တို့မှာ မရှိတော့ပါဘူး"

"ဒီ ရွှေဒင်္ဂါးတွေကိုမြင်တော့၊ ကျုပ်ကြားဖူးတာတွေနဲ့ တစ်ထပ်တည်းတူနေတယ်၊ ဒီရွှေဒင်္ဂါးတွေက သီရိသိင်္ဂါမြို့မှာ သုံးတဲ့ ရွှေဒင်္ဂါးတွေဗျ သိရဲ့လား၊ အဲဒီမြို့မှာ အသည်းပုံတံဆိပ်ပါတဲ့ ရွှေဒင်္ဂါးတွေကိုပဲ သုံးကြတာတဲ့။ ခင်ဗျား သီရိသိင်္ဂါမြို့ကို သိတယ်၊ ရောက်ဖူးတယ် မဟုတ်လား"

"မသိပါဘူးကွယ်၊ သီရိသိင်္ဂါမြို့ဆိုတာ ကြားတောင် မကြားမိပါဘူး"

"ဒါ ခင်ဗျားသက်သက်လိမ်တာပဲ၊ သီရိသိင်္ဂါမြို့အကြောင်းကို ဒီနယ်တစ်ဝိုက်မှာ မသိတဲ့လူ မရှိဘူး၊ ခင်ဗျား မပြောချင်လည်း ရတယ်လေ၊ ကျုပ်မှာ ခင်ဗျားပြောအောင် လုပ်တဲ့နည်းတွေ ရှိပါတယ်" ဟုဆိုကာ ယက္ခကြီးက မီးပုံထဲမှာ ထိုးထည့်ထားသော သံချွန်တစ်ခုကို ဆွဲယူလာပြီး မိန်းကလေး မျက်နှာအနီးသို့ ကပ်ကာ"

"ဒီလောက်လှတဲ့ မျက်နှာလေးကို မီးပုတ်ထားတဲ့ သံချွန်နဲ့ ထိုးဖောက်ရမှာတော့ နှမြောစရာပဲ၊ ခင်ဗျားတို့မှာ ရွှေတွေ ရှိတယ် မဟုတ်လား၊ မပြောဘူးလား၊ ပြောမလား"

"ကျုပ်တို့မှာ တကယ် မရှိလို့ မပြောတာပါကွယ်၊ မောင်တို့ နှိပ်စက်ရင်လည်း ခံရမှာပေါ့"

"ဒီအဘိုးကြီး ကောင်းကောင်းမေးနေလို့ မရဘူး၊ ဒီလောက်ခေါင်းမာလှတာ သိရောပေါ့"

ဟု ဆိုကာ ယက္ခကြီးက မိန်းကလေး၏ ဆံပင်ကို နောက်မှ ဆွဲလိုက်သောအခါ ခေါင်းမော့လာသည်နှင့် သံချွန်နှင့် မျက်လုံးကို





ထိုးဖောက်ရန် ချိန်ရွယ်လိုက်သည်။

မြင်ကွင်းကို ကောင်းစွာမြင်နေရသော ကျွန်ုပ်ပင်လျှင် သေနတ်ကို ကောက်ယူပြီး ပစ်ရန် ချိန်လိုက်သည်။

ထိုစဉ်မှာပင်

"ဝုစ်"

"ဒုတ်"

"အား .."

ယက္ခကြီး၏ ကျောပြင်တွင် မြားတန်တစ်ချောင်း လာရောက်စိုက်ဝင်ပြီးနောက် မချိမဆံ့အော်ကာ ရှေ့သို့ မှောက်ကာ လဲကျသွားလေသည်။

"ရန်သူဟေ့၊ ရန်သူ .."

စက္ကတို့က အော်ဟစ်ရင်း လက်နက်များကို ဆွဲကာ မြားလာရာလမ်းသို့ တက်ရန် ပြင်လိုက်စဉ် ကျွန်ုပ်တို့နှစ်ယောက်မှာ သေနတ်များဖြင့် တက်ညီလက်ညီ ပစ်လိုက်ကြသည်။

"ဒိုင်း"

"ဒိုင်း"

လူဆိုးနှစ်ယောက် လဲကျသွားသည်။

တစ်ဘက်မှ အဂ္ဂပစ်လိုက်သော မြားတံများကလည်း အသံတိတ်ကျည်ဆန်များပမာ ရန်သူများကို အထိနာစေသည်။

မြေအောက်ခန်းအတွင်းမှ ရန်သူများမှာ တိုင်ကွယ်များသို့ ပြေးကပ်ကာ သေနတ်များဖြင့် ပြန်လည်ပစ်ခတ်ကြသည်။

အတွင်းမှ သေနတ်သံများ ကြားသောအခါ အပြင်မှ အစောင့်



www.burmeseclassic.com

www.burmeseclassic.com



အချို့ကလည်း ပြေးဝင်လာသောကြောင့် ကျွန်ုပ်တို့ နှစ်ယောက်မှာ တက်ညီလက်ညီ ပစ်ရပြန်သည်။

ဗညားမော်မှာ သေနတ်ပစ်ကောင်းသူတစ်ဦးဖြစ်သဖြင့် တစ်ချက် တစ်ယောက်လောက်ကို ထိအောင်ပစ်နိုင်လေသည်။

"ကိုဗညား ခင်ဗျား ဒီကနေ ထိန်းပြီး ပစ်ပေးထား၊ ကျုပ် မြေအောက်ခန်းထဲ ဆင်းပြီး၊ ဆေးဆရာကြီး သားအဖကို သွား ကယ်လိုက်မယ်"

"ရတယ် သွားပေတော့"

ဗညားမော်က မြေအောက်ခန်းထဲမှာ ကျန်နေသော ရန်သူများကို ခေါင်းမဖော်နိုင်အောင် စတင်းဂန်းသေနတ်ဖြင့် ပစ်ပေးထားစဉ် ကျွန်ုပ်က လှေကားထစ်များအတိုင်း အောက်သို့ လိမ့်ချသွားသည်။ ကြမ်းပြင်သို့ ရောက်သောအခါ ရန်သူ တစ်ယောက်နှစ်ယောက်ကို ရှင်းပြီး ဆေးဆရာကြီး သားအဖတို့အား ကြိုးများ ဖြေပေးလိုက်သည်။ ရန်သူ အချို့ကတော့ သေနတ်သံမကြားရသော အပေါက်မှ အပေါ်ပြန်တက်ရန် ကြိုး စားနေကြသည်။ သို့သော် အဂ္ဂ၏ အဆိပ်လူးမြားချက်များကြောင့် တက်မရဘဲ ရှိနေကြသည်။ ကျွန်ုပ်သည် ထိုအခွင့်ကောင်းကို ယူကာ ဆေးဆရာကြီး သားအဖတို့ကို အပေါ်သို့ ခေါ်တင်နိုင်လေသည်။

အပေါ်မှာလည်း သေနတ်ကိုင်ထားသော ရန်သူအချို့ကို အစေ ဟာဒယလူမျိုးများက ပြန်လည်တိုက်ခိုက်နေကြသည်။ ထို့နောက် ကျွန်ုပ် တို့သည် ရန်သူများကို တိုက်ခိုက်ရင်း အပြင်သို့ ထွက်နိုင်ခဲ့ကြသည်။

ထွက်ပေါက်သို့ ရောက်ခါမှ အဂ္ဂတို့ နှစ်ယောက်ကို ပြန်စောင့်ကြ သည်။





မကြာမီ အဂ္ဂတစ်ဦးတည်း ရောက်လာသည်။

မောလိကတော့ မပါလာတော့ပေ ..၊

ကျွန်ုပ်တို့လည်း လူစုံသည်နှင့် ရဲတိုက်ကြီးနှင့် ဝေးရာသို့ ပြေးခဲ့ကြ တော့သည်။

ကျွန်ုပ်တို့အတွက် ကယ်တင်ရှင် မောလိတစ်ယောက်ကတော့ ရဲတိုက်ကြီးအတွင်းမှာ အသက်စွန့်ကာ ကျန်ရစ်ခဲ့ လေပြီ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

## သူရဲကောင်း အဂ္ဂနှင့် လမ်းခွဲရခြင်း

ကျွန်ုပ်၊ ဗညားမော်၊ အဂ္ဂနှင့် ဆေးဆရာကြီးသားအဖတို့မှာ ထိုညတွင်းချင်းမှာပင် ရဲတိုက်ကြီးနှင့် ဝေးရာသို့ ပြေးခဲ့ကြသည်။ ထိုသို့ ပြေးရာတွင် တောလမ်းများကို အသုံးပြုကာ လျှို့ဝှက်စွာ ပြေးခဲ့ကြခြင်း ဖြစ်၏။

ထိုသို့ ပြေးကြရာတွင် လမ်း၌ မနားဝံ့ကြဘဲ၊ မိုးမလင်းခင် ဆေးဆရာကြီးတို့ တည်းခိုသော ဘုရားရှိခိုးကျောင်းကြီးသို့ ရောက်နိုင်ရန်သာ အရေး ကြီးလှပေသည်။ စောစောပိုင်းကတော့ ဇောဖြင့် ပြေးခဲ့ကြသော်လည်း အတန်ကြာသောအခါ ကျွန်ုပ်တို့ သုံးယောက်မှာ မထောင်းတာလှသော်လည်း ဆေးဆရာကြီးတို့သားအဖ နှစ်ယောက်မှာ ဆက်မပြေးနိုင်လောက်အောင် မောပန်းလျက်ရှိသည်။

အဘယ့်ကြောင့်ဆိုလျှင် ယက္ခကြီးတို့ ၎င်းတို့အား အစာမကျွေးဘဲ နှိပ်စက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ သို့ကြောင့် ကျွန်ုပ်တို့တွင် ပါလာသော အစား အစာအချို့ကို ကျွေး၍သော်လည်းကောင်း၊ ၎င်းတို့တွင် ပါလာသော မချစ်ဥနှင့် ပျားရည်နှင့် စိမ်ထားသော ဆေးများကို စား၍ သော်လည်းကောင်း ပြုလုပ်လိုက်မှ အတန်အသင့် အားပြည့်လာကြသည်။ သို့သော် အစားအစာ ချို့တဲ့ဒဏ်၊ အိပ်ရေးပျက်ခဲ့သည့် ဒဏ်များကြောင့် ကောင်းစွာ လမ်းမလျှောက်နိုင်ကြသေးပေ။ ထို့ကြောင့် ရှေ့ဆက်





သွားသော ခရီးတွင် ကျွန်ုပ်က ဆေးဆရာကြီးအား တွဲ၍သော်လည်း ကောင်း၊ ဗညားမော်က မာယာဆိုသော မိန်းကလေးကိုသော်လည်း ကောင်း တွဲကာ ခရီးဆက်ကြရသည်။

နံနက်လင်းစတွင် ကျွန်ုပ်တို့သည် အလွန်ထူထပ်သော တောအုပ်ကြီးတစ်ခုအတွင်းသို့ ရောက်နေကြသည်။

တောအုပ်ကြီးမှာ သစ်ပင်ကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ပေါက်ရောက်နေသောကြောင့် လူတစ်ယောက်ပင် ခက်ခက်ခဲခဲ သွားကြရာ ဆူးချွန် ဆူးခက်၊ သစ်ကိုင်းများ၏ ထိုးနှက်မှုကြောင့် ကျွန်ုပ်တို့ အဝတ်အစားများမှာ စုတ်ပြတ် ကုန်လေသည်။

တောနက်လှသောကြောင့် မျောက်အော်သံ၊ ဆတ်တစ်သံ၊ မြွေတွန်သံ၊ ကျားဟိန်းသံ၊ ကျားသစ်ဟောက်သံ၊ ဆင်အော်သံများကို ကြားရသည်။ လမ်းတွင် သားကောင်များ၊ သားရဲ တိရစ္ဆာန်များနှင့် ရင်ဆိုင်တွေ့သော်လည်း ပစ်ခတ်ဖမ်းဆီးခြင်း မပြုကြပေ။ အဘယ့်ကြောင့်ဆို သော် ကျွန်ုပ်တို့တတွေသည်ပင် ရန်သူများ၏ လက်မှ သားကောင် ဘဝဖြင့် အသက်လုကာ ပြေးနေရသောကြောင့် ဖြစ်ပေသည်။

ထိုသို့ ပြေးလာရာ စမ်းချောင်းတစ်ခု အနီးသို့ ရောက်သောအခါ ခေတ္တနားကြသည်။ တသွင်သွင် စီးဆင်းနေသော စမ်းချောင်းရေနှင့် ထိတွေ့လိုက်သောအခါ မောပန်းနွမ်းနယ်မှုများ အတန်အဆင့် ပြေပျောက်သွားသည်။ ရေသောက်ရေချိုး ပြုလုပ်ပြီးနောက် ပါလာသော အစားအသောက်များကို ခွဲဝေ စားသောက်ကြလေသည်။

''ရှင့်နာမည် ဘယ်လိုခေါ်သလဲ၊ ကျွန်မတို့ကို အခုလို ရန်သူတွေ လက်က ကယ်တင်ခဲ့တဲ့အတွက် ရှင်တို့ကို ကျေးဇူး တင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် နာမည် ဗညားမော်လို့ ခေါ်ပါတယ်၊ အခုလို့ ကယ်တင်နိုင်တာ ကျွန်တော့်ကြောင့် မဟုတ်ပါဘူး၊ ကျွန်တော့် မိတ်ဆွေကိုဒိဗ္ဗကြောင့် သူက ဒီအဖွဲ့ရဲ့ ခေါင်းဆောင်ဆိုရင်လည်း မမှားပါဘူး"

"မာယာက မလှမ်းမကမ်းတွင်ရှိသော ကျွန်ုပ်ကို တစ်ချက်လှမ်းကြည့် အသိအမှတ်ပြုဟန်ဖြင့် ခေါင်းတစ်ချက် ညိတ်ပြ သည်။

"ဒါပေမယ့် တစ်လမ်းလုံး အပင်ပန်းခံပြီး ကျွန်မကို တွဲခေါ်လာခဲ့တာ ရှင့်ကိုတော့ ကျေးဇူးတင်ပါတယ်၊ ကျွန်မ နာမည်က မာယာလို့ ခေါ်ပါတယ်"

မာယာဆိုသော မိန်းမချောလေးမှာ ခရီးလမ်းတစ်လျှောက် လုံးတပူးတွဲတွဲ လာခဲ့ရသဖြင့် ဗညားမော်အပေါ် သံယောဇဉ် ငြိတွယ်သွားဟန်ရှိကြောင်း ၎င်း၏ မျက်လုံးအကြည့်နှင့် ပြောဟန် ဆိုဟန်များက သက်သေပြလျက်ရှိသည်။

ဗညားမော်မှာလည်း ခံ့ထည်လှပြီး ယောကျ်ား ပီသသူ တစ်ဦးဖြစ်သောကြောင့် အမျိုးသမီးအနေနှင့် စွဲမက်မည်ဆိုလျှင်လည်း အပြစ်မပြောသာပေ။ ၎င်းတို့ နှစ်ဦးမှာ ရှေ့သွား နောက်လိုက် ညီလှသူ နှစ်ဦးဖြစ်သည်ဟုတော့ ထင်မိလေသည်။

"အခု ကျွန်တော်တို့ ဘယ်ကို သွားကြမှာလဲ မာယာ"

"ကျွန်မတို့ နေခဲ့တဲ့ ဘုရားရှိခိုးကျောင်းကြီးကို သွားကြမှာ ထင်တယ်၊ အဲဒီနေရာမှာ ကျွန်မတို့အတွက် ပုန်းစရာ နေရာ တွေ အများကြီး ရှိပါတယ်"

ထိုသို့ ပြောဆိုနေစဉ် တောတွင်းတစ်နေရာမှ ခွေးဟောင် သံများကို ကြားလိုက်ရသည်။





ထိုအခါ အဂ္ဂက ...၊

"ကျွန်တော်တို့ သွားကြရအောင် အရှင်၊ ဟိုလူတွေ ခွေးတွေ ခေါ်ပြီး ကျွန်တော်တို့နောက်ကို လိုက်လာကြပြီနဲ့တူတယ်၊ ဒီကနေ အမြန် သွားမှ ဖြစ်မယ်"

ဟု ပြောသည်။

"ဘယ်လမ်းက သွားကြမလဲ"

"ဒီစမ်းချောင်းအတိုင်း ရေထဲက မျှောသွားမှ ဖြစ်မယ်"

ရေစိုနေတဲ့ လူကို ခွေးတွေ အနံ့ခံ မရဘူး"

သို့ကြောင့်ကျွန်ုပ်တို့အားလုံးမှာ ခြေရာလက်ရာများကို ပျောက်ဖျက်ကာ စမ်းချောင်းထဲ ဆင်း၍ ရေစီးအတိုင်း ဆင်းခဲ့ကြသည်။ ကျွန်ုပ်တို့အတွက် ကံကောင်းလှသည်မှာ စမ်းချောင်းမှာ မကျယ်လှသည့်အပြင် လူတစ်ယောက် နစ်မြုပ် သွားလောက်အောင်လည်း ရေစူး မနက်လှပေ၊

သို့ကြောင့် ခြေဖျားထောက်၍ သွားလို့ရသော နေရာများ တွင် ခြေဖျားထောက်သွားကာ၊ မမီသော နေရာများတွင် ကိုယ်ကို ဖော့ကာ အလိုက်သင့်ကူးသွားကြရသည်။ ထိုသို့ ကူးရာတွင် ဗညားမော်က ရေကူးမကျွမ်းကျင်သော မာယာကို တွဲ၍ ကူးရလေသည်။

နောက်ဆုံးတွင် ကျွန်ုပ်တို့တတွေမှာ ချောင်းထဲမှ တောင်ကုန်း ပေါ်တွင် ဆောက်လုပ်ထားသော ဘုရားရှိခိုးကျောင်းကြီး၏ မျှော်စင် ကြီးကို ရှုမ်းမြင်နိုင်သော နေရာသို့ ရောက်ခဲ့ကြသည်။

ထိုနေရာသို့ ရောက်သောအခါ ချောင်းထဲမှ တက်ကာ တောလမ်းများကို ဖြတ်ပြီး ဘုရားရှိခိုးကျောင်းကြီးရှိရာသို့ အလျင်အမြန် သွားကြလေ၏။ ထိုနေရာသို့ ရောက်သောအခါ အတွင်းသို့ ဝင်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်များကို ပိတ်လိုက်ကြသည်။

အတွင်းသို့ ရောက်သောအခါ ခေတ္တတာ့ လုံခြုံမှုရသွားပြီး အမောအပန်းဖြေကြရသည်။ ထို့နောက်တွင် ကျောက်လှေ ခါးပေါင်းများကို အသုံးပြုကာ မျှော်စင်ကြီး ထိပ်ပဖက်အခန်း သို့ ရောက်အောင် တက်ကြရပြန်သည်။

ကျောက်လှေကားများမှာ ဟောင်းနွမ်းလှပြီဖြစ်သော ကြောင့် အချို့နေရာများမှာ အက်ကွဲလျက်၊ အချို့နေရာများတွင် ပျက်စီးလျက် ရှိလေသည်။ အချို့နေရာများမှာတော့ ပြိုကျ လုဆဲဆဲ ကျောက်ပြား၊ ကျောက်တုံးကြီးများကို သစ်ပင်သစ် မြစ်ကြီး အချို့က ခံထားသော ကြောင့် ပြုတ်မကျဘဲ တည်းတည်းလေးသာ ကျန်တော့သည်ကို တွေ့ရသဖြင့် အပေါ်သို့ ရောက်ရန် အတော်ကြီး သတိထားကာ တက်ကြရသည်။

မကြာမီ ကျွန်ုပ်တို့ အဖွဲ့မှာ မျှော်စင်အထက်ရှိ အခန်းသို့ ရောက်သွားကြလေသည်။ ၎င်းအခန်းထဲမှာ ဆေးဆရာကြီးတို့ သားအဖ အပမ်းမခံရခင်က နေသွားခဲ့ဟန်ရှိသည်။ မီးဖိုများ၊ ပန်းကန် အိုးခွက်များ၊ စားနပ်ရိက္ခာများအပြင်၊ ဓားလှံနှင့် လေး နှင့်မြားများကိုပင် တွေ့ရသည်။

ကျွန်ုပ်တို့တစ်တွေမှာ မောပန်းလာသောကြောင့် ထိုနေရာသို့ ရောက်သည်နှင့် ဝမ်းပြည့်အောင် စားသောက်ပြီး ခေတ္တ နား ကြရင်းနှင့် တိုင်ပင်ဆွေးနွေးကြသည်။

"ကိုဒိဗ္ဗ ကျွန်တော်တို့ ဘယ်လို လုပ်ကြမလဲ ရှေ့ကို ခရီး ဆက်သွားကြမလား၊ ဒီမှာပဲ နားကြဦးမလား"

"ကျုပ်တို့ရဲ့ ခရီးစဉ်က ဆုံးသွားပြီ ကိုဗညားရဲ့"

"ဘာကြောင့်လဲဗျ"





"ဘာကြောင့်လဲဆိုတော့၊ ကျုပ်တို့ ခရီးထွက်လာတဲ့ ရည်ရွယ်ချက်က ဒီဆေးဆရာကြီးသားအဖနဲ့ တွေ့ဖို့ပဲ မဟုတ်လား၊ အခု သူတို့နဲ့တွေ့နေရပြီလေ ကျန်တာကတော့ သူတို့နဲ့ တိုင်ပင်ဆွေးနွေးပြီးမှ ဘာဆက်လုပ်ကြရမယ်ဆိုတာ စဉ်းစားရမှာဗျ"

ဟု ပြောလိုက်သောအခါ ဆေးဆရာကြီးက အဂ္ဂကို မှတ်မိဟန်ဖြင့် တစ်ချက်လှမ်းကြည့်ကာ "သူတို့က ဘယ်သူတွေ လဲ"ဟု လှမ်းမေး လိုက်သည်။

ထိုအခါ အဂ္ဂက ..၊

"ဒါက ဆရာကြီး တွေ့ချင်တဲ့ ဟာဒယလူမျိုးတွေရဲ့ ခေါင်းဆောင် အရှင်ဒိဗ္ဗဖြစ်ပါတယ် ဆရာကြီး"

ထိုအခါမှ ဆေးဆရာကြီးက ကျွန်ုပ်အား ဟာဒယလူမျိုးတို့၏ ဓလေ့ထုံးစံ သင်္ကေတများဖြင့် အရိုအသေ ပေးလေရာ ကျွန်ုပ်ကလည်း ပြန်၍ အရိုအသေ ပေးလိုက်သည်။

"ကျုပ်တို့ ဟာဒယလူမျိုး ခေါင်းဆောင်ချင်း၊ အခုလို အန္တရာယ်တွေကြားမှာ မမျှော်လင့်ဘဲ တွေ့ကြရတာ ဝမ်းမြောက် လှပါတယ်"

"ကျုပ်ကလည်း ဆရာကြီးတို့ကို အခုလို ကယ်တင်ခွင့်ရတာ အထူးပဲ ဝမ်းမြောက်ဝမ်းသာ ရှိလှပါတယ်"

ဟု ပြောဆိုနေကြစဉ် ဘုရားရှိခိုးကျောင်းကြီး အောက်ဖက်ဆီမှ ခွေးဟောင်သံများကို ကြားလိုက်ရသဖြင့် စကားစရပ်ကာ ပြတင်း ပေါက်မှ ငုံ့ကြည့်လိုက်သောအခါ စက္ကခေါင်းဆောင်သော လူဆိုးအဖွဲ့များ ရောက်လာကြသည်ကို လှမ်းမြင်ရသည်။

အားလုံး (၁၅)ယောက်ခန့်ရှိပြီး၊ သေနတ်နှင့် ဓားလှံလက်နက်များ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဆောင်ထားကြသည်။

"ဟိုလူတွေတော့ ဘယ်လို လုပ်ကြမလဲ"

ဟု ဆေးဆရာကြီးက မေးသည်။

"အခု ဒီပေါ်မှာ ပြေးစရာမှ မြေမရှိတာ၊ သူသေကိုယ်သေ ပြန်တိုက်ရုံကလွဲပြီး အခြားရွေးစရာ မရှိတော့ပါဘူး၊ ဆရာကြီးတို့ ဘာမှ စိတ်မပူပါနဲ့၊ ကျုပ်တို့ အစွမ်းကုန်ခုခံ တိုက်ခိုက်ပေးပါ့မယ်"

"ဟာ ခင်ဗျားတို့ချည်း ဘယ်ဖြစ်ပါ့မလဲ ကျုပ်တို့ သားအဖ နှစ်ယောက်လည်း တိုက်ခိုက်နိုင်ပါသေးတယ်၊ ဘယ်လိုတိုက် ခိုက်ရမယ်ဆိုတာကိုသာ ပြောပြပါ"

ဟု ဆေးဆရာကြီးက စိတ်အားထက်သန်စွာ ပြောလေသည်။ ကျွန်ုပ်တို့ဘက်မှ လူအားနည်းသော်လည်း အပေါ်စီးမှ ရောက်နေသောကြောင့် တစ်ပန်းသာသည်ဟု ဆိုရပေမည်။

ရန်သူများမှာ အပေါ်သို့ ရောက်ရန် တက်လမ်းတစ်လမ်းကိုသာ အသုံးပြုရမည်ဖြစ်ရာ ထိုလမ်းမှ တက်လာပါက ကျွန်ုပ်တို့က မိမိတို့မှာ ရှိသော လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက် ရုံသာ၊

အောက်ဘက်တွင် ရောက်နေသော ခွေးများက အပေါ်သို့ ကြည့် ကာ စူးစူးဝါးဝါး ဟောင်နေကြစဉ် လူဆိုးများက မည်သို့ မည်ပုံ လုပ်ကြမည်ကို တိုင်ပင်နေကြသည်။

ခဏကြာသောအခါ လှေကားထစ်များအတိုင်းခွေးများပြေး တက်လာသည်ကို လှမ်းမြင်ရသည်။ ခွေးများမှာ အမဲလိုက် ခွေးကြီးများဖြစ်ပြီး အရုပ်အမောင်းသန်မာကာ ကြောက်စရာ ကောင်းလှသည်။

အဂ္ဂက ခွေးများ အပေါ်ရောက်လာလျှင် အဆိပ်လူးမြား ဖြင့် ပစ်ချရန်





ပြင်နေသည်။

မကြာမီ ခွေးကြီးများက အပေါ်ဆင့် လှေကားသို့ ရောက်လာသော အခါ ဆေးဆရာကြီးက အိတ်ထဲမှ ပုလင်းတစ်လုံးကို ထုတ်ယူကာ ဆေးမှုန့်များကို ခွေးများအပေါ်သို့ ဖြူးချလိုက်သည်။ ဆေးမှုန့်နှင့် ထိလိုက်သော ခွေးကြီးများမှာ ငယ်သံပါအောင် အော်ဟစ်ကာ အောက်သို့ ပြန်ဆင်းပြေးကြလေသည်။ အောက်ဘက်မှ တက်လာသော လူဆိုးများက တားဆီးသော်လည်း ဘယ်လိုမှ မရတော့ဘဲ ၎င်းတို့ကိုပင် မာန်ဖီ ကိုက်ခဲကာ အောက်သို့ ဒရောသောပါး ပြေးဆင်းသွားလေ တော့သည်။

"ဟား ..ဆရာကြီးရဲ့ ဆေးက အစွမ်းထက်လှချည်းလား၊ ဘာဆေးလဲဗျ"

"ဒါ ကျားရိုးကျားစွယ်တွေကို အမှုန့်ပြုလုပ်ထားတာပဲ၊ ရောဂါ အတွက်လည်း ဆေးဖက်ဝင်တယ်၊ ကျားရဲ့ အနံ့ အသက်ရရင် ဘယ်လောက်ကြမ်းတဲ့ ခွေးဖြစ်ဖြစ် အမြီးကုပ် ပြီး ပြေးတာပဲ"

ဟု ဆရာကြီးက ပြောပြသည်။

မကြာမီ အောက်ဖက်မှ ပြေးတက်လာသံများ ကြားရသည်။ ကျွန်ုပ် တို့သည် အပေါ်တွင်ရှိသော ကျောက်တုံး ကျောက်ခဲများထဲမှ အကြီးဆုံး ကျောက်တုံးကျောက်ခဲများကို အပေါ်မှ လှိမ့်ချသော်လည်း မထိရောက် လှပေ၊ ၎င်းတို့က သေနတ်များပါသောကြောင့် သေနတ်များဖြင့် ပစ်ခတ် ကာ တက်လာကြခြင်းဖြစ်၏။

ရှေ့ဆုံးမှ စက္ကက ခေါင်းဆောင်ပြီး တက်လာသည်။

လှေကား တစ်ဆစ်ချိုးသို့ ရောက်သောအခါ အဂ္ဂရယ် ရုတ်တရက် ထပြီး အဆိပ်လူးမြားဖြင့် ပစ်ရာ စက္ကကို တည့်မတ်စွာ မှန်ပြီး နေရာသို့



www.burmeseclassic.com

www.burmeseclassic.com



လန်ကျသွားသည်ကို လှမ်းမြင်ရသည်။ နောက်တစ်ကြိမ် ပစ်ရန် ထလိုက်စဉ် အောက်ဖက်မှ ပစ်လိုက်သော ကျည်ဆန် တစ်တောင့်က သူ့အား ထိမှန်ကာ လဲကျသွားသည်ကို လှမ်းမြင်ရသည်။

"အဂ္ဂ"

ကျွန်ုပ်က အော်ရင်း သူ့အနီးသို့ ပြေးသွားသည်။

အနီးသို့ ရောက်သောအခါ အဂ္ဂက ..။

"ရတယ် အရှင် ဒီကောင်တွေ အပေါ်မတက်နိုင်အောင် သေနတ်နဲ့ ပစ်ပေးထား၊ ကျွန်တော်တို့ တစ်ခုခု လုပ်မှ ရတော့မယ်"

"မင်း ဘာလုပ်မှာလဲ အဂ္ဂ"

"ကျွန်တော့်အတွက်မပူနဲ့ ဟောဟိုမှာ အစုလိုက်တက်လာ နေကြပြီး ပစ်တော့ အရှင်"

ကျွန်ုပ်က သေနတ်နှင့်ချိန်ကာ ပစ်လိုက်ရာ အောက်က လူများက လည်း ပြန်ပစ်ကြလေသည်။

ထိုအခိုက်မှာပင် အဂ္ဂသည် ရဲဒင်းကြီးတစ်လက်ကို ကောက်ယူကာ ကျောက်ပြားချပ်ကြီးများအား ထမ်းထားသော သစ်ပင်ရှိရာသို့ ပြေးသွားလေသည်။

ထိုနေရာသို့ ရောက်လျှင် ကျောက်ပြားချပ်ကြီးများအား ကျားကန်ထားသလို ဖြစ်နေသော သစ်ပင်များကို လျင်မြန်စွာ ခုတ်လေသည်။ ထိုကျောက်ပြားကြီးများမှာ လေးလန်လှပြီး ရန်သူများတက်လာရာ အပေါ်တည့်တည့်တွင် ရှိပေသည်။

ကျွန်ုပ်က အဂ္ဂ၏ အကြံကို ရိပ်မိသောကြောင့်၊

"အဂ္ဂမလုပ်နဲ့ မလုပ်နဲ့ ကျောက်ပြားတွေ ကျလာရင် မင်းပါ ပါသွား





လိမ့်မယ် ဒီကို ပြန်လာခဲ့"

ကျွန်ုပ်အော်သော်လည်း မရတော့ပေ ။

အဂ္ဂသည် ဒဏ်ရာရထားသည့်ကြားမှ အားတင်းကာ လျင်မြန်သွက်လက်စွာ ခုတ်သောကြောင့် မကြာခင် သစ်ပင်သုံးပင် ပြတ်သွားလေသည်။

အောက်မှ တက်လာသော ရန်သူများက လှေကားထောင့်ချိုးကွေ့နေရာတွင် ရောက်နေသောကြောင့် အပေါ်တွင် ဘာလုပ်နေသည်ကို မမြင်နိုင်ကြပေ။

ထို့ကြောင့် ရှေ့သို့ ဆက်တက်လာကြသည်။

အချိန်အနည်းငယ်အတွင်း ရဲဒင်းခုတ်ချက်ကြောင့်သော် လည်းကောင်း၊ အပေါ်မှ ကျောက်ပြားအလေးချိန်ကြောင့်သော်လည်း သစ်ပင်မှာ တဖျစ်ဖျစ်အသံမြည်ကာ ညွတ်ကိုင်းစ ပြုလာလေပြီ ..၊

ထိုအချိန်တွင် မမျှော်လင့်သော ဖြစ်ရပ်က ပေါ်လာသည်။

အဂ္ဂလက်ထဲမှ ရဲဒင်ကြီးသည် လက်အံသေလာသောကြောင့် လက်မှ လွတ်ကာ အောက်သို့ ပြုတ်ကျသွားတော့သည်။

ကျွန်ုပ်တို့အတွက် မျှော်လင့်ချက် မရှိတော့သလို ဖြစ်သွား သည်။ အောက်မှ တက်လာသော ရန်သူများမှာ တစ်ဆစ်ချိုး အကွေ့သို့ ရောက်ကာ အလယ်သို့ ရောက်လာတော့သည်။

ထိုအခြေအနေတွင် အဂ္ဂသည် သူ့ရဲကောင်းစိတ်ဓာတ်ဖြင့် မမျှော်လင့်သော အလုပ်ကို လုပ်လေတော့သည်။

သူသည် အပေါ်ဆင့်သို့ တက်သွားပြီး သစ်ပင်ပေါ်တင်နေသော ကျောက်ပြားကြီးများ အပေါ်သို့ အားစိုက်၍ ခုန်ချလိုက် လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဝုန်း"

"ဖြောင်း ဖြောင်း"

"ဝုန်း ဝုန်း ဂလုံး ဒိုး ဒိုး"

"အား အား အား"

ကျွန်ုပ်၏ အာမေဋိတ်သံ၊

ကျောက်ပြားပေါ်သို့ ကျသွားသံ၊

သစ်ကိုင်းကျိုးကျသံ၊

ကျောက်တုံး ကျောက်ပြားကြီးများ ပြုတ်ကျသံ၊

အောက်ဖက်မှ လူများ၏ ထိတ်လန့်တကြား အော်ဟစ်သံများမှာ ဘုရားရှိခိုးကျောင်းကြီးအတွင်းမှာ ပဲ့တင်ထပ်သွားတော့သည်။ ဖုံလုံးကြီးများမှာ တစ်ခန်းလုံး ပြည့်နေပြီး ဖုံးချထားသည့် မြင်ကွင်းသဖွယ် ဖြစ်နေသည်။

ကျွန်ုပ်လှမ်းကြည့်လိုက်သောအခါ ဖုံလုံးကြီးများကြားဝယ် လှေကားတစ်လျှောက်လုံး ကျောက်တုံး ကျောက်ခဲကြီးမှာ နေရာ လပ်မရှိအောင် ပြည့်နေတော့သည်။

အောက်တွင် ခံနေသော အခြားသစ်ပင်များမှာလည်း အပေါ်မှ ဆင့်ကာဆင့်ကာ ပြိုကျလာသော အလေးချိန်ကြောင့် ကျိုးပဲ့ပြိုကျ လျက် စီးကုန်တော့သည်။

ဖုံများ အတန်ငယ် လင်းသွားသောအခါ ကျောက်တုံး ကျောက်ပြားများအောက်ဝယ် သက်ရှိလူတစ်ယောက်မှ လှုပ်ရှားမှု မတွေ့ရတော့ပေ။ ကျွန်ုပ်တို့တစ်တွေ သည် အခြေအနေ ငြိမ်သက်သွားသောအခါ အောက်သို့





ခက်ခက်ခဲခဲ ဆင်းကာ အဂ္ဂကို ရှာဖွေကြရာ ကျောက်ပြားကြီးတစ်ချပ်အောက်၌ အသက်ပျောက်နေပြီဖြစ်သော အဂ္ဂ၏ အလောင်းကို စိတ်မကောင်းစွာ တွေ့မြင်ရလေသည်။

ကျွန်ုပ်သည် အားလုံးအတွက် အသက်စွန့်ကာ တိုက်ခိုက်ပေးခဲ့ သော အဂ္ဂအလောင်းအား ဟဒယလူမျိုးတို့၏ အမြင့်ဆုံး အရိုအသေပြု ခြင်းဖြင့် အရိုအသေ ပြုလိုက်သည်။

"မင်းဟာ သူရဲကောင်းတစ်ဦးဖြစ်ပါတယ်၊ တို့အားလုံးရဲ့ အသက်ကို မင်းရဲ့ အသက်နဲ့လဲပြီး ကာကွယ်ပေးခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်၊ မင်း ကောင်းရာသုဂတိ ဘုံဘဝကို ရောက်နိုင်ပါစေလို့ တို့တစ်တွေ ဆုတောင်းပေးလိုက်ပါတယ်"

ကျွန်ုပ်က အဂ္ဂအလောင်းပေါ်သို့ ကျောက်တုံးကျောက်ခဲများ တင်ကာ ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်သည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)
## သီရိသိင်္ဂီသို့ ခရီးအစ

ကျွန်ုပ်တို့သည် အခြေအနေများအားလုံး ပြီးစီးသွားသော အခါ လောလောဆယ် အခြေအနေအရ ခရီးဆက်ရန် မဖြစ် နိုင်သောကြောင့် မျှော်စင်ပေါ်မှ အခန်းထဲမှာပင် တစ်ည ဆက် ၍ တည်းခိုနေထိုင်ရင်း အနားယူကြသည်။

အားလုံးကတော့ အဂ္ဂအတွက် စိတ်မကောင်းဖြစ်နေကြရုံ မက သတိတရ ဖြစ်နေကြသည်။

BURMESE CLASSIC .com

ဆေးဆရာကြီးက ..၊

"သူဟာ သူ့မိန်းမ နေမကောင်းလို့ဆိုပြီး ကျုပ်ဆီကို ရောက်လာကတည်းက သူဟာ သစ္စာရှိတဲ့ ဟာဒယလူမျိုးတစ်ဦးဆိုတာ ရိပ်မိခဲ့တယ်။ ဒါကြောင့် ဟာဒယ လူမျိုးတို့ရဲ့ ခေါင်းဆောင်တစ်ယောက်နဲ့ တွေ့ဖို့ သူ့ကို လွှတ်လိုက်တာပဲ"

ဟု ပြောပြသည်။

"ဟုတ်တယ် သူ ကျုပ်ဆီရောက်ဖို့ ခရီးအဝေးကြီးကို ပင်ပင်ပန်းပန်း ကျော်ဖြတ်လာခဲ့ရတယ်၊ သူ့တာဝန်ကို သူ ကျေပွန်အောင် ဆောင်ရွက်သွားခဲ့တယ်၊ အခုတော့ သူ မရှိတော့ဘူး"

"ကျုပ်တို့လည်း ဒီအတွက် စိတ်မကောင်းပါဘူး၊ ကိုင်း ကျုပ်တို့ အစီအစဉ်တွေ တိုင်ပင်ကြရအောင်"

ဟု ဆေးဆရာကြီးက ပြောသည်။





ကျွန်ုပ်နှင့် ဆေးဆရာကြီးတို့မှာ ဟာဒယခေါင်းဆောင်များသာ ဆက်သွယ်အသုံးပြုလေ့ရှိသော အချက်ပြနည်းများဖြင့် အချက်ပြကြ သည်။

လျှို့ဝှက်နည်း အဆင့်ဆင့်ကို အသုံးပြုကြရာ တစ်ဦးနှင့် တစ်ဦး အမှားအယွင်း မရှိကြပေ ..၊

ထို့နောက် ဆေးဆရာကြီးက ..၊

"ဒါက ကျုပ်သမီး မာယာဖြစ်ပါတယ်၊ သူက ကျုပ်တို့ လျှို့ဝှက်ကိစ္စအတွက် စိတ်ချရပါတယ်၊ သူက ဘယ်သူလဲ"

ဟု ဗညားမော်အား ကြည့်၍ မေးလေသည်။

"ဒါက ကျုပ်ရဲ့ အရင်းနှီး အခင်မင်ရဆုံး မိတ်ဆွေ ဖြစ်ပါတယ်၊ သူ့အတွက် မပူပါနဲ့၊ အစစအရာရာ စိတ်ချရပါတယ်၊ ကျုပ်က ခင်ဗျားတွေ့ချင်နေတဲ့ ဟာဒယလူမျိုးတွေရဲ့ ခေါင်းဆောင် ဒိဗ္ဗဖြစ်ပါတယ်"

"သက်သေခံ ပစ္စည်းပါ့သလား"

"ကျုပ်ဆီမှာ ပါပါတယ်၊ ခင်ဗျားတို့ဆီက ပစ္စည်းရော ရှိတယ် မဟုတ်လား"

"ရှိပါတယ်၊ အခုပဲ ပြပါမယ်"

ဟုဆိုကာ ဆေးဆရာကြီးက ၎င်း သမီးဖြစ်သူ မာယာကို လှမ်းခေါ်ပြီးနောက် ပစ္စည်းကို တောင်းလေရာ မာယာက ၎င်း၏ ဆံပင်များကြားတွင် အသေအချာ ဝှက်ထားသော ဟာဒယစိန်ကြီးကို ထုတ်ပြလေသည်။

ကျွန်ုပ်ကလည်း လည်ပင်းတွင် ဆွဲထားသော စိန်ကြီးအား ချွတ်၍ ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငုံးစိန့်ကြီးနှစ်ခြမ်းတို့ကို ပေါင်းစပ်ကြည့်လိုက်သောအခါ တစ်သားတည်း ဖြစ်သွားပြီးနောက် ဟာဒယစိန်ကြီးမှာ ပြည့်စုံသွားလေတော့သည်။

ထိုအခါ ဆေးဆရာကြီးက စိန်ကြီးကို ကြည့်ရင်း ...၊

"ကျွန်ုပ်တို့ အနှစ်နှစ် အလလက မျှော်လင့်တောင့်တခဲ့သော အရာကား ယခုအခါ ပြည့်စုံခဲ့လေပြီ၊ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များလည်း မကြာခင် ပြည့်စုံမှု ရှိပါစေသတည်း"

ဟု ရေရွတ်လိုက်လေတော့သည်။

အရှင်ဒိဗ္ဗ ကျွန်ုပ်တို့ မျှော်လင့်ခဲ့သော နေ့နှင့်ညမှာ ယခုအခါ ပေါင်းဆုံခဲ့လေပြီ၊ မကြာမီ နေ့သစ်တစ်ခု ထွန်းလင်းတော့မည်မှာ မုချဖြစ်၏။

"နေ့သစ်ရဲ့ အလင်းရောင်တွေ ပေါ်လာရင် မကောင်းတဲ့ မှုန်ဆာတွေနဲ့ အမိုက်မှောင်တွေ ကင်းစင်ပပျောက်သွားလိမ့်မယ်၊ တို့ရဲ့ ရည်ရွယ်ချက်တွေလည်း ပြည့်ဝတော့မှာ မုချပဲ၊ ရော့ ဒီစိန်ကြီးတစ်ခြမ်းကို မင်းပြန် ယူထားပါ။ ဒီလို မြင့်မြတ်တဲ့ စိန်ကြီးနှစ်ခြမ်းက လူသေတွေနဲ့ ပြည့်နေတဲ့ မင်္ဂလာမရှိတဲ့ နေရာမှာ ဆုံကြရမှာ မဟုတ်ဘူး။ တို့ တစ်နေရာသွားကြရအောင်"

ဟု ဆိုကာ ကျွန်ုပ်တို့ လေးယောက်မှာ လိုအပ်သော လက်နက်ပစ္စည်းများကို ယူကာ အပျက်အစီးများကြားမှ ခက်ခက်ခဲခဲ အောက်သို့ ဆင်းခဲ့ကြသည်။

အောက်ဘက်တွင် ရန်သူများ စီးလာသော မြင်း အများအပြားကို တွေ့ရသဖြင့် ထိုအထဲမှ စိတ်ကြိုက် မြင်းလေးကောင်ကို ယူဆောင်ကာ ထိုအရပ်နှင့် ဝေးရာသို့ ခရီးဆက်ခဲ့ကြသည်။

ယခုအခါတွင် ခရီးလမ်းကို ဦးဆောင်သူမှာ ဆေးဆရာကြီး ပင်





ဖြစ်တော့သည်။

တစ်နေ့လုံး မနားမနေ ခရီးဆက်ခဲ့ကြပြီးနောက် တောင်ကြား တစ်ခုသို့ ရောက်သောအခါမှ နားရတော့သည်။

ထိုနေရာ ရောက်သောအခါ စမ်းချောင်းမှ ရေကို သောက်သုံးခြင်း၊ မီးဖိုတစ်ဖို ဖိုပြီး အစားအသောက်များကို စီစဉ်ချက် ပြုတ်စားသောက်ပြီး အမောအပန်း ဖြေကြရသည်။

ကျွန်ုပ် သတိထားမိသည်မှာ ခရီးလမ်းတစ်လျှောက်လုံး မာယာမှာ ဗညားမော်နှင့် တပူးပူးတွဲတွဲ ရှိနေခြင်းပင်၊ သူမ သည် ဗညားမော်အား နှစ်သက်သဘောကျနေပုံ ရှိပေသည်။

ဒါကို ကျွန်ုပ်က သတိပြုမိသလို ဆေးဆရာကြီးကလည်း ရိပ်မိဟန်တူသော်လည်း ကန့်ကွက်ဟန့်တားခြင်း မပြုပေ။

ထိုအခါ ဆေးဆရာကြီးက ကျွန်ုပ်အား လူးဆန်း၍ စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းများကို ဤသို့ ပြောပြလေသည်။

"အရှင်ဒိဗ္ဗ"

"ကျုပ်ကို ဒိဗ္ဗလို့ပဲ ခေါ်ပါ ဆရာကြီး"

"ကောင်းပါပြီ ..ဒိဗ္ဗနဲ့ ကျုပ်နဲ့က အခုအချိန်ကစပြီး ရင်း ရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောကြရမှာဆိုတော့ သိသင့်သိ ထိုက်တာ၊ မေးသင့်မေးထိုက်တာတွေကို မေးရ ပြောရတော့မှာပဲ"

"ပြောပါ ဆရာကြီး"

"ဒိဗ္ဗ သိရိသိင်္ဂါမြို့တော်အကြောင်းကို ကြားဖူးတယ် မဟုတ် လား"

"ကြားဖူးပါတယ် ဆရာကြီး"

"အဲဒီမြို့ကြီး တကယ်ရှိတယ်လို့ရော ယုံကြည်သလား"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ဖူး မတွေ့ဖူးသော်လည်း အဲဒီမြို့တော်ကြီး တကယ်ရှိနေတယ်လို့တော့ ထင်ပါတယ်"

ဆေးဆရာကြီးက တစ်ချက် ပြုံးသည်။

"တကယ်တော့ လူတွေ ကြားဖူးပြီး၊ မရောက်ဖူးတဲ့၊ လူတိုင်းရောက်ဖူးချင်ပြီး၊ လူတိုင်း မရောက်နိုင်တဲ့ သီရိသိဂီ မြို့တော်ကြီးဆိုတာ တကယ်ရှိတာပါ။ ကျုပ်တို့ကတော့ တခြား သူတွေ မဟုတ်ပါဘူး၊ ကျုပ်က သီရိသိဂီမြို့ရဲ့ အရှင်ဥတ္တမဖြစ်ပြီး၊ ဒါက ကျုပ်ရဲ့ သမီးတော် မာယာဖြစ်ပါတယ်"

ထိုစကားကြောင့် ကျွန်ုပ်တို့မှာ လွန်စွာ အံ့သြမှု ဖြစ်ကြရလေတော့သည်။

ဆေးဆရာကြီး အယောင်ဆောင်ထားသော သီရိသိဂီမြို့၏ အရှင်သခင် ဥတ္တမက ဤသို့ ဆက်ပြောပြသည်။

"ဒဏ္ဍာရီထဲမှာသာ ရှိတယ်လို့ ထင်ထားတဲ့ သီရိသိဂီမြို့တော် ဆိုတာ အလွန်ရှေးကျပြီး၊ လှပတဲ့ မြို့တော်တစ်ခု ဖြစ်ပါတယ်။ ဟိုးရှေးတုန်းကတော့ နယ်ပယ်တွေ အမြောက်အမြား ပိုင်ဆိုင်ပြီး ကြီးကျယ်ခမ်းနားတဲ့ မြို့တော်ပေါ့"

ကျွန်ုပ်တို့က စိတ်ဝင်စားစွာဖြင့် နားထောင်နေကြသည်။

"သီရိသိဂီမြို့ကို ရေတွေ ပတ်လည်ဝန်းရံနေတဲ့ ကန်ကျယ်ကြီးတစ်ကန်ရဲ့ အလယ်မှာရှိတဲ့ ကျွန်းတစ်ကျွန်းပေါ်မှာ တည်ထားတာပါ။ အရင်တုန်းကတော့ မြို့သူမြို့သားတွေက မြို့ထဲမှာ နေသူကနေ၊ ကုန်းပေါ်မှာ အလုပ်လုပ်ရင်း နေသူက နေကြနဲ့ပေါ့။ ကုန်းပေါ်မှာဆိုတော့ သီးပင်စားပင် တောင်ယာစိုက်သူကစိုက်၊ ရွှေငွေ ကျောက်သံ





ပတ္တမြား တူးသူက တူးနဲ့ပေါ့၊ အဲဒီလိုနဲ့ သီရိသိဂီမြို့မှာ အုပ်ချုပ်သူတွေ အဆက်ဆက် ပြောင်းသွားခဲ့တယ်"

"ဆက်ပြောပါဦး"

"တစ်နေ့တော့ နယ်ချဲ့မျက်နှာဖြူတွေက တဖြည်းဖြည်းနဲ့ ကျုပ်တို့နယ်ဘက်ကို ရောက်လာပြီး ရွှေငွေကျောက်သံ ပတ္တမြားတွေ အလွန်ပေါတဲ့ သီရိသိဂီမြို့ကြီးကို လိုက်ရှာနေ ပြီလို့ သတင်းကြားရတာနဲ့၊ အပြင်မှာ ကုန်းပေါ်မှာ အလုပ်တက်လုပ်နေသူတွေအားလုံးကို မြို့ထဲ အကုန်ပြန်ခေါ်ပြီး မြို့ တံခါးတွေကို အလုံပိတ်နေလိုက်ကြတယ်၊

ကျုပ်တို့မြို့ရဲ့ မျက်နှာပြင်က ရေမျက်နှာပြင်ထက် နိမ့်တယ် အဲဒါကို ပတ်ပတ်လည် တံတိုင်းခတ်ကာပြီး တံခါး ပေါက်တွေနဲ့ ထားတာ၊ ကန်ရေပြင်ဆိုတော့ ရေအတိုးအဆုတ်၊ ရေစီး ရေကြမ်း မရှိတော့ ဘာအန္တရာယ်မှ မရှိဘဲ နှစ်ပေါင်းများစွာ ကြာအောင် နေလို့ရခဲ့ကြတယ်"

"ဆက်ပြောပါဦး"

"မြို့တံခါးတွေ ပိတ်လိုက်တဲ့အခါ ကုန်းပေါ်က လှမ်းကြည့်ရင် ရေပြင်ကြီးကိုသာ တွေ့ရပြီး မြို့ကို လုံးဝ မမြင်နိုင်ဘူး၊ ဒါကြောင့် မျက်နှာဖြူတွေဟာ ဘယ်လိုပဲ ရှာရှာ ကျုပ်တို့မြို့ကို လုံးဝ ရှာမတွေ့ကြဘူး၊ နောက်တော့ သီရိသိဂီမြို့ဆိုတာ ဒဏ္ဍာရီထဲမှာပဲ ရှိတာပဲလို့ မှတ်ယူကြပြီး လက်လျှော့ ပြန်သွား ကြတယ်"

"အင်း စိတ်ဝင်စားစရာပဲ"

"အဲဒီ အချိန်ကစပြီး ကျုပ်တို့ဟာ မြို့တံခါးကြီးတွေကို လုံးဝမဖွင့်



www.burmeseclassic.com

www.burmeseclassic.com



တော့သလို မြို့ထဲက လူတွေကိုလည်း အပြင်ကို လုံးဝ ပေးမထွက်တော့ဘူး၊ နောက်တော့ ကျုပ်တို့မြို့မှာ ရောဂါဆိုး ကြီး ဝင်လိုက်တာ လူတွေ အတော် သေကုန်ပြီး မြို့ထဲမှာ မြို့သူ မြို့သား နည်းနည်းပဲ ကျန်တော့တယ်၊ နောက်ကြာတော့ အပြင်က လူကလည်း အတွင်းကို မရောက်၊ အတွင်းက လူတွေကလည်း အပြင်ကို မထွက်ရဘဲ မြို့ထဲမှာ ရှိတဲ့ လူချင်းပဲ ကြိုက်ကြိုက်မကြိုက်ကြိုက် လက်ထပ်ပေါင်းသင်းခွင့်ရတော့ လူဦးရေက တဖြည်းဖြည်း နည်းသထက် နည်းလာတယ်၊ မကြာခင်မှာ ဒီအတိုင်းသွားရင် တို့လူမျိုးတွေ မျိုးတုံးသွားမှာ သေချာတယ်"

"နောက်တော့ ဘယ်လို ဆက်လုပ်ကြသလဲ"

"ကျုပ်တို့မြို့မှာ ရှေးကအဆိုတစ်ခုရှိတယ်၊ တကယ်လို့ ကျုပ်ဆီမှာ ရှိတဲ့ စိန်ကြီးတစ်ခြမ်းနဲ့၊ ပျောက်ဆုံးနေတဲ့ စိန်ကြီး ပေါင်းပြီး သိရိသိဂ်မြို့ရဲ့ ဘုရားကျောင်းပလ္လင်ပေါ်မှာ တင်ပြီး ပူဇော်နိုင်ရင် သိရိသိဂ်မြို့ကြီးဟာ ရှေးယခင်ကလို လူဦးရေတွေ များလာပြီး စည်းကားလာမယ်လို့ ယုံကြည်ကြတယ်၊ ဒါကြောင့် ကျုပ် လက်ထက်ရောက်လာတော့ ပျောက်ဆုံးနေတဲ့ စိန်ကြီး တစ်ခြမ်း ကို မတွေ့တွေ့အောင် ပြန်ရှာဖို့ အမြဲ စိတ်ကူးခဲ့တယ် .."

"ဆက်ပြောပါဦး"

"တစ်နေ့တော့ ကျုပ် ထူးထူးဆန်းဆန်း အိပ်မက်တစ်ခု မက် တယ်"

"ဘယ်လို အိပ်မက်မျိုးလဲ"

"ဒီမြို့ကနေပြီး၊ ရှေးရှေးက ရှိခဲ့ဖူးတဲ့ လမ်းဟောင်းကြီးက ထွက်ပြီး၊ ယူနန်ပြည်ဘက်ကို သွားရင် ပျောက်ဆုံးနေတဲ့ စိန်ကြီးကို ပြန်တွေ့





မယ်လို့ အိပ်မက်မက်တယ်၊ အဲဒီ အိပ်မက်က တစ်ခါမဟုတ်ဖူး၊ နှစ်ရက်သုံး ရက် ဆက်မက်တာနဲ့ ကျုပ်လည်း ကိုယ်တိုင်စိန်ကြီးကို ထွက်ရှာဖို့ ဆုံးဖြတ်လိုက်တယ်"

"ဟုတ်ပါပြီ"

"ဒါနဲ့ပဲ ကျုပ်လည်း ဟဒယဂိုဏ်းဝင်ဖြစ်တဲ့ ပညာရှိတွေကို ခေါ်ပြီး အိပ်မက်အကြောင်းနဲ့ ကျုပ်ထွက်ရှာမယ့်အကြောင်းကို ပြောပြတော့ သဘောမကျကြဘူး၊ ဘာကြောင့်လဲဆိုတော့ မြို့ထဲကလူ ဘယ်သူဖြစ်ဖြစ် မြို့ပြင် မထွက်ရဘူးဆိုတဲ့ စည်းမျဉ်း ဥပဒေကြောင့်ပဲ"

"နောက်တော့ ဘယ်လိုဖြစ်သွားလဲ"

"နောက်တော့ ကျုပ်က ကတိတစ်ခုပေးခဲ့ရတယ်"

"ဘယ်လို ကတိမျိုးလဲ"

"သုံးနှစ်အတွင်း ပျောက်ဆုံးနေတဲ့ စိန်ကြီးကို တွေ့အောင် ရှာနိုင်ရင် မြို့ကို ပြန်လာခွင့်ရှိပြီး၊ သုံးနှစ်ပြည့်လို့မှ ရှာမတွေ့ ရင် ဘယ်သောအခါမှ သိရိသိဂ်မြို့ကို ပြန်မလာပါတော့ဘူးဆိုတဲ့ ကတိနဲ့ ဒီအကြောင်းတွေကို ဘယ်သူမှ မပြောပါဘူးဆိုတဲ့ ကတိသစ္စာဆိုပြီး သစ္စာရေ သောက်ခဲ့ရတယ်"

"ဆရာကြီးက ဒီကို ထွက်လာတော့ မြို့မှာ ဘယ်သူ ကျန်ရစ် ခဲ့သလဲ"

"ကျုပ်ရဲ့ တူတော်သူကို အုပ်ချုပ်မှုရာထူးတွေ လွှဲပေးခဲ့ရတယ်၊ တကယ်လို့ ကျုပ်ပြန်မလာနိုင်ရင် သူက အရှင်သခင် ဖြစ်မှာဘဲ"

"တကယ်လို့ ဆရာကြီး မြို့ကို ပြန်သွားတဲ့အခါ သူက လက်မခံရင် ဘယ်နှယ်လုပ်မလဲ"

"လက်ခံပါတယ် ဘာကြောင့်လဲဆိုတော့ သူက သမီးနဲ့ စေစပ်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး၊ သမီးအပေါ်မှာ အရှုံးအရှုံး စွဲလမ်းနေလို့ပါပဲ"

ထိုစကားကြောင့် ဗညားမော်မျက်နှာ အကြီးအကျယ် ပျက်သွားသည်ကို သတိပြုမိလိုက်သည်။

"နောက်ဆုံးတော့ ငါတို့ဟာ တူတော်မောင် သူရဇ္ဇကို အရှင်သခင်အဖြစ် အပ်နှံပြီး မြို့က ထွက်ခဲ့ကြတယ် ဆိုပါတော့၊ သူတို့ကတော့ တစ်ရက်ခရီးလောက်ရှိတဲ့ တောင်ကြား လမ်းအထိ လိုက်ပို့ပေးပြီး ပြန်သွားကြတယ်၊ သူတို့ စိတ်ထဲမှာတော့ ကျုပ်တို့ ဒီတစ်သက် စိန်ကြီးကို ဘယ်လိုမှ ရှာမတွေ့နိုင်ဘဲ ပြန်မလာတော့ဘူးလို့ ထင်ချင်ထင်ကြမှာပေါ့၊ ကျုပ် အကြောင်းကိုတော့ ပြောပြပြီးပြီ၊ ဒီဗွ အကြောင်းကိုလည်း ပြောပြပါဦး"

ဟု ဆိုသဖြင့် ကျွန်ုပ်က အလုံးစုံ ပြောပြလိုက်သည်။

"ခင်ဗျားကတော့ လူငယ်သလောက် အတော့်ကို အကြံအစည် ကြီးတာပဲကိုး၊ နယ်ချဲ့မျက်နှာဖြူတွေကို ဘယ်ပုံဘယ်နည်း တော်လှန်မယ်ဆိုတာလည်း ပြောပြပါဦး"

"ကျွန်တော့် ရည်ရွယ်ချက်အတိုင်း ရွှေငွေဘဏ္ဍာတွေ စုမိရင် ကျုပ်တို့ လူမျိုးတွေအားလုံး စုပြီး တော်လှန်ဖို့ရှိတယ်၊ အစုခင်ဗျားနဲ့ တွေ့တဲ့အခါကြတော့ ကျုပ်ရဲ့ ရည်ရွယ်ချက်တွေ အောင်မြင်ပြီလို့တောင် ပြောလို့ရပါတယ်"

"ကျုပ်ကလည်း ဒီအတိုင်း ယုံကြည်ပါတယ်၊ ဒီကနေ့စပြီး ခင်ဗျားနဲ့ ကျုပ်နဲ့က ရည်ရွယ်ချက်ခြင်းတူတဲ့ တစ်လှေတည်းစီး တစ်ခရီး တည်းသွားဖြစ်သွားပြီ၊ ခင်ဗျား ကျုပ်နဲ့ လိုက်ခဲ့ပေတော့၊ သီရိသိင်္ဂြော မြို့ ရောက်တဲ့အခါ ခင်ဗျားလိုချင်တဲ့ ရွှေ ငွေကျောက်သံပတ္တမြား





လိုသလောက် ရစေမယ်၊ ဒါပေမယ့် တစ်ဦးနဲ့တစ်ဦး သစ္စာရှိကြဖို့တော့ လိုပြီဗျို့"

ဟု ပြောကာ ဥတ္တရသည် ရွှင်မြူးတက်ကြွသော အမူအရာဖြင့် ထွက်သွားလေတော့သည်။

ထိုအခါ ဗညားမော်က ..၊

"ဆရာကြီး ပြောတဲ့အကြောင်းတွေက တကယ်ပဲလား၊ ကိုဒိဗွ"

ဟု မေးလေသည်။

"ကျွန်ုပ်က ပြုံး၍ ခေါင်းညိတ်ပြလိုက်သောအခါ သူက ဆက်မေးသည်။

"ဒါဖြင့် ကျုပ်တို့နှစ်ယောက်က ဘယ်လို လုပ်ကြရမှာလဲ"

"သူပြောတဲ့အတိုင်း လိုက်သွားရုံရှိတာပေါ့ဗျာ၊ ဘာလဲ ခင်ဗျားက မလိုက်ချင်တော့လို့ မေးတာလားကိုဗညား"

"မဟုတ်ပါဘူး ဒါပေမယ့်"

ဟု ဆိုကာ မာယာကို တစ်ချက်လှမ်းကြည့်သည်။

"အခုမှတော့ လိုက်သွားရုံကလွဲပြီး အခြားလမ်းရွေးစရာ မရှိတော့ဘူး၊ ဒါထက် မာယာ မင်းတို့ သားအဖက မြို့က ထွက်လာတာကြာပြီဆိုတော့ အပြန်လမ်းကိုရော မှတ်မိကြရဲ့လား"

ဟု မေးလိုက်သည်။

"ဟုတ်ကဲ့ ကျွန်မကောင်းကောင်း မှတ်မိပါတယ်၊ ဒါပေမယ့် ခရီးမထွက်ခင်တော့ ရှင်တို့ကို ကျွန်မ ပြောစရာလေးတွေ ရှိပါတယ်။ စောစောက ကျွန်မ အဖေပြောသွားတာတွေက အမှန်တွေချည်း ဖြစ်ပါတယ်၊ ဘာကြောင့် ကျွန်မတို့ကို မြို့က ထွက်ခွင့်ပြုလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတော့ ကျွန်မတို့ တကယ်လို့ မရောက်ခဲ့ရင် ထီးနန်းကို သိမ်းချင်တဲ့ လူတွေကလည်း ရှိနေတာကြောင့်ပဲ"

"မင်း အဖေ မရှိရင် မင်းကျွန်ရစ်ခဲ့ရမှာ မဟုတ်ဘူးလား၊ ဘာကြောင့်လိုက်လာရတာလဲ"

"အဖေကို စိတ်မချတာက တစ်ကြောင်း၊ နောက်ပြီး ကျွန်မ တစ်ယောက်တည်း နေရစ်ခဲ့လို့ကလည်း မဖြစ်ဘူး"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ သူရဇ္ဇရဲ့ ရန်က မအေးလှဘူး၊ သူက ကျွန်မနဲ့ စေ့စပ်ထားတဲ့ လူဖြစ်ရုံ မကဘူး၊ ကျွန်မကို အရူးအမူး စွဲလမ်းနေတဲ့ လူဆိုတော့ ဘယ်နည်းနဲ့မှ နေရစ်ခဲ့လို့ မရဘူး၊ ကျွန်မကတော့ သူ့ကို လုံးဝ သဘောမကျပါဘူး"

ဟု ဥပါယ်တမျဉ်နဲ့ ရှင်းပြလေသည်။

"အခုန မင်းရဲ့ အဖေပြောသွားတဲ့အထဲမှာ ပါတဲ့အတိုင်း ဆိုရင် မင်းတို့ မြို့က လူတွေက မြို့တွင်းက လူတွေမှလွဲပြီး အခြားလူနဲ့ လက်ထပ်ခွင့်မရှိဘူးဆိုတော့၊ မင်းသူ့ကို မနှစ်သက်လည်း မြို့ပြန် ရောက်ရင် လက်ထပ်ရမှာပဲ မဟုတ်လား"

ဟု ဗညားမော်က မေးလိုက်သည်။

"ဒါပေမယ့် ကျွန်မက အဲဒီ အစဉ်အလာတွေကို သဘော မကျ သလို သူရဇ္ဇကိုလည်း လုံးဝ သဘောမကျဘူး၊ ဖြစ်နိုင်ရင် သူနဲ့ ဝေးရာကို ပြေးချင်တယ် ဒါပေမယ့်"

ဟု စိတ်မချမ်းသာသော အမူအရာဖြင့် စကားကို ရပ်ပစ်လိုက် သည်။

"ဒါထက် မင်းတို့ မြို့က လူတွေက တို့ပါလာတာ မြင်ရင် လက်ခံ





ပါ့မလား သူတို့က အပြင်လူတွေ ဝင်တာ လုံးဝမကြိုက်ဘူးဆို ဟုတ် လား"

"ဟုတ်တယ် တစ်ခါတစ်ရံ တခြားကလူတွေ မျက်စိလည်ပြီး ရောက်လာရင်တောင်မှ သတ်ပစ်လိုက်ကြတယ်၊ ဒါပေမယ့် ရှင်တို့ ကိုတော့ အဖေက တာဝန်ယူပြီး ခေါ်သွားမှာဆိုတော့ ဒုက္ခတွေ့ မယ်တော့ မထင်ပါဘူး၊ ကဲ ဒါတွေတွေးမနေပါနဲ့တော့ မနက်လည်း ခရီးဆက် ကြရမှာ ဆိုတော့ နားလိုက်ကြဦးစို့ရဲ့"

ဟုဆိုကာ မာယာက နေရာမှ ထ,သွားသည်။

ထိုညက ကျွန်ုပ်အဖို့ အကယ်၍ သိရိသိဂိမြို့သို့ ရောက် ပါက တွေ့ကြုံရင်ဆိုင်ရမည့် အန္တရာယ်အခက်အခဲများ အကြောင်းကို တွေးရင်း အိပ်မပျော်နိုင်အောင် ရှိတော့သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

### မေတ္တာအတွက် အသက်ပင် သေသေ

နောက်တစ်နေ့ နံနက် လင်းသည်နှင့် ကျွန်ုပ်တို့ လေးယောက်မှ ခရီးဆက်ထွက်ကြသည်။ ထိုသို့ သွားကြရာတွင် လူနေအိမ်ခြေရှိသော နေရာများကို ကွင်း၍ တောလမ်း တောင်လမ်းများကို ရွေးချယ်၍ သွားကြရသည်။

ရိက္ခာအတွက်မူ တောထဲ၌ တွေ့သော သားကောင်များကို ပစ်ခတ် ဖမ်းဆီးကြသည်။ ရက်အတန်ကြာခရီး ဆက်သောအခါ လူနေအိမ်ခြေ များ လုံးဝ မတွေ့မမြင်ရတော့ဘဲ တောနက်ကြီးများ၊ တောင်တန်းကြီး များပေါ်မှ ဖြတ်ကျော်သွားကြရသည်။

ထို့သို့ သွားရာတွင် လမ်းခရီးတလျှောက်တွင် တွေ့ရသော အန္တရာယ်များ၊ အခက်အခဲများနှင့် ရင်ဆိုင်ဖြတ်သန်းရပုံများကို မဖော်ပြတော့ပေ။

သည်တွင် ဗညားမော်နှင့် မာယာတို့နှစ်ဦးကတော့ ရက် အတန်ကြာ အောင် တပူးပူး တတွဲတွဲနှင့် အတူသွားအတူလာရှိ ခဲ့သောကြောင့် တစ်ဦးနှင့်တစ်ဦး ပိုမိုသံယောဇဉ် ဖြစ်လာပုံရကာ သီရိသိင်္ဂမြို့သို့





ပြန်ရောက်မှာကိုပင် စိုးရိမ်နေကြဟန် ရှိပေသည်။

ဤသို့ဖြင့် ရက်အတန်ကြာ ခရီးဆက်ကြပြီးသောအခါ သီရိသိင်္ဂမြို့ ကို ပတ်ဝိုင်းထားသော တောင်တန်းကြီးများပေါ်သို့ ရောက်ခဲ့ကြသည်။ ထိုတောင်တန်းကြီးများပေါ်တွင် လမ်းဟောင်းများ ယာခင်းဟောင်းများ၏ အဆောက်အအုံ အပြိုအပျက်များကို စတင် တွေ့မြင်လာရသည်။

ဥတ္တရက ထိုနေရာများတွင် ယခင်က သီရိသိင်္ဂမြို့မှ လူများက လာရောက်နေထိုင်ကာ လုပ်ကိုင်စားသောက်ခဲ့ကြဖူးကြောင်းနှင့် သီရိသိင်္ဂမြို့နှင့် မဝေးလှတော့ကြောင်း ပြောပြလေသည်။

ဤသို့ဖြင့် ခရီးဆက်ခဲ့ကြရာ တစ်ခုသော ညနေပိုင်းတွင် ကျွန်ုပ်တို့ အုပ်ဆိုင်းသည် သစ်တောကြီးများကို ဖြတ်ကျော်လွန် မြောက်ကြကာ အရှေ့ ဘက်သို့ ဦးတည်နေသော တောင်ကျော တစ်ခုပေါ်မှ ခရီးဆက်ခဲ့ကြ သည်။ ထိုတောင်ကျောမှာ ကျောက်တုံးကျောက်ခဲများသာရှိပြီး သစ်ပင် ကြီးငယ်ဟူ၍ မတွေ့ရတော့ဘဲ နေလောင်ခံ သစ်ပင်ပုကလေးများနှင့် ချုံနွယ်များကို သာ တွေ့ကြရသည်။

ထိုနေရာသို့ ဖြတ်ကျော်ကြသောအခါ ကျွန်ုပ်တို့အတွက် ကြီးစွာ သော ဒုက္ခမှာ သောက်ရေကုန်ခန်းသွားခြင်းဖြစ်၏။ ရှိသမျှ သောက်ရေ ကလေးကို ဝေမျှသောက်ရင်းနှင့်ခရီးဆက်ရာ မကြာမီ တောင်ကျောပေါ် မှ ဆင်းပြီး မြေပြင်သို့ ပြန်ရောက်သွားသည်။ ထိုအချိန်တွင် လရောင် ကလေး ထွက်လာပြီးဖြစ်ရာ မှုန်ပျသော လရောင်အောက်ဝယ် တစ်မျှော် တစ်ခေါ် မြင်နေရသော သဲကန္တာရကြီးကို တွေ့ရလေသည်။

ထိုအခါ ဥတ္တရက ..၊

''ကျုပ်တို့ မနက်ဖြန် ခရီးဆက်ကြမယ်ဆိုရင် သဲကန္တာရကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ကျော်ဖြတ်ကြရဦးမယ်၊ သောက်ရေမရလို့တော့ လုံးဝ မဖြစ်ဘူး၊ ဒါကြောင့် ဒီညမှာ ရေရအောင် ရှာကြရမယ်" ဟုပြောလေသည်။

"ကျုပ်တို့က ဒီဘက်နယ်ကို လုံးဝ ရောက်ဖူးတာ မဟုတ် တော့၊ ရေရနိုင်မယ့်နေရာကို မခန့်မှန်းနိုင်ဘူး၊ ဒါကြောင့် ဆရာကြီး သိရင်ပြောပြပါ"

"ကျုပ်သိသမျှတော့ ဒီသဲကန္တာရ အစပ်နားမှာ ရှေးက လူတွေနေသွားတဲ့ ရှေးဟောင်းမြို့ပျက်ကြီးတစ်ခုရှိတယ်၊ အဲဒီ မှာ ဝင်ရှာရင်တော့ ကျုပ်တို့အတွက် ရေရနိုင်လောက်မယ် ထင်တယ်"

"ဒါဖြင့်လည်း ကြိုးစားပြီး ရှာကြည့်ကြတာပေါ့"

ဟုဆိုတာ ကျွန်ုပ်တို့အားလုံး ရေရှာထွက်ကြလေသည်။

မကြာမီ သဲကန္တာရ အစပ်နှင့်ကျောက်တောင်ခြေအစပ် လောက်မှာ မြို့ကျပျက်စီးနေသော အဆောက်အအုံပျက်များကို တွေ့ရသည်။ အတန်ငယ်လိုက်လံရှာဖွေကြသောအခါ ချုံနွယ်များဖြင့် ပိတ်ဖုံးနေသော လိုဏ်ခေါင်းကြီး တစ်ခုကို တွေ့ ကြရသည်။

အပေါက်ဝ၌ ပိတ်နေသော ချုံနွယ်များကို ဖယ်လိုက်သော အခါ မြေအောက်ဖက်သို့ ဆင်းသွားသော လမ်းကြောင်းကြီး တစ်ခုကိုလည်း တွေ့ရသောကြောင့် မီးတိုင်များ ထွန်းညှိကာ မြေအောက်သို့ ဆင်းခဲ့ကြ သည်။ အတွင်းပိုင်းသို့ ရောက်သောအခါ တစ်ဖက်အပေါက်ဆီမှ တိုက်ခတ်လာသော လေကြောင့် မီးတိုင်အချို့ ငြိမ်းကုန်လေ၏။

သို့သော် လက်ရှိ မီးတိုင်များမှ မီးပြန်ကူးပြီး ရှေ့သို့ လျှောက် လာကြရာ ကမ်းပါးစွန်းတစ်ခုသို့ ရောက်လာတော့သည်။





ထိုကမ်းပါးကြီးမှာ မည်မျှ အနက်ရှိသည် မသိရသော်လည်း မည်းမှောင်လျက်ရှိသော အခြေအနေကို ကြည့်ရုံမျှဖြင့် အတော် နက် လိမ့်မည်ကိုတော့ ခန့်မှန်းနိုင်ပေသည်။

အသေအချာ နားထောင်ကြည့်သောအခါ ရေစီးသံ သဲ့သဲ့ ကြားရ သဖြင့် အောက်ခြေ၌ ရေရှိမည်ဖြစ်ကြောင်း သိနိုင်ပေသည်။ ဗညားမော် က ကျောက်ခဲတစ်လုံးကို တွင်းထဲသို့ ပစ်ချလိုက်ရာ အတော်ကြီးကြာမှ အောက်သို့ ရောက်သွား ကြောင်း သိရသည်။

"တွင်းကတော့ အတော်နက်တယ်၊ ဘယ်လို ဆင်းမလဲ"

မီးရောင်ဖြင့် တွင်းနှုတ်ခမ်းတစ်ပိုက်လိုက်ကြည့်သောအခါ ရေညှိ များဖြင့် ပြောင်ချောနေပြီး အောက်သို့ ဆင်းရန် ကျောက်နံရံကို ထွင်းထု ထားသော အပေါက်ကလေးများကို တွေ့ရသော်လည်း အသုံးမပြုတာ ကြာပြီဖြစ်သောကြောင့် အပေါက်ကလေးများမှာ ကျောက်သားများဖြင့် ပြန်ပြည့်ကာ၊ အရာကလေးမျှသာ ထင်ကျန်တော့သည်။

"ဒါ ရှေးက နေသွားတဲ့ လူတွေ ရေဆင်းခပ်တဲ့ တွင်းပဲ၊ အခု ဘယ်လိုဆင်းကြမလဲ"

"သူတို့တုန်းကတော့ နွယ်ကြိုးတွေ ဘာတွေကို အသုံးပြုပြီး ဆင်းခဲ့ ကြမှာပေါ့၊ ကျုပ်တို့မှာ ကြိုးမှ မပါတာ ဘယ်လို လုပ်ကြမလဲ"

"ဒီတွင်းထဲ ဆင်းရင်တော့ ကိုယ့်သေတွင်း ကိုယ်ဆင်းသလို ဖြစ်မှာ ပဲ၊ ကျုပ်သိသမျှတော့ ဒီကနေ သုံးလေးမိုင်လောက်ဝေးတဲ့ နေရာမှာ စမ်းချောင်းတစ်ခု ရှိတယ်။ ကျုပ်တို့ ဒီညတော့ ရေငတ်တဲ့ ဒဏ်ကို နည်းနည်း သည်းခံနေကြပြီး မနက်စောစောမှ ခရီးဆက်ရင် မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဥက္ကာရကမေးသည်။

"လူတွေထက် မြင်းတွေကို ရေရှာပြီး မတိုက်နိုင်ရင် နောက်တစ်နေ့ ခရီးဆက်နိုင်ဖို့ မလွယ်ဘူး၊ ဒီလို လုပ်ကြရအောင် ကျုပ်တို့ ဒီနား တစ်ဝိုက်မှာ ရေ ရလို ရငြား လိုက်ရှာကြည့်ကြရင် ကောင်းမယ်"

ကျွန်ုပ်အကြံပေးသည်ကို သဘောကျသဖြင့် ကျွန်ုပ်နှင့် ဥက္ကာရက တစ်တွဲ၊ ဗညားမော်နှင့် မာယာတို့က တစ်တွဲ လူခွဲကာ ရေရှာ ထွက်ခဲ့ကြသည်။

ကျွန်ုပ်တို့မှာ ပတ်ဝန်းကျင် တစ်ဝိုက်သို့ ရေရနိုင်မည့် နေရာကို လိုက်လံရှာဖွေကြသော်လည်း မတွေ့ကြရပေ၊ မှောင်နေပြီ ဖြစ်သော ကြောင့် လူစုကွဲမည်စိုးသည်ကတစ်ကြောင်း၊ သားရဲတိရစ္ဆာန်များ ရန်ကြောင့်သော်လည်းကောင်း သိပ်ဝေးဝေး မသွားဝံ့ကြဘဲ ပတ်ဝန်းကျင် တစ်ဝိုက်သာ လိုက်လံ ရှာဖွေဝံ့လေသည်။

အခြေအနေ မထူးသဖြင့် မိမိတို့နေရာသို့ ပြန်လာပြီး မကြာမီ အချိန်မှာပင် ဗညားမော်နှင့် မာယာတို့လည်း ရှေ့ဆင့်နောက်ဆင့် ပြန် ရောက်လာကြသည်။ ဗညားမော်မှာ လက်တက်ဘက်ကို ကျန်လက်တစ်ဘက်နှင့် ဆုပ်ကိုင်ကာ မျက်နှာ တစ်ခုလုံး ရှုံ့မဲ့လာသည် ကို လှမ်းမြင်ရသည်။

"ဘာဖြစ်တာလဲ ဘာဖြစ်လာတာလဲ"

"သူ့အတွက် ပန်းခူးပေးတာ၊ ခြုံထဲက မြွေကိုက်ခံလိုက်ရလို့ ဗျာ" ဟု ဗညားမော်က မချိမဆံ့ လေသံဖြင့် ပြောသည်။

ကျွန်ုပ်မှာ မိန်းမများနှင့် ပတ်သက်လျှင် မုန်းတီးသည့်စိတ် အခံရှိ သည်ကတစ်ကြောင်း၊ အရင်းနှီးဆုံး မိတ်ဆွေ တစ်ယောက် သေဘေးနှင့်





ကြုံလာရသည်ကို တွေ့မြင်ရသဖြင့် ဒေါသစိတ်များက 'ဝုန်း'ခနဲ ထ,လာ လေသည်။

"ခင်ဗျားက မိန်းမတွေနဲ့ ပတ်သက်ချင်တာကိုးဗျ၊ မိန်းမဆိုတာ အဆိပ်ရှိတဲ့ မြွေဆိုးထက်ပိုပြီး ကြောက်စရာ ကောင်းတယ် အခု ခင်ဗျား လက်တွေ့ခံရပြီ မဟုတ်လား"

ဟု ပြောလိုက်သောအခါ မာယာက ကျွန်ုပ်အား မီးဝင်းဝင်း တောက်လုမတတ် မျက်လုံးများနှင့် လှမ်းကြည့်သော်လည်း ဘာတစ်ခွန်း မှတော့ ပြန်မပြောပေ။ သူမသည် ဗညားမော် အတွက် လွန်စွာ စိုးရိမ် နေဟန် ရှိလေသည်။

ထို့နောက် ကျွန်ုပ်တို့သည်အကျီများကိုဆုတ်ဖြဲကာ လက်မောင်းရင်း နေရာမှ တင်းနေအောင် စည်းခြင်း၊မြွေကိုက်ခံရသော ဒဏ်ရာကို ဓားဖြင့် ခွဲကာ အဆိပ်များ စုတ်ထုတ်ခြင်း၊ ဥက္ကာရက ၎င်းတွင်ပါ လာသော မြွေဆိပ် ဖြေဆေးများကို အလျင်အမြန် ပြုလုပ်ပေးကြသော်လည်း ဗညားမော်မှာ ကြည့်နေရင်းနှင့် တဖြည်းဖြည်းလေး ကျလာလေ တော့သည်။

"ရေ ..ရေပေးပါ"

ဟု ညည်းညူနေလေသည်။

"ဒီလူရေမသောက်ရရင် သေသွားနိုင်တယ်၊ ဘယ်လို လုပ်ကြမလဲ"

ဟု စိုးရိမ်စွာ မေးလိုက်သောအခါ ဥက္ကာရက ...

"ကျုပ်မြင်းတစ်ကောင်ကိုယူပြီး ရေရှိတဲ့ စမ်းချောင်းကို သွားမယ်၊ အရုဏ်တက်လောက်တော့ ပြန်ရောက်လာနိုင်မယ်၊ ခင်ဗျားတို့က ဒီအချိန်အတောအတွင်းမှာ သူ့အသက် မသေအောင် ပြုစုထား ကြပါ"

ဟု ဆိုကာ ဥက္ကာရက မြင်းတစ်ကောင်ကို ဆွဲပြီး အမှောင်ထဲမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။

"ကျွန်..ကျွန်တော့်ကို ကျောက်ခဲ အေးအေးတစ်လုံးလောက် ရှာပေးကြပါ ပါးစပ်ထဲ ထည့်ထားပါရစေ"

ဟု ပြောသဖြင့် ကျွန်ုပ်က အေးနေသော ကျောက်ခဲတစ် လုံးကို ရှာကာ ဗညားမော် ပါးစပ်တွင်းသို့ ထည့်ပေးလိုက်သည်။ ခဏကြာတော့ ပြန်ထွေးထုတ်သည်။ ကျောက်ခဲက အခြောက်အတိုင်း ပြန်ထွက်လာသည်၊ သို့ကြောင့် နောက်တစ်လုံး ရှာထည့်ပေးရပြန်သည်။

အမှောင်ထဲမှာ ဖြစ်သောကြောင့် ကျောက်စရစ်ခဲ အေးအေးကလေးများ တွေ့အောင် ရှာရန်ပင် မလွယ်လှပေ ..၊

အနီးအနားမှာ မရှိတော့သဖြင့် အတော်ဝေးဝေးနေရာအထိ လိုက်ရှာရသည်။ နောက်တစ်ကြိမ် ကျွန်ုပ်ပြန်လာတော့ ဗညားမော် အနီးတွင် မာယာကို မတွေ့ရတော့ပေ။

နောက်တွင် မာယာပြန်ပြောပြသဖြင့် သူမ ရေရရှိအောင် ကြိုးစား ရှာဖွေခဲ့ရပုံကို သိရလေသည်။

ထိုညက ရေရှာသွားသော ဥတ္တာ့ရ အချိန်မီ ပြန်မရောက်မီက ရေမသောက်ရလျှင် အသက်သေတော့မည့်အဖြစ်ကို မကြည့်ရက်သဖြင့် သူမသည် ရေရှိသော တွင်းကြီးရှိရာသို့ တစ်ကျော့ပြန်လာခဲ့သည်။

တွင်းဝရောက်သောအခါ ဘယ်ပုံဘယ်နည်း ဆင်းရမည်ကို စဉ်းစားနေပြီး နောက်ဆုံးတွင် အကြံတစ်ခု ရသဖြင့် သူမ ဝတ်ဆင်ထားသော အင်္ကျီနှင့် လုံချည်ကို ချွတ်ကာ ဓားဖြင့် တစ်စစီဖြကာ ကြိုးအဖြစ် ပြုလုပ်လေသည်။

ထို့နောက် ခိုင်ခံ့အောင် ကျစ်ပြီး တစ်စစီ ဆက်သည်။ ကြိုးရှည်ရ





သောအခါ ခိုင်မခိုင်စမ်းပြီး တစ်စကို ကျောက်တုံး တစ်တုံးတွင် ပတ်ချည်ပြီး ထိန်း၍ ကျင်းထဲသို့ ဆင်းသည်။

ထိုသို့ ဆင်းရာတွင် ကျင်းပေါက်ဝတွင် မီးတိုင်တစ်တိုင်ကို ထွန်းထားခဲ့ပြီး၊ ကြိုးကို လက်ဖြင့် ထိန်း၍ ကျွင်းပေါင်း ပေါက်ကလေးများကို ခြေကန်၍ တဖြည်းဖြည်း ဆင်းခဲ့သည်။ ရေညှိများကြောင့် တစ်ကြိမ်နှစ်ကြိမ် ခြေချော်သွားသော်လည်း ကံကောင်း ထောက်မ, သောကြောင့် အောက်သို့ ပြုတ်မကျဘဲ လက်နှင့်ဒူးများ စုတ်ပြဲသွားရုံလောက်သာ ဒဏ်ရာရသည်။

အတန်ကြာ ဆင်းမိသောအခါ မြေပြင်သို့ ခြေချမိသည်။ သို့သော် ရေရှိသော နေရာ မဟုတ်သေးပေ။ ရေစီးသံကြားရာသို့ အမှောင်ထဲမှာ စမ်းသွားလေရာ မကြာမီ တသွင်သွင် စီးဆင်းနေသော စမ်းချောင်းတစ်ခုဘေးသို့ ရောက်သွားလေတော့သည်။

ဝမ်းသာအားရနှင့်ပင် မိမိကိုယ်တိုင် ရေမိုးသန့်စင်ပြီး ရေအိတ်အတွင်းသို့ ရေပြည့်အောင် ဖြည့်သည်။ ထို့နောက် ရေကိုဝအောင် သောက်ပြီး အပေါ်ပြန်တက်ရန် ပြင်ရတော့သည်။ ထိုအခါ သူမအတွက် ကြီးသော အခက်အခဲကို တွေ့ရလေတော့သည်။ ထိုမှာ အခြား မဟုတ်ပေ ..၊

ဆင်းလာစဉ်က ကိုယ်အလေးချိန်ကို သိပ်မထိန်းရဘဲ၊ အလိုက်သင့်ဆင်း၍ ရသော်လည်း အပေါ်ပြန်တက်သောအခါ မိမိကိုယ်အလေးချိန်ကို မိမိလက်ဆွဲအားဖြင့် သယ်တင်ရမည် ဖြစ်၏။ ထို့ပြင် ရေအိတ်ကြီး၏ အလေးချိန်ကလည်း ပါနေပြန်သဖြင့် မိမိ ပြုလုပ်ထားသော အဝတ်ကြိုးမှာ ခံနိုင်ရည် ရှိမရှိဆို သော ပြဿနာပင်ဖြစ်၏။ သို့သော် ပြန်မတက်၍ကလည်း ဖြစ်မည် မဟုတ်သောကြောင့် ကြိုးစကို ခိုင်မခိုင် တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ချက် စမ်းကြည့်လိုက်ပြီး ခါးတွင်ချည်သည်။

ထို့နောက် အထစ်များကို ခြေဖြင့်ကန်၊ လက်က ကြိုးကို ဆွဲကာ အပေါ်သို့ စ,တင်တက်သည်၊ ထင်သည့်အတိုင်းပင် အတန်ငယ်တက်မိသောအခါ ကိုယ်အလေးချိန်ကြောင့် လက်မောင်းများ အောင့်တက်လာသည်။ အထစ်ငါးဆယ် တက်မိသောအခါ ဘယ်လိုမှ မတက်နိုင်တော့သဖြင့် ကြိုးစကို ပက်ပြီး ခေတ္တနားရသည်။

အတန်ငယ် အမောပြေမှ ဆက်တက်သည်။

လေးငါးဆယ်လှမ်းတက်ပြီး နားရပြန်သည်။

အပေါ်သို့ ရောက်လာလေလေ မိမိကိုယ်အလေးချိန်ထက် မိမိခါးတွင်ချိတ်ဆွဲထားသော ရေဘူးအလေးချိန်က ပို၍ ပို၍ လေးလာသလို ထင်မိလေသည်။

အပေါ်နားနီးလာလေလေ ရေအိတ်အလေးချိန်က ပို၍ ပို၍ လေးလာသည်ထင်ရာ မတတ်နိုင်တော့သဖြင့် ရေအိတ်ကို ပြန်ဖြုတ်ချလိုက်ရန်ပင် စိတ်ကူးပေါ်မိသည်။

သို့သော် မိမိအတွက်ကြောင့် ဝေဒနာခံစားနေရသော ဗညားမော်ကို သတိရသဖြင့် အားတင်းပြီး တက်ပြန်လေသည်။

တွင်းနှုတ်ခမ်းဝသို့ ပြန်ရောက်အခါ နီးသောအခါ တွင်းနှုတ် ခမ်းမှ ကျောက်သားများနှင့် ပွတ်တိုက်မှုကြောင့် ကြိုးစမှာ 'ဖျစ်ဖျစ်' မြည်သံများကို ကြားနေရသည်။

အကယ်၍များ ကြိုးပြတ်ကျခဲ့လျှင် သူမအတွက် မည်သည့် နည်းနှင့်မှ အသက်ရှင်နိုင်စရာ အကြောင်းမရှိနိုင်ပေ။ သို့သော်လည်း ဖြစ်လိုရာ ဖြစ်စေတော့ဟု မျက်စိမှိတ်ကာ အားတင်း၍ တက်ခဲ့ရာ တွင်းနှုတ်ခမ်း





ပေါ်သို့ ခြေထောက် တစ်ချောင်းတင်နိုင်သော အဆင့်သို့ ရောက်သွားလေသည်။ ကိုယ်တစ်ပိုင်းက တွင်းပေါ်မှာ၊ ကျန်တစ်ပိုင်းက တွင်းထဲမှာ ရှိနေသည့် အနေအထားနှင့်ပင် အတန်ကြာအောင် နားနေရသေး၏။ သူ ယူလာသော ရေအိတ်ကြီးမှာ တွင်းထဲမှာ ဟိုယမ်း ဒီယမ်းနှင့်ရှိနေ သည်။

အတန်ငယ် အမောပြေသောအခါမှ အပေါ်သို့ ရောက်အောင် ကြိုးစားတက်ကာ မိမိတို့ စခန်းချရာ နေရာသို့ အပြေးတစ်ပိုင်း ပြန်လာခဲ့ခြင်းဖြစ်၏။

ထိုအဖြစ်အပျက်များမှာ မာယာပြန်ပြောပြသော ရေရှိအောင် မည်သို့မည်ပုံ စွန့်စားခဲ့ရခြင်းများပင် ဖြစ်သည်။ ရေအိတ်ကို သယ်၍ သူမ ပြန်ရောက်လာသောအခါ ကျွန်ုပ် မှာ သတိလစ်လုလစ်ခင် ဖြစ်နေသော ဗညားမော်အနီးတွင် ထိုင်ကာ ဘာလုပ်ရမှန်း မသိတတ်အောင် ဖြစ်နေသော အချိန် ပင်ဖြစ်၏။ သူ့ကို မြင်သောအခါ ကျွန်ုပ်မှာ လွန်စွာ အံ့သြသွားလေသည်။

"ဟင် မင်း မင်း မင်း ဘယ်လို ဖြစ်လာတာလဲ"

"ကျွန်မ ဘယ်လိုဖြစ်လာသလဲဆိုတာ နောက်မှ ပြောပြမယ်၊ ဒီမှာ ရေ ရလာပြီ၊ သူ့ကို အမြန်ဆုံး တိုက်ပေတော့"

ကျွန်ုပ်လည်း ထွေထွေထူးထူး မစဉ်းစားတော့ဘဲ ရေအိတ်မှ ရေအချို့ကို ယူကာ ဗညားမော် မျက်နှာပေါ်သို့ ဖျန်းပေးလိုက်ရာ ချက်ချင်း မျက်လုံးပွင့်လာသည်။

"ဟင် ရေ ရေလား၊ နည်းနည်းလောက် သောက်ပါရစေဗျာ"

ဟု ဆိုသဖြင့် ရေစက်အနည်းငယ်ကို ပါးစပ်ထဲသို့ ချပေးလိုက်သည်။ ဗညားမော်မှာ ရေသောက်လိုက်ရသည်နှင့် ချက်ချင်း လန်းဆန်း လာပြီး



www.burmeseclassic.com

www.burmeseclassic.com



အတော်အတန် အားပြည့်လာဟန် ရှိသည်။

"ဒီရေ ဘယ်က ရတာလဲဟင်၊ ဘယ်သူ ရှာလာတာလဲ"

"အဲဒါတွေ နောက်မှ ပြောပြပါ့မယ်၊ အခုတော့ ခင်ဗျား အားရှိသွားအောင် တစ်မှေးလောက် အိပ်လိုက်ပါဦး"

ဟု ပြောလိုက်ရာ မကြာမီ ဗညားမော်မှာ စိတ်ချလက်ချ အိပ်ပျော်သွားလေတော့သည်။

ထိုအခါမှ ကျွန်ုပ်က မာယာအတွက် ကျွန်ုပ်တို့တွင် ပါလာသော အဝတ်အစားများကို ထုတ်ပေးပြီး ဝတ်ခိုင်းရသည်။

အဝတ် ဝတ်ရင်းနှင့်ပင် သူမက ရေရရှိအောင် မည်သို့ မည်ပုံ လုပ်ခဲ့ရသည်ကို ပြောပြသည်။ ထိုအခါမှ ကျွန်ုပ်မှာ သူမအပေါ်တွင် ထားခဲ့မိသော ဒေါသအတွက် စိတ်မကောင်း ဖြစ်မိလေသည်။

"စောစောက ငါ့ရဲ့ မိတ်ဆွေရဲ့ စိတ်ကြောင့်၊ မင်းအပေါ်မှာ ရိုင်းရိုင်းပျပျ ပြောဆိုမိတာ ခွင့်လွှတ်ပါမာယာ"

"ရပါတယ်ရှင် ကျွန်မက ရှင်ပြောတာကို စိတ်မဆိုးပါဘူး ဒါပေမယ့် အဖေ မရှိတုန်း ရှင့်ကို ပြောစရာရှိတာ ပြောချင်တယ်"

"ပြောလေ မာယာ ဘာပြောမှာလဲ"

"ဒီလိုပါ အဖေက သီရိသိင်္ဂီမြို့ရဲ့ အရှင်သခင်ဆိုပေမယ့် အဲဒီမှာရှိတဲ့ လူတွေက သိပ်မကြိုက်ကြဘူး"

"ဘာကြောင့်လဲ"

"အဖေက အုပ်ချုပ်တာကြမ်းပြီး၊ ရက်ရက်စက်စက် လုပ်တတ်လို့ ကြောက်လည်းကြောက် မကြိုက်လည်း မကြိုက်ကြဘူး၊ ဒါကြောင့် ကျွန်မတို့ မြို့ကထွက်ကြမယ်ဆိုတော့ ဘယ်သူကမှမတားကြတာပါ





"ဒီတော့ ဘာဖြစ်သလဲ"

"ကျွန်မတို့ သီရိသိင်္ဂီမြို့ကို ပြန်ရောက်ရင် အရင်ကလို အဆင်ပြေချင်မှ ပြေမယ်၊ အဖေ ထီးနန်းလွှဲခဲ့တဲ့ သူရဋ္ဌက ကျွန်မကိုသာ လိုချင်တာ၊ ထီးနန်းကိုတော့ ဘယ်နည်းနဲ့မှ ပြန်ပေးချင်မှာ မဟုတ်ဘူး"

"ဒီတော့ မင်းက ဘယ်လိုလုပ်ချင်တာလဲ ပြောပါ"

"ကျွန်မ ရှင့်ကို ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ကိုဗညားမော်နဲ့ ကျွန်မနဲ့က တစ်ဦးနဲ့တစ်ဦး သံယောဇဉ် ဖြစ်နေကြပြီ"

"ဒါကို ငါ ရိပ်မိပါတယ်"

"ဒီအကြောင်းကို သူရဋ္ဌသိရင်လည်း ဘယ်နည်းနဲ့မှ သည်းခံလိမ့်မယ် မဟုတ်ဘူး၊ ဒါကြောင့် သီရိသိင်္ဂီမြို့ကို ပြန်ရောက်တာနဲ့ လိုသလောက် ရွှေငွေကျောက်သံပတ္တမြားတွေ ယူပြီး အဲဒီက ပြန်ထွက်ပြီး တစ်နေရာမှာ အခြေချနေကြရင် မကောင်းဘူးလားလို့ ရှင်နဲ့ တိုင်ပင်တာပါ"

"အခြေအနေက အခုအချိန်မှာ ဆုံးဖြတ်လို့ မရသေးဘူး၊ ဟိုရောက်မှပဲ မီးစင်ကြည့် က,ရမှာပဲ၊ မင်းပြောသလို ဖြစ်ချင်လည်း ဖြစ်မှာပေါ့ ကိုင်း မင်းလည်း သိပ်ပင်ပန်းနေပြီ၊ အနား ယူပေဦးတော့၊ ငါသူ့ကို စောင့်ပေးပါ့မယ်"

ဟု ဆိုလိုက်သောအခါ မာယာသည် ကျွန်ုပ်ကို နှုတ်ဆက် အနီးမှ ထွက်သွားလေတော့သည်။

တကယ်တော့ ယောကျ်ားတစ်ယောက်ပင် ကြိုးစားရန် ခက်ခဲသော အလုပ်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ မိန်းမသား တစ်ယောက်၏ မေတ္တာအင်အားကြောင့်ပင် ဖြစ်မည်ဟု ကျွန်ုပ် တွေးမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)
## အသွင်ပြောင်းသွားသော မာယာ

နောက်တစ်နေ့ အရုဏ်တက်အချိန်လောက်တွင် ရေရှာသွားသော ဥက္ကာ၇ ပြန်ရောက်လာသည်။ သူ၏ မြင်းမှာ ခြေထောက်နာနေဟန်ရှိ မြင်းကို လက်မှဆွဲကာ ပြန်လာခြင်း ဖြစ်၏။ သူ့တွင် ရေအိတ် တစ်အိ တော့ပါလာသည်။

"မြင်းက အပြန်မှာ ခြေခေါက်သွားလို့ ခြေကျင် ပြန်လာရ နောက်ကျသွားတယ်၊ ဒီလောက်ဆိုရင်တော့ လူနာ အခြေ အ မကောင်းလောက်တော့ဘူး ထင်တယ်"

ဟုမေးသည်။

"ဒီက လူ နေကောင်းသွားပါပြီ"

"ဟင် ဟုတ်လား၊ ဘယ်လို နေကောင်းသွားတာလဲ၊ ရေ ဘယ် ရသလဲဟင်"

ဟု တအံ့တဩ မေးလေသည်။

ထိုအခါ မာယာက ရေ ရရှိအောင် တွင်းနက်ကြီးထဲဆင်း ပြီး ရအောင် ခပ်ခဲ့ရပုံကို ပြောသောအခါ တအံ့တဩ ကြည့်နေလေသ





"အဲဒီ တွင်းနက်ကြီးထဲကို နင်က ရေဆင်းခပ်တယ် ဟုတ်လား၊ ဘယ်လိုဆင်းခပ်တာလဲ၊ အဲဒီတွင်းက ယောက်ျားတစ်ယောက် တောင် ဆင်းပြီး ပြန်တက်ဖို့ အတော်ခဲယဉ်းတာပဲ"

"ကျွန်မအတွက်ကြောင့် အခုလို ဖြစ်တာဆိုတော့ သူနေကောင်း အောင် ကူညီဖို့ ကျွန်မတို့မှာ တာဝန်ရှိတယ် မဟုတ်လား၊ ဒါကြောင့် ကျွန်မ ရေရအောင် ရှာပေးလိုက်တာပဲ အဖေ"

ထိုစကား ကြားသောအခါ စိတ်ပျက်လက်ပျက် အမူအရာ နှင့် ခေါင်းကို ခါယမ်းရင်းမှ ...၊

"နင် သူ့အပေါ်မှာ သံယောဇဉ် ဖြစ်နေတယ်ဆိုတာကို ငါ ရိပ်မိပါ တယ်၊ နင်သတိထား၊ တစ်နေ့ကျရင် သူ့အတွက်ကြောင့် နင်တို့ နှစ်ယောက်စလုံး ဒုက္ခတွေ့ကြလိမ့်မယ်၊

နောက်ပြီး နင်ဟာ အခု အချိန်မှာသာ သာမန်မိန်းကလေး တစ်ယောက်ဖြစ်ပေမယ့် သီရိသိဂီမြို့ကို ပြန်ရောက်တဲ့အခါ ဒီလို စိတ်ထင်တိုင်းနေလို့မရတော့ဘူး၊ နင်ဟာ သီရိသိဂီရဲ့ အရှင်သခင်မ တစ်ပါး ဆိုတာကို မေ့မထားနဲ့လေ၊ နောက်ပြီး သူရှင့်နဲ့ ကိစ္စက လည်း ရှိသေးတယ် မဟုတ်လား"

ဟု စိုးရိမ်စွာ ပြောသည်။

"အို ဘာပဲဖြစ်ဖြစ် ကျွန်မက သူ့ကိုမှ သဘောမကျတာ၊ သူ့ဖာသာ ဘယ်လိုအခြေအနေမျိုးပဲဖြစ်နေပါစေ၊ သူ့ကို ဘယ်နည်းနဲ့မှ လက်မထပ်နိုင်ပါဘူး၊ ဒါကြောင့် ဖြစ်ချင်ရာဖြစ်ဆိုပြီးတော့ အဖေ့ နောက်ကို လိုက်လာတာပေါ့"

ဟု မာယာက ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သီရိသိင်္ဂီမြို့ရဲ့ အရှင်တစ်ပါးက မြို့သူမြို့သားတွေရဲ့ ဆန္ဒကို ဥပေက္ခာပြုပြီးတော့ သာမန်လူတစ်ယောက်ကို ဘယ်နည်းနဲ့မှ လက်ထပ်ခွင့်မရှိဘူး၊ အစဉ်အလာကို ချိုးဖောက်လို့ မရဘူး"

"အို ..အစဉ်အလာတွေ ဘာတွေကို ကျွန်မ နားမလည်ဘူး၊ ကျွန်မ လက်ထက်တဲ့သူဟာ ကျွန်မ ချစ်မြတ်နိုးတဲ့ လူပဲ ဖြစ်ရမယ်၊ မချစ်မနှစ်သက်ဘဲနဲ့တော့ ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး"

ဟု ပြန်ပြောသောအခါ ဥတ္တရက ..၊

"နတ်ဘုရင်တွေရဲ့ အလိုတော်ကို သွေဖယ်ရင် နင်တစ်နေ့ကျရင် ဒုက္ခတွေ့လိမ့်မယ်"

ဟုသာ စိတ်ပျက်စွာ ရေရွတ်နေလေသည်။

ထို့နောက် ကျွန်ုပ်တို့သည် ဗညားမော် ကျန်းမာရေး ပြန်ကောင်းလာသည်နှင့် မြင်းကိုယ်စီနှင့် သဲကန္တာရကြီးကို ဖြတ်ကာ ခရီး ဆက်ကြလေသည်။ သဲကန္တာရကြီးအတွင်း၌ ရှေး လူတို့ အသုံးပြုခဲ့ဟန်တူသော ရှေးဟောင်းလမ်းမကြီးများကို တွေ့ရပြီး အချို့နေရာ အတော်များများမှာ သဲများ ဖုံးအုပ်ကာ ပျောက်ကွယ် နေပြီဖြစ်၏။

သို့သော် ဥတ္တရမှာ ထိုလမ်းကြောင်းများအား ကောင်းစွာ မှတ်မိနေသောကြောင့် နေပြင်းသော နေ့အခါများတွင် ခရီး မသွားဘဲ လရောင်ကြယ်ရောင်များရှိသော ညအခါများတွင်သာ ခရီးဆက်ကြလေသည်။ ဆယ်ရက်ကျော်ပြီး ဆယ်တစ် ရက်မြောက်တွင် ကျွန်ုပ်တို့မှာ သဲကန္တာရကြီးကို ကျော်လွန်ပြီး တောင်တန်းကြီးတစ်ခု အပေါ်သို့ ရောက်ကြသည်။ ထိုနေရာတွင် ရေနှင့် ရိက္ခာကို ထပ်မံဖြည့်ဆည်းကာ မြင်းများကို တောင်ခြေတွင် ထားရစ်ခဲ့ရပြီး ရေခဲများ ဖုံးလွှမ်းထားသော တောင်ပေါ်





သို့ စ,တင်တက်ခဲ့ကြသည်။

တောင်မှာ သစ်ပင်ဝါးပင်များ မရှိဘဲ ဆီးနှင်းများသာ ထူထပ်စွာ ဖုံးအုပ်လျက်ရှိသည်။

ညအချိန်များတွင် ဂူပေါက်များကို ရှာဖွေပြီး အနားယူ ကြရသည်။ သို့သော် အေးလွန်းသောကြောင့် အိပ်မပျော်နိုင် ကြပေ။ နောက်တစ်နေ့တွင် နေရောင်ခြည်အောက်တွင် တောင်ထွတ်တစ်ခုကို လှမ်းမြင်ရသည်။ ဥတ္တရက ရေခဲများ ဖုံးလွှမ်းလျက်ရှိသော တောင်ထွတ်ကို လက်ညှိုး ထိုးပြကာ 'ထိုတောင်ထွတ်ပေါ်ရောက်ရင် သီရိသိင်္ဂီမြို့ တွေ့နိုင်ပြီ' ဟု အားရှိဖွယ်ရာ ပြောပြသည်။

ကျွန်ုပ် စိတ်ထဲ၌မူ ဒဏ္ဍာရီထဲမှာသာ ရှိသည်ဟု ထင်မိသော သီရိသိင်္ဂီမြို့သို့ တကယ်ရောက်တော့မည်ဆိုသောအခါ အံ့ဩ ဝမ်းသာ စိတ်များကြောင့် တုန်လှုပ်လျက်ရှိနေတော့သည်။ ကျွန်ုပ် တို့အဖွဲ့တွင် ဥတ္တရသည်လည်းကောင်း၊ မာယာသည်လည်း ကောင်း၊ ကျွန်ုပ်သည် လည်းကောင်း၊ ထိုခရီးကြမ်းများအတွက် ပင်ပန်းမှုဒဏ်ကို ခံနိုင်ကြသော်လည်း လူပုံနုနယ်လှသော ဗညားမော်အတွက်မှာမူ ကျွန်ုပ်တို့ကို မိအောင် အတော် ကြိုးစား၍ လိုက်ရရှာသည်။ ဖခင်ဖြစ်သူက ဘယ်လို ပင် သဘောမကျစေမူ မာယာကတော့ လမ်းတစ်လျှောက်လုံး ဗညားမော်ကို ဖေးမတွဲခေါ်လာလေသည်။ မာယာသည် နုနယ် လှပ သော မိန်းကလေးတစ်ဦးဖြစ်သော်လည်း ယောက်ျားများနှင့် ရင်ဘောင်တန်းကာ သွားလာလှုပ်ရှား နိုင်သူ ဖြစ်ပေသည်။ ဤသို့ဖြင့် ဖွဲကောင်းကောင်းဖြင့် ခရီးဆက်ကြရာ နောက်ဆုံး တွင် ကျွန်ုပ်တို့သည် လှမ်းမြင်နေ ရသော တောင်ထိပ်ပေါ်သို့ ရောက်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်ထိပ်ပေါ်ရှိ ကျောက်ဂူကြီးတစ်လုံးထဲမှာ ဝင်ရောက်နားကြစဉ် ဥတ္တရ အပြင်သွားခိုက် ဗညားမော်က မာယာကို မေးသည်။

ကိုယ့်မြို့ကို ပြန်ရောက်တော့မှာဆိုတော့ မင်းဝမ်းမသာဘူးလား မာယာ"

"ဟင့်အင်း ကျွန်မတော့ ဝမ်းမသာပါဘူး၊ မြို့ကို ပြန်ရောက် ရင် စိတ်ရှုပ်စရာ စိတ်ညစ်စရာတွေ အများကြီး တွေ့ရမှာ၊ ကျွန်မ သဘောကတော့ မြို့ပြန်ရောက်တဲ့အခါ၊ ရွှေငွေတွေကို လိုသလောက်ယူပြီး ကျွန်မတို့ ရှင်တို့နေတဲ့ ဒေသကို ပြန်ဖို့ပဲ စိတ်ကူးနေတယ်"

"မင်း အဖေကရော ဒီအစီအစဉ်ကို သဘောတူပါ့မလား"

အဖေက ကျန်တဲ့ကိစ္စတွေထက်၊ သူတန်ခိုးအာဏာမြင့်မားဖို့လောက်ပဲ စဉ်းစားနေတာ" ဟု ပြောသည်။

"ဟိုရောက်ရင် မင်းနဲ့ ငါနဲ့ အခုလို လွတ်လွတ်လပ်လပ် တွေ့ခွင့်ရပါတော့မလား၊ မင်းက သီရိသိဂ်ြီမြို့ရဲ့ အရှင်သခင်၊ ငါက မင်းတို့ရဲ့ ညွှန်သည်ဆိုတော့ မလွယ်ဘူးထင်တယ်"

ဟု ဗညားမော်က မေးသည်။

"ကျွန်မက ပကာသနတွေထက်၊ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာကိုပဲ တန်ဖိုးထားတာ၊ မြို့ကို ရောက်လို့ ရှင်နဲ့ ကျွန်မ ဝေးရမယ့် အဖြစ်တွေ တွေ့ရရင် ကျွန်မတို့နှစ်ယောက် လွတ်ရာကို ပြေးကြတာ ပေါ့၊ ရှင်ကရော ကျွန်မကို တစ်သက်လုံး ကြင်ကြင်နာနာနဲ့ ချစ်နိုင်ပါ့မလား"

"ငါ မင်းကို တကယ်ပဲ ချစ်တာပါ မာယာ၊ မင်းကို တွေ့စမြင်စက မင်းဟာ သာမန် မိန်းကလေးတစ်ယောက်ပါပဲ၊ အခုမှ သီရိသိဂ်ြီမြို့ရဲ့ အရှင်သခင်မဆိုတာ သိရတာပါ။ မင်းဘယ် ဘဝမျိုးနဲ့ပဲဖြစ်ဖြစ်





ကိုယ်မင်းကို ရာသက်ပန်ချစ်သွားပါ့မယ်"

"ဒီစကားကြားရတာ ကျွန်မဖြင့် ဝမ်းသာလိုက်တာ၊ ကျွန်မတို့နှစ်ယောက် သေအတူ ရှင်မခွဲကျကြေးနော်"

ဟု ကလေးငယ်တစ်ယောက်လို ပျော်ရွှင်စွာ ပြောလိုက်လေသည်။ ထိုအချိန်က သူတို့ ချစ်သူနှစ်ယောက်ရဲ့ လွတ်လပ်ခွင့်နှင့် ပျော်ရွှင်မှုကလေးများမှာ နောက်ဆုံးဖြစ်ခဲ့သည်ကို ကြိုတင်၍ မသိနိုင်ခဲ့ကြပေ။

ရှေ့တွင် ကံကြမ္မာ လှည်းဘီးက ဒုက္ခများကို တင်ဆောင်ကာ စောင့်ကြိုလျက် ရှိပေတော့သည်။

နောက်တစ်ပတ် ခရီးထွက်ရန် ပြင်သောအခါ ဥတ္တရက ဤသို့ ပြောလေသည်။

"အခု အချိန်ကစပြီး လျှို့ဝှက်တဲ့လမ်းကို သွားကြရတော့မယ်၊ အဲဒီတော့ ကျုပ်တို့ရဲ့ ရှေးရိုးအစဉ်အလာ ထုံးစံအတိုင်း ဒီလမ်းကို လူစိမ်းတွေ မမြင်စေရဘူး၊ ကဲ သမီး သူတို့နှစ်ယောက်ရဲ့ မျက်နှာကို အဝတ်စည်းပေးလိုက်ပါ"

ဟုပြောသဖြင့် မာယာက ကျွန်ုပ်တို့နှစ်ယောက်၏ မျက်နှာကို အဝတ်ဖြင့် စည်းပေးပြီးနောက် ၎င်းတို့ သားအဖက ကျွန်ုပ် တို့နှစ်ယောက် လက်ကို ဆွဲကာ ရှေ့မှ သွားကြလေသည်။

ဥတ္တရက ကျွန်ုပ်လက်ကို ဆွဲ၍ မာယာက ဗညားမော် လက်ကို ဆွဲခေါ်လေသည်။ လမ်းတလျှောက်လုံး ခရီးစဉ်ကို မှတ်မိဖို့ ဝေးစွ၊ မိမိကိုယ်ကို မလဲအောင်ပင် ဂရုစိုက်ပြီး လျှောက်ကြရသည်။ အတော်အတန် ကြာသောအခါ အလွန် လေးလံသော ကျောက်တုံးကြီးတစ်ခု ...ယ်ရှားနေဟန်ရှိပြီး မကြာမီ အလွန် ကျဉ်းမြောင်းသော မြေအောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသော လမ်း တစ်လမ်းကို ဆင်းနေကြရသည်။

လမ်းမှာ ကွေ့ကောက်လွန်းလှသည်။

ဟိုကွေ့ သည်ချိုးနှင့် အတန်ကြာအောင် လျှောက်ရပြီး သောအခါ ပြန့်ပြူးညီညာသော မြေပြင်တစ်ခုပေါ်သို့ ရောက် သောအခါမှ ကျွန်ုပ်တို့ မျက်နှာပေါ်မှ စည်းထားသော အဝတ်များကို ဖယ်လိုက်ကြသည်။ မျက်စိကို တဖြည်းဖြည်း ဖွင့်ကြည့် လိုက်သောအခါ ကျောက်ကမ်းပါး စွန်းကြီးတစ်ခု၏ အောက်ခြေရှိ လမ်းဟောင်းကြီးတစ်ခုပေါ်တွင် ရောက်နေသည်ကို တွေ့ကြရသည်။ ကျောက်နံရံကြီးများကို ထွင်းဖောက်ကာ လူ နေအိမ်များသဖွယ် ပြုလုပ်ထားသော ဂူဟောင်းကြီးများကို တွေ့ရသည်။

"ဒီဂူကြီးတွေမှာ အရင်က လူတွေနေခဲ့သလား"

"ဟုတ်တယ် သီရိသိဂ်ျမြို့ကြီး မတည်ခင်က ကျွန်ုပ်တို့ရဲ့ ဘိုးဘွား အစဉ်အဆက် ဒီဂူကြီးတွေမှာပဲ နေခဲ့ကြတာပါ။ နောက် အလွန်ကြီး တဲ့ ရေကန်ကြီးတစ်ကန်ထဲမှာ အသည်းပုံ ကျွန်းကြီးတစ်ကျွန်းကို တွေ့ခဲ့ အခါကျမှ အဲဒီကို ရွှေ့ပြီး မြို့တည် ကြတာပဲ၊ ဒီဂူကြီးတွေရဲ့ အတွင်းဘက်တွေမှာ ရှေးက လူတွေ ထားခဲ့တဲ့ အမွေအနှစ်တွေ အများကြီးရှိတယ်၊ နောက်ကြုံရင် ကျုပ်ကိုယ်တိုင် လိုက်ပြပါ့မယ်"

"ကောင်းတာပေါ့ဗျာ"

"ကဲပါလေ ..ဒါတွေနောက်မှ ပြောကြတာပေါ့၊ ရှေ့မှာ တောင်ကြား လမ်းတစ်လမ်းရှိတယ်၊ မမှောင်ခင် အဲဒီတောင် ကြားလမ်းကို ကျော်ဖြတ်နိုင်ရင် ပိုကောင်းတယ်၊ ကိုင်း အချိန်ရှိတုန်း သွားကြစို့ရဲ့" ဟု ဥတ္တရက ပြောပြောဆိုဆိုနှင့် ရှေ့မှ သွက်သွက်လက်လက်နှင့်





ဦးဆောင်ထွက်သွားရာ ကျွန်ုပ်တို့လည်း နောက်မှ ခပ်သုတ်သုတ် လိုက်ကြရလေတော့သည်။

မကြာမီ ဥတ္တရပြောသော တောင်ကြားလမ်းသို့ ရောက်ခဲ့ ကြပြီး အလွန်ကြီးသော ကျောက်ဂူကြီးတစ်ဂူ၏ ဂူပေါက်ထဲမှ ဖြတ်ကြရသည်၊ အတွင်းဘက်တွင် မှောင်လှသောကြောင့် ရှေ့မှ သွားနေသော ဥတ္တရ၏ ခြေသံကို နားစွင့်ကာ လိုက်ကြရသည်။

အပြင်သို့ ရောက်သောအခါ လမ်းဆုံတစ်ခု၏ ညာဘက်သို့ ချိုးကွေ့ သွားသောအခါ နောက်ဆုံး ကျောက်တုံးကျောက်ခဲများဖြင့် ဆောက် ထားသော အိမ်တစ်လုံးသို့ ရောက်သွား လေတော့သည်။

"ကဲ ရောက်ပြီ အထဲဝင်ကြ"

ဟုဆိုကာ အတွင်းသို့ ဝင်လာသည်။ အတွင်းဘက်တွင် စေ့ထား သော တံခါးကို တွန်းလိုက်သောအခါ အတွင်းမှ မီး ရောင်ထွက်လာ သည်။

"ဘယ်သူလဲ"

ဥတ္တရဘာမှ ပြန်မပြောဘဲ အတွင်းသို့ ဝင်သွားသောအခါ ကျောက်စားပွဲတစ်လုံးပေါ်တွင် အစားအသောက်များ တင်ကာ စားသောက်နေသော လူကြီးတစ်ယောက်နှင့် မိန်းမကြီး တစ်ယောက်ကို တွေ့ရသည်။ သူတို့က ကျွန်ုပ်တို့ကို မြင်သောအခါ လွန်စွာ အံ့ဩနေ ဟန်ရှိသည်။

"ဟော့ ဘာကြည့်နေတာလဲ၊ ငါနဲ့ ငါ့ညီ့သည်တွေအတွက် အစားအသောက်တွေ အမြန်ဆုံး ပြင်စမ်းဟဲ့"

ထိုအသံကို ကြားသောအခါမှ မှတ်မိသွားဟန်ဖြင့် ..

"ဟဒယဘုရင်မင်းမြတ်နဲ့ သမီးတော်တို့ ပြန်လာကြတာ[illegible]ဟား"



www.burmeseclassic.com

www.burmeseclassic.com



ဟု တအံ့တသြ ရေရွတ်ကာ မြေပေါ်သို့ ဒူးထောက်ဝပ်ကာ အရိုအသေ ပေးကြလေသည်။

"ရုတ်တရက် မမှတ်မိတာ ခွင့်လွှတ်တော်မူပါ အရှင်မင်းမြတ်၊ အရှင်နဲ့ သမီးတော်တို့ ပြန်မလာတော့ဘူးလို့ သတင်း ဖြစ်နေ တာဆိုတော့ ရုတ်တရက် အံ့သြသွားလို့ပါ ."

"အရှင်ရဲ့ အရိုက်အရာကို သူရဋ္ဌက သိမ်းပိုက်ပြီး အုပ်ချုပ်နေပါတယ်"

"အေး ဒါတွေက နောက်မှပြော လောလောဆယ် ငါသွားတုန်းက ထားခဲ့တဲ့ အဝတ်အစား လက်ဝတ်ရတနာတွေကို ထုတ်ခဲ့တော့၊ နောက်ပြီး တို့အားလုံးအတွက် အစားအသောက်တွေ အမြန်ပြင်ဆင်ပေတော့"

ဟု အမိန့်ပေးလိုက်သောအခါ ထိုလူကြီးနှင့် အမျိုးသမီး ကြီးတို့မှာ လွန်စွာ ကြောက်ရွံ့တုန်လှုပ်သော အမူအရာနှင့် အရိုအသေပေးကာ အတွင်းဘက်သို့ ဝင်သွားတော့သည်။

ဗညားမော်က မာယာကို မေးလိုက်သည်။

"ဒါ ဘယ်နေရာကို ရောက်နေပြီးလဲ မာယာ"

"သီရိသိင်္ဂီမြို့ရဲ့ နယ်စပ်ကို ရောက်နေပြီ၊ ကျွန်မတို့အတွက် ထွက်သွားတော့ ပြန်လာရင် အဆင်သင့်ဖြစ်အောင်လို့ သူတို့ကို ဒီမှာ ထားရစ်ခဲ့တာ ဒါပေမယ့်"

ဟု ဆိုကာ စကားရပ်လိုက်သည်။

"ဒါပေမယ့် ဘာဖြစ်သလဲ မာယာ"

"သူတို့အားလုံးက ကျွန်မတို့တော့ ဘယ်နည်းနဲ့မှ ပြန်ရောက်





လာနိုင်တော့မယ် မထင်တာနဲ့ ဒီမှာ လုပ်ချင်သလို လုပ်နေကြ ပုံရတယ်၊ မြို့ရောက်ရင်တော့ အတော်ပြဿနာတွေ ရှင်းရမယ် ထင်တယ်"

ဟု ပြောပြလေသည်။

"သူတို့အမူအရာကြည့်ရတာ မင်းတို့ကို မိုးပေါ်က ကျလာတာ၊ ဒါမှမဟုတ် သေရွာက ထလာတာကို ရုတ်တရက် မြင်လိုက်ရ သလိုပဲ အတော်ကို အံ့သြနေပုံရတယ်"

မကြာမီ ထိုလူကြီးက လာခေါ်သဖြင့် အတွင်းဘက်သို့ လိုက်သွားရာ အထဲတွင် ဆီမီးခွက် ထွန်းထားပြီး သားမွေး အိပ်ရာခင်းများ ခင်းထားပြီး၊ ထိုအပေါ်တွင် ကျွန်ုပ်တို့ လဲလှယ် ဝတ်ဆင်ရန်အတွက် အဝတ်အစားများ၊ ငွေခွက် ရွှေခွက်များနှင့် ထည့်ထားသော ရေပူ၊ ရေအေးများကိုပါ အဆင်သင့် တွေ့ရလေသည်။

ထိုအခါ ဗညားမော်က ကျွန်ုပ်အား တိုးတိုးကပ်ပြောသည်။

"သာမန် အသုံးအဆောင်တွေတောင် ရွှေအစစ် ငွေအစစ်တွေနဲ့ လုပ်ထားပုံထောက်ရင် သီရိသိင်္ဂီမြို့ရောက်ရင် ဒီထက် ချမ်းသာ ကြွယ်ဝ,တာတွေကို တွေ့ရမယ်ထင်တယ်"

"အင်း ဖြစ်နိုင်ပါ့တယ်"

"နောက်ပြီး ဥတ္တရဆိုတဲ့ ဆေးဆရာကြီးက သီရိသိင်္ဂီမြို့ရဲ့ ဘုရင်ဆိုတာ ဟုတ်လောက်တယ်၊ ဘာကြောင့်လဲဆိုတော့ ဟို လူတွေ ကြည့်ရတာ အတော့်ကို ကြောက်ရွံ့နေကြပုံရတယ်"

ကျွန်ုပ်တို့လည်း မိမိတို့အတွက် ချထားသော အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ကြသည်။ အဝတ်အစားများမှာ သားမွေးဖြင့် ချုပ်ထားသော အဝတ်အစားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ကျွန်ုပ်တို့ကို လာရောက်ခေါ်သဖြင့် စားသောက် ခန်းထဲသို့ လိုက်သွားရသည်။

ကျွန်ုပ်တို့ ရောက်ပြီး မကြာမီ ဥတ္တရ နှင့်မာယာတို့ သား အဖလည်း အဝတ်အစားများကို လဲလှယ်ပြီး ရောက်လာကြ သည်။

ကျွန်ုပ်တို့မှာ မာယာအား သာမန်အရပ်သူတစ်ယောက် အသွင်ဖြင့်သာ မြင်လာခဲ့ရာ ယခုကဲ့သို့ ခမ်းနာလှပသော အဝတ်အစားများနှင့် တွေ့ရသောအခါ မမြင်ဖူးသလို ငေးကြည့်နေကြသည်။

မာယာသည် ဖြူဖွေးသော အင်္ကျီရှည်ကြီးတစ်ခုကို ဝတ် ထားကာ အင်္ကျီအနားတွင် အစိမ်းရောင် ပန်းပွင့်ပန်းခက်များ ထိုးထားသည်။ ရင်ဘတ်ပေါ်တွင် အသည်းပုံတံဆိပ်ကို ရွှေချည်ဖြင့် ထိုးထားသည်။ နားတောင်း၊ ဆံထိုး၊ ဘယက်၊ လည်ဆွဲ၊ လက်ဝတ်ရတနာများမှာ အဖိုးတန်ကျောက်မျက်ရတနာ မျိုးစုံကို ရွှေဖြင့် ပြုလုပ်ထားလေသည်။ ဦးခေါင်းတွင် ထိုးထားသော စိန်ပွင့်ကြီးမှာ မီးရောင်ကြောင့် အရောင်များ တလက်လက် တောက်ပလျက်ရှိသည်။

မာယာက ကျွန်ုပ်တို့ ကြည့်နေမှန်း သိသောအခါ ရှက်စနိုး အမူအရာဖြင့် ပြုံးနေသည်။

"ကျွန်မကို ဒီလို အဝတ်အစားတွေနဲ့ တွေ့မြင်ရတော့ အံ့ သြနေကြပုံရတယ်၊ ဒါတွေက ကျွန်မတို့ ဘုရင့်သမီးတော် တစ်ပါးအတွက် သာမန် အသုံးအဆောင်တွေပဲ ဖြစ်ပါတယ်"

ဟု အရှက်ပြေပြောသည်။

"ဒါထက်နေပါဦး၊ မြို့ရောက်ရင် မင်းကို တို့က ဘယ်လို ဆက်ဆံရမှာလဲ၊ ဆေးဆရာကြီးရဲ့ သမီးမာယာအဖြစ်နဲ့ ဆက်ဆံရမှာလား၊





သိရိသိဂီဘုရင့်သမီးတော်အဖြစ်နဲ့ ဆက်ဆံရမှာလား၊ နောက်ပြီး မြို့ရောက်ရင်ရော မင်းကို ဒီလို တွေ့ခွင့် ရနိုင်ပါဦးမလား"

"ဟိုရောက်သွားရင်တော့ ဒီလို တွေ့ရဖို့ မလွယ်တော့ဘူး၊ ပကာသနအသိုက်အဝန်းတွေနဲ့၊ အဆင့်အတန်းတွေက ကျွန်မတို့ နှစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို ပိတ်ပစ်ကြတော့မှာ"

ဟု ဝမ်းနည်းစွာ စကားဆိုလေသည်။

ထိုသို့ စကားပြောနေကြစဉ် အခန်းထဲသို့ ဥတ္တရ ဝင်လာသည်။ ထိုသို့ တွေ့မြင်ခဲ့ရသော သာမန် ဆေးဆရာ သူသည် မကြာမီကာလက တွေ့မြင်ခဲ့ရသော သာမန် ဆေးဆရာ တစ်ယောက် အသွင်သဏ္ဍာန်၊ ဟန်ပန်အမူအရာမျိုး မဟုတ်တော့ဘဲ၊ ကေရာ တစ်ယောက်၏ အသွင်သဏ္ဍာန်ဟန်များ ပြောင်းလဲသွားလေ တော့သည်။

ရင်း၏ လည်ပင်းတွင် ဟဒယစိန်ကြီးကို ဆွဲထားလေသည်။ ၎င်းစိန်ကြီးသည် ၎င်းတို့လူမျိုးများ၏ အထွတ်အမြတ် ထားသောပစ္စည်း ဖြစ်သောကြောင့် ဘုရင်တစ်ယောက် အနေနှင့်သာ ဆွဲခွင့်ရသော ပစ္စည်း ဖြစ်ပေလိမ့်မည်။

သည်သို့ဆိုလျှင် ၎င်းစိန်မျိုး ကျွန်ုပ်မှာလည်း တစ်ဝက်ရှိပေရာ ကျွန်ုပ်သည်လည်း သိရိသိဂီမြို့၏ အရှင်သခင် တစ်ယောက် ဖြစ်နိုင် ပေသည်ဟု စိတ်ထဲတွင် မဆီမဆိုင် တွေးတောလိုက်မိသည်။

ဥတ္တရထွက်လာသည်ကို မြင်သောအခါ မာယာသည် ခါတိုင်းကဲ့သို့ မနေဝံ့တော့ဘဲ နေရာမှ ထ၍ ကာ အရိုအသေပြုရသည်ကို သတိပြုမိ သဖြင့် ကျွန်ုပ်တို့နှစ်ယောက်မှာ ဘယ်လို လုပ်ရမှန်းမသိ အောင် ဖြစ်သွားမိကြသည်။ အိမ်ရှင်လင်မယား နှစ်ယောက်မှာလည်း ...



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့သော အမူအရာဖြင့် အရိုအသေ ပေးနေကြရာ ကျွန်ုပ်တို့ နှစ်ယောက်မှာလည်း မနေသာတော့ဘဲ ဦးညွှတ်ကာ အရိုအသေ ပေးလိုက်ရသည်။

"ကျွန်ုပ်ကို မြို့မရောက်ခင်အထိတော့ ခါတိုင်းလိုပဲ ဆက် ဆံနိုင်ပါတယ် မြို့ရောက်တဲ့အခါမှသာ ထုံးတမ်းအစဉ်အလာ နဲ့အညီ ဆက်ဆံကြပေါ့။ ကဲ ညစာ စားလိုက်ရအောင်"

ဟု ဆိုကာ ထိုညတွင် ၎င်းတို့နှင့်အတူ ဝိုင်းကာ ညစာ စားရလေသည်။ မည်သည့် အစားအစာမျိုးမှန်း မသိရသော် လည်း ခရီးပင်ပန်းလာသည်က တစ်ကြောင်း၊ ဆာနေသည် က တစ်ကြောင်း၊ လွန်စွာမှ အရသာ ရှိလှပေသည်။

စားသောက်ပြီးသောအခါ ဥတ္တရက ၎င်းအနီးတွင် ရပ်နေ သော လူကြီးအား ဤသို့ မှာကြားလေသည်။

"မင်း ကန်တော်ကြီးကို အရောက်သွားပေတော့၊ အဲဒီက သူကြီးကို ငါပြန်လာပြီဆိုတဲ့အကြောင်း သတင်းပို့ချေ။ မနက် လင်း ကာနဲ့ ဒီကို ဝေါယာဉ်တွေ ရောက်လာပစေ၊ ကန်တော်ကြီးကို ဖြတ်ကူးဖို့ လှေတွေကိုလည်း အဆင်သင့် လုပ်ခိုင်းထား၊ မြို့တော်ထဲမှာ ငါပြန် ရောက်လာပြီဆိုတဲ့ သတင်း မပေါက်ကြားဖို့လည်း တစ်ခါတည်း မှာခဲ့ ကိုင်း အမြန်ဆုံး သွားပေတော့"

"ကောင်းပါပြီ အရှင်"

ဟု စေခိုင်းလိုက်သောအခါ ထိုလူကြီးမှာ ဦးညွှတ်အရိုအသေ ပေးပြီးနောက် အမှောင်ထဲသို့ အလျင်အမြန် ထွက်သွားလေတော့သည်။ မကြာမီ ပြေးထွက်သွားသော မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ရသည်။





စားသောက်ပြီးသောအခါ ဥတ္တရနှင့် မာယာတို့က ၎င်းတို့အတွက် သီးသန့်ပြင်ဆင်ထား သော အခန်းထဲသို့ ဝင်သွားကြသည်။

ထိုသို့ ဝင်ခါနီးတွင် မာယာက ဗညားမော်အား တောင်းပန်းသော အကြည့်နှင့်ကြည့်ကာ နှုတ်ဆက်သွားလေတော့သည်။

ထိုအခါမှ ကျွန်ုပ်တို့နှစ်ယောက်မှာ လွတ်လွတ်လပ်လပ် စကားပြော ရလေတော့သည်။

"ကိုဒိဗ္ဗ ဥတ္တရကြီး အမူအရာဟာ အသွင်အပြင် လုံးဝ ပြောင်းလဲ သွားတယ်လို့ ခင်ဗျား မထင်မိဘူးလားဗျ"

ဟု မေးသည်။

"ပြောင်းတာပေါ့ဗျာ၊ မပြောင်းဘဲ ဘယ်ရှိပါ့မလဲ၊ အရင်တုန်းက သာမန်ဆေးဆရာတစ်ယောက်လေဗျာ၊ အခု သိရိသိဂိရဲ့ ဘုရင် ဆိုတော့ အဆင့်အတန်းချင်းကလည်း မိုးနဲ့ မြေလောက် ကွာခြား တယ် မဟုတ်လား၊ ဒါကိုတော့ အပြစ်မြင်လို့ မရနိုင်ဘူး၊ ဒူးနေရာဒူး၊ တော်နေရာတော် ဆိုတဲ့စကားပုံလိုပေါ့"

"ဒါထက် သူ့ရဲ့ ရည်ရွယ်ချက်က ဘာလဲဗျ၊ ခင်ဗျား ရိပ်မိ သလား"

"သူ့ရဲ့ ရည်ရွယ်ချက်ကတော့ အတော်ကြီးပုံရတယ်၊ နောက်ပြီး လုပ်ချင်တဲ့ ရည်ရွယ်ချက်ကို အောင်မြင်အောင် ဖွဲ့ကောင်းကောင်းနဲ့ လုပ်တတ်တယ်ဆိုတာလည်း ထင်ရှားတယ်၊ ဘာကြောင့်လဲဆို တော့ ဘယ်နေရာမှာ ရှိမှန်းမသိတဲ့ ကျူပ်ဆီက စိန်ကြီးကို မတွေ့တွေ့အောင် ရှာနိုင်တာသာ လက်တွေ့ကြည့်ပေတော့"

"ဒါတော့ ဟုတ်တယ်ဗျို့၊ ရှိမှန်း မရှိမှန်း မသိတဲ့ စိန်ကြီးကို ထီးနန်းနဲ့ အပင်ပန်းခံပြီး လိုက်ရှာဝံ့တဲ့ သတ္တိနဲ့ ဖွဲ့ကတော့ ချီးကျူးစရာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူလိုချင်တာ ရအောင်ဆိုရင် ဘာမဆို လုပ်ဝံ့တဲ့ လူစားမျိုးပဲ၊ ဂ
ပြောပါဦး၊ ဒီလိုလုပ်တာ သူရဲ့ ရည်ရွယ်ချက်က ဘာလဲဗျ"

"သူ့ရဲ့ ရည်ရွယ်ချက်ကတော့ သူရဲ့ လက်ထက်မှာ တဖြည်းဖြည်း
တန်ခိုးအာဏာကျဆင်းလာတဲ့ သိရိသိင်္ဂမြို့ကြီးကို တန်ခိုးအာဏာ
ပြန်လည် အထွတ်အထိပ် ရောက်ဖို့နဲ့၊ ဟဒယလူမျိုးတွေ စည်းရုံး
ရေးအတွက် နေမှာပေါ့ဗျာ၊ ဒါထက် ခင်ဗျားတို့ အခြေအနေကရော
ဘယ်လိုလဲ"

"ဘာကို မေးတာလဲဗျ"

ဗညားမော်က ကျွန်ုပ်မသိသေးဟု ထင်ကာ မသိဟန် ဆောင်ကာ
ပြန်မေးလိုက်သည်။

"ခင်ဗျားနဲ့ မာယာအကြောင်းကို မေးတာပါ"

"အော် ဒါတွေကို ခင်ဗျား ရိပ်မိနေတာကိုး၊ ခင်ဗျားက မိန်းမတွေကို
မုန်းနေတာဆိုတော့ စိတ်အနှောင့်အယှက်ဖြစ် မှာစိုးလို့ ဖွင့်မပြော
တာ ခွင့်လွှတ်ပါဗျာ"

"ရပါတယ်ဗျာ၊ တောင်းပန်စရာမလိုပါဘူး၊ ဒါတွေက ဖြစ်လေ့
ဖြစ်ထရှိတဲ့ သဘာဝတွေပါ၊ ကျုပ်နားလည်ပါတယ်၊ နောက်ပြီး
မာယာကလည်း ခင်ဗျားသတိလစ်နေတုန်းက ကျုပ်ကို ပွင့်ပွင့်
လင်းလင်း ဖွင့်ပြောပြပါတယ်၊ ကျုပ်အမြင် ပြောရရင်တော့ သူခင်ဗျား
ကိုတော့ အတော်စွဲစွဲလမ်းလမ်း ချစ်နေတဲ့ပုံ ရတယ်ဗျ"

"ဘာကြောင့်လဲ"

"တခြား မကြည့်နဲ့လေဗျာ၊ ခင်ဗျားသတိလစ်နေတုန်းက
ကျောက်တွင်းကြီးထဲကို အသက်စွန့်ပြီး၊ တစ်ယောက်တည်း





ရေရအောင် ဆင်းခပ်ယူလာတာကိုပဲ ကြည့်ပေတော့၊ သာမန်
မိန်းကလေးတွေ မလုပ်ဝံ့တဲ့ အလုပ်မျိုးပဲ၊ အချစ်နဲ့ ပတ်သက် လာရင်
ယောကျ်ားတွေထက်၊ မိန်းမတွေက ပိုပြီး သတ္တိ ကောင်း
တယ်ဆိုတာကို ကျုပ်တော့ လက်တွေ့ဖြစ်လို့ ယုံသွားပြီဗျို့ ကိုဗညား"

"ခင်ဗျား ပြောတာကြားရတာနဲ့တင် စိတ်ထဲမှာ အားရှိသလို
ခံစားရတယ်၊ ဒါပေမယ့် သူတို့ မြို့ရောက်ရင် ဒီလို အခြေအနေ
မျိုးတွေမှ ရပါတော့မလား မသိပါဘူးဗျာ"

ဟု စိတ်ပျက်အားငယ်သော လေသံဖြင့် ပြောသည်။

"ဒီလောက်လည်း စိတ်လျှော့မနေပါနဲ့ဗျာ၊ ခင်ဗျားတို့နှစ် ယောက်ရဲ့
ပေါင်းစည်းရေးဟာ သူ့အပေါ်မှာ အဓိက မူတည် နေတာပဲ၊
သူခင်ဗျားအပေါ်မှာ သစ္စာရှိနေရင် ဘာမဆို ဖြစ်ကို ဖြစ်ရမဲ့ယ်လို့
ကျုပ်ရဲရဲကြီး ပြောဝံ့ပါတယ်၊ ဘယ်လိုအကြောင်း ပဲရှိရှိ ခင်ဗျားရဲ့
ရှေ့မှာ ကျုပ်ရှိနေတယ်ဆိုတာကိုတော့ ရဲရဲယုံ ကြည်ထားပါ။
ဘာကြောင့်ပဲဖြစ်ဖြစ် ခင်ဗျားတို့နှစ်ယောက် ပေါင်းဆုံနိုင်ရေးအတွက်
ကျုပ်အကူအညီပေးပါ့မယ်"

ကျွန်ုပ် စကားကြားသောအခါ ဗညားမော်မှာ အတန် အသင့်
စိတ်သက်သာရာ ရသွားဟန်ရှိပေသည်။

"ကိုင်းဘာမှ ဖြစ်မလာသေးတာတွေကို စိတ်ကူးနဲ့ ဖြစ်ပါ့ မလားလို့
တွေးပူနေတာ စိတ်ပင်ပန်းရုံပဲရှိမယ်၊ ခင်ဗျားကို ကျုပ်တစ်ခု ပြောပြ
မယ်..အလုပ်တစ်ခုကို မလုပ်ခင်ကတည်းက ဖြစ်မှဖြစ်ပါ့ မလားလို့
တွေးကြောက်နေတဲ့လူ ..၊
နည်းနည်းလေးအခက်အခဲတွေ့တာနဲ့ စိတ်ပျက်တတ်တဲ့ လူ၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းတိုင်မရောက်သေးဘဲ တက်ကြွောက်ချင်တဲ့လူ ..၊ ဥပ၊ ဝီရိယနဲ့ ရည်ရွယ် ချက်မရှိတဲ့လူတွေဟာ မိမိရည်မှန်းချက် ပန်း တိုင် ဒါမှမဟုတ် မိမိလိုချင် တာကို ဘယ်တော့မှ မရဘူးဆိုတာ ကို မြဲမြဲမှတ်ထားပေတော့"

ဟု ပြောပြသောအခါ ဇဉ္ဇားမော်က ကျွန်ုပ်အား အလွန် ကျေးဇူး တင်သော အမူအရာဖြင့် ကျွန်ုပ်၏ လက်ကို ဆုပ်ကိုင်လိုက်သည်၊ ထို့နောက်တွင် ညဉ့်အတော်နက်ပြီ ဖြစ်သောကြောင့် ကျွန်ုပ်တို့ နှစ်ယောက်မှာ စကားစရပ်ပြီး အိပ်ရာဝင် ခဲ့ကြလေသည်။

✿ ✿ ✿





## အခန်း(၁၅)
## သူရဲ့ရဲ့၏ မင်္ဂလာပွဲ

ကျွန်ုပ်တို့နှစ်ယောက်မှာ အိပ်ရာဝင်၍မှ မကြာသေးမီ တစ်စုံ တစ်ယောက်က လာနှိုးသဖြင့် အိပ်ပျော်ရာမှ နိုးကြရသည်။ ကျွန်ုပ်တို့ကို လာရောက်နှိုးသူမှာ ဥတ္တရကိုယ်တိုင်ပင် ဖြစ်ပေသည်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်ပြန်တော့ မိုးမလင်း သေးပေ၊

"အစောကြီးရှိသေးတယ်၊ ခရီးထွက်တော့မလို့လား၊ မှာထားတဲ့ ဝေါ်ယာဉ်တွေ ရောက်ပြီလား"

"မရောက်သေးပါဘူး၊ ဒါပေမယ့် မြို့တော်ကို စောစော ရောက် အောင်သွားမလို့ စိတ်ကူးရှိတယ်၊ ခင်ဗျားတို့ပြီးရင် သွားကြရ အောင်"

ဟု ဆိုကာ အပြင်ပြန်ထွက်သွားသည်။

၎င်း အမူအရာမှာ တစ်စုံတစ်ခုကို စိုးရိမ်ပူပန်နေဟန်ရှိ သည်။ ကျွန်ုပ်တို့နှစ်ယောက်အပြင်သို့ ထွက်လာသောအခါ ဥတ္တရနှင့်မာယာ တို့မှာ အဆင်သင့်စောင့်နေသည်ကို တွေ့ရ သည်။

မကြာမီ အမှောင်ထဲမှာပင် ခရီးစတင်ထွက်ကြရာ အပြင်သို့ ရောက် သောအခါ အအေးဒဏ်ကို အလူးအလဲခံကြရလေသည်။ လေပြင်း မတိုက်သော်လည်း နှင်းများက တဖွဲဖွဲကျ ဆင်းလျက်ရှိသည်။ အမှောင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာပင်ဖြစ်လင့်ကစား လမ်းများကို ကောင်းစွာ မှတ်မိနေဟန်ရှိသော ဥက္ကာရက ရှေ့မှ ဦးဆောင်၍ သွားလေသည်။

အတန်ကြာအောင် သွားမိသောအခါ သွေးပူလာပြီး အအေးဒဏ်ကို ခံနိုင်ရည်ရှိပေသည်။

မကြာမီ အရှေ့ဘက်ရှိ တောင်တန်းများကို ကျော်ပြီး အရုဏ်ဦး အလင်းရောင်များ ပေါ်ထွက်စပြုလာပြီဖြစ်သောကြောင့် ပတ်ဝန်းကျင် ကို ရေးရေးဝါးဝါး မြင်လာစပြုပြီဖြစ်၏။ အလင်းရောင်ကြောင့် ကျွန်ုပ်တို့ အပေါ်မှ မိုးထားသော ဆီးနှင်းများ ပုံးလွှမ်းထားသော တောင်ထွတ်ကြီး များကို မြင်တွေ့ရသည်။ အလင်းရောင်ကောင်းစွာ ရလာသောအခါ ကျွန်ုပ် တို့ ရောက်နေသော နေရာမှာ မြင့်မားသော တောင်ကမ်းပါး ယံကြီးများ ပတ်လည်ဝိုင်းရံလျက် ရှိသော လျှိုတစ်ခုအတွင်းမှ တောင်ကြားလမ်းကလေးတစ်လမ်းဖြစ်ကြောင်း တွေ့ရသည်။ မလှမ်းမကမ်းတွင် တောင်ကျချောင်းမှ ရေစီးသံကလေးများ ကိုလည်း ကြားရသည်။

ကျွန်ုပ်တို့တစ်တွေ နာရီပေါင်းများစွာ ခရီးဆက်သောအခါ အလွန်ကြီးသော ရေကန်ကြီးတစ်ကန်ကို အပေါ်မှ မြင်ရသော နေရာသို့ ရောက်ပေတော့သည်။

ထိုရေကန်ကြီး၏ အလယ်တွင် ရှိသော ကျွန်းတစ်ကျွန်းပေါ်တွင် ကျွန်ုပ်တို့ တွေ့လိုသော၊ ရောက်ဖူးချင်သော သီရိသိင်္ဂီမြို့ကြီးကို လှမ်းမြင် နေရပြီဖြစ်၏။

ကျွန်း၏ အလယ်တွင် ကျောက်ပန်းကျောက်ခက်များဖြင့် တည်ဆောက်ထားသော အဆောက်အအုံများစွာကို တွေ့ရ သည်။





မြို့တော်၏ ပတ်ဝန်းကျင်တစ်ပိုက်မှာကား ကျောက် မြူများဖြင့် မြူလုပ်ထားသော မြို့ရိုးသဏ္ဌာန် တံတိုင်းကြီးများကိုလည်း မြင်နေရသည်။ မြို့တော်တည်ဆောက်ထားသော ကျွန်းကြီးမှာ အသည်းပုံသဏ္ဌာန်ဖြစ်ပြီး (ကျွန်ုပ်တို့ မြန်မာနိုင်ငံ ချင်းပြည်နယ်အတွင်း၌ ရှိသော (ရိ) ရေကန်အတိုင်းပင်ဖြစ်၏။ 'ရိ'ရေကန်မှာ အသည်းနှလုံးပုံ ရေကန်ကြီး ဖြစ်၏။ စာရေးသူ)

ကန်ကြီး၏ ပတ်ဝန်းကျင်တွင် စီးဆင်းနေသော ချောင်းများနှင့် စိမ်းလန်းသော သစ်တောများကို လှမ်းမြင်ရသည်။

“အဲဒါ ကျွန်မတို့ရဲ့ သီရိသိင်္ဂီမြို့တော်ပါပဲ၊ သာယာလှပရဲ့လား”

ဟု မာယာကမေးသည်။

“အတော် သာယာလှပတဲ့ နေရာပဲ၊ ဒီလို နေရာမျိုးမှာ မနေချင်ဘူး ဆိုတာတော့ အတော်အံ့စရာ ကောင်းတာပဲ”

“သစ်သီးသစ်နှံတွေ၊ ရွှေငွေကျောက်သံပတ္တမြားတွေပေါတယ်ဆို ပေမယ့် မြို့သူမြို့သားတွေရဲ့ အယူဝါဒနဲ့ စိတ်ဓာတ်တွေကတော့ ကြောက်စရာ အတော်ကောင်းလှတယ်”

“ဒါကတော့ ဟိုရောက်မှပဲ သိရတော့မှာပဲ၊ အဝေးက လှမ်းကြည့် ရတာတော့ အတော်နေချင်စရာ ကောင်းမယ့်ပုံပဲ”

“ဒါက ဒီနေရာမှာ ပြောတာပါ၊ မြို့ရောက်တဲ့အခါ အဲဒီ စိတ်ကလေး ပျောက်သွားလောက်အောင် စိတ်ညစ်စရာတွေ တွေ့ရမှာပါ။ ရှင်သာ ကျွန်မကို တကယ်ချစ်တယ်ဆိုရင် တောင်တန်းကြီးတွေကို ဖြတ်မကျော်ခင်ကတည်းက ကျွန်မကို ခေါ်ပြီး ရှင်တို့တိုင်းပြည်ကို ပြန်ဖို့ကောင်းတယ်၊ အဲဒီအချိန် တုန်းက ကျွန်မသာ သာမန်အရပ်သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လည်းဖြစ်၊ လက်ထဲမှာလည်း ရွှေငွေကျောက်သံပတ္တမြားတွေကလည်း ဘာမှမရှိတော့ အဲဒီလိုလုပ်ဖို့ စိတ်ကူးမရှိတာလည်း ဖြစ်ချင် ဖြစ်မှာပေ့ါ"

ဟု မကျေမနပ်ဖြင့် စကားနာထိုးလေသည်။

"မင်း အဲသည်လို ပြောဖို့တော့ မကောင်းပါဘူး၊ မင်း ဘယ်ဘဝမျိုးပဲဖြစ်ဖြစ် ချစ်နေမှာပါ"

"ဒါပေမယ့် သီရိသိဂ်ိကို ရောက်သွားရင် ကျွန်မတို့ အဲဒီအခွင့်အရေးမျိုးရတော့မှာ မဟုတ်ဘူး၊ အခုလောလောဆယ် သူ့ရဲ့ဂုဏ်သိန်အာဏာရထားတဲ့ သူဆိုတော့ သူက အဲဒါမျိုး ကို သဘောကျမှာ မဟုတ်ဘူး၊ ကျွန်မလည်း ဒီလို လွတ်လွတ် လပ်လပ်နေခွင့်ရတော့မှာ မဟုတ်ဘူး၊ ကျွန်မတော့ အခုလို လွတ်လွတ်လပ်လပ်နေရတဲ့ ဘဝမျိုးလေးကို သဘောကျတယ် ဘယ်တော့မှ မေ့တော့မှာမဟုတ်ဘူး"

ဟု ကြေကွဲဖွယ်ရာ ကောင်းလောက်အောင် စကားဆိုလေ သည်။

ထိုအခါမှ ဗညားမော်မှာလည်း လွန်စွာ စိတ်မကောင်းသော လေသံဖြင့်

"တို့နှစ်ယောက် အခုထွက်ပြေးလို့ရော မရတော့ဘူးလား မာယာ" အလောတကြီး မေးလိုက်သည်။

"မရတော့ဘူး၊ အခုမှ ပြေးရင်လည်း လမ်းမှာတင် ပြန်မိမှာပဲ၊ ဒီတော့ ရှေ့မှာ တစ်ဦးနဲ့တစ်ဦး သစ္စာရှိရှိနဲ့ ဖြစ်သမျှ အကြောင်း အကောင်းလို့သာ သဘောထားပေတော့ ချစ်သူ ရေ"

"မင်းပြောတဲ့ စကားကြားရတာ ပေါဟိုမှာ မြင်နေရတဲ့ အသည်းပုံကျွန်းကြီးအလယ်က ထက်ခြမ်းကွဲသွားသလို ငါ့ရင်ထဲက





အသည်းနှလုံးတွေ ထက်ခြမ်းကွဲသွားသလို ခံစားရပါတယ် မာယာရယ်"

ဟု ပြောဆိုနေကြစဉ် ရှေ့တွင် ရောက်နေသော ဥတ္တရက နောက်သို့ ပြန်လှည့်လာသည်။

"ဗညားမော်ရော မာယာပါ အနားကို လာခဲ့ကြဦး၊ မင်းတို့ကို ပြောစရာရှိတယ်"

ဟု ခေါ်ပြီး ဤသို့ ပြောသည်။

"ငါလည်း ငယ်ရာကကြီးလာတာပဲ၊ မင်းတို့ရဲ့ လူငယ်ချင်း ဖြစ်ကြတဲ့ ကိစ္စတွေကို နားလည်ပါတယ်၊ ဒါပေမယ့် မင်းတို့ရဲ့ နှလုံးသားကိစ္စတွေကို ရေကန်ကြီးရဲ့ တစ်ဖက်ကမ်းမှာပဲ ထားခဲ့ရမှာ၊ သီရိသိဂ်ိမြို့အထိ ယူသွားလို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဘုရင့်သမီးတော်တစ်ပါးက သာမန်လူတစ်ယောက်နဲ့ လက်ထပ်တာကို ဘယ်သူကမှ ခွင့်ပြုမှာ မဟုတ်ဘူး၊ ဒါကြောင့်၊

"တော်ပါပြီဗျာ၊ ကျွန်တော် နားလည်ပါတယ်၊ ဒါနဲ့တောင် ကျုပ်တို့ကို ဘာကြောင့် ဒီအထိ ခေါ်လာရတာလဲ ပြောပါဦး"

ဟု ဗညားမော်က မကျေမနပ်ဖြင့် မေးလိုက်သည်။

"ဒါကတော့ ငါ့မှာ အကြောင်းတစ်ခုရှိလို့ခေါ်လာတာပေ့ါကွာ၊ အခုအချိန်ကစပြီး မင်းတို့နှစ်ယောက် အခုလို တပူးတွဲတွဲ နေခွင့် မပေးနိုင်တော့ဘူး"

ဟု ဆိုကာ မာယာကိုခေါ်ပြီး ရှေ့မှ ထွက်သွားသည်။

ကျွန်ုပ်တို့နှစ်ယောက်က မလှမ်းမကမ်းနောက်မှ လိုက်ရ လေသည်။

"ခင်ဗျားတွက်ကိန်းကဘော့ မှန်နေပြီ ကိုဗညား၊ ဒီလူကြီးက သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးအာဏာကြီးထွားဖို့အတွက် အသုံးချဖို့ ကျွန်တော်တို့ကို အချိုသတ်ပြီး ခေါ်လာတာဖြစ်မယ်၊ ဟိုရောက်ရင် ဒုက္ခရောက် ကြမဲ့ပုံရ များတယ်၊ ဒီနေရာက နောက်ကြောင်း ပြန်လှည့်သွားရင် ကောင်းမယ်ထင်တယ်"

ဟု ပြောသည်။

"အင်း အခုမှတော့ မဖြစ်တော့ပါဘူးဗျာ၊ ဒီအတိုင်းပြန်ရင်လည်း လမ်းမှာတင် အစာရေစာပြတ်၊ လမ်းမှားပြီးသေမှာပဲ၊ ခရီးက အတော့်ကို ဝေးလာခဲ့ပြီဗျ၊ နောက်ပြီး နေ့နဲ့ည စိန် ကြီးနှစ်ခုပေါင်းရင် ဘယ်လို အဖြေထွက်မလဲဆိုတာလည်း သိချင်သေးတယ်ဗျ၊ ဒီတော့ နောက်မှ အခြေအနေကြည့် လုပ်ကြတာပေါ့၊ ခုတော့ သူ့နောက်တပဲ လိုက်သွား ကြတာပေါ့"

ဟု ကျွန်ုပ်ထံမှ ထိုစကားကြားသောအခါ ဗညားမော်ထံမှ စိတ်မချမ်းမြေ့သော သက်ပြင်းချသံကြီးကို ကြားလိုက်ရသည်။

လမ်းတစ်လျှောက်လုံးတွင် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး စကားမပြောဖြစ်ကြဘဲ ခရီးဆက်ခဲ့ကြရာ လမ်းတွင် မျက်နှာ ချင်းဆိုင်မှ လာနေသော လူအချို့ကို လှမ်းမြင်ရသည်။

လူလေးငါးဆယ်ခန့်ရှိပြီး ဝေါများကို ထမ်းလာကြသည်။

ထိုလူများနှင့်အတူ ဥတ္တရစေခိုင်းလိုက်သော လူကြီးကို လည်း တွေ့ရသည်။ ထိုလူမျိုးများမှာ ဟဒယလူမျိုးများ ဖြစ်ကြပြီး အားလုံး သန်မာထွားကျိုင်းသူများ ဖြစ်ကြသည်။

၎င်းတို့သည် ဥတ္တရနှင့်မာယာတို့ကို တွေ့သောအခါ လွန်စွာ အံ့သြနေ ကြတာန်ရှိနေပြီးမှ မလှမ်းမကမ်းသို့ ရောက်သောအခါ တညီတညွတ် တည်း





မြေပြင်ပေါ်သို့ ဝပ်ချလိုက်ပြီး အရိုအသေ ပေးလိုက်ကြသည်။

"သိရိသိရီဘုရင်မင်းမြတ်အား အရိုအသေပေးပါ၏"

ဟု သံပြိုင်ဆိုလိုက်ကြသည်။

ဥတ္တရမှာ ထိုကဲ့သို့ အရိုအသေပြုခြင်း မခံရသည်မှာ ကြာပြီဖြစ် သောကြောင့်၊ ယခုကဲ့သို့ အရိုအသေပေးခြင်း ခံလိုက်ရသောအခါ ၎င်း၏ မျက်နှာပြင်ပေါ်မှာ ရာဇသွေး ရာဇမာန်များဖြင့် တက်ကြွလာသည်ကို သတိပြုမိလိုက်သည်။

ထို့နောက်တွင် ဥတ္တရသည် အဖွဲ့ခေါင်းဆောင်နှင့်စကား အနည်းငယ် ပြောပြီး ရှေ့ဆုံးမှ ဝေါပေါ်သို့တက်သည်။ မာယာက သူ့နောက်မှ ဝေါပေါ် သို့တက်သည်။ ကျွန်ုပ်တို့ နှစ်ယောက်က နောက်မှ ဝေါများပေါ်သို့ အသီးသီးတက်ကြပြီးနောက် ဝေါတစ်ခုလျှင် လူရှစ်ယောက်စီ ထမ်းကြ ပြီးလျှင် ခရီး ဆက်ကြရပြန်သည်။

မကြာမီ တောတန်းကြီးတစ်ခုကို ဖြတ်ကျော်သွားကာ သစ်တော ကြီးတစ်ခုအတွင်းသို့ ရောက်သွားကြသည်။ သစ်ပင်တို့မှာ ရွက်ချင်း ဆက်မျှ ထူထပ်စွာပေါက်နေသောကြောင့် နေမြောက် မထိုးနိုင်အောင် ရှိပေတော့သည်။ တောကြီးအတွင်း၌ သားရဲ တိရစ္ဆာန်များ၊ သစ်ပင်များ ပန်းမန်များ လွန်စွာ ပေါလှပေ၏။

ထိုတောတန်းကို ဖြတ်ကျော်ပြီး လွင်ပြင်တစ်ခုနှင့် မြက်ခင်း စိမ်းစိမ်း ကြီးများ၊ ရေသွယ်ယူထားသော ချောင်းမြောင်းများ၊ စိုက်ပျိုးထားသော သီးနှံစိုက်ခင်းအချို့ကို ကျော်ဖြတ်လာပြီးသောအခါ ရွာတစ်ရွာသို့ ရောက်တော့သည်။

ထိုရွာမှ လူများသည် ဥတ္တရနှင့် မာယာတို့ကို မြင်သော အခါလွန်စွာ



www.burmeseclassic.com

www.burmeseclassic.com



အုံ့ညြသော အမူအရာ၊ ကြောက်ရွံ့တုန်လှုပ် သော အမူအရာဖြင့် မြေသို့ ဝပ်ကာ အရိုအသေ ပြုကြသည်။

ထိုရွာတွင် ခေတ္တနားပြီး အစားအသောက်များ စားသောက်ပြီး ညတွင်းချင်းပင် ကမ်းစပ်သို့ ဆင်းကြလေသည်။ ကန်ကြီး၏ ကမ်းစပ် တစ်နေရာတွင် အသင့်ပြင်ဆင်စောင့်ဆိုင်းနေဟန်ရှိသော လှေကြီး တစ်စင်းကို တွေ့ရပြီး ထိုလှေနှင့်ပင် သိရိသိဂိ မြို့တော်ရှိရာသို့ သွားကြရသည်။

ကန်ရေပြင်မှာ ကျယ်ဝန်းလှသောကြောင့် ရွက်နှင့် တက်များကို အသုံးပြုကာ ကူးကြရသည်။ လမ်းတလျှောက်လုံး ခတ်တတ်သံနှင့် ရွက်ကို လေတိုးသံများကိုသာ ကြားရလေ သည်။

ဗညားမော်က ..၊

"ကိုဒိဗ္ဗ"

"ဘာလဲဗျ .."

"ကျုပ်တို့ကို လူပြည်ကနေ ငရဲပြည်ကိုများ ခေါ်သွားနေတာများ လားဗျာ၊ ဒီလူတွေကြည့်ရတာ လူကောင်းတွေနဲ့ မတူဘဲ ငရဲသား တွေနဲ့ တူတာ အမှန်ပဲ"

ဟု ခတ်တိုးတိုးပြောသည်။

အတန်ကြာသောအခါ လရောင်မှုန်ပျပျအောက်မှာ မြင့်မားသော ကျောက်တံတိုင်းကြီးများအတွင်းဘက်အောက်တွင် ကျောက်ဖြူသား များဖြင့် တည်ဆောက်ထားသော အဆောက် အအုံများကို လှမ်းမြင် ရသည်။ အဆောက်အအုံများ၏ ပုံပန်း သဏ္ဌာန်မှာ ရှေးဟောင်းရဲတိုက် ကြီးများနှင့်တူလှသည်။ အမှန်တော့ ကန်ရေပြင်မှာ သိရိသိဂိမြို့ မြေပြင်





ထက် အတန်ငယ် မြင့်နေဟန်ရှိသော်လည်း လေးဖက်လေးတန် ကျောက်တံတိုင်း များကို မြို့ရိုးကြီးများသဖွယ် ကာရံထားလေသည်။

ကျွန်ုပ်သတိပြုမိသည်မှာ သိရိသိဂိမြို့နှင့် နီးလာလေလေ ဥတ္တရ၏ မျက်နှာပြင်ပေါ်မှာ တက်ကြွမှုများ ဖြစ်လာသလို၊ ဗညားမော်နှင့် မာယာ တို့၏ မျက်နှာပေါ်မှာ မျှော်လင့်ချက် ကင်းမဲ့သလို ခံစားနေကြဟန်ရှိသည်။

မကြာမီ လှေကြီးမှာ မြို့ရိုးအနီးသို့ ရောက်သွားပြီး အပေါ်မှ အစောင့် စစ်သားများ၏ အသံများကိုပင်ကြားနေရပြီ။ နောက်ဆုံး သိရိသိဂိမြို့ အခြေသို့ ရောက်ကာ ဖောက်လုပ်ထားသော ရေမြောင်းမှ တစ်ဆင့် ရေတံခါးပေါက်ဆီသို့ သွားကြရသည်။ ဘံခါးဝသို့ ရောက်သွားပြီး အတန်ကြာသည်အထိ မည်သူကမှ တံခါးလာဖွင့်မပေးသဖြင့် တစ်ယောက်က အောက်မှ အသံပြုလိုက်သောအခါမှ လက်နက်ကိုင် အစောင့် တစ်ယောက်ထွက်လာသည်။

"ညကြီး အချိန်မတော် ဘယ်သူတွေလဲ"

"ဟေ့ သိရိသိဂိရဲ့ဘုရင်မင်းမြတ် ပြန်လာတာ အမြန် တံခါး ဖွင့်ပေးစမ်း"

ဟု ဥတ္တရက လှမ်းပြောလိုက်သည်။

"ဘာ ဘုရင်မင်းမြတ်ဟုတ်လား၊ မဖြစ်နိုင်တာဘဲ၊ သိရိသိဂိ ရဲ့ ဘုရင်မင်းမြတ် သူရဋ္ဌက အခုညပဲ လက်ထပ်မင်္ဂလာပွဲ ကျင်းပနေ တာပဲ၊ ကဲ ကိစ္စရှိရင် မနက်လင်းမှ လာကြ ကိုင်း ပြန်ကြ၊ ပြန်ကြ"

"တယ် ဒီလူမိုက်တော့ ငါ့လက်ချက်နဲ့ သေတော့မှာပဲဟေ့ ငါဥတ္တရ ဆိုတဲ့ ဘုရင်ပဲကွ"

ဟု လှမ်းအော်ရာ လှေပေါ်တွင် ပါလာသော ခေါင်း ဆောင်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ကပါ။

"ဟော့ ဒါ သေရှာက ပြန်လာတဲ့ တို့ရဲ့ ဘုရင်မင်းမြတ် ပြန်လာတာကွဲ အမြန်တံခါးဖွင့်စမ်း"

ဟု ပြောလိုက်တော့မှ ကြောက်ကြောက်ရွံ့ရွံ့နှင့် မြို့တံခါး ပေါက်ကို ဖွင့်ပေးလေသည်။

"ခွင့် ခွင့်လွှတ်ပါအရှင်၊ ဘုရင် သူရဇ္ဇက ထီးနန်းဘိသိက် ခံယူပြီး အခုလက်ထပ်ပွဲသဘင် ဆင်ယင်ကျင်းပနေပါတယ် အရှင်ရဲ့ အမည်နဲ့ သတင်းကို မည်သူကမှ ပြောခွင့်မရှိဘူးလို့ အမိန့်ထုတ်ထားလို့ပါအရှင်"

ဟု ရိုသေစွာ ပြောပြလေသည်။

ထို့နောက် ကျွန်ုပ်တို့သည် မြို့ရိုးကို ကျော်ဖြတ်ပြီးနောက် မြို့တွင်းသို့ ဝင်ခဲ့ကြသည်။

မြို့အတွင်း၌ ကျောက်ဖြူသားများဖြင့် ခင်းထားသော လမ်းမကြီး များ။ ကျောက်ဖြူကျောက်သားများဖြင့် ပုံစံအမျိုးမျိုး ဆောက်ထားသော နေအိမ်များကိုလည်း တွေ့မြင်ရသည်။ အိမ်များတွင် မီးရောင်များရှိသော်လည်း လူများရှိဟန်မတူဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

"ကိုဒီဗွ၊ မြို့ကတော့ကောင်းပါရဲ့ လူတွေလည်း တစ်ယောက်မှ မတွေ့ပါလားဗျ"

"သူတို့ ဘုရင်လက်ထပ်တဲ့ ပွဲတော် သွားနေကြတာ ဖြစ်မှာပေါ့"

"ကိုဒီဗွ ကျွန်တော် လူလောကထဲမှာ ရှိနေသေးတာရော ဟုတ်ရဲ့လားဗျာ၊ မြွေကိုက်ခံရလို့ သေသွားပြီး တခြားဘဝကိုများ ရောက်နေရော့သလား"





"ဘာကြောင့်လဲ"

"ဒီနေရာတွေ ရောက်နေတာ လူတွေနေတဲ့ နေရာ ရောက် နေတာ မဟုတ်သလိုဘဲ ခံစားနေရလို့ပါ"

ကျွန်ုပ်တို့ တစ်တွေမှာ လူခြေတိတ်ဆိတ်လျက်ရှိသော နေအိမ်များ ကျောက်လမ်းများကို ကျော်ဖြတ်၍ လျှောက်လာကြစဉ်၊ မလှမ်းမကမ်းရှိ စုလစ်မွမ်းချွန်များ တပ်ဆင်ထားသော အဆောက်အအုံကြီးဆီမှ တီးမှုတ်သံများ ကြားရသည်။

တီးမှုတ်သံများမှာ သားရေဖြင့် ပြုလုပ်ထားသော ဗုံသံ၊ လင်းကွင်းသံ၊ ပလွေသံများဖြစ်သည်။

ထိုအဆောက်အအုံကြီးမှာ သာမန်အဆောက်အအုံများထက် များစွာကြီးလှပြီး အပြင်မှ တံတိုင်းတစ်ခု ကာရံထားသည်။ အတွင်းဘက်မှ မီးရောင်များကိုလည်း မြင်နေရသည်။ တံတိုင်း အတွင်း၌မူ လွန်စွာ ကျယ်ဝန်းသော ကွက်လပ်ကြီး တစ်ခုရှိပြီး ထိုကွက်လပ်ကြီးအတွင်း၌ မီးတိုင်များ ထိန်ထိန်ညီးအောင် ထွန်းညှိထားသည်။ ထို့ပြင် သင်းပျံ့သော ရနံ့များထွက် သည့် အမွှေးနံ့သာတိုင်များလည်း စိုက်ထူထားသည်။

ထိုလွင်ပြင်ကြီးထဲမှာ လူများစွာတို့ ရောက်နေကြသည်။

သိရိသိဂီတစ်မြို့လုံးရှိ လူများ သည်နေရာမှာ လာရောက်ကာ စုနေကြခြင်းဖြစ်တန်ရာသည်။ လူအားလုံးတို့မှာ ဦးခေါင်းပေါ်တွင် ငှက်မွေးတောင်များ၊ သားမွေး ဦးထုပ်များ ဆောင်းထားကြပြီး၊ လွန်စွာ အရောင်အသွေး တောက်ပြောင်သော အဝတ်အစားများကို ဝတ်ဆင်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ၎င်းတို့၏ ကိုယ်ပေါ်တွင် ရွှေငွေကျောက်သံ ပတ္တမြားစသော အဖိုးတန်ရတနာများကို လူတိုင်းဝတ်ဆင် ထားကြလေသည်။ ဥတ္တရပြောခဲ့သည့်အတိုင်း တစ်မြို့လုံးရှိ လူများလာရောက်စုရုံး နေသည့်တိုင် သိပ်များများ မရှိလှဘဲ၊ ထောင်ဂဏန်းအရေအတွက် မျှသာရှိပြီး ထူးဆန်းသည်မှာ ကလေးငယ်များ မတွေ့ရသလောက် နည်းပါးခြင်းပင်ဖြစ်၏။

ထိုကွက်လပ်ကြီးအတွင်းသို့ မဝင်မီ ဥတ္တရက ကျွန်ုပ်တို့ အားလုံးအား ရပ်ဖျက်ခိုင်းသဖြင့် မြို့သူမြို့သားများနှင့် အသွင်တူအောင် ရုပ်ဖျက်ပြီးမှ အတွင်းသို့ ဝင်ကြလေသည်။

တစ်နေရာရောက်သောအခါ မိန်းမတစ်ယောက်နှင့် ယောကျာ်းတစ်ယောက် ရပ်နေသည်ကို မြင်ရသဖြင့် ကျွန်ုပ် ကမေးလိုက်သည်။

"ဒါ ဘာပွဲလဲဗျ"

ထိုအခါ ယောကျာ်းက အံ့ဩသော လေသံနှင့်၊

"ခင်ဗျားက အခုမှ ခရီးဝေးက ပြန်ရောက်လာပုံရတယ်၊ မနေ့က သူရဋ္ဌဘုရင်က နန်းသိမ်းပွဲ ဘိသိက်ခံပြီး၊ အခု လက်ထပ်မင်္ဂလာပွဲကျင်းပနေတာဗျ"

"ဒါထက် အရင် ဘုရင်ကရော ဘယ်ရောက်သွားလဲ"

"သူက သမီးတော်ကိုပါ ခေါ်ပြီး တစ်နယ်တစ်ကျေးကို ထွက်သွားတာ အံတော်ကြာပြီဗျ၊ ဘယ်ပြန်လာနိုင်တော့မှာလဲ သတင်းကြားတာကတော့ လူဆိုးတွေ လက်ချက်ကြောင့် ကံတော်ကုန်ရှာပြီ၊ တဲ့ပါတယ်ဗျာ"

"တကယ်လို့ သူပြန်ရောက်လာရင် ဘယ်နှယ်လုပ်မလဲ"





"တကယ်လို့ ပြန်ရောက်လာရင်တော့ အခက်ကြီး ခက်မှာပေါ့ဗျ၊ ဘာကြောင့်လဲဆိုတော့ ဒီမှာရှိတဲ့ ဘုရင် သူရဋ္ဌကလည်း နန်းသိမ်းပွဲခံပြီး ဘိသိက်တောင်မြောက်ပြီးနေပြီဗျ၊ ဒါတွေက ကျုပ်တို့ အလုပ်မဟုတ်ပါဘူးဗျာ"

"တကယ်လို့ သူပြန်လာလို့ ဘုရင်နှစ်ပါးဖြစ်နေရင်၊ ခင် ဗျားတို့က ဘယ်သူ့ကို ကြိုက်ပြီး ရွေးမှာလဲဗျ"

"ဒီစကားက ပြောလို့တော့ သိပ်မကောင်းဘူးဗျ၊ ဘုရင်ရဲမက်တွေ ကြားသွားရင် အသတ်ခံရလိမ့်မယ်၊ တကယ်တော့ ဥတ္တရဘုရင်ကတော့ မကောင်းတာ အမှန်ပဲဗျ"

"ဘယ်လို မကောင်းတာလဲ ပြောပါဦး"

"သူက မြို့သူ မြို့သားတွေအပေါ်မှာ အုပ်ချုပ်တဲ့နေရာမှာ သိပ်ကြမ်းတာပဲ၊ မှန်တယ် မှားတယ်ဆိုတာ သူ့ဆုံးဖြတ်ချက် တစ်ခုတည်းမှာပဲရှိတယ်။ အခု ဘုရင်လေးကတော့ ထီးနန်း ရခါစမို့လား မပြောတတ်ဘူး၊ အခြေအနေ အဲဒီလောက် မဆိုးဘူးလို့ မှတ်ရတာပဲ"

"တကယ်လို့ ဘုရင်ဥတ္တရပြန်လာပြီး ဒီမြို့သူမြို့သားတွေ အတွက်ကောင်းကျိုးဖြစ်မယ့် ကိစ္စတွေ လုပ်ပေးမယ်ဆိုရင်ရောဗျ"

"ဒါကတော့ နတ်ဘုရားတွေရဲ့ အလိုတော်အတိုင်းပေါ့ဗျာ"

ဟု ပြောကာ ထိုသူက ကျွန်ုပ်တို့အနီးမှ ထွက်သွားလေ တော့သည်။ ထိုအခါမှ ကျွန်ုပ်တို့လည်း အတန်ငယ် ဝေးကွာသွားသော ဥတ္တရနှင့် မာယာတို့နောက်သို့ အပြေးကလေး လိုက်ခဲ့ရတော့သည်။ မကြာမီ ကျွန်ုပ်တို့သည် ထုထဲခိုင်ခံ့လှသော တံခါးမကြီးအနီးသို့ ရောက်ကြသည်။ ကြေးနီရောင် လုံ့ရှည်ကြီးများ ကိုင်ထားသော အစောင့် နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က အတွင်းသို့ ဝင်မည့်လူများကို အသေအချာ စစ်ဆေးပြီးမှ အတွင်းသို့ တစ်ယောက်ချင်း ဝင်ခွင့်ပေးနေလေ သည်။ ဥတ္တရအလှည့်သို့ ရောက် သောအခါ လုံ့ရှည်ကြီးနှစ် လက်ကို ကြက်ခြေခတ်ဖြတ်ထားလိုက်သည်။

"ဘုရင့်တံဆိပ်တော် ပါသလား"

"မပါဘူး"

"မပါရင် ဘယ်သူမှ ဝင်လို့မရဘူး"

"ဘယ်သူ့အမိန့်နဲ့ တားတာလဲ"

"ကျုပ်တို့ အရှင်မင်းမြတ် အမိန့်နဲ့ တားတာပဲ၊ ဒီကနေ့ည ဘုရင်မင်းမြတ်ရဲ့ လက်ထပ်မင်္ဂလာပွဲရှိတယ်၊ သူ ဖိတ်ကြားထားတဲ့ လူတွေပဲ အတွင်းကို ဝင်ခွင့်ပြုနိုင်မယ်"

"ငါ့ကိုတော့ ခြွင်းချက်နဲ့ ဝင်ခွင့်ပြုရမှာပေါ့ကွာ"

ဟုဆိုကာ မျက်နှာပေါ်တွင် ဖုံးထားသော အဝတ်စကို ဖယ်ပြ လိုက်ရာ အစောင့်နှစ်ယောက်မှာ ပါးစပ်အဟောင်းသားနှင့် တအံ့တသြ ဖြစ်သွားကြလေတော့သည်။

"ဟင်"

"ဟာ ဥတ္တရဘုရင်မင်းမြတ်၊ သေရွာက ပြန်လာပါပကော လား" ဟု အထိတ်တလန့် ရေရွတ်လိုက်ကြသည်။

ထို့နောက်တွင် အစောင့်နှစ်ယောက် ဘာမှ ပြန်မပြောနိုင်ခင်၊ ဥတ္တရ က ကာထားသော လှံ့ရှည်ကြီးများကို ဖယ်ပြီး အတွင်းသို့ ဝင်သွား လေရာ ကျွန်ုပ်တို့လည်းနောက်မှ ဝင်လိုက်သွားရသည်။

ကျွန်ုပ်တို့သည် ကျောက်ဖြူပြားများ ခင်းထားသော လွင်ပြင်အား ဖြတ်ပြီး လျှောက်သွားကြရာ ကနုတ်ပန်းများဖြင့် တင့်တယ်စွာရှိသော





ခန်းမဆောင်ကြီး၏ တံခါးမကြီးသို့ ရောက် သွားကြသည်။ တံခါးမကြီး မှအတွင်းသို့ ဝင်သွားရာ အလွန် ကြီးကျယ်ခမ်းနားသော ခန်းမကျယ် ကြီးတစ်ခုအတွင်းသို့ ရောက်သွားလေတော့သည်။ အခန်းကြီးမှာ ပေတစ်ရာခန့် ကျယ်ဝန်းပြီး မျက်နှာကျက်တွင် အဖိုးတန် မဟောဂနီသစ် များကို ကနုတ်ပန်းများ ထုဆစ်တပ်ဆင်ထားကာ ကျောက်ဖြူ တိုင်ကြီး များမှာလည်း ကနုတ်ပန်းများဖြင့် ထုဆစ်၍ အလှ ဆင်ထားသည်။ အခန်းအလယ်တွင် ကျောက်သလင်းစားပွဲ ရှည်ကြီး ရှိပြီး၊ စားပွဲပေါ်တွင် အရောင်တဖိတ်ဖိတ် လက်နေသော ရွှေခွက် ငွေခွက်နှင့် အသုံးအဆောင် ပစ္စည်းများ တင်ထားသည်။ အခန်းပတ်လည်မှာလည်း ရွှေသားဖြင့် မွမ်းမံထားသော အရုပ်ကြီးများ ထောင်ထားသည်။ လူရုပ်ကြီးများ မှာ ပကတိ လူပုံအတိုင်း ရှိ၏။

စင်မြင့်များပေါ်တွင် နတ်ရုပ်ကြီးများကို မြင်ရသည်။

ထိုနတ်ရုပ်ကြီးများ ဝန်းရံထားသော စင်မြင့်ပေါ်ရှိ ကျောက် သလင်းပလ္လင်ပေါ်တွင် ဘုရင်နှင့်မိဖုရားဖြစ်ဟန်တူသော လူနှစ်ယောက် ထိုင်နေကြပြီး ဘေးနားတွင် လက်နက် ကိုင်အစောင့်များ ဝန်းရံနေကြ သည်။

ယောက်ျားမှာ သစ်လွင်ခမ်းနားသော အဝတ်အစားများကို ဝတ်ဆင်ထားပြီး ငှက်မွေးကဲ့သို့ ဖြူဆွတ်နေသော ဝတ်ရုံရှည်ကြီးကို သိုင်းခြုံထားသည်။ ဦးခေါင်းတွင် ရွှေမကိုဋ်သရဖူ ဆောင်းထားပြီး ခေါင်းဆောင်ကဲ့သို့ ငှက်မွေးရှည်တစ်တောင်ကို စိုက်ထိုးထားသည်။ ရင်ဘတ်၌ အသည်းပုံ ရွှေရင်ထိုး တစ်ခု ထိုးထားသည်။

ထိုသူမှာ ဘုရင်သူရဲ့ဖြစ်ဟန်ရှိပြီး အသက်သုံးဆယ်ကျော်ခန့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ခန့်ရှိသည်။ နက်မှောင်သော ဆံပင်နှင့်သွက်လက် ဖျတ်လတ်သော ဟန်အမူအရာရှိသည်။

ငင်း၏ နံဘေးတွင် ဝတ်ရုံဖြူအရှည်ကြီးကိုဝတ်ကာ၊ ရွှေမကိုဋ် သရဖူဆောင်းလျက်၊ အသည်းပုံလည်ဆွဲရတနာကို ဝတ်ဆင်ထားသော မိန်းမပျိုမှာ အသက် နှစ်ဆယ်ကျော်ခန့် ရှိပြီး လှပချောမွေ့သူ တစ်ဦး ဖြစ်ကြောင်း ဝန်ခံရပေမည်။

ငင်းတို့ရှိနေသော နေရာနှင့် ကျွန်ုပ်တို့ ရောက်နေသော နေရာကြား တွင် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသူများ၊ နန်းတော်ထဲမှ မှူးကြီးမတ်ရာ သေနာပတိများ၊ ဂုဏ်သရေရှိ ဧည့်သည်များစွာတို့ ရှိနေကြသည်။

ငင်းနှင့်စေ့စပ်ထားသော ယောက်ျားတစ်ယောက်က အခြား မိန်းမ တစ်ယောက်ကို လက်ထပ်မင်္ဂလာပွဲ ဆင်နွှဲနေသော မြင်ကွင်းကို မျက်ဝါး ထင်ထင် တွေ့မြင်နေရသော မာယာ၏ ရင်ထဲမှာ ဝမ်းသာနေမည်လား၊ ဝမ်းနည်းနေမည် လား ဟု ကျွန်ုပ်မှာ မဆီမဆိုင်တွေးတောနေမိသည်။

စင်မြင့်တစ်ခုပေါ်တွင် လူအချို့ရှိကာ ဗုံ၊ ပလွေ၊ လင်ကွင်း၊ ဖျတ်စောင်း စသော တူရိယာများကို တီးမှုတ်သီဆိုလျက်ရှိရာ ငြိမ့်ညောင်းသာယာ သော ဂီတသံများက ခန်းမကြီးထဲမှာ ပျံ့လွင့်နေတော့သည်။

ကျွန်ုပ်တို့လည်း ငင်းတို့နှင့် မနီးမဝေးနေရာသို့ ရောက်အောင် တဖြည်းဖြည်းနှင့် တိုးသွားကြတော့သည်။

❀ ❀ ❀





## အခန်း (၁၆)

## မာယာနှင့်သစ္စာတရား

အတန်ကြာသောအခါ သူရဇ္ဇသည် ထိုင်နေရာမှ ထ,ကာ လက်နှစ်ဖက်ကို မြှောက်ပြလိုက်သည်နှင့် တီးမှုတ်သီဆိုသံများ၊ စကား သံများမှာ အခန်းတစ်ခုလုံး မီးကို ရေနှင့် ငြိမ်းလိုက်သကဲ့သို့ တိတ်ဆိတ် ငြိမ်သက်သွားလေတော့သည်။

သူရဇ္ဇက စင်ရှေ့ဘက်သို့ ထွက်လာပြီးနောက် အောင်မြင် သော အသံဖြင့် ဤသို့ ပြောလေသည်။

"သီရိသိင်္ဃာမြို့တော်သူ မြို့တော်သား မှူးမတ်အပေါင်းနှင့် ယနေ့ည ကြွရောက်လာသော ဧည့်သည်တော်အပေါင်းတို့၊ သင်တို့အား ကျွန်ုပ်ဘုရင် သူရဇ္ဇက နှုတ်ခွန်းဆက်သ,ပါ၏။ ယမန်နေ့ညကပင် ကျွန်ုပ်သည် ဘေးလောင်းတော် ဘိုးလောင်းတော်တို့၏ ထီးနန်း အမွေအရိုက်အရာအား ဆက်ခံပြီးသည်ကို အားလုံး သိရှိ ကြပြီ ဖြစ်ပါတယ်၊ အများဆန္ဒအရ တင်မြှောက်ခဲ့တဲ့ ကျွန်ုပ်ဘုရင် သူရဇ္ဇ သည် သီရိသိင်္ဃာမြို့ရဲ့ အထွတ်အထိပ်ဖြစ်ကြောင်း ထပ်မံ ကြေညာ



www.burmeseclassic.com

www.burmeseclassic.com



အပ်ပါတယ်”

အားလုံးက လက်ခုပ်ဩဘာပေး၍ ကောင်းချီးပေးကြလေသည်။

“ကျွန်ုပ်သည် ရှေးဘုရင်မင်းမြတ်တို့၏ ထုံးစံအတိုင်း ယနေ့ ညမှာ နက္ခတ်ဆရာကြီး ရောဟဏီရဲ့ သမီးဖြစ်သူ ဘရဏီနှင့်လက်ထပ်မင်္ဂလာပွဲ ဆင်နွှဲကာ မိဖုရားအဖြစ် တင်မြှောက်ပါမည်။ ယနေ့မှစ၍ ဘရဏီသည် ကျွန်ုပ်သူရဇ္ဇဘုရင်၏ ကြင်ယာတော်ဖြစ်ပြီး သိရိသိဂ်မြို့တော်ရဲ့ မင်းသမီးဖြစ်ကြောင်းကိုလည်း ကြေညာအပ်ပါတယ်”

လက်ခုပ်သံများပေါ်ထွက်လာပြန်သည်။

မိဖုရား ဘရဏီ၏ မျက်နှာပြင်ပေါ်မှာ ဝမ်းသာပျော်ရွှင်သော အမူအရာများ ပေါ်လွင်လျက်ရှိသည်။

“ပရိသတ်အပေါင်းတို့ သင်တို့သိသာစေရန် ပြောစရာ စကားရှိပေသည်။ အချို့က ကျွန်ုပ်အား နန်းမွေ အရိုက်အရာ ဆက်ခံနိုင်သော အခွင့်အရေး မရှိဟု ဆိုကြသည်။

ကျွန်ုပ်သည် ဤကိစ္စနှင့်ပတ်သက်၍ သိရိသိဂ်မြို့တော် အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တိုင်ပင်ကာ မနက်ဖြန် မိုးသောက် အလင်းသို့ရောက်လျှင် သိရိသိဂ်နတ်မင်းအား ပူဇော်သောပွဲတွင် အားလုံးရှင်းလင်းပြပါမည်။

မနက်ဖြန်ရက်မှာ ကျွန်ုပ် ဦးရီတော် ဥတ္တရနှင့်သမီးတော် မာယာတို့ ဤမြို့မှ ထွက်ခွာသွားတာ တစ်နှစ် တင်းတင်းပြည့်မြောက် သောနေ့ပင်ဖြစ်ပေသည်။

ဦးရီးတော် ဤမြို့မှ မထွက်ခွာမီ အားလုံးရှေ့မှောက်တွင် ကျွန်ုပ်အား ထီးနန်းလွှဲအပ်ကာ အကယ်၍ နှစ်နှစ်ပြည့်၍မှ သူပြန်မရောက်ခဲ့လျှင်





သိရိသိဂ်မြို့၏ ထီးနန်းကို အပြီးအပိုင် အုပ်ချုပ်စိုးစံရန် ဖြစ်ပါသည်။

သို့သော် ဥတ္တရ ထွက်သွားပြီးနောက်တွင် တိုင်းရေးပြည်ရာကို စီမံအုပ်ချုပ်ရာတွင် ကျွန်ုပ်အား ဘိသိက်ခံပြီးသော ဘုရင်မဟုတ်သောကြောင့် မလေးမစား မခြိမ်း ရှိကြတယ်၊ ထို့ထက် ဆိုးတာက ဥတ္တရမရှိတော့တဲ့အတွက် သိရိသိဂ်နတ်မင်းကို ပူဇော်ပွဲတွေ ပျက်ကွက်ခဲ့ရတယ်၊ ၎င်းနတ်မင်းကို ဘုရင်ကိုယ်တိုင် ပူဇော်ပ,သ,ရတာဆိုတော့ ကျွန်ုပ်က ဘုရင် အစစ်မဟုတ်သဖြင့် ပူဇော်ပ,သ,ခွင့် မရှိပါဘူး။ ဒါကြောင့် အခက်တွေကြုံရတယ် မြို့မှာ ဘေးကြမ္မာဆိုးတွေနဲ့ ကြုံတွေ့ ခဲ့ရတယ်၊ ဒါကြောင့် နက္ခတ်ဆရာကြီး ရောဟဏီနဲ့ တွက်ချက်ကြည့် တဲ့အခါ ဦးရီးတော် ဥတ္တရ သေဆုံးသွားပြီလို့ ပြောပါတယ်၊ ဒီစကား အမှန်ပဲလား နက္ခတ်ဆရာကြီး”

ဟု လှမ်းမေးလိုက်ရာ ၎င်းနှင့်မလှမ်းမကမ်းတွင် ထိုင်နေ သော နက္ခတ်ဆရာကြီး ရောဟဏီက ထလာပြီး ဘုရင်ကို အရိုအသေပေးကာ ဤသို့ပြောသည်။

“မှန်ပါတယ်၊ ကျွန်ုပ်တွက်ချက်ကြည့်သော နက္ခတ်တာရာများရဲ့ အလိုအရ ဥတ္တရဟာ သေဆုံးသွားပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဘုရင်မရှိလို့ ပူဇော်မှု ပျက်ကွက်ခဲ့လို့ သိရိသိဂ်မြို့ရဲ့ နတ်မင်းကြီး ကလည်း စိတ်ဆိုးနေပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့ မြို့သူမြို့သား တွေကို ဘေးဆိုးတွေနဲ့ ကြုံအောင် ဖန်တီးနေတာ ဖြစ်ပါတယ်။ ဥတ္တရ မှာခဲ့တဲ့အတိုင်း နှစ်နှစ်ပြည့်အောင် စောင့်မယ်ဆိုရင် ကျွန်ုပ်တို့ရဲ့ သိရိသိဂ်မြို့ကြီးအားလုံး ပျက်စီးခြင်းသို့ ရောက်မှာ မလွဲပါဘူး။ ဒါကြောင့် သူရဇ္ဇကို ဘုရင်အဖြစ် တင်မြှောက်ခဲ့ခြင်းဖြစ်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပရိသတ်များကြားအောင် အောင်မြင်သော အသံကြီးနှင့် ပြောပြလေသည်။

"ကဲ အားလုံးကြားကြတဲ့အတိုင်း ကျွန်ုပ်ဘုရင်အဖြစ် ဘိသိက်ခံ ရတာ မြို့သူမြို့သားတွေရဲ့ အကျိုးစီးပွားအတွက် ဖြစ်ပါတယ်။ မနက်ဖြန်မှာလည်း ပျက်ကွက်ခဲ့တာ ကြာပြီဖြစ်သော သီရိသိဂ်္ဂီ နတ်မင်းကြီးကို ပူဇော်ပွဲ ကျင်းပမှာ ဖြစ်ပါတယ်။ ပရိသတ်များ ပြောစရာရှိသည်များကို ဤအခမ်းအနားတွင် ပြောခွင့်ရှိပါတယ်"

"ဒီလိုဆိုရင် ငါမေးစရာ ရှိတယ်ဟေ့"

ပရိသတ်များကြားမှ အသံတစ်သံ ပေါ်ထွက်လာသည်။

ထိုအသံမှာ ဥတ္တရအသံဖြစ်ကြောင်း ကောင်းစွာသိလိုက် လေသည်။

"မေးစရာ ရှိရင် အပြင်ထွက်ခဲ့ကြပါ"

ဟု သူရဇ္ဇက လှမ်းပြောသဖြင့် ဥတ္တရက မာယာနှင့် ကျွန်ုပ်တို့ နှစ်ယောက်အား ခေါ်ပြီး လူအုပ်ကြားမှ ရှေ့သို့ ထွက်သွားပြီး သူရဇ္ဇနှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ ရပ်လိုက်ကြ သည်။

ထို့နောက် ဦးခေါင်းတွင် ခြုံထားသော အဝတ်များကို ဖယ်ရှား ပစ်လိုက်သော ပရိသတ်အားလုံးတို့မှာ ဥတ္တရ၏ မျက်နှာကို မြင်လိုက် ရသောအခါ ဟာခနဲ ဟင်ခနဲနှင့်တအံ့တသြ ဖြစ်ကုန်ကြလေတော့သည်။

"ဥတ္တရ ဘုရင်မင်းမြတ်ပြန်လာပြီ၊ ဘုရင်မင်းမြတ် ပြန်လာပြီး"

တစ်ခဲနက် ဝိုင်းအော်ကြလေတော့သည်။ သူရဇ္ဇကိုယ်တိုင် မျက်စိ မျက်နှာပျက်လျက် ဘာလုပ်ရမှန်းမသိအောင် ကြောင်နေတော့သည်။

"ဟုတ်တယ် ငါက သီရိသိဂ်္ဂီမြို့ရဲ့ ဘုရင်အစစ်ပဲ၊ မြို့သူ မြို့သားတွေ





ကောင်းကျိုးအတွက် ခရီးထွက်သွားခဲ့ခြင်းဖြစ်တယ်၊ အခု ငါရဲ့ ရည်ရွယ်ချက် အောင်မြင်လို့လည်း ပြန်လာခဲ့ခြင်းဖြစ်တယ် ဟာဒယ စိန်ကြီးကို အမှန်တကယ် ရရှိလာခဲ့တယ်"

"ဟာ .."

"ဘုရင်မင်းမြတ် သက်တော်ရာကျော်ရှည်ပါစေ"

ဟု ကောင်းချီးသြဘာပေးကြရာ သူရဇ္ဇနှင့်ရောဟဏီတို့မှာ ဘာလုပ် ရမှန်းမသိအောင် မျက်စိမျက်နှာ ပျက်နေကြတော့သည်။ သည်ပွဲတွင် အနည်းငယ်လျှော့ပေးလိုက်ပါက ၎င်းတို့အတွက် သေဒဏ် ဆုလာဘ်မှ လွဲ၍ အခြား မရနိုင်မှန်း သိသဖြင့် သူရဇ္ဇက..၊

"ပရိသတ်အပေါင်းတို့ မြို့တစ်မြို့မှာ ဘုရင်နှစ်ယောက်ရှိတယ် ဆိုတာ ထုံးတမ်းစဉ်လာ မရှိပါဘူး၊ ကျွန်ုပ်က သီရိသိဂ်္ဂီမြို့ရဲ့ နတ်မင်း ကြီးရှေ့မှာ ဘိသိက်ခံပြီးတဲ့ ဘုရင်အစစ် ဖြစ်တယ်"

ဟု ပြောလေသည်။

"သြော် မင်းက ဒီစကားမျိုးတောင် ပြောဝံ့ပြီလား၊ ဟေ့ ရဲမက်တွေ ဒီသစ္စာဖောက်ကို အမြန်ဖမ်းကြစမ်းဟဲ့"

ဟု ဥတ္တရက အမိန့်ပေးလိုက်ရာ လက်နက်ကိုင်ရဲမက်များမှာ ဘယ်သူ့အမိန့်ကို နာခံ၍ မည်သို့ လုပ်ရမှန်း မသိအောင် ဖြစ်နေကြ၏။ ပရိသတ်များလည်း နေရာမှ ထ,ကာ ရုတ်ရုတ် သဲသဲ ဖြစ်ကုန်လေ တော့သည်။

ထိုအခါ သီရိသိဂ်္ဂီမြို့၏ မှူးမတ်ကြီးများက ဤသို့ ညှိနှိုင်းပေးသည်။

"ဒီကိစ္စမျိုးက အလွန်အရေးကြီးသော ကိစ္စမျိုးဖြစ်၍ ယခုလို အရေးတကြီး မဆုံးဖြတ်သင့်ပါ။ မနက်ဖြန် သီရိသိဂ်္ဂီမြို့ နတ်မင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်ပွဲရှိပါတယ်။ ၎င်း ပွဲတော်ပွဲမှာ နတ်မင်းကြီး ရှေ့မှာ ပရိသတ်များ၏ ဆန္ဒကို ယူပြီး ဆုံးဖြတ်သင့်ပါတယ် အရှင်တို့"

ဟု အကြံပေးပြောဆိုသောကြောင့် အခြေအနေမှာ ထင်သလောက် ဆိုးဆိုးဝါးဝါး မဖြစ်ဘဲ ပြီးသွားတော့သည်။

"ကိုင်းဒီလို ဆုံးဖြတ်တာမှန်တယ်၊ ဒီကနေတော့ဂါလည်း ခရီးဝေးက ပြန်လာရတာ ပင်ပန်းလှတယ်၊ အနားယူရဦးမယ်၊ နက်ဖြန် သီရိသိဂီနတ်မင်းပွဲတော်ပွဲရောက်မှ ပရိသတ်တွေ ရှေ့မှာ ငါက ဘုရင်လား၊ သူရဋ္ဌကဘုရင်လား ဆုံးဖြတ်ကြတာပေါ့"

ဟုပြောကာ လူအချို့ကို ခေါ်၍ အပြင်သို့ ထွက်သွားလေတော့ သည်။ သူရဋ္ဌမှာလည်း မာယာကို မြင်သောအခါ လွန်စွာ ယူကျုံးမရ ဖြစ်သော အမူအရာဖြင့် တစ်ချက်လှမ်း ကြည့်ကာ ဘုရင်ဆိုလက်ကို ဆွဲပြီး အခန်းထဲမှ ထွက်သွားလေသည်။

အခြားပရိသတ်များလည်း တစ်ဦးနှင့်တစ်ဦး တိုးတိုးပြောဆိုရင်း တပြည်းပြည်း ထွက်သွားကြရာ အခန်းထဲတွင် မာယာနှင့် ကျွန်ုပ်တို့ နှစ်ယောက်အပါအဝင် အပျိုတော် အချို့ရဲမက် အချို့သာ ကျန်ရစ်ခဲ့လေ တော့သည်။

ထိုအခါ မာယာက ..!

"ရှင့်ကို ကျွန်မ ပြောခဲ့တယ်မဟုတ်လား၊ ဒီမြို့ရောက်ရင် ဒီလို စိတ်ညစ်စရာတွေနဲ့ ကြုံရမယ်ဆိုတာ ခုတော့ လက်တွေ့ မြင်ရပြီ မဟုတ်လား၊ ရှေ့ဆက်ပြီး ဘာတွေဖြစ်လာမယ်ဆိုတာလည်း မခန့်မှန်းနိုင်သေးဘူး၊ အခွင့်အရေးရရင်တော့ ကျွန်မ တို့နှစ်ယောက် ဒီနေရာက အမြန်ဆုံး ပြန်ထွက်နိုင်အောင်သာ ကြိုးစားရမှာပဲ"





ဟု ပြောကာ အပျိုတော်များ ခြံရံလျက် ထွက်သွားလေ တော့သည်။ ကျွန်ုပ်တို့ နှစ်ယောက်ကိုလည်း ရဲမက်အချို့က အခန်းတစ်ခုသို့ ခေါ်သွားပြီး နေရာပေးသည်။

အခန်းမှာကျယ်ဝန်းလှပပြီး ရွှေ ငွေနှင့် ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများစွာတို့ရှိသည်။ မီးတိုင်များမှာပင် ငွေသားဖြင့် ပြုလုပ်ထားသည်။ ခုတင်ကြီးများပေါ်တွင် နူးညံ့သော ပိုးသားများ ခင်းထားလေသည်။

ကျွန်ုပ်တို့မှာ တစ်လမ်းလုံး ခရီးကြမ်းကြီးများကို ဖြတ်သန်းလာခဲ့ရသဖြင့် ပင်ပန်းလွန်းသောကြောင့် ခုတင်ကြီးများကို မြင်သောအခါ ချက်ချင်းပစ်လှဲပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ချင်သော်လည်း စိတ်မအေးစရာ အခြေအနေများကြောင့် အိပ်မပျော်နိုင်အောင် ဖြစ်နေသည်။

"ဘယ်လိုလဲ ကိုဗီဇ၊ ခင်ဗျားလည်း အိပ်မရသေးဘူး မဟုတ်လား"

"ဟုတ်တယ်ဗျ"

"ဒါထက် ဒီက လူတွေက ဘုရင် ဥတ္တရကို သိပ်ပြီး နှစ်သက်သဘောကျကြဟန် မရှိဘူး၊ တကယ်လို့ သူ ထီးနန်း ပြန်မရ ရင် ဘယ်လိုဖြစ်မယ် ထင်သလဲ"

"ထီးနန်းကို လုပိုင်ကြံစည်သူတွေ၊ ယှဉ်ပြိုင်သူတွေဟာ အောင်မြင်ရင် ထီးနန်းစည်းစိမ်ရပြီး မအောင်မြင်ရင်တော့ အသက်ပေးရတတ်တာ ပဲဗျ"

"တကယ်လို့ ဥတ္တရ ရှုံးသွားရင် ကျွန်တော်တို့လည်း ဘယ်လိုဖြစ်မယ် ထင်လဲ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရင် သူရဋ္ဌက သူသဘောကျတဲ့ မာယာရဲ့ အချစ်ကို အပိုင်သိမ်းထားတဲ့ ခင်ဗျားကို ဘယ်လိုမှ ကောင်းချီးပေးမှာ မဟုတ်တာတော့ သေချာပါတယ်"

"ဒါဖြင့်လည်း ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သဘောထားရတော့မှာပေါ့ဗျာ၊ နောက်မှ ဖြစ်ချင်ရာဖြစ် အခုတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ဦးမယ်"

ဟုပြောကာ ဗညားမော်တစ်ယောက် မကြာခင် အိပ်ပျော် သွားလေတော့သည်။ ကျွန်ုပ်မှာသာ ရင်ဘတ်တွင် ဆွဲထားသော ဟာဒယစိန်ကြီးကို ပွတ်သပ်ကြည့်ရင်း၊ ရှေ့တွင် ဖြစ်လာမည့် အခြေအနေများကို တွေးတောရင်း အိပ်မပျော်နိုင်အောင် ရှိနေသည်။

ထိုညကလည်း နန်းတော်အတွင်း၌ တစ်ညလုံး လှုပ်ရှားသွားလာနေသော ခြေသံများကို ကြားနေရသည်။

ညဦးအတော်နက်မှ အိပ်ပျော်သွားရာ နံနက်လင်းကာမှ တစ်စုံတစ်ယောက်က လာနှိုးသဖြင့် အိပ်ရာမှ နိုးကြရသည်။

မကြာမီ ရဲမက်အချို့က ကျွန်ုပ်တို့နှစ်ယောက်အတွက် စားကောင်းသောက်ဖွယ်များကို လာရောက်ပို့ပေးသဖြင့် မြိန်ရှက်စွာပင် စားသောက်ကြရသည်။

အတန်ကြာသောအခါ အခန်းထဲသို့ နက္ခတ်ဆရာကြီး ရောဟဏီ ဝင်လာသည်။ သူသည် တည်ငြိမ်စွာပြုံး၍ ဟာဒယ လူမျိုး ထုံးစံအတိုင်း အရိုအသေပေးရာ ကျွန်ုပ်ကလည်း ပြန်၍ အရိုအသေ ပေးလိုက်သောအခါ သူသည် များစွာ အံ့ဩနေဟန်ရှိသည်။

"မင်္ဂလာရှိသော နံနက်ခင်းဖြစ်ပါတယ်၊ ဧည့်သည်တော်တို့ ဧည့်သည်





မိတ်ဆွေကြီးတို့အား ကျွန်ုပ် နက္ခတ်ဆရာ ရောဟဏီက နှုတ်ခွန်းဆက်ကာ အရိုအသေပေးပါတယ်"

"ကျေးဇူးတင်ပါတယ် နက္ခတ်ဆရာကြီး"

"ဒါထက် ဧည့်သည်ကြီးက ဟာဒယလူမျိုးဖြစ်ပါသလား"

"ဟုတ်ပါတယ် ကျွန်ုပ်က အနောက်ပိုင်း ဒေသတစ်ခုက ဟာဒယ လူမျိုးခေါင်းဆောင် တစ်ဦးဖြစ်ပါတယ်"

"အခုလို တွေ့ရတာ ဝမ်းမြောက်လှပါပေတယ်၊ ဧည့်သည်တော်ကြီးတို့ နံနက်စာ သုံးဆောင်ပြီးရင် မာယာမင်းသမီး **အခန်းကို** ကြွခဲ့ကြဖို့ အမှာတော်ရှိလိုက်ပါတယ်"

ဟု ခေါ်သဖြင့် ကျွန်ုပ်တို့ နှစ်ယောက်လည်း ငှင်းပေးသော အဝတ်အစားများကို လဲလှယ်ပြီး ရောဟဏီနှင့်လိုက်ခဲ့ကြသည်။ အခန်းထဲမှ မထွက်ခင် ကျွန်ုပ်သည် ခြောက်လုံးပြူးသေနတ် တစ်လက်ကိုပါ သိုဝှက်၍ ယူဆောင်ခဲ့သည်။

မာယာအခန်းရှေ့သို့ ရောက်သောအခါ ရောဟဏီက လှည့်ပြန်သွားလေတော့သည်။

ကျွန်ုပ်တို့ အခန်းဝသို့ ရောက်သည်နှင့် အခန်းတွင်းမှ အပျိုတော်များခြံရံကာ မာယာထွက်လာသည်။ မာယာနံဘေးတွင် ပါလာသော အပျိုတော်မိန်းမပျိုလေးမှာ လှပချောမော သူများဖြစ်ကြပြီး ကျွန်ုပ်တို့ နှစ်ယောက်ကို မြင်သောအခါ လွန်စွာ စိတ်ဝင်စားသော အမူအရာ ရှိကြ လေသည်။

အမှန်တော့ ကျွန်ုပ်တို့နှစ်ယောက်မှာ ပြင်ပမှ မည်သူတစ်ဦးတစ်ယောက်မှ မရောက်နိုင်သော သိရိသိဂ်ါမြို့သို့ ပထမဦးစွာ ရောက်လာသူများ ဖြစ်တန်ရာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အားလုံးက ထိုမျှ စိတ်ဝင်စားနေကြခြင်းဖြစ်ပေမည်။ ထို့နောက် မာယာက အပျိုတော်အချို့ ကိုယ်ရံတော် အချို့ကို ခေါ်ဆောင်ပြီး သိရိသိဂ်ိမြို့တွင်းသို့ လိုက်လံပြသလေသည်။ မြို့တွင်းသို့ သွားရာမှာလည်း ကျွန်ုပ်တို့ နှစ်ယောက်အား လူထူးလူဆန်းများသဖွယ် တစ်မြို့လုံးမှ မြို့သူမြို့သားများက ဝိုင်းဝန်းကြည့်ရှုကြသည်။ ထူးဆန်းသည်မှာ သိရိသိဂ်ိမြို့မှာ ယောက်ျားဦးရေထက် မိန်းမဦးရေက ပိုမိုများပြား ကြောင်း သတိပြုမိပေသည်။

မာယာက ၎င်းတို့မြို့တွင် အကြီးကျယ် အခမ်းနားဆုံး အဆောက်အအုံကြီးတစ်ခုကို လိုက်ပြလေသည်။

ထိုအဆောက်အအုံကြီးမှာ အီဂျစ်နိုင်ငံရှိ ပိရမစ်ကြီးများနှင့် သဏ္ဌာန်တူပြီး ကျောက်ဖြူပြားများဖြင့် အခိုင်အခံ့ တည်ဆောက်ထားသည်။ ကျောက်နံရံများပေါ်တွင် အရုပ်မျိုးစုံများကို ထွင်းထုထား လေသည်။

နေလပုံများ၊ နက္ခတ်တာရာပုံများ၊ မီးပုံများ၊ နတ်ဘုရားပုံများ၊ သင်္ဘောကြီးနှင့် သတ်ပုတ်နေပုံများ၊ ဓားလှံလက်နက်များနှင့် တိုက်ခိုက်သတ်ပုတ် နေသော စစ်ပွဲများနှင့် ဆိုင်သော ပုံများကို သူ့နေရာနှင့်သူ ထွင်းထုထားသည်။ အချို့ပုံများကို ဆေးရောင်များခြယ်ထားသည်။

၎င်းအဆောက်အအုံကြီးမှာ လွန်စွာ မြင့်မားလှပြီး အရှေ့ဘက်ဘေးနံရံတွင် အောက်ခြေသို့ ဆင်းရန် ကျောက်လှေခါး ကြီး တစ်ခုပြုလုပ်ထားသည်ကို တွေ့ရသည်။

"ဒီအဆောက်အအုံကြီးက ကျောက်တောင်အလုံးကြီးကို ထွင်းပြီး လုပ်ထားတာ၊ လူအတော်များများ သုံးပြီး နှစ်ပေါင်းများစွာ တည်ဆောက်ခဲ့ရတယ်လို့ ပြောတယ်"





"အောက်ဖက်မှာ အခန်းတွေ အများကြီးရှိတယ်၊ ရွှေငွေ ရတနာထားတဲ့အခန်း၊ စားနပ်ရိက္ခာတွေ သိုလှောင်ထားတဲ့ အခန်း၊ လက်နက် ပစ္စည်းတွေထားတဲ့ အခန်းတွေရှိတယ်၊ အဲဒီအောက်ထပ်မှာ ဘုရင်တွေ မင်းဆွေ မင်းမျိုးတွေရဲ့ သင်္ချိုင်းရှိ တယ်။ နောက်ပြီး ဟဒယလူမျိုးတွေရဲ့ အထွတ်အမြတ်ထားတဲ့ ယဇ်ပလ္လင်ကြီးရှိတယ်၊ အဲဒီမှာတော့ အစောင့် တွေရှိတယ်"

"အထဲ ဝင်ခွင့်ရပါ့မလား"

"ကျွန်မ ပါတာပဲ ရနိုင်ပါတယ်၊ နောက်မှ ဆင်းကြတာပေါ့။ အခုတော့ အပေါ်ထပ်ကို အရင်တက်ကြည့်ရအောင်"

ဟု ပြောသဖြင့် ကျွန်ုပ်တို့မှာ ပိရမစ်ပုံစံကျောက်တောင် အဆောက်အအုံကြီး အပေါ်ထိပ်ဖက်သို့ တက်ခဲ့ကြသည်။

အတော်မြင့်သဖြင့် ဒူးများ ညောင်းလာသည်အထိ တက် ကြရသည်။ မကြာမီ အပေါ်ထိပ်သို့ ရောက်ခဲ့ကြသည်။ ထိပ်ဖျားတွင် လူလေးငါးယောက် နေနိုင်လောက်သော ကွက်လပ် တစ်ခုရှိသည်။ ထိုနေရာကို ကျောက်ဖြူပြားများဖြင့် ကာရံထားသည်။

အနောက်ဖက်နေရာတွင် ကျောက်ဖြူတိုက်တစ်တိုက် တွေ့ရပြီး ၎င်းနေရာတွင် ဟဒယလူမျိုးတို့ ဓလေ့ထုံးစံအရ မီးမငြိမ်းစေရသော မီးပုံတစ်ခုရှိသည်။ ထိုမီးပုံကို ဘုန်းကြီး တစ်ပါးက အစဉ်စောင့်ကြည့်ကာ မီးမပြတ်စေရန် ထည့်ပေးနေရသည်။ ကျောက်ဖြူတိုက်ကလေး၏ ရှေ့တွင်ကား မျှော်စင်တစ်ခုရှိပြီး ကျောက်ပန်းခက်များဖြင့် အလှဆင်ထားသည်။

ထိုနေရာမှ အောက်သို့ ကြည့်လိုက်သောအခါ ကျယ်ပြန့်သော



www.burmeseclassic.com

www.burmeseclassic.com



ရေကန်ကြီး၏ အလယ်တွင် အသည်းပုံသဏ္ဍာန် ကျွန်းကြီး တစ်ကျွန်း ရှိပြီး ထိုကျွန်းပေါ်၌ သိရိသိဂိမြို့ကို တည်ထားခြင်း ဖြစ်ပေသည်။ ကန်ကြီးမှာ ကမ်းခြေသို့ ပျပျကလေးမျှသာ မြင်ရလောက်အောင် ကျယ်ပြန့်လေ၏။ မြို့တည်ထားသော ကျွန်းနေရာမှာ ရှေးက မီးတောင်ပေါက်တစ်ခု နေရာဖြစ်ဟန်ရှိသည်။ အလယ်တွင် သိသိ သာသာကြီး နိမ့်ဝင်နေပြီး ဘေးပတ်လည်မှ ရေထက်အတော် နိမ့်သည် ကို တွေ့ရသည်။

ရေကန်ကြီးထဲမှာ သွားလာနေသော လှေတစ်စင်းတစ် လေမှ မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်လွန်းလှသည်။

ကျွန်းပေါ်တွင်ကား လူတို့ စိုက်ပျိုးထားသော ဥယျာဉ်ခြံများ၊ ယာခင်း များကို လှမ်းမြင်ရသည်။

ကျွန်ုပ်တို့ လှေဖြင့် ဝင်လာသော ကျုံးပေါက်ကြီးကိုလည်း မြင်နေ ရသည်။ မြို့ကို အပေါ်စီးမှ မြင်နေရသော်လည်း မြို့လယ်တစ်ဝိုက်မှာပင် လူသွားလူလာများ မတွေ့ရသလောက် နည်းပါးလှသည်။

ဥတ္တရပြောခဲ့သလို ထိုမြို့တွင် လူဦးရေများ တဖြည်းဖြည်း ယုတ်လျော့ကာ တစ်စ တစ်စ ခြောက်သွေ့လာသည်ဟု ဆိုခြင်းမှာ မှန်ကန်လောက်ပေသည်။

ရှုမျှော်ခင်းများကို ကြည့်ရင်း ကျွန်ုပ်က ..၊

“မြို့တည်ထားတာ ရေပြင်နဲ့ တစ်ညီတည်း၊ ဒါမှမဟုတ် ရေအောက် ကို နည်းနည်းနိမ့်နေသလား မာယာ”

“ဟုတ်တယ်၊ ရေတက်နည်းနည်း နိမ့်တယ်၊ ရေကြီးတဲ့ လတွေမှာ ရေတွက ဘေးက ကာထားတဲ့ ကျောက်တံတိုင်းတွေ နဲ့ ညီလာပြီ၊





အပေါ်က မိုးထားသလိုပဲ”

“မတော်တဆ ရေတွေမြင့်သထက်မြင့်တက်လာရင် ဘယ်လို ကာကွယ်နိုင်မလဲ”

“အင်း နည်းနည်းတော့ ထူးဆန်းတယ်လို့ ဆိုရမယ်၊ နှစ်စဉ် ရေက ကြီးတော့ ကြီးတယ်၊ ဒါပေမယ့် မြို့ကို ကျော်ပြီးတော့ ဘယ်အခါမှ ဝင်မလာဘူး၊ သိရိသိဂိ နတ်ကြီးက ကာကွယ်ပေး ထားတယ်လို့ အစဉ်အလာယုံကြည်ကြတယ်၊ ဒါပေမယ့် မြို့ ထဲရေမဝင်နိုင်အောင် ကျောက်တံတိုင်းကြီးတွေ၊ ရေတံခါးကြီးတွေ အခိုင်အခံ့ လုပ်ထား တာလည်း ပါမှာပေါ့၊ မြို့တံခါးကတော့ ရေကြီးတဲ့အခါရော ရေကျ ချိန်မှာရော အမြဲတမ်း ပိတ်ထားတာပါပဲ”

“အတွင်းက လူတွေက အပြင်သွားချင်၊ ထွက်ချင်ရင် ဘယ်လို လုပ်ကြသလဲ”

“လှေတွေက မြို့အပြင်မှာ ထားတယ်၊ ဒီဘက်က လှေကားနဲ့ အပေါ်တက်၊ နောက်ကုန်းဘောင်နဲ့ လှေထဲဆင်းပြီး သွားကြတာပဲ၊ ရေကြီးတဲ့အခါမှာတော့ တံခါးမကြီးကို အမြဲတမ်း ကင်းတွေ ချထားလေ့ရှိတယ်။ နောက်ပြီး အဲဒီ တံခါးကြီးကို တစ်နေရာက အဖွင့်အပိတ်လုပ်နိုင်တဲ့ လျှို့ဝှက်မောင်းခလုတ် တစ်ခုရှိတယ်။ အဲဒီနေရာကိုတော့ ခုအခါမှာ ဘယ်သူမှ မသိကြတော့ဘူး”

“အတော် ကြောက်စရာကောင်းတာပဲ၊ မိုးအခါ ရေကြီးလာတဲ့အခါ ဆိုရင် စိုးရိပ်စရာပဲပေါ့”

“ကျွန်မတို့တော့ တစ်သက်လုံး ဒီလိုပဲ နေလာကြတာ ကျွန်မ တစ်သက်ပါပဲ တစ်ခါမှတော့ အန္တရာယ်ဆိုးတွေနဲ့ မကြုံရသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရှေးက လူတွေကတော့ အကယ်၍ ရန်သူတွေ ဖျက်ဆီးလာရင် တစ်မြို့လုံး ရေမြှုတ်ပစ်နိုင်အောင် ဒီနေရာမှာ ရွေးပြီး တည်ခဲ့ကြ တာလို့ ပြောကြတယ်။ ဒါကြောင့် ကျွန်မတို့ လူမျိုးတွေ အထွတ်အမြတ်ထားတဲ့ ယဇ်ပလ္လင်ကို ဒီပိရမတ်ကြီးအောက် ရဲ့ အနိမ့်ဆုံးအပိုင်းမှာ ထားတာပဲ"

"အော် .."

"တကယ်လို့ တစ်မြို့လုံး ရေတွေဖုံးလွှမ်းသွားတာနဲ့ ဒီပလ္လင်ဟာလည်း တစ်သက်လုံး ဘယ်သူတွေမှ မတွေ့နိုင်တဲ့ ရေအောက်ကို ရောက်သွားအောင်လို့ စီစဉ်ထားတာပဲ ကဲ အခြားတစ်နေရာတွေ သွားကြည့်ရအောင်"

ကျွန်ုပ်တို့ သုံးယောက် အောက်သို့ ဆင်းရန် လှေကားထိပ်သို့ ရောက်သောအခါ ဘုရင်သူရဋ္ဌနှင့် ကိုယ်ရံတော်နှစ်ယောက် လှေကားအတိုင်း အပေါ်သို့ တက်လာသည်ကို မြင်ရလေသည်။

လှေကားမှာ လူတစ်ယောက် သွားသာရုံရှိသောကြောင့် အောက်မှ တက်လာသောအခါ အပေါ်မှ ဆင်မည့်လူက စောင့်နေရသည်။ မကြာမီ သူရဋ္ဌအပေါ်သို့ ရောက်လာသည်။

သူ့ကို အနီးကပ် မြင်သောအခါ တည်ကြည်ခံ့ညားသော ယောကျ်ားတစ်ယောက်ဖြစ်ကြောင်း သတိပြုမိလေသည်။

သူသည် မာယာအနီးသို့ လျှောက်သွားပြီး ဟာဒယလူမျိုးတို့ ထုံးစံအတိုင်း အရိုအသေပြုလိုက်ရာ မာယာကလည်း တည်ကြည်သော အမူအရာဖြင့် ပြန်၍ အရိုအသေ ပေးလိုက်သည်။

"မင်း ဒီအပေါ်ကို ညှိသည်တွေ လိုက်ပို့တယ်ဆိုလို့ ကိုယ်လိုက်





လာတာပါ။ မင်းနဲ့ နှစ်ယောက်ချင်း စကားပြောချင်လို့ပါ"

'သူတို့ရှေ့မှာ ပြောရင်လည်း ဖြစ်ပါတယ်"

"ကိုယ်ပြောမယ့် အကြောင်းက တစိမ်းတရံစတွေ ရှေ့မှာ ပြောလို့ မဖြစ်ပါဘူး၊ ကိုယ်ပြောမယ့် ကိစ္စက မင်းအဖေနဲ့ ပတ်သက်တဲ့ ကိစ္စတွေလည်း ဖြစ်ပါတယ်။ သူစိမ်း ညှိသည်တွေရှေ့မှာ မပြောချင်ဘူး"

"သူတို့က ညှိသည်တွေဆိုပေမယ့် ဟာဒယလူမျိုး ဂိုဏ်းဝင်တွေပဲ"

"ဟာဒယ ဂိုဏ်းဝင်ဟုတ်လား၊ လူစိမ်းတွေက ဘယ်လို ဟာဒယ ဂိုဏ်းဝင် ဖြစ်နိုင်မှာလဲ၊ တကယ်လို့ ဟုတ်တယ်ဆိုရင် သက်သေပြပါ"

ကျွန်ုပ်က လျှို့ဝှက်သော တော်လှန်ရေး သင်္ကေတများကို အမှားအယွင်းမရှိ ပြ,သ,လိုက်သောအခါ သူရဋ္ဌမှာ လွန်စွာ အံ့ဩနေလေသည်။

"ခက်တာက ပြောရမယ့် ကိစ္စကလည်း မလွယ်လှဘူး၊ ဒါပေမယ့် အချိန်မရှိတော့ဘူး ပြောရမှာပဲ၊ မာယာမင်းနဲ့ ကိုယ်နဲ့က ငယ်စဉ်ကတည်းက စေ့စပ်ထားခဲ့တာ မင်းအသိပဲ မဟုတ်လား၊ မင်းအပေါ်မှာ ကိုယ်တယ်လောက် သံယောဇဉ် ရှိတယ်ဆိုတာလည်း မင်းသိပါတယ်"

"ဒါပေမယ့် အခုအခါမှာ ရှင်ဟာ လွတ်လပ်သူ တစ်ယောက် မဟုတ်တော့ဘဲ၊ မိဖုရားရှိတဲ့ လူတစ်ယောက်ဆိုတာကိုလည်း သတိရသင့်တယ်"

"ဒါကတော့ မလွှဲမရှောင်သာ အခြေအနေတွေကြောင့် ကိုယ် ရောဟာဏီကို လက်ထပ်ခဲ့ရတာပဲ၊ ကိုယ်မင်းလောက် ဘယ်မိန်းမကိုမှ မချစ်ခဲ့ဘူး၊ မင်းနဲ့ လက်ထပ်ခွင့်ရမယ်ဆိုရင် ကိုယ်အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ် ပေးဝံ့ပါတယ်"

"ဒီလိုဖြင့် ရှင် ကျွန်မ ပြန်လာတဲ့ အချိန်အထိ သစ္စာရှိရှိနဲ့ စောင့်သင့်တာပေါ့ မဟုတ်ဖူးလား"

"ဒီက အခြေအနေတွေကို မသိဘဲ မင်း အရမ်းမပြောပါနဲ့ မင်းတို့သားအဖ မြို့ကထွက်သွားပြီးတဲ့နောက်မှာ မြို့မှာ ဘယ်လောက် မငြိမ်မသက်တွေ ဖြစ်ခဲ့ရတယ်ဆိုတာ မင်းကတော့ သိမှာမဟုတ်ဖူး၊ ငါ့ကို ဘိသိက်ခံ ဘုရင်မဟုတ်တော့ ဘယ်သူကမှ မလေးစားကြဘူး၊ အဆိုးဆုံးကတော့ ရောဟဏီတို့ အုပ်စုတွေပဲ ..၊ သူတို့က အုပ်စုတွေဖွဲ့ပြီး ထီးနန်းကို လုဖို့တောင် ကြံစည်နေကြတာတွေ မင်းသိရဲ့လား"

ကျွန်ုပ်စိတ်ထဲမှာ သူရဋ္ဌပြောနေသော အကြောင်းများမှာ အမှန်တွေဖြစ်မည်ဟု ယုံကြည်မိသည်။

"နောက်ဆုံး ရောဟဏီက အကြပ်ကိုင်တာနဲ့ ဘရဏီကို လက်ထပ်ပြီး ဘိသိက်ခံလိုက်ရတာပါ။ ငါ့ကို အထင်မလွဲပါနဲ့၊ အခု နန်းတွင်းမှာ ရောဟဏီတို့ အုပ်စုတွေက အတော် များနေတယ်၊ ဦးရီတော် ဥတ္တရထီးနန်းရရင်လည်း သွေးချောင်း စီးရမယ့် အဖြစ်တွေ ပေါ်လာမှာအမှန်ပဲ၊ အခု ကိုယ်ပြောတာတွေဟာ အမှန်တွေဆိုတာ မင်းယုံစေချင်တယ်။ မင်းရဲ့ စိတ်ထဲမှာ ငါဟာ မင်းတို့ရဲ့ ထီးနန်းစည်းစိမ် ကို မက်မောလွန်းလို့ သိမ်းယူခဲ့တာ မဟုတ်ဘူး၊ ဒါတွေကို ငါ လုံးဝ မမက်မောပါဘူး၊ လောကမှာ ကိုယ်အမက်မော အမြတ်နိုးဆုံးအရာက မင်းပါပဲ မာယာ၊ မင်းကိုသာ ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် ကိုယ် အရာအားလုံးကို စွန့်လွှတ်ပေးပါမယ်"





သူရဋ္ဌ၏ အမူအရာမှာ သီရိသိင်္ဂီမြို့၏ ကျော်ဇာဘုရင် တစ်ပါးနှင့်မတူဘဲ၊ သာမန်လူတစ်ယောက်က ဘုရင့်သမီးတော်၏ အချစ်ကို ခ,ခ,ယ,ယ တောင်းခံနေသည်နှင့်ပင် တူနေတော့သည်။

"ရှင်ပြောတာတွေကို ကျွန်မ ယုံပါတယ်၊ ဒါပေမယ့် သီရိသိင်္ဂီ မင်းသမီးက ဒုတိယမိဖုရားအဖြစ်နဲ့ နေရမယ့်ကိစ္စ မျိုးကိုတော့ ကျွန်မ ဘယ်လိုမှ လက်မခံနိုင်ပါဘူး"

"ဒါ မင်းရဲ့ နောက်ဆုံးစကားပဲလား"

"ရှင် သိအောင် ပြောလိုက်မယ်၊ မိန်းမတစ်ယောက်ရဲ့ အချစ်ဆိုတာ အထိခိုက်မခံဘူး၊ ဘယ်အရာနဲ့မှလည်း မလဲနိုင်ဘူး၊ ကျွန်မ မချစ်ဘဲနဲ့တော့ ဘယ်သူကိုမှ လက်မထပ်ပါဘူး"

ဟု ပြောလိုက်သောအခါ သူရဋ္ဌသည် ကိုယ်ရံတော်နှစ် ယောက်နှင့်အတူ အောက်သို့ ပြန်ဆင်းသွားလေသည်။

ကျွန်ုပ်စိတ်ထဲမှာမူ ထိုအခြေအနေသည် မိမိတို့တစ်တွေ၏ ဘဝအတွက် အပြောင်းအလဲကြီး တစ်ခုဆီသို့ ပို့ဆောင်ပေးလိမ့်မည်ဟု ထင်နေမိသည်။

ရေစိမ့်ပေါက်ကလေးတစ်ခုကြောင့် သဘော်ကြီးတစ်ခုလုံး နစ်မြုပ်သွားနိုင်သည် မဟုတ်ပါလား။

ဗညားမော်ကတော့ သေဘေးကြုံလောက်နေသော်လည်း မာယာ ထံမှ သစ္စာစကားကို ကြားလိုက်ရသဖြင့် ကျေနပ်နေဟန် ရှိပေသည်။

ထို့နောက် ကျွန်ုပ်တို့ သုံးယောက် လှေကားအတိုင်း အောက်သို့ ဆင်းလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)
## သိရိသိဂီ အကျဉ်းသား

ခဏကြာသောအခါ ကျွန်ုပ်တို့ သုံးယောက်သည် ပိရမတ်ကြီး ထိပ်ပိုင်း ကွက်လပ်နေရာသို့ ပြန်လည် ရောက်ခဲ့ကြသည်။

ထိုနေရာတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်များ မြို့သူမြို့သားများ လည်း ရောက်ရှိနေကြသည်။

တစ်ဖက်စင်မြင့်ပေါ်တွင် သူရဋ္ဌနှင့် ရောဟဏီ-ဘရဏီတို့ ရှိနေပြီး ကိုယ်ရံတော်တပ်များနှင့် ၎င်းတို့ကို လိုလားသူများ ရှိနေကြသည်။

သည်ဘက်စင်ပေါ်တွင် ဥတ္တရနှင့် မာယာတို့ ရှိနေကြပြီး ၎င်းတို့ကို လိုလားသော လူကြီးများနှင့် ကိုယ်ရံတော် ရဲမက်များ ရှိနေသည်။ လူစုံသောအခါ သူရဋ္ဌနှင့် လူကြီးများက ဥတ္တရအား အရိုအသေပေးလိုက် ကြပြီးနောက် အခြေအနေ များကို ရှင်းပြရန် တောင်းဆိုသော ဥတ္တရ နေရာမှ ထ,ပြီး ဤသို့ ရှင်းပြလေသည်။

"မြို့သူ မြို့သားအပေါင်းတို့ မနှစ်က ဒီအချိန်မှာ ကျွန်ုပ်သည် ထီးနန်း ရာထူးကို သူရဋ္ဌအား ခေတ္တလွှဲအပ်ကာ မြို့သူ မြို့သားတွေ ကောင်းကျိုးအတွက် ရှေ့ရှုပြီး ခရီးထွက်သွားခဲ့တာ အားလုံး အသိ ပင် ဖြစ်ပါတယ်။





ခရီးထွက်ရတဲ့ အကြောင်းကတော့ ကျုပ်တို့ လူမျိုးတွေ အထွတ် အမြတ်ထားတဲ့ ဟဒယစိန်ကြီးဟာ တစ်ခြမ်းပဲရှိတာကြောင့် နတ်ဘုရားများရဲ့ အိပ်မက်ပေးတာကြောင့် ကျန်တဲ့ တစ်ခြမ်းကို ရှာဖို့ ထွက်သွားတာ ဖြစ်ပါတယ်"

ပရိသတ်များထဲမှ တီးတိုး စကားသံများ ထွက်လာသည်။

"အဲဒီ ပျောက်ဆုံးနေတဲ့ စိန်ကြီးက (နေ့)ဖြစ်ပြီး ကျုပ်တို့ဆီမှာ ရှိတဲ့ စိန်ကြီးတစ်ခြမ်းက (ည)ဖြစ်ပါတယ်၊ ဒီ နေ့နဲ့ည စိန်ကြီးနှစ်ခြမ်း ကို ပေါင်းပြီး ယဇ်ပလ္လင်ပေါ်ကို တင်နိုင်တဲ့ အချိန်မှာ ပြန်လည် စည်ကားလာမယ်လို့ နတ်ဘုရားတွေရဲ့ အမှာစကားရှိပါတယ်။ အခုဆိုရင် ကျုပ်တို့ သိရိသိဂီမြို့ကြီးမှာ လူဦးရေ တစ်စတစ်စ နည်း လာပြီး ခြောက်သွေ့ လာတာကို သိကြပါလိမ့်မယ်"

"သိပါတယ် ဘုရင်မင်းမြတ်"

"ဒါကြောင့် ကျုပ် နေ့ဆိုတဲ့ စိန်ကြီးတစ်ခြမ်းကို ထွက်ရှာတာ အခုဆိုရင် တွေ့ရှိလာခဲ့ပြီဖြစ်ပါတယ်"

"ဟင်"

"ဟာ"

"ဟယ်"

"သင်တို့အား ကျွန်ုပ်လက်တွေ့ပြပါမည်။ ကဲ ကျွန်ုပ် မိတ်ဆွေရဲ့ လည်ပင်းမှာ ဆွဲထားတဲ့ (နေ့)ဆိုတဲ့ စိန်ကြီးကို ကြည့်ကြပါလော့၊ ရှုကြပါလော့"

ဟုဆိုလိုက်ရာ ကျွန်ုပ်က အကျႌကို လှပ်ပြီး လည်ပင်း၌ ဆွဲထား သော ဟဒယစိန်ကြီးကို အများမြင်သာအောင် ထုတ်ပြလိုက်ရာ မြို့သူ



www.burmeseclassic.com

www.burmeseclassic.com



မြို့သားများက ဦးညွှတ်အရိုအသေ ပြုလိုက်ကြကာ ..

"ဘုရင်မင်းမြတ် ကျန်းမာပါစေ သက်တော် ရာကျော် ရှည်ပါစေ"

ဟု သံပြိုင်အော်ဟစ်လိုက်သောအခါ နက္ခတ်ဆရာကြီး ရောဟဏီနှင့် သူ့ရဲ့တို့မှာ မျက်စိမျက်နှာ ပျက်သွားကြလေ သည်။

"ဒီစိန်ကြီးကို ဘယ်လိုရရှိအောင် ရှာဖွေခဲ့ရတယ်ဆိုတာကို ကျွန်ုပ်တို့မြို့ရဲ့ ဥပဒေရှိတဲ့အတိုင်း၊ အထူးရက်အဖြစ် သတ်မှတ်ထားတဲ့ ရေကန်ကြီးထဲက ရေကြီးလာတဲ့နေ့မှာ အထွတ်အမြတ်ထားတဲ့ ယဇ်ပလ္လင်ရှေ့မှာ အလုံးစုံကို ပြောပြပါမယ်"

"ကောင်းပါတယ်၊ ကောင်းပါတယ်၊ သင့်မြတ်လှပါတယ်"

ဥတ္တရ၏ စကား ထိုနေရာ ရောက်သည်အထိ ပရိသတ်များက သူ့အပေါ်ကြည်ညိုလေးစားနေဆဲ ဖြစ်ကြောင်း တွေ့ရသည်။

နောက်ပိုင်း ကျွန်ုပ်တို့နှင့် ပတ်သက်သော အကြောင်းများကို မခြွင်းမချန် ပြောပြသောအခါ သူသည် ကြီးစွာသော အမှား တစ်ခုကို ကျူးလွန်မိသကဲ့သို့ဖြစ်ကာ သေတွင်းတူးသကဲ့သို့ ဖြစ် သွားကြောင်း မကြာခင် အချိန် အတောအတွင်းမှာ သိရလေ တော့သည်။

ထိုအခါ အုပ်ချုပ်ရေး အဖွဲ့ခေါင်းဆောင်တစ်ဦးက ...၊

"အရှင်ဥတ္တရအနေနဲ့ တိုင်းပြည်အကျိုးအတွက် ရည်စူးပြီး ခရီးထွက်ခဲ့တယ်ဆိုပေမယ့် တိုင်းပြည်တစ်ပြည် မြို့တစ်မြို့မှ နှစ်ရှည်လများ အုပ်ချုပ်သူ ဘုရင်မရှိဘဲ နေလို့ မဖြစ်တာကို မေ့လျော့ခဲ့တယ် ထင်ပါတယ်"

ဟု ပြောသောအခါ ဥတ္တရမှာ ဘာပြောရမှန်း မသိအောင် ဖြစ်သွားလေသည်။





"ဒီထက်ဆိုးတာက မြို့က အုပ်ချုပ်နေတဲ့ ဘုရင်တစ်ပါး အနေနဲ့ အရေးကြီးဆုံး ချမှတ်ထားတဲ့ ဥပဒေကို ဘာကြောင့် ချိုးဖောက်ရတယ်ဆိုတာကို ပြောပြသင့်ပါတယ်။ ကျွန်ုပ်တို့ မြို့ဟာ ပြင်ပ လောကနဲ့ အဆက်အသွယ်မရှိ နေခဲ့တာကြောင့် တိုင်းပြည်က လူလည်း အပြင်မထွက်ရသလို၊ အပြင်က လူစိမ်းတွေကိုလည်း မြို့တွင်းကို လုံးဝ ခေါ်လာခွင့်မရှိပါဘူး၊ အရှင်ဥတ္တရအနေနဲ့ ဘယ်လို အကြောင်းနဲ့ပဲ ဖြစ်ဖြစ် ဒီအပြစ်ကြီးနှစ်ခုကို ကျူးလွန်ခဲ့တယ်လို့ သတ်မှတ်လို့ရပါတယ်"

ဟု စွပ်စွဲပြောဆိုလေသည်။

ထိုအခါ ဥတ္တရက ဤသို့ ရှင်းပြလေသည်။

"သီရိသိင်္ဂီမြို့တော်မှာ ဒီဥပဒေရှိတယ်ဆိုတာကို သိပါတယ်၊ ဒါပေမယ့် (နေ့)ဆိုတဲ့ စိန်ကြီး တစ်ခြမ်းကို ပိုင်ဆိုင် ထားတဲ့ ဒီဗ္ဗဟာ ကျုပ်တို့လိုပဲ ဟဒယလူမျိုးခေါင်းဆောင် တစ်ဦး ဖြစ်ပါတယ်၊ သူနဲ့ပါလာသူဟာလည်း သူ့ရဲ့ ရဲဘော် တစ်ဦးဖြစ်ပါတယ်။ သူတို့ နှစ်ယောက်ဟာ ကျုပ်တို့သားအဖကို သေတွင်းက ကယ်တင်ခဲ့သူတွေ ဖြစ်ပါတယ်"

ဟု ဆိုကာ အဖြစ်အပျက် အလုံးစုံကို ပြောပြလေသည်။

"ဒီဗ္ဗကို ဒီကိုခေါ်လာခဲ့ရတဲ့ ရည်ရွယ်ချက်ကတော့ သူ့ဆီ စိန်ကြီး တစ်ခြမ်းနဲ့ ကျုပ်ဆီက စိန်ကြီးတစ်ခြမ်းကို ပေါင်းစပ် ပြီးတော့ ယဇ်ပလ္လင်ပေါ်ကို တင်ဖို့ပါပဲ ..၊

ဒါပေမယ့် သူတို့ပြန်ရင်တော့ ကျုပ်တို့ဆီမှာ ပိုလျှံနေတဲ့ ရွှေငွေ ကျောက် သံ ပတ္တမြားတွေ အကူအညီပေးရမယ်၊ နောင်ဆိုရင် သူက



www.burmeseclassic.com

www.burmeseclassic.com



သူတို့နယ်ဘက်က ဟဒယလူမျိုးတွေ ခေါ်လာပြီး ကျုပ်တို့ မြို့ကြီး စည်ကားတိုးတက်အောင် ဆောင်ရွက်ကြဖို့ပါပဲ"

ကျုပ်ပြောတာကို နားထောင်ပြီး ခင်ဗျားတို့ ဆုံးဖြတ်ကြဖို့ပါပဲ" ဟု ပြောကာ ပြန်ထိုင်သွားသည်။

သူရဋ္ဌပြောရမယ့် အလှည့်ရောက်သောအခါ ဤသို့ ပြောလေသည်။

"သူပြောတဲ့ စကားတွေကို နားထောင်ကြပြီး၊ အားလုံး သိကြတဲ့ အတိုင်းပါပဲ၊ သူ့ရဲ့ ဆောင်ရွက်ချက်က သူတန်ခိုးအာဏာကြီးထွားဖို့ သက်သက်ပါပဲ၊ အဆိုးဆုံးက တခြားကပါလာတဲ့ လုစိမ်းတွေကို ရွှေငွေကျောက်သံပတ္တမြားတွေ ပေးပြီး ပြန်လွှတ်မယ့်ကိစ္စပါပဲ၊ ဒီလိုသာ ပြန်လွှတ်လိုက်ရင် ရွှေ ငွေ ကျောက်သံပတ္တမြားတွေ လိုချင်တဲ့ လူတွေ အများကြီး ရောက်လာပြီး ကျုပ်တို့ လူမျိုးတွေကို နှိပ်စက်ကြမှာ အမှန်ပါပဲ၊ လူနည်းစုဖြစ်တဲ့ ကျုပ်တို့ မြို့သားတွေ ဘယ်လိုမှ တွန်းလှန်နိုင်မှာ မဟုတ်ဘူး၊ ဒီလိုသာ ဖြစ်ရင် မကြာခင်မှာ ကျုပ်တို့ လူမျိုးတွေ တစ်ပါးသူတွေရဲ့ လက်အောက်ကို ရောက်ချင် ရောက်၊ ဒါမှ မဟုတ် ကျုပ်တို့မြို့ကြီးဟာ ရေအောက်ကို ပြန်ရောက် သွားမှာ အသေအချာပါပဲ ...ဒါကို ခင်ဗျားတို့ မြို့သူမြို့ သားတွေ သဘောတူကြပါသလား"

"မတူပါဘူး၊ မတူပါဘူး"

"မြို့တော်ကို ဘုရင်သူရဋ္ဌပဲ အုပ်ချုပ်သင့်ပြီး သစ္စာဖောက် ဥတ္တရရဲ့ လုစိမ်းတွေကို အမြန်ဆုံး သုတ်သင်ပစ်ပါ၊ သုတ်သင်ပစ်ပါ"

ဟု မြို့သူမြို့သားများက ဝိုင်းဝန်းအော်ဟစ်ကြလေရာ လက်နက် ကိုင်ရဲမက်များက ကျွန်ုပ်တို့အား ဖမ်းဆီးသတ်ဖြတ်ရန် ပြေးလာကြ





လေတော့သည်။

အနီးသို့ ရောက်လာသောအခါ ရှေ့ဆုံးမှ ဝင်လာသူတစ်ဦးကို ကျွန်ုပ်က အသင့်ယူဆောင်လာသော သေနတ်ဖြင့် ပစ်ချလိုက်ရာ နောက်သို့ လဲကျသွားပြီး နောက်သို့ ဆုတ်သွားလေတော့သည်။

"ဒိုင်း ဒိုင်း"

"အား အား"

"မိုးကြိုးလက်နက်တွေ၊ မိုးကြိုးလက်နက်တွေပါတယ်"

"ဥတ္တရက တို့မြို့ကို ဖျက်ဆီးပစ်ဖို့ မိစ္ဆာတွေကို ခေါ်လာတာဟေ့"

"သတ်ပစ် သတ်ပစ်"

"မိစ္ဆာတွေကို သတ်ပစ်၊ ဥတ္တရကို သစ်ပစ်ကြ"

သေနတ်ကို မမြင်ဖူးသော လူအုပ်ကြီးမှာ နောက်သို့ တွန့်သွားသော်လည်း ချက်ချင်း လူအုပ်နှင့် ဝိုင်းဖမ်းရန် ထပ်လာကြပြန်သည်။

ကျွန်ုပ်မှာလည်း သေနတ်ထဲမှာ ကျည်ဆန်ကုန်သွားလျှင် ထိုလူအုပ်ကြီးကို မည်သို့ တားဆီးမရမှန်း သိသောကြောင့်၊ မကြာခင် သေတော့မည်ဟုသာ တွေးမိလိုက်သည်။

ထိုအချိန်တွင် ကျွန်ုပ်တို့ရှေ့သို့ မာယာထွက်လာပြီး ရပ်လိုက်သောအခါ အားလုံး ရပ်တန့်သွားကြသည်။

"ကျွန်မရဲ့ ဖခင် ဥတ္တရဟာ ဘုရင်အဖြစ်ဆက်ခံခွင့်မရနိုင်ပေမယ့် ကျွန်မဟာ သိရိသိဂီမြို့တော်ရဲ့ တစ်ဦးတည်းသော မျိုးဆက်ထွေး ဖြစ်ပါတယ်။ ဒါကို လက်ခံကြပါသလား"

"သိရိသိဂီသခင်မလေး၊ သိရိသိဂီသခင်မလေး"



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များက ဥတ္တရကို မနှစ်သက်ဟန်ရှိသော်လည်း မာယာကိုတော့ ချစ်ခင်နှစ်သက်ကြဟန် ရှိပေသည်။

''ကျွန်မတို့ လူမျိုးတွေ အထွတ်အမြတ်ထားတဲ့ ယင်ဖပလ္လင်ရဲ့ ရှေ့မှာ အခုလို သွေးချောင်းစီးမယ့် အဖြစ်အပျက်တွေ မဖြစ်သင့်ပါဘူး၊ ဥပဒေကို လေးစားလိုက်နာတဲ့ လူမျိုးတွေဆို ရင် ဥပဒေရဲ့ အစီအမံအတိုင်းပဲ ဖြစ်သင့်ပါတယ်''

ဟု မာယာက ပြောသောအခါ အားလုံး တွေဝေရပ်တန့် သွားကြသည်။

''မင်းတို့သားအဖအတွက်ကတော့ ဟုတ်ပါတယ်။ ဒီလူစိမ်းနှစ်ယောက်တော့ အခုချက်ချင်း သတ်ပစ်သင့်တယ် မဟုတ်လား'' ဟု သူရဇ္ဇက လှမ်းမေးလိုက်သည်။

''သူတို့က လူစိမ်းဖြစ်နေတာ မှန်ပေမယ့် ကျွန်မတို့ ဖိတ်ကြားထားလို့ ရောက်လာကြခြင်းဖြစ်လို့ ကျွန်မတို့ရဲ့ ဧည့်သည်တွေ ဖြစ်နေလို့ ဒီလို မလုပ်သင့်ပါဘူး၊ နောက်ပြီး သူတို့ဆီမှာ ကျွန်မတို့ အထွတ်အမြတ်ထားတဲ့ ဟဒယစိန်ကြီးတစ်ခြမ်း ရှိနေတယ်ဆိုတာကို သတိရပါ။ ဒီစိန်ကြီးရှိနေတဲ့အတွက် သူတို့ကို သာမန်လူလို မဆက်ဆံသင့်ပါဘူး၊ ဒီတော့ တရား ဥပဒေအတိုင်း ဆုံးဖြတ်ကြမယ်ဆိုရင် ကျွန်မတို့ဆီမှာ ရှိတဲ့ စိန်ကြီးနဲ့ သူ့ဆီမှာ ရှိတဲ့ စိန်ကြီးကို ပေါင်းပြီး ယင်ဖပလ္လင်ပေါ်တင်ပြီးတဲ့နောက် အဖြေတစ်ခုရမှ အရာအားလုံးကို ဆုံးဖြတ်သင့်ပါတယ်''

''သခင်မလေး ပြောတာ သင့်လျော် မှန်ကန်မှု ရှိပါပေတယ်'' အုပ်ချုပ်ရေးအဖွဲ့ဝင်များက ထောက်ခံမှု ပေးကြသည်။





''ကောင်းပြီ ဒီလိုဆို မနက်ဖြန်မှာ ခုံသမာဓိအဖွဲ့ဖွဲ့ပြီး စစ်ဆေးအပြစ်ပေးရမယ်''

''ဒီလို မဖြစ်နိုင်ပါဘူး၊ ကျွန်မတို့ တစ်တွေအားလုံးဟာ ဟဒယအဖွဲ့ဝင်တွေဖြစ်လို့ ကျွန်မတို့ကို စစ်ဆေးနိုင်တာ မြို့တော် အုပ်ချုပ်ရေးအဖွဲ့ဝင်တွေ ဖြစ်ပါတယ်၊ ဒါကြောင့် နောက်ရှစ်ရက်ပြည့်မြောက်လို့ ကန်တော်ကြီးထဲကရေတွေ တက်လာတဲ့အချိန် ယင်ဖပလ္လင်ရှေ့မှာ မျက်နှာစုံညီ စစ်ဆေး ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်''

''သခင်မလေး ပြောတာ မှန်ပါတယ်''

''ကောင်းပြီ၊ မင်း ပြောတာကို လက်ခံပါတယ်၊ လောလော ဆယ် မင်းတို့ဟာ အကျဉ်းသားတွေဖြစ်သွားပြီဆိုတော့ အချုပ် ခန်းထဲမှာ ချုပ်ထားရလိမ့်မယ်''

ဟု ဆိုကာ သူရဇ္ဇက ရဲမက်များကို ဖမ်းဆီးရန် အမိန့်ပေးလိုက်သောအခါ ကျွန်ုပ်တို့ နှစ်ယောက်မှာ ဘယ်လိုမှ မတတ်နိုင်တော့ဘဲ အဖမ်းခံရကာ သိရိသိဒ္ဓိမြို့၌ ဧည့်သည်တော် ဘဝမှ အကျဉ်းသားဘဝသို့ ရောက်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)
## ဥတ္တရ၏ ကျိန်စာ

မာယာ၏ ကျေးဇူးကြောင့် ကျွန်ုပ်တို့တတွေမှာ အသက် ချမ်းသာရာ ရခဲ့ကြသော်လည်း ရွှေနန်းတော်ထဲတွင် တစ်ညသာ အိပ်လိုက်ပြီး နောက်တစ်နေ့တွင် အုတ်များ၊ ကျောက်တုံး ကျောက်ပြားများဖြင့် ဆောက်လုပ်ထားသော အချုပ်ခန်းထဲမှာ စံမြန်းနေရတော့သည်။

ဥတ္တရကတော့ ဇင်းမျှော်လင့်ချက်များ ပျက်စီးဆုံးသွားသဖြင့် လွန်စွာ စိတ်ထိခိုက်ဟန်ဖြင့် သံတိုင်များ ကာရံထား သော အပေါက်မှ အပြင်သို့ မျှော်ကြည့်နေသည်။

"ကျုပ်တို့ရဲ့ အသက်ကို ကယ်လိုက်တဲ့ မာယာကို ကျေးဇူး တင်ပါတယ် မာယာ၊ ဒါပေမယ့် တို့အတွက်ကတော့ မျှော်လင့် ချက် မရှိတော့ဘူး မဟုတ်လား"

"ကျွန်မလည်း အတတ်မပြောနိုင်တော့ဘူး၊ ဒါပေမယ့် နောက်ရှစ် ရက်လောက်အထိတော့ ကျွန်မတို့ အသက်ရှင်နေကြရမှာပါ၊ အပြင် မှာတော့ ဘယ်လို အခြေအနေတွေရှိနေမယ် မသိရဘူး"

ဟု မာယာက ပြန်ပြောသည်။

ထိုအခါ ဗညားမော်က ..၊





"တကယ်လို့သာ သူရဇ္ဇကမ်းလှမ်းတုန်းက မင်းသာ လက်ခံခဲ့မယ် ဆိုရင် မင်းတို့ ဒီလို ဒုက္ခရောက်မှာ မဟုတ်ဘူး၊ အခုတော့ တို့အတွက်ကြောင့် မင်းတို့ပါ ဒုက္ခရောက်ရတဲ့အတွက် စိတ် မကောင်းပါဘူး"

ဟု ပြောလိုက်သည်။

"တော်ပါတော့ ရှင် ဒီအချိန်မှာ ကျွန်မ ဒါတွေ မကြားချင်တော့ပါ ဘူး။ ကိုယ်မချစ်မနှစ်သက်တဲ့လူရဲ့ ရင်ခွင်ထဲမှာ တစ်သက်လုံး စိတ်ဆင်းရဲနေရမှာထက်စာရင် အသက်သေသွားတာကမှ ပိုကောင်းပါသေးတယ်။ ကျွန်မ သေရမှာကို မကြောက်ပါဘူး၊ သူ့ကိုတော့ ဘယ်တော့မှ ဒူးမထောက်ဘူး"

ဟု ပြတ်သားစွာ ပြောသည်။

ထိုအချိန်တွင် သူရဇ္ဇ နက္ခတ်ဆရာကြီး ရောဟဏီနှင့် မြို့သူမြို့သား အချို့ ဝင်လာကြသည်။

သူရဇ္ဇကို မြင်သောအခါ ဥတ္တရက ..၊

"မင်းငါ့ကို ဘာကြောင့် ဒီလိုလုပ်တာလဲ မင်းကို တစ်သက်လုံး ကျွေးမွေးစောင့်ရှောက်လာတဲ့ ကျေးဇူးကို ပြန်ဆပ်တာပေါ့လေ ဟုတ်လား"

"ကျုပ်လည်း မလုပ်ချင်ပါဘူး ဦးရီတော်၊ ဒါပေမယ့် အခြေအနေ အရ မြို့သူမြို့သားတွေရဲ့ ဆန္ဒကို မလွန်ဆန်နိုင်လို့ လုပ်ရတာပါ"

"မင်း ဘာပဲလုပ်လုပ် တစ်နေ့ကျရင်တော့ မင်းငါ့ရဲ့ ကျေးဇူး ကျိန်စာသင့်ပြီး တစ်မြို့လုံး ဒုက္ခရောက်ကြမှာ သေချာတယ်၊ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တွေရဲ့ ဝိညာဉ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



တိုင်တည်ပြီး မင်းကို ငါကျိန်စာဆိုထားပြီးပြီ၊ ငါသေပြီး မကြာ ခင်မှာ မင်းအဲဒီ ကျိန်စာ ပြန်ဆပ်ရလိမ့်မယ်"

ဟု ပြောလိုက်သောအခါ သူရဇ္ဇနှင့် ရောဟဏီတို့ နှစ် ယောက်စလုံး မျက်စိမျက်နှာ ပျက်သွားကြလေသည်။

သူရဇ္ဇက မာယာကို တစ်ချက်ကြည့်ပြီး ကျွန်ုပ်တို့တစ်တွေအား အခန်းငယ်တစ်ခုကို ကျော်ဖြတ်ကာ ခေါ်သွားသည်။ ကန့်လန့်ကာ တစ်ခု ကာထားသော နေရာသို့ ရောက်သောအခါ ကန့်လန့်ကာကို ဖွင့်လိုက်တော့ ကျောက်တံခါး ကလေး တစ်ခုကို တွေ့ရသည်။

အစောင့်တစ်ယောက်ကို မီးတိုင် ထွန်းခိုင်းပြီးနောက် သူရဇ္ဇက ခါးတွင် အသင့်ဆောင်ယူ လာသော သော့ဖြင့် တံခါးပေါက်ကို ဖွင့်သည်။ သူရဇ္ဇ၊ ရောဟဏီနှင့် အခြားလူ (၆)ယောက်တို့နှင့်အတူ ကျွန်ုပ်တို့လေးယောက်မှာ သူတို့ ခေါ်ဆောင်လာရာ နောက်သို့ လိုက်သွား ကြရသည်။ တံခါးလွန်သောအခါ အောက်ဖက်သို့ ဆင်းသော လှေကားတစ်ခုကို တွေ့ရသဖြင့် အောက်သို့ ဆင်းသည်။ လှေကားမှာ အထစ်နှစ်ဆယ်ခန့်ရှိသည်။ လှေကားဆုံးသောအခါ ပိတ်ထားသော ကြေးနီရောင် တံကား တစ်ချပ်ကို တွေ့ရပြန်၏။

ထိုကြေးနီတံခါးကို ကျော်ဖြတ်မိသောအခါ ကျောက် တောင်ကြီး၏ နေရာအနှံ့အပြားကို ဦးတိုက်ဖောက်လုပ်ထား သော လှေကားများကို လှမ်းမြင်ရသည်။

ကျွန်ုပ်တို့သည် အောက်သို့ ဆင်းသော လှေကားတစ်ခုအတိုင်း အောက်ဖက်သို့ ထပ်ဆင်းရပြန်သည်။ အောက်သို့ ရောက်သောအခါ ပိတ်ထားသော တံခါးကို တွေ့ရပြန်၏။ ၎င်းတံခါးများမှာ ယခင်တွေ့ခဲ့ရ





သော တံခါးများထက် လှပ ခိုင်ခံ့ပေသည်။

ထိုတံခါးကို ဖွင့်ပြီး အထဲသို့ ဝင်လိုက်သောအခါ ကျောက်တောင်ကြီး၏ အလယ်ဗဟိုလောက်တွင် ရှိမည်ဟု ခန့်မှန်းရသော အခန်းကျယ်ကြီးတစ်ခုထဲသို့ ရောက်သွားလေတော့သည်။ အခန်းကြီးမှာ လှပ ကျယ်ဝန်းလှပြီး ကျောက်ဖြူပြားများ လေးဘက်လေးတန် ကာရံထားကာ ငွေမီးတိုင်များ၊ ခုတင်များရှိသည်။ ရေနှင့် စားသောက်ဖွယ်ရာများလည်း ပြည့်စုံစွာ ရှိလေသည်။

သူရဇ္ဇက ကျွန်ုပ်တို့အား ထိုအခန်းကြီးထဲသို့ ပို့ကာ ပြန်ထွက်သွားပြီးအပြင်မှ တံခါးပြန်ပိတ်သွားတော့သည်။

ဥတ္တက မကျေမနပ် ရေရွတ် ကျိန်ဆဲရင်း ခုတင်တစ်လုံးပေါ်သို့ စိတ်ပျက်လက်ပျက်လှဲချလိုက်သည်။

ကျွန်ုပ်က မြေအောက်ခန်းကြီးကို အကဲခတ်ကြည့်ရင်း ဘယ်လိုမှ လွတ်လမ်းမရှိနိုင်ကြောင်း သိလိုက်သည်။သေဘေး နှင့် နီးနေသည်နှင့် တလျှင် သည်နေရာမျိုးတွင်နေရသည်က ပိုကောင်းမည်ဟု တွေးလိုက်မိသည်။

မာယာက ..

"ရှင်တို့ကို ကျွန်မ လမ်းမှာ ပြောတုန်းက ရှင်တို့နှစ်ယောက်က ကျွန်မကို အရိုင်းမတစ်ယောက်ရဲ့ စကားဆိုပြီး မယုံခဲ့ကြဘူး မဟုတ်လား၊ ခုတော့ သေဘေးနဲ့ ကြုံရပြီး မဟုတ်လား"

ဟု ပြောသည်။

"တို့တတွေဟာ အဆိုးဆုံး အခြေအနေကို လွန်ခဲ့ကြပြီပေါ့တော့



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ အခြေအနေ တစ်ခုခုတော့ ပြောင်းလိမ့်မယ် ထင်တာပဲ"

"ဟုတ်တယ် မာယာ အခုလို ဖြစ်ရတာ မင်းအဖေ သတိ တစ်ချက် လစ်သွားပြီး မပြောသင့်တဲ့အချိန်မှာ မပြောအပ်တဲ့ စကားတွေ ပြောခဲ့မိလို့ အခုလို ဖြစ်ရတာပဲ၊ အခုမှတော့ ဒါတွေ ပြောနေလို့လည်း အပိုပါပဲ၊ ဒီအကိုင်းထိုင်နေရတာနဲ့ စာရင် ဒီအခန်းကြီးထဲ နည်းနည်း လောက် လျှောက်ကြည့်ကြရင် ကောင်းမယ်"

ဟု ကျွန်ုပ်က အကြံပေးလိုက်သဖြင့် သုံးယောက်သား နံရံတွင် စိုက်ထားသော မီးတိုင်တစ်တိုင်ကို ဖြုတ်ယူပြီး အခန်းကျယ်ကြီး ပတ်လည်သို့ လိုက်လံကြည့်ရှုကြလေသည်။

နံရံတစ်ခုအနီးတွင် တံခါးပေါက်တစ်ခုကို တွေ့ရပြီး၊ လေကောင်း လေသန့်များ ဝင်လာသည်ကို သတိပြုမိပါသည်။

"ဒီနေရာက သွားရင် ဘယ်ကို ရောက်မလဲ မာယာ"

"ကျွန်မလည်း တစ်ခါမှ မရောက်ဖူးတော့ မသိဘူး၊ ကျွန်မတို့ ယဇ်ပလ္လင်ကိုများ ရောက်မလားမသိဘူး၊ ဒီကျောက်တော် ကြီးထဲမှာ အခန်းတွေ အများကြီးရှိတယ် ဒါလောက်ပဲ သိတယ်"

ဟုဆိုကာ အတွင်းသို့ ဝင်သွားသောအခါ တစ်ပိုင်းတစ်စ ပွင့်နေ သော သစ်သားတံခါးတစ်ချပ်ကို တွေ့ရသောကြောင့် တွန်းဖွင့်ပြီး အတွင်းသို့ ဝင်သွားကြရာ ပေစာထုပ်များ ထည့်ထားသော အခန်းငယ် တစ်ခုသို့ ရောက်သွားတော့သည်။

ပေစာထုပ်များမှာ နှစ်ပေါင်းများစွာကတည်းက ထည့်ထား တန်ရှိ၍ ဖုံများ ပင့်ကူမျှင်များ အထပ်ထပ် တက်နေတော့သည်။ ကျွန်ုပ်အဖို့တော့ ပေစာထုပ်များ လေ့လာခွင့်ရလျှင် လေ့လာဦးမည်ဟု စိတ်ကူးမိသည်။





နောက်အခန်းတစ်ခုသို့ ရောက်သောအခါ လွန်စွာများပြားသော ရွှေတုံးရွှေခဲ၊ ရွှေချောင်းကြီးများကို တွေ့ရသည်။ ၎င်းတို့မှာလည်း ပင့်ကူမျှင်နှင့် ဖုံများ တက်နေသည်။

"ရှင် ရွှေတွေ လိုချင်လို့ ကျွန်မတို့ဆီ လိုက်လာတာ မဟုတ်လား၊ အခု ဒီမှာ ရွှေတွေ တွေ့ပြီလေ ရှင်ကြိုက်သလောက်သာ ယူပေ တော့"

ဟု မာယာက ကျွန်ုပ်အား စကားနာထိုးသည်။

"လူတွေတော့ ဘယ်နေ့သေမလဲမသိရတဲ့ အချုပ်ခန်းထဲ ရောက်နေ တဲ့ဘဝမှာ ဒီရွှေတွေက ဘာအသုံးကျတော့မှာလဲ မာယာရယ်"

ထို့နောက်တွင် ကျွန်ုပ်တို့သည် အခြားအခန်းများကို လိုက်လံ ကြည့်ရှုပြီးနောက် အခန်းကျယ်ကြီးထဲသို့ ပြန်လာခဲ့ကြသည်။ အခန်းထဲ ပြန်ရောက်သောအခါ ဉတ္တရမှာ ခုတင်ပေါ်တွင် အိပ်ပျော်နေဟန် ရှိပေသည်။

မကြာမီ အခန်းတံခါးကြီး ပွင့်လာပြီး လူအချို့ ရောက်လာကာ အစားအသောက်များ လာပို့ပြီး ပြန်ထွက်သွားကြလေသည်။

စားသောက်ပြီးသောအခါ ကျွန်ုပ်နှင့် ဉတ္တရတို့မှာ စကား မပြောဘဲ၊ ကိုယ့်အတွေးနှင့်ကိုယ် အကြံထုတ်နေကြစဉ် မာယာ နှင့် ဗညားမော်တို့ နှစ်ယောက်ကတော့ တချိန်လုံး ထိုင်ကာ စကားပြောနေကြသည်ကို လှမ်းမြင်နေရသည်။

နောက်တော့ ကျွန်ုပ်လည်း အိပ်ပျော်သွားပြီး နောက်တစ်နေ့ ဟု ထင်ရလောက်သော အချိန်ကျမှ နိုးလာသည်။ အခန်းထဲမှာ မီးရောင်မှ လွဲ၍ အလင်းရောင် မတွေ့ရသောကြောင့် နေ့မှန်း ညမှန်း မသိနိုင်ပေ။ ၎င်းထမင်းလာပို့သော အချိန်ကို ကြည့်၍သာ နေ့ဘက် ညဘက် ခန့်မှန်းနိုင်သော အခြေအနေ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်ဟု ထင်ရလောက်သော အချိန်တွင် သူ့ရှေ့နှင့် ခေါက်ပါ အခြေအရုံလေးယောက်တို့ ရောက်လာ သည်။

ဥက္ကာရက သူ့ရှေ့ကို မြင်သောအခါ ..။

"ဟေ့ သစ္စာဖောက်၊ မင်းတို့ သတ်မလို့လာတာလား၊ သတ်ချင် လည်း အခုချက်ချင်း သတ်စမ်းကွာ၊ ဒါမှ တမလွန်ကနေပြီး မင်းကို ကောင်းကောင်း ကျိန်စာတိုက်လို့ရမှာ"

ဟု ဒေါသတကြီး ပြောလိုက်လေသည်။

"ကျုပ် လူသတ်သမားမဟုတ်ဘူး၊ ခင်ဗျားကို သတ်မှာက ကျုပ် မဟုတ်ဘူး၊ ခင်ဗျားကိုယ်တိုင် ချိုးဖောက်ခဲ့တဲ့ ဥပဒေကပဲ သတ်မှာ အခုလာတာ ကျုပ် စကားပြောမလို့ လာတာ"

ဥက္ကာရ ဘာမှ ပြန်မပြောဘဲ ကြည့်နေသည်။

သူ့ရှေ့က သူ့နောက်မှ ပါလာသော ကိုယ်ရံတော်များကို အခန်းဝ တွင် သွားရောက်စောင့်ဆိုင်းနေစေပြီးမှ စကားစ,ပြောသည်။

"ခင်ဗျား ကျေးဇူးတွေ ကျုပ်အပေါ်မှာ ရှိနေတယ်ဆိုတာ မငြင်း ပါဘူး။ ဒါပေမယ့် အခြေအနေက ဒီလိုလုပ်လို့ မရ ရှိအောင် တွန်းပို့ နေတာကြောင့်ပါ။ ဒီလို တွန်းပို့အောင်လည်း ခင်ဗျားကပဲ လုပ်ခဲ့တာ မဟုတ်လား၊ ပြည်သူ့ပြည်သားတွေက ဥပဒေကို ချိုးဖောက် တဲ့လူဆိုရင် ဘယ်သူ့ကိုမှ ခွင့်လွှတ်မှာ မဟုတ်ဘူး၊ ကျုပ်က ဘုရင် ဆိုပေမယ့် ပြည်သူ့ပြည်သားတွေရဲ့ ဆန္ဒကို လွန်ဆန်လို့ မရဘူး"

ဟု သူ့ရှေ့က ပြောပြသည်။

"ကျုပ်တို့ မနေ့ညက အစည်းအဝေး မလုပ်ခင်မှာ မာယာနဲ့ တွေ့ပြီး သူ့သဘောကို မေးခဲ့ပါတယ်။ သူသာ ကျုပ်ကို လက်ထပ်မယ်ဆိုရင်





လက်ထပ်ထားတဲ့ ဘရဇီကိုရော သိရိသိရိထိနေနိုးကိုပါ ခွင့်လွှတ် ပေးပါမယ်လို့ ပြောခဲ့ပါတယ်"

ဒါပေမယ့် သူက လက်မခံခဲ့ဘူး"

"ဒီစကား အမှန်ပဲလား မာယာ"

"သူ့ကို မေးစရာ မလိုပါဘူး၊ မနေ့က ကျုပ်ပြောတဲ့ အချိန်မှာ အနားမှာ ဒီညော့ သည် နှစ်ယောက် သက်သေရှိပါတယ်။ သူတို့ကို မေးကြည့်လို့လည်း ရပါတယ်။ အခုလာတာကလည်း နောက်ဆုံး အခြေအနေကို ရောက်နေပြီဆိုတော့ သူ ကျုပ် ဆန္ဒကို လိုက်လျော နိုင်မလား၊ လိုက်လျောမယ်ဆိုရင်၊ ခင်ဗျား ဖြစ်စေချင်တဲ့အတိုင်း ဖြစ်အောင် အားလုံး လုပ်ပေးပါ့မယ်"

ဟု ပြောလိုက်သောအခါ ဥက္ကာရ၏ မျက်နှာပေါ်မှာ တက်ကြွမှုတွေ ဖြစ်လာပြီး ချက်ချင်း အမူအရာ ပြောင်းသွားလေတော့သည်။

ကျွန်ုပ်စိတ်ထဲမှာတော့ အချစ်ကြီးလွန်းသော ယောကျ်ား တစ်ယောက် နှင့်မိန်းမတစ်ယောက်တို့၏ မေတ္တာလွန်ပွဲကို ကြည့်နေရသလို ရင်ဝ,မ,မ ဖြစ်နေတော့သည်။

"သမီး မာယာ အဖေ့အသက်နဲ့ ရည်ရွယ်ချက်တွေကို ကယ်တင် တဲ့အနေနဲ့၊ ဒီတစ်ခါတော့ သမီးအဖေ့ကို ကူညီတဲ့ အနေနဲ့ သူ့ရှေ့ကို လက်ထပ်ပါကွယ်"

ဟု တောင်းတောင်းပန်ပန် ပြောသော်လည်း မာယာကား မလှုပ်ပေ၊

"သမီးနဲ့ သူနဲ့က ဘေးတော်ဘိုးတော်တွေ ရှိစဉ်ကတည်းက အရွယ်ရောက်လာရင် လက်ထပ်ဖို့ စေ့စပ်ပြီးသားဆိုတော့လည်း သမီးအသိ မဟုတ်လား၊ ဒီတစ်ကြိမ်တော့ သမီး သူ့ဆန္ဒကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှောပေးလိုက်ပါကွယ်”

ဟု တောင်းတောင်းပန်ပန် ပြောဆိုနေလေသည်။

“အဖေ ဘယ်လိုပဲ ပြောပြော ကျွန်မ သူ့ကို လုံးဝ လက်မထပ်ဘူး”

ဟု မာယာထံမှ ပြတ်သားသော စကားကို ကြားလိုက်ရသောအခါ ဥက္ကာရမှာ ဦးခေါင်းကို မိုးကြိုးထိလိုက်သလို နောက်သို့ ယိုင်ထွက်သွားတော့သည်။

အတန်ကြာမှ သူရန္တဘက်သို့ လှည့်ကာ ...၊

“ကဲ သူရန္တ၊ မင်းခဏတော့ အချိန်ပေးပါ၊ ငါ သူ့ကို နားချ ပေးပါ့မယ်”

ဟု ပြောလိုက်သောအခါ သူရန္တမှာ မရွှင်လန်းသော အမူအရာဖြင့် အပြင်သို့ ပြန်ထွက်သွားတော့သည်။

“သမီး သူ့ကို ဘာကြောင့် လက်မထပ်ချင်ရတာလဲ၊ သူ့မှာ ဘာအပြစ်ရှိလို့လဲ၊ သူ့ကို လက်ထပ်မှ အဖေတို့ လုပ်ချင်တာတွေ အားလုံး ဖြစ်လာမှာပေါ့၊ မမိုက်ချင်ပါနဲ့ သမီးရယ် သမီးနဲ့ ဗညားမော်တို့ရဲ့ အခြေအနေကိုလည်း အဖေ ရိပ်မိပါတယ်။ သမီးတို့ နှစ်ယောက် ဘယ်လောက်ချစ်ပေမယ့် လက်ထပ်ခွင့် မရနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ သူရန္တက ဒီအကြောင်းကို သိတာနဲ့ ချက်ချင်း သတ်ပစ်မှာပဲ”

“သူ သတ်ချင် သတ်ပေစေပေါ့ အဖေရယ်”

မာယာကတော့ သူ့အချစ်ကို သက်သေပြတဲ့ အနေနှင့် လုံးဝလျှော့မပေးပေ၊

ကျွန်ုပ်စိတ်ထဲမှာ အကယ်၍ မာယာက သူရန္တနှင့် လက်ထပ် လိုက်လျှင် ဥက္ကာရ ထီးနန်းအာဏာ ပြန်ရပေမည်။





ငှင်းထီးနန်းပြန်ရလျှင် မိမိတို့ စီစဉ်ထားသည့်အတိုင်း လုပ်ဆောင်နိုင်ကြပေမည်။ ယခုအချိန်မှာ သေလျှင် မြေကြီး၊ ရှင်လျှင် ရွှေထီး ဆိုသော အခြေအနေမှာ မာယာအပေါ်တွင် လုံးလုံးလျားလျား မူတည်နေတော့သည်။

သူ ခေါင်းတစ်ချက် ညိတ်လိုက်လျှင် ထီးနန်းပေါ် ရောက် နိုင်ပြီး၊ ခေါင်းတစ်ချက်ခါလိုက်လျှင် သေဘေးနှင့် မုချ ကြုံရတော့မည် ဖြစ်၏။ ယခုအထိတော့ မာယာက သဘော မတူသေးပေ။

ကျွန်ုပ် စိတ်ထဲ၌မူ မိန်းမများနှင့် ပတ်သက်လာလျှင် ကံမကောင်းသော ကျွန်ုပ်သည် ယခုအခါမှာလည်း အလွန်လှသော မိန်းမ တစ်ယောက်ကြောင့်ပင် ရည်ရွယ်ချက်များ ပျက် စီး ဆုံးရှုံးရတော့မည့် အရေးအတွက် များစွာ လေးနေမိတော့ သည်။

ဥက္ကာရကြုံရာမရသည်အဆုံး၊ ကျွန်ုပ်ကိုသော်လည်းကောင်း၊ ဗညားမော်ကိုသော်လည်းကောင်း မာယာကို ဖျောင်းဖျနားချပေးရန်အကူအညီ တောင်းပြန်လေသည်။

ကျွန်ုပ်ကတော့ သဲကန္တာရထဲတွင် မာယာတောင်းခဲ့သော ‘ငှင်းတို့ နှစ်ဦး၏ ချစ်ခြင်းကို မခွဲပါ’ ဟု ပေးသော ကတိရှိသည်က တစ်ကြောင်း၊ ဗညားမော်ကလည်း ကျွန်ုပ်အသက်ကို ကယ်ပေးခဲ့သော အရင်းနှီးဆုံး မိတ်ဆွေဖြစ်သည်က တစ်ကြောင်းကြောင့် မည်သို့မှ ဝင်မပြောသာ တော့ပေ။

ဗညားမော်ကတော့ မာယာရဲ့ ဆုံးဖြတ်ချက်အတိုင်း လက်ခံပါမည် ဟု ဝမ်းနည်းစွာ ပြောလေသည်။

နောက်ဆုံး မာယာထံမှ ပြတ်သားသော စကားတစ်ခွန်း ပေါ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"ကျွန်မ သူရဋ္ဌကို ငယ်ငယ်တုန်းကလည်း မချစ်ဘူး၊ အခုလည်း မချစ်ဘူး၊ နောင်လည်း ချစ်လို့ရမှာ မဟုတ်ဘူး၊ ကျွန်မ ကိုဗညားမော်ကိုပဲ ချစ်တယ်၊ ဘယ်ဘဝရောက်ရောက် သူ့ကိုပဲ လက်ထပ်မယ်၊ ကျွန်မရင်ထဲက သစ္စာတရားကို အသက်နဲ့လဲ မယ်ဆိုရင် လည်း လဲဝံ့ပါတယ်"

ဟု ပြတ်သားစွာ ပြောလိုက်ရာ ဥတ္တရမှာ အလွန်ထိခိုက် တုန်လှုပ်သော မျက်နှာနှင့်မာယာကို ကြည့်ပြီး ..

"ဪ နင့်ရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ပဲလား၊ ဒီဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား၊ နင်ခေါင်းမာလို့ သေမယ်ဆိုရင် ငါတစ်ယောက်ထဲ သေမှာပဲ၊ အားလုံးသေကြမှာပဲ၊ အချစ်နဲ့ အသက်ကို လဲမယ်ဆိုရင်လည်း သေရုံရှိတာပေါ့၊ ဒါပေမယ့် နင့်ကို ငါဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး၊ ဒီဘဝမှာလ ' ခွင့်မလွှတ်ဘူး၊ နောင်ဘဝရောက်ရင်လည်း ခွင့်မလွှတ်ဘူး၊ ငါကျိန်စာကြောင့် နင်တို့ တစ်နေ့ ဒုက္ခ ရောက်ရစေ့မယ် နင်တို့ သိပ်ချစ်တယ်ဆိုတဲ့ ချစ်သူနှစ်ယောက် ဘယ်တော့မှ မပေါင်းစေရဘူးလို့ ငါ ကျိန်စာဆိုခဲ့မယ်"

ဟု ဗလုံးဗထွေး ပြောကာ ခုံဂင်ပေါ်သို့ လဲကျသွားလေတော့သည်။

"အဖေ အဖေ"

မာယာက စိုးရိမ်တကြီး ခေါ်ကာ ဥတ္တရအား ပြေးပွေ့လိုက်သော်လည်း ဥတ္တရကား သူမြတ်နိုးတွယ်တာသော သီရိသိင်္ဂီနန်းကို အပြီးပိုင် စွန့်လွှတ်ကာ တမလွန်သို့ ကူးသွားခဲ့ ပြီဖြစ်တော့သည်။

❀ ❀ ❀





အခန်း (၁၉)

နက္ခတ်ဆရာကြီး ရောဟဏီ၏ အကြံအစည်

နောက်တစ်ကြိမ် သူရဋ္ဌရောက်လာပြီး ဥတ္တရ၏ အဖြစ်ကို မြင်သောအခါ များစွာ ထိတ်လန့်တုန်လှုပ်မှု ဖြစ်သွားလေသည်။

မာယာကအကျိုးအကြောင်း ပြောပြလိုက်သောအခါ

"ဪ ဪ မင်းခေါင်းမာလို့ ဖြစ်ရတာ၊ မင်းကြောင့် ဖြစ်ရတာပဲ၊ မင်းသာ ငါ့ဆန္ဒကို လိုက်လျောခဲ့ရင် ဦးရီးတော် ဒီလို အဖြစ်မျိုး ကြုံရမှာ မဟုတ်ဘူး၊ အခု ဘယ်လိုလုပ်မလဲ၊ သေတယ် ရှင်တယ် အတိအကျ ပြောမရသေးတော့ သမားတော်နဲ့ ပြကြည့်ရင် ကောင်းမယ်"

ဟု ပြောကာ ပြန်ထွက်သွားပြီး မကြာမီ သမားတော်ကြီးနှင့် နက္ခတ်ဆရာကြီး ရောဟဏီတို့ ရောက်လာကြသည်။

သမားတော်ကြီးက ဥတ္တရအား စမ်းသပ်ကြည့်ရှုနေစဉ် ရောဟဏီက ကျွန်ုပ်အား အခြေအနေမေးသဖြင့် ကျွန်ုပ်ကလည်း မခြွင်းမချန်ဘဲ အခြေအနေ အမှန်ကို ပြောပြလိုက်သည်။

ထိုစကားကို ကြားသောအခါ ရောဟဏီက ..၊

"သြော် သူက ကျုပ်သမီးကို စွန့်ပယ်ပြီး မာယာနဲ့ လက်ထပ်ဖို့ ကြိုးစားနေတာပေါ့၊ ဥတ္တရအာဏာပြန်ရရင် ကျုပ်တို့တတွေ ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်မယ်ဆိုတာ နည်းနည်းမှ



www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားမိပုံးလား"

"ဒါကတော့ သူက အချစ်စိတ် မွှန်နေတော့ ဒါတွေ မစဉ်း စားမိတာ အမှန်ပဲ၊ သူ ဒုက္ခရောက်သလို ခင်ဗျားသမီးလည်း ဒုက္ခရောက်မှာ အမှန်ပဲ ရောဟဏီ"

ကျွန်ုပ်စကားကြောင့် ရောဟဏီမှာ အတန်ကြာအောင် အံကြိတ်ညက် ထုတ်နေလေသည်။ အတန်ကြာသောအခါမှ ကျွန်ုပ်တို့ သုံးယောက်ကို ခေါ်ပြီး ဤသို့ ပြောလေသည်။

"ကျုပ်သတိထားကြည့်ရသလောက်တော့ ဥတ္တရကတော့ အသက် ရှိတော့ဟန်မတူဘူး၊ ဥတ္တရ သေသွားတာကို မြို့သူ မြို့သားတွေက သိရင် သူရဲ့သတ်ပြစ်တယ်လို့ မုချထင်ကြမှာပဲ၊ ဥတ္တရကို သိပ်မကြိုက် ကြပေမယ့် ဒီအပြစ်မျိုးကိုတော့ ဘယ်သူကမှ လက်ခံမှာ မဟုတ်ကြဘူး၊ ဥတ္တရမရှိရင် ဒီထီးနန်းကို ဆက်ခံရမှာက မာယာ တစ်ယောက်ပဲ ရှိတယ်။ ဒါကြောင့် သူ မာယာကို မရရအောင် လက်ထပ်ဖို့ ကြိုးစားနေတာပဲ"

"ဟင် .."

"ဖြစ်နိုင်ရင် သူက ခင်ဗျားတို့ အားလုံးကို သတ်ပစ်ချင်နေတာ၊ တခြားလူတွေကို သတ်လို့ရပေမယ့် မာယာမင်းသမီးကိုတော့ လုံးဝ သတ်လို့မရဘူး၊ တစ်မြို့လုံးက မာယာကို ချစ်ကြတယ်၊ မာယာ သေတာနဲ့ ကျုပ်တို့အားလုံးလည်း သေကြမှာပဲ"

ထိုစကား ကြားသောအခါမှ မာယာမှာ ကျွန်ုပ်တို့၏ တစ်ဦးတည်း သော ကယ်တင်ရှင်ဖြစ်ကြောင်း သိရလေတော့သည်။

ရောဟဏီက ဆက်ပြောသည်။





"ခင်ဗျားတို့အားလုံး ကျုပ်ပြောတဲ့အကြံကို လက်ခံမယ်ဆိုရင် ပြောချင်ပါတယ်"

"ပြောပါ"

"ကျုပ်အထင် ပြောရရင်တော့ သူရဲ့က မကြာခင်မှာ ခင်ဗျားတို့ နှစ်ယောက်ကို သတ်ပြီး မာယာကို မဖြစ် ဖြစ်တဲ့နည်းနဲ့ ရအောင် လက်ထပ်လိမ့်မယ်၊ ဒါကို လွတ်မြောက်နိုင်တဲ့ နည်းလမ်းတော့ ရှိပါတယ်"

"ဘယ်လိုလဲ ပြောပါ"

"မြို့ပေါ်က လူတွေက မကျေမနပ်ဖြစ်နေတာ ပပျောက်အောင် ယဇ်ပလ္လင်ရှေ့မှာ ပြုလုပ်မယ့် သိရိသိဂျိမြို့တော် အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးမှာ မာယာကို တက်ခွင့်ပြုရပြီး နောက်တစ်နေ့မှာ ပရိသတ်တွေကို မာယာကို ပြရမယ်"

"ဘာ့ကြောင့် ဒီလို လုပ်ရတာလဲ"

"မပြလို့ မရဘူး၊ မြို့သူမြို့သားတွေက ဟဒယစိန်ကြီးနှစ်ခြမ်း ပေါင်းပြီး ယဇ်ပလ္လင်ပေါ်တင်လိုက်ရင် ဘယ်လိုအဖြေ ထွက်လာမယ် ဆိုတာကို သိပ်ပြီး သိချင်နေကြတယ်၊ သူတို့ဟာ နတ်ဘုရားတွေရဲ့ တန်ခိုးကိုလည်း ယုံကြည်ကြတယ်၊ ဥတ္တရ နတ်ဘုရားတွေ အခု အိပ်မက်ပေးလို့ ထီးနန်းကိုတောင် စွန့်ပြီး ထွက်ရှာခဲ့တာ အခု အိပ်မက်အတိုင်း စိန်ကြီးရလာတာကို သိပ်ပြီး အံ့ဩနေကြတယ်၊ တကယ်တော့ အဲဒီယဇ်ပလ္လင်ကို စောင့်ရှောက်နေရတဲ့လူက တခြားလူ မဟုတ်ဘူး ကျုပ်ပဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ယဇ်ပလ္လင်ပေါ်မှာ ရှေးက ကြုတ်ကလေး
တစ်ခုရှိတာကို ကျုပ်သိပါတယ်။ အဲဒီ ကြုတ်ထဲမှာ ဘာမှ မရှိမှန်း
လည်း ကျုပ်သိပါတယ်။ ဒီအကြောင်း ဥစ္စာရတောင် မသိပါဘူး"
"နက္ခတ်ဆရာကြီးရဲ့ အကြံဘယ်လို ရှိတယ်ဆိုတာကိုလည်း
ပြောပါဦး"
"အစည်းအဝေးရက် မရောက်ခင်မှာ အဲဒီ ကြုတ်ထဲကို နတ်ဘုရား
တွေ အမိန့်တော်ရှိလေဟန်နဲ့ စာတစ်စောင်ရေး ထည့်ထားရင်
မကောင်းဘူးလား။ အဆင့်သင့်ပဲ ငါတစ်နေ့က ရှေးဟောင်း ပေစာ
တွေ ရှာရင်းနဲ့ ဒီပေစာလေးတစ်စောင်တွေ့လို့ ယူလာတယ်
ဖတ်ကြည့်ပါဦး"
ဟု ပေးသဖြင့်က ကျွန်ုပ်က ဖတ်ကြည့်လိုက်သည်။
(ဤစာသည် နတ်ဘုရားတို့၏ အမိန့်အတိုင်း ယဇ်ပလ္လင်ကြီး
တည်စက ရေးသားခဲ့သော စာဖြစ်သည်။။ ဤ စာကို နေ့နှင့်ည စိန်ကြီး
နှစ်လုံးကို ယဇ်ပလ္လင်ပေါ်၌ ပူဇော်ပြီး တင်နိုင်သောအခါ ဖတ်ရန်ဖြစ်သည်။
ဤစာသည် နောင်တွင် ပေါ်ပေါက်လာမည့် အမျိုး ကောင်းသမီးကို
ရည်စူးကာ ရေးသားထားခဲ့ပေ၏။
ဤအမျိုးသမီးသည် သိရိသိဂိမြို့တော်သူမြို့တော်သားများ
တန်ခိုးမေ့မှိန်၍ တိုင်းပြည်တွင် လူသူနည်းပါး ယုတ်လျော့ လာသော
အခါ၌ တိုင်းတစ်ပါးမှ မမျှော်လင့်ဘဲ ရောက်လာသူ တစ်ဦးနှင့် လက်ထပ်
မင်္ဂလာပြုရပေမည်။
သို့မှသာ သိရိသိဂိမြို့ကြီးမှာ ယခင်ကကဲ့သို့ လူဦးရေ တိုးပွားကာ
သာယာ ဝ,ပြောလာပေလိမ့်မည်။





ဟူ၍ ရေးသားထားပေသည်။
ကျွန်ုပ်က ရွှေပေစာကို ပြန်ပေးလိုက်သောအခါ ရောဟဏီက
ဆက်ပြောပြသည်။
"ကျုပ်ဒီလို ပြောရတာ မင်းဖခင်ရဲ့ ကျေးဇူးတွေ ကျုပ် အပေါ်မှာ
ရှိခဲ့လို့ နောက်ဆုံး အကူအညီပေးခြင်းဖြစ်တယ်၊ ဒီလိုလုပ်တဲ့ အတွက်
ကျုပ်ဟာ ဟဒယလူမျိုးတွေရဲ့ အပေါ် သစ္စာဖောက်ရာ ရောက်ပါတယ်။
ဒါပေမယ့် မတတ်နိုင်တော့ဘူး၊ မင်းတို့ အသက်ကို ကယ်ဖို့
ဒီတစ်နည်းပဲ ရှိတော့တယ်"
ထို့နောက် ကျွန်ုပ်တို့ သုံးယောက်မှာ ရောဟဏီပြောသော
အကြံအစည်အတိုင်း ဖြစ်နိုင် မဖြစ်နိုင်ကို အတန်ကြာအောင် ဆွေးနွေး
ဆိုင်ကာ တိုင်ပင်ကြရလေတော့သည်။
နောက်ဆုံး အကျဉ်း စခန်းတစ်ခု အတွင်းမှာ ဘာမှ လှုပ်ရှားခွင့်
မရဘဲ သေရမှာထက် စာလျှင် လုပ်ပိုင်ခွင့် အခွင့်အရေးတစ်ခုရပြီး
ထွက်ပေါက်ရနိုင်သည်ဟု ယူဆကာ ရောဟဏီ အကြံပေးချက်ကို
လက်ခံလိုက်ကြသည်။ ဗညားမော်နှင့် မာယာတို့ကတော့ ၎င်းတို့ ချစ်သူ
နှစ်ဦး ပေါင်းဖက် ခွင့်ရမည့်အရေးဖြစ်သောကြောင့် ပိုမို၍ စိတ်အား
တက်ကြွလျက် ရှိနေကြသည်။
"ကဲ နက္ခတ်ဆရာကြီး အခုလို အကြံဉာဏ်နဲ့အကူအညီ ပေးတာ
ကို ကျေးဇူးတင်ပါတယ်၊ ခင်ဗျားပေးတဲ့အကြံကို ကျုပ်တို့က သဘော
ကျပါတယ်"
"ဒီလိုဆိုရင် ကျုပ်နောက်ကို လိုက်ခဲ့ကြပါ။ ဒီနေရာကနေ [illegible]
လမ်းအတိုင်း ယဇ်ပလ္လင်ရှိတဲ့ နေရာကို သွားကြရအောင် ဟဒယ



www.burmeseclassic.com

www.burmeseclassic.com



စိန်ကြီးကိုတော့ တစ်ခါထဲ ယူလာခဲ့ကြ"

ဟု ဆိုသဖြင့် ကျွန်ုပ်ထံမှ ရှိသော စိန်နှင့် မာယာဆီမှာ ရှိသော စိန်ကြီးတစ်ခြမ်းတို့ကို ယူဆောင်ကာ ရောဟဏီ ခေါ်ရာနောက်သို့ လိုက်ခဲ့ကြတော့သည်။

ရောဟဏီသည် အခန်းကြီးတစ်ဖက်တွင် ပိတ်ထားသော ကြေးတံခါးမကြီးကို သူ့ဆီတွင်ပါလာသော သော့နှင့် ဖွင့်ပြီး အတွင်းသို့ ဝင်ခဲ့ကြကာ တံခါးကို ပြန်စေ့ထားခဲ့သည်။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် တံခါးပေါက်ပေါင်း မြောက်မြားစွာကို ကျော်ဖြတ်ခဲ့ကြပြီးသောအခါ နောက်ဆုံး ကျောက်ဖြူ နံရံကြီးတစ်ခုဆီသို့ ရောက်သွားကြလေတော့သည်။ ထိုနံရံကြီးသို့ ရောက်သောအခါ ရောဟဏီက နံရံမျက်နှာပြင်ကို လက်ဖြင့် လိုက်လံစမ်းကြည့်နေပြီး သော့ပေါက်ကလေးကို တွေ့မှ သော့ချောင်းထည့်ကာ လှည့်ဖွင့်လိုက်သောအခါ မြောက်ပေခန့် မြင့်သော ကျောက်တံခါးတစ်ချပ် တကျွီကျွီနှင့် ပွင့်လာတော့သည်။

ထိုနေရာတွင် အလင်းရောင်များ တိုးဝင်နေသည်ကို မြင်ရသည်။ ထိုအခန်းသည် ဟာဒယလူမျိုးများ အထွတ်အမြတ်ဖြစ်သော ယဇ်ပလ္လင် ထားရာအခန်းဖြစ်ပြီး တိတ်ဆိတ်ငြိမ် သက်ကာ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော နံရံပေါ်တွင်ကား အလွန် ထူးခြားဆန်းပြားသော ရုပ်တုတစ်ခုရှိကာ အလင်းရောင်များက ထိုရုပ်တုအနီးပတ်ဝန်းကျင်သို့ ထိုးဆင်းလျက်ရှိသည်။ ရုပ်တုမှာ ပယင်းကျောက်သားဖြင့် ထုထားတာဖြစ်ပြီး ယောကျ်ားပုံ၊ မိန်းမပုံမှန်၊





ခွဲခြားမသိနိုင်ပေ။

ရုပ်တု၏ မျက်နှာမှာ ပြုံးရယ်ဟန် ရှိ၍သွားများကို ရွှေများဖြင့် ပြုလုပ်ထားသည်၊ စူးစူးစိုက်စိုက် ကြည့်နေသော မျက်လုံးများမှာ စိန်ကဲ့သို့ ကျောက်တစ်မျိုးဖြင့် ပြုလုပ်ထား၍ အကြည့် ခံရသူမှာ အသည်းနှလုံး တစ်ခုလုံး လက်ဖြင့် အဆုပ်ခံလိုက်ရသကဲ့သို့ အေးစက်သွားကာ ကြောက်မက်ဖွယ် ကောင်းလှတော့သည်။

နာခေါင်းမှာ အဖျားထူပြီး၊ နဖူးကျယ်ကြီးပေါ်တွင် အနီရောင် ဆေးများ အတန်းလိုက် ဆွဲထားသည်။

ရုပ်တုနောက်တွင် မှန်အိမ်ကြီးနှစ်လုံး ငွေ့န်းထားပြီး တစ်လုံးတွင် (နေ)ဟု ရေးထားပြီး၊ ကျန်တစ်လုံးတွင် (ည)ဟူသော စာလုံး ရေးထား သည်။

ဤရုပ်တုကား ကျွန်ုပ် တွေ့ဖူးသမျှ ရုပ်တုများထဲတွင် အထူးဆန်း ဆုံး ရုပ်တုတစ်ခု ဖြစ်ပေတော့သည်။ ပိုမို ထူးဆန်းသည်မှာ ထိုရုပ်တုမှာ ကိုယ်မပါဘဲ ဦးခေါင်းချည်းသက်သက်တုလုပ်ထားခြင်းဖြစ်သောကြောင့် ပင်။ ၎င်းဦးခေါင်းပြတ် ရုပ်တုကြီးရှေ့တွင် ယဇ်ပလ္လင်ရှိသော်လည်း ကျွန်ုပ်အမြင်တော့ ထူးခြားမှု မရှိလှပေ။

အခန်း၏ ခေါင်မိုးမှာ မိုးကောင်းကင် သင်္ကေတ၊ ငွေသားဖြင့် ပြုလုပ် ထားသော လ,ပုံသင်္ကေတနှင့် ကြယ်တာရာများပုံ ရှိပေသည်။ နံရံဘေး တစ်ဝိုက်မှာကား လှပသော ကျောက်တုံးများကို တောင်တန်းကြီးများ သင်္ကေတ ဖန်ဆင်းကာ စိုက်ထားလေသည်။

ထိုတောင်တန်းများပေါ်တွင် ကျေးငှက်၊ သားရဲ တိရစ္ဆာန်များကို ထုလုပ်ထားပြီး ရွှေချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယဇ်ပလ္လင်မှာကား မဟူရာရောင်တောက်နေသော ကျောက်သား အနက်နှင့် ပြုလုပ်ထားပြီး၊ ပလ္လင်ပေါ်တွင်ရှိသော ပစ္စည်းကို ပိုးသားနှင့် ဖုံးလွှမ်းထားသည်ကို လှမ်းမြင်ရသည်။

ထိုမြင်ကွင်းများကြောင့် ကျွန်ုပ်တို့မှာ အတန်ကြာအောင် တိတ်ဆိတ် ငြိမ်သက်စွာ ကြည့်နေကြမိသည်။

"ကိုင်း ကြည့်နေလို့ မပြီးဘူး။ လုပ်စရာရှိတာ လုပ်ကြရအောင်" ဟု ဆိုကာ နက္ခတ်ဆရာကြီး ရောဟဏီက ယဇ်ပလ္လင် အနီးသို့ သွားပြီး အုပ်ထားသော ပိုးသားပဝါကို အသာအယာ ဆွဲဖယ်လိုက်လေရာ အောက်တွင် ပတ္တမြားကဲ့သို့ ရဲရဲနီနေသော ကျောက်ဖြင့် ပြုလုပ်ထား သော အသည်းပုံသဏ္ဌာန် တစ်ခုကို တွေ့မြင်ရသည်။

ထိုအသည်းပုံမှာ လူတစ်ဦးတွင် ရှိသော အသည်းနှင့် တစ်ပုံတည်း ဖြစ်ပြီး အကြောကလေးများကို ရွှေကြိုးငွေကြိုးလေးများ ထည့်ပြီး လက်ရာမြောက်စွာ ပြုလုပ်ထားခြင်းဖြစ်၏။

ထိုအသည်းကြီး၏ အလယ်တွင် ကျင်းတစ်ကျင်းထဲ၌ ကြုတ် ကလေးတစ်လုံး ရှိသည်။ ထိုကြုတ်ကလေးမှာ ရောဟဏီပြောသော ကြုတ်ပင်ဖြစ်နိုင်ပေသည်။

ရောဟဏီက ...၊

"ကျုပ်တို့ လူမျိုးတွေရဲ့ ယုံကြည်ချက်က ဒီအသဲတံဆိပ်ကို ကျုပ်တို့ ရဲ့ နတ်ဘုရားကိုယ်တိုင် ပြုလုပ်ခဲ့ပြီး၊ ဟာဒယစိန်ကြီးနှစ်ခြမ်းကို ဒီအသဲပေါ်ကို တင်လိုက်တဲ့အခါ အတွင်းက အံဝှက်တစ်ခုပွင့်ပြီး အတွင်းမှာ တစ်စုံတစ်ခု တွေ့မယ်လို့ အဆိုရှိတယ်၊ အရင်တုန်း ကတော့ ဟာဒယစိန်ကြီး တစ်ခြမ်းက ဒီအပေါ်မှာ ရှိတယ်။ ဥတ္တရ





ခရီးထွက်တုန်းက အဲဒီစိန်ကြီးကို ယူသွားခဲ့တယ်။ အဲဒီတစ်ခါပဲ ဒီအသဲကြီးကို ဖွင့်ခဲ့ဖူးတယ်"

ကျွန်ုပ်တို့မှာ လွန်စွာ အံ့သြစရာလည်းကောင်း၊ ကြောက်စရာ လည်း ကောင်းသော အခြေအနေမို့ ငြိမ်သက်စွာပင် ရောဟဏီပြော သမျှကို နားထောင်နေကြသည်။

"အခုတော့ ဒီအသဲကြီးကို စိန်ကြီးနှစ်ခြမ်းစလုံး တင်ခွင့်ရတော့ မယ်၊ ဒီလိုတင်လိုက်တဲ့အခါမှာ ဘယ်လို ဖြစ်လာမယ် ဆိုတာကို ကျုပ်လည်းမသိဘူး၊ ဒီအသဲကြီးကို တစ်နေရာရာကို ရွှေ့လိုက်ရင်၊ ဒါမှမဟုတ် လုပ်လုပ်ရှားရှား လုပ်လိုက်ရင် သီရိသီဂီမြို့ရဲ့ တစ်ခုထဲရှိ ရေတံခါးကြီး ပွင့်သွားပြီး တစ်မြို့လုံး ရေလွှမ်းသွားမလားမသိဘူး၊ နံရံပေါ်မှာ ရေးထားတဲ့ စာကတော့ အဲဒီ သဘောမျိုး သက်ရောက် နေတယ်၊ ရေတံခါးကြီးကို ဖွင့်နိုင်တဲ့ ခလုတ်ဆိုတာ ဒါကြီးဖြစ်မဖြစ် ဆိုတာ ဘယ်သူမှ အတပ်မပြောနိုင်ဘူး"

"ရေတံခါးကြီးကတော့ အတော်ခိုင်တာပဲ ဒီပစ္စည်း လှုပ်ရုံနဲ့တော့ မောင်းမပြုတ်နိုင်ပါဘူး"

"ဒါတော့ ဒါပေါ့လေ ဒါပေမယ့် ရေးကအဆိုအရတော့ ရေမလွှမ်းရင် တောင်မှ တခြားဥပဒ် အန္တရာယ်တွေကြောင့် ပျက်စီးမယ်လို့ ဆိုထားတာပဲ၊ ဒီအသည်းကြီးကို ရွှေ့တာနဲ့ တစ်ခုခုတော့ ဖြစ်မယ် ထင်တယ်။ ဘယ်လိုလုပ်မလဲ"

ရောဟဏီက ကျွန်ုပ်တို့ သုံးယောက်ဘက်သို့ လှည့်ကာ အကြံဉာဏ်တောင်းသည်။

"ဒီနေရာရောက်မှတော့ ရွှေ့လိုက်တာကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် နေ့ နဲ့ ညစိန်ကြီးနှစ်ခုကို ပေါင်းလိုက်ပါ"

သို့ကြောင့် မာယာဆီမှာ ရှိသော စိန်ကြီးတစ်ခြမ်းနှင့် ကျွန်ုပ်ဆီမှာ ရှိသော စိန်ကြီးတစ်ခြမ်းကို ပေါင်းပြီး ရောဟဏီ လက်ထဲသို့ ထည့်ပေးလိုက်သည်။

ရောဟဏီသည် စိန်ကြီးနှစ်ခြမ်း လက်ထဲရောက်လာသည့်အခါ အလွန်ကြောက်ရွံ့တုန်လှုပ်သော အမူအရာနှင့် လက်များ တုန်လာလေတော့သည်။

"ကျုပ် ကျုပ်က ဟဒယလူမျိုးတွေအပေါ် သစ္စာဖောက်မိတဲ့ လူဆိုတော့ မတင်ဝံ့ဘူး၊ မာယာတင်ပါ"

ဟုဆိုကာ လက်ထဲမှ စိန်ကြီးနှစ်ခြမ်းကို မာယာလက်သို့ ကမ်းပေးလိုက်သည်။

"ဟင့်အင်း ကျွန်မကလည်း မတင်ဝံ့ဘူး၊ အဖေက ကျွန်မ ကို ကျိန်စာဆိုပြီး ဆုံးသွားဟာဆိုတော့ အပြစ်ရှိချင် ရှိနေမှာ ကျွန်မ ကြောက်တယ်"

ဟုဆိုကာ ကျွန်ုပ်လက်ထဲသို့ စိန်ကြီးနှစ်ခြမ်းကို ပေးလိုက်သည်။

"ဖြစ်ချင်ရာဖြစ် ကျုပ်တင်မယ်"

ဟု ပြောပြီး ကျွန်ုပ်က လက်ထဲမှ ရှိနေသော ဟဒယစိန်ကြီး နှစ်ခြမ်းကို အသည်းကြီးပေါ်သို့ အသာအယာ တင်ပေးလိုက်သည်။

ထိုသို့ တင်လိုက်သည်နှင့် အောက်မှ အသည်းကြီးမှာ အတန်ငယ် လှုပ်ခနဲ ဖြစ်သွားသောကြောင့် အားလုံးမှာ အထိတ်တလန့်ဖြစ်သွားကြလေတော့သည်။

သို့သော် အခြေအနေက မထူးခြားပေ၊





ထိုအခါမှ ရောဟဏီက ရှေ့သို့ တိုးသွားပြီး အသည်းကြီး တစ်နေရာရှိ ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်ရာ အံဝှက်တစ်ခု ထွက်လာပြီး ထိုအံ့ဝှက်ထဲတွင် ရှေးစာများ ရေးထားသော ရွှေပြား တစ်ချပ်နှင့် ၎င်းအပေါ်တွင် ရဲရဲတောက်နေသော ကျောက်နီ တစ်လုံးကို တွေ့ရလေတော့သည်။

ထို့နောက် ကျောက်နီလုံးကို အသာမ,ကာ အောက်မှ ရွှေ ပြားကို ယူပြီး ရောဟဏီက အသင့်ယူဆောင်လာသော ရွှေပြားပေစာကို ပြန်ထည့်ကာ ကျောက်နီကို ပြန်ချထားလိုက် သည်၊ ရွှေပြားပေါ်တွင် ရေထားသော စာမှာ ..၊

(ဤရွှေပြားပေါ်တွင် တည်နေသော ကျောက်မျက်လုံးသည် အပြစ်ဟူသမျှကို မြင်နိုင်စွမ်းပေသည်။ကျောက်မျက်လုံးက ဖျက်ဆီးပါက ဤမြို့တော်ကြီးတစ်ခုလုံး ပျက်စီးခြင်းသို့ ရောက်ပေလိမ့်မည်၊

ဤမြို့တော်ကြီး ပျက်စီးချိန်ရောက်လျှင် အပြစ်များကို ဤ ကန်ကြီး အတွင်းမှ ရေများနှင့် ကုန်စင်အောင် ဆေးသော်လည်း မရနိုင်ပေ၊)

ဟူ၍ ဖြစ်ပေသည်။

အမှန်တော့ ကျွန်ုပ်တို့အားလုံးမှာ အပြစ်ရှိသူများဖြစ်သော ကြောင့် ထိုစာကို ဖတ်ပြီး အတန်ကြာအောင် ငြိမ်သက်သွားကြသည်။

ထို့နောက်တွင် အသည်းကြီးကို မူလနေရာ ပြန်ထားပြီး အပေါ်မှ ပိုးသားနှင့် ပြန်ဖုံးထားလိုက်သည်။

အားလုံး ပြီးစီး၍ ပြန်ထွက်ရန် ပြင်လိုက်စဉ် မာယာ၏ ကြောက်လန့်တကြား အော်ဟစ်သံက ပေါ်လာလေတော့ သည်။

"အား .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ လှည့်ကြည့်လိုက်သောအခါ တံခါးပေါက်ဝတွင် ဖြူဖြူ သဏ္ဌာန်ကြီး ရပ်နေသည်ကို လှမ်းမြင်လိုက်ရသည်။

ထိုသဏ္ဌာန်မှာ အခြားမဟုတ်ပေ ..၊

ကျွန်ုပ်တို့ သေပြီဟု ယူဆထားခဲ့သော ဥတ္တရပင်ဖြစ်ပေတော့သည်။

ဥတ္တရသည် သမားတော်များက ဆေးကုသပေးမှုကြောင့် သတိပြန်လည်လာဟန်ရှိပြီး ဖွင့်ထားသော တံခါးများမှ ကျွန်ုပ် တို့နောက်သို့ လိုက်လာခြင်းဖြစ်ဟန်တူသည်။

သူသည် သတိကောင်းစွာ ရ,ဟန် မရှိသေးဘဲ လွန်စွာ ဒေါသ ဖြစ်နေဟန်ဖြင့် မီးဝင်းဝင်း တောက်နေသော မျက်လုံးများဖြင့် ကျွန်ုပ်တို့ အား လှမ်းကြည့်နေသည်။

"သစ္စာဖောက်တွေ သစ္စာဖောက်တွေ"

ဟု ရေရွတ်ကာ လက်ကြီးနှစ်ဖက်ကို ဆန့်တန်းပြီး ရှေ့သို့ တရွေ့ရွေ့ တိုးလာလေတော့သည်။

"ငါသေသလို နင်တို့လည်း အသေဆိုးနဲ့ သေရစေမယ်"

"အား ..လုပ်ပါဦး လုပ်ကြပါဦး မာယာကြောက်တယ်"

မာယာမှာ ကြောက်ရှာလွန်းသဖြင့် ကျွန်ုပ်တို့ နောက်သို့ ပြေးကာ ပုန်းကွယ်နေတော့သည်။

ကျွန်ုပ်တို့မှာလည်း မမျှော်လင့်ဘဲ ဝင်လာသော အန္တရာယ် ကြောင့် မည်သို့ လုပ်ရမှန်းမသိအောင် ရှိနေကြစဉ်၊ အနီးသို့ ရောက်လာသော ဥတ္တရက နက္ခတ်ဆရာကြီး ရောဟဏီ၏ လည်ပင်းကို လက်နှစ်ဖက်နှင့် ညှစ်ခဲ့လေတော့သည်။

"သွား သွား ငါ့နားမကပ်နဲ့ မိစ္ဆာကောင်ကြီး"





ရောဟဏီမှာ ကိုယ်ခန္ဓာသေးသူဖြစ်ရာ ခွန်အား တောင့် တင်းသော ဥတ္တရလက်မှ မလွတ်နိုင်အောင် ဖြစ်နေတော့ သည်။

"အစ် အစ် လုပ်ကြပါဦး၊ ကယ်ကြပါဦး ကျုပ်ကို ကယ်ကြ ပါဦး"

ထိုသို့ အော်ဟစ်အကူအညီတောင်းသောအခါမှ သတိရ ကြပြီး သုံးယောက်သား ဥတ္တရအား ဝိုင်းဆွဲကာ လွတ်သွား သည်နှင့် ဘေးသို့ တွန်းပစ်လိုက်ရာ ကြမ်းပေါ်သို့ 'ဝုန်း' ခနဲ လဲကျသွားတော့သည်။

"ငါမကျေဘူး၊ သစ္စာဖောက်တွေ၊ နင်တို့ကို ငါ ဘယ်တော့ မှ မကျေဘူး၊ ငါ့ကျိန်စာကြောင့် မကြာခင်မှာ ဒီသိရိသိင်္ဂမြို့ကြီး ပျက်စီး ရစေမယ်ဟေ့"

အော်ရင်းဟစ်ရင်းနှင့်ပင် တဖြည်းဖြည်း ငြိမ်ကျသွားလေတော့ သည်။ အတန်ကြာသောအခါမှ အနီးသို့ သွားကြည့်ကြရာ ထိုအခါမှ ဥတ္တရမှာ အမှန်တကယ်ပင် သေဆုံးသွားပြီဖြစ်ကြောင်း တွေ့ရလေ တော့သည်။

"ကြောက်တယ်၊ မာယာကြောက်တယ်"

ကိုယ်ကလေးများ တဆတ်ဆတ်တုန်အောင် ကြောက်ရှုံ့နေသော မာယာကို ဗညားမော်က ထွေးဖက်ကာ နှစ်သိမ့်မှု ပေးနေရသည်။ ထို့နောက်တွင် ကျွန်ုပ်တို့သည် သေဆုံးသွားပြီဖြစ်သော ဥတ္တရ အလောင်းကြီးကို မနိုင်မနင်း သယ်ကာ မိမိတို့ အခန်းရှိရာသို့ ပြန်ခဲ့ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

### မှူးစာဆုံတဲ့ပွဲ

နောက်တစ်နေ့တွင် သိရိသိင်္ဂီမြို့မှ အုပ်ချုပ်ရေးအဖွဲ့ဝင်များ မြို့သူမြို့သားများ ရောက်လာပြီးနောက် ဥတ္တရ၏ အလောင်းကို သယ်ယူသွားပြီး၊ သိရိသိင်္ဂီမြို့၏ ဓလေ့ထုံးစံနှင့်အညီ ဆွေတော် မျိုးတော်များ သင်္ချိုင်းတွင် သင်္ဂြိုဟ်ကြလေသည်။

ဥတ္တရသေဆုံးမှုနှင့် ပတ်သက်ပြီး မြို့သူမြို့သားများက သုရဇ္ဇအပေါ် အထင်လွဲနေကြသည်။

သုရဇ္ဇက ဥပါယ်တံမျဉ်ဖြင့် သတ်ပစ်လိုက်သည်ဟု တထစ်ချ ယုံကြည်နေကြကာ မာယာကို ထီးနန်းလွှဲအပ်ရန် တောင်းဆိုနေကြလေသည်။

ထို့ကြောင့် သုရဇ္ဇက ကျွန်ုပ်နှင့်ဗညားမော်တို့ နှစ်ယောက်ကို လွန်စွာ မုန်းတီးစက်ဆုပ်မှုဖြစ်နေသည်။

ကျွန်ုပ်နှင့်ဗညားမော်တို့ပါလာသဖြင့် သူ့အနေနှင့် မာယာနှင့် လက်ထပ်ခွင့်မရသည်ဟု တထစ်ချ ယုံကြည်ကာ ဖြစ်နိုင်လျှင် ကျွန်ုပ်တို့ နှစ်ယောက်အား ယခုချက်ချင်းပင် သတ်ပစ် လိုစိတ်ရှိနေပုံရသည်။ အကယ်၍သာ မာယာ မရှိလျှင် ကျွန်ုပ်တို့ နှစ်ယောက်၏ အသက်အန္တရာယ်





ကို မည်သူကမှ တာဝန် ယူ ကာကွယ်ပေးလိမ့်မည် မဟုတ်ပေ ..၊

ဥတ္တရ၏ ဈာပနအခမ်းအနားပြီးသောအခါ နောက်တစ်နေ့ နံနက်ပိုင်းတွင် ရဲမက်များ ရောက်လာပြီး ကျွန်ုပ်တို့ သုံးယောက် လဲလှယ်ရန်အတွက် သစ်လွင်သော အဝတ်အစားများ ယူဆောင်လာပြီး ပေးသဖြင့် လဲလှယ်ကြရသည်။

ထို့နောက်တွင် သိရိသိင်္ဂီမြို့မှ ဘုန်းတော်ကြီးများ၊ အုပ်ချုပ်ရေး အဖွဲ့ဝင်များ သုရဇ္ဇ၊ ဘရဏီနှင့် နက္ခတ်ဆရာကြီး ရောဟဏီတို့ ရောက် လာပြီး ကျွန်ုပ်တို့အား ယဇ်ပလ္လင်ရှိရာ အခန်းရှိရာသို့ ခေါ်ဆောင် သွားကြလေသည်။

ထိုလမ်းမှာ ကျွန်ုပ်တို့ တစ်ကြိမ်ရောက်ခဲ့ဖူးသော လမ်းပင်ဖြစ် သည်။ ကျွန်ုပ်တို့ ဖြတ်သွားသော လမ်းမှာ ယခင်လမ်းဟု ဆိုသော်လည်း အခန်းများကတော့ မတူပေ။

တစ်နေရာ ရောက်သောအခါ အခန်းတစ်ခန်းမှ ဖြတ်သွား ကြရာ ထိုအခန်းမှာ သိရိသိင်္ဂီမြို့၏ အဆက်ဆက်သော ဘုရင် များ၏ အလောင်းများထားသော အခန်းဖြစ်ပေသည်။

အခန်းကြီးမှာ လွန်စွာ ကျယ်ပြန့်ပြီး ကျောက်စင်များပေါ်တွင် ပန်ခေါင်းများဖြင့် ထည့်ကာ ဆေးရည်စိမ်ထားသော ဘုရင်များ၏ အလောင်းများရှိသည်။ ဆေးရည် တန်ခိုးကြောင့် မူလပကတိ ရုပ်အတိုင်း တွေ့နိုင်၏။

ရွှေနားကွပ်ထားသော ခေါင်း၏ အဖုံးများပေါ်တွင် အမည် အသက် စိုးစံသောနှစ်၊ ကွယ်လွန်သော နှစ်နှင့် ထီးနန်း စိုးစံစဉ်က ပြုလုပ်ခဲ့သော မှတ်တမ်းအကျဉ်းချုပ်များကို ရေးသားထားသည်၊ ထိုအခန်း၏အစွန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခုံပေါ်ရှိ ခေါင်းထဲတွင် ဥတ္တရ၏ အလောင်းကို လှမ်းမြင်ရသည်။

လူအချို့က အဖုံးပေါ်တွင် စာများ ရေးထိုးနေသည်။

ဥတ္တရ၏ ပြုလုပ်ခဲ့သော မှတ်တမ်းများထဲတွင် ဟာဒယစိန်ကြီး ဘဲခြမ်းကို သီရိသိင်္ဂီမြို့သို့ ပြန်ရောက်အောင် ရှာဖွေ ဆောင်ကြဉ်းခဲ့သော အကြောင်းကို အဓိကထား၍ ရေးသား လိမ့်မည်ဟု ထင်မိသည်။

ကျွန်ုပ်တို့မှာ တောတောင်များထဲမှာ လအတန်ကြာ အတူ သွား အတူလာခဲ့ကြပြီး အန္တရာယ်များကို လက်တွဲတိုက်ခဲ့သူ ဖြစ်သောကြောင့် ဥတ္တရအတွက် များစွာ စိတ်မကောင်း ဖြစ်မိ လေသည်။

မာယာကတော့ ဖခင်အလောင်းကို မြင်သောအခါ ဝမ်းနည်း ကြေကွဲစွာဖြင့် တရှုံ့ရှုံ့ ငိုနေရှာသည်။

ထိုအခန်းကို ကျော်ဖြတ်သွားသောအခါ အခန်းတစ်ဖက် စွန်းတွင်ရှိသော ခုံကလေးတစ်ခုအနီးသို့ ရောက်သွားကြသည်။ ဘုန်းကြီးနှစ်ပါးက ပြတင်းပေါက်နားတွင် ကျွန်ုပ်တို့ နှစ်ယောက်အား ရပ်ခိုင်းပြီးနောက် အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဘုန်းကြီးများက ထိုခုံနောက်ဖက်သို့ လျှောက်သွားကြသည်။

ထို့နောက် ဘုန်းတော်ကြီးတစ်ပါးက အသံကျယ်ကျယ်ဖြင့် သုံးကြိမ် အော်လိုက်သောအခါ လျှို့ဝှက်အခန်းပွင့်လာပြီး ကတုံးပြောင်အောင် ရိတ်ထားသော လူကြီးတစ်ယောက်ထွက်လာသည်။

“ဟော့ ယဇ်ပလ္လင်ထားတဲ့ အခန်းထဲကို ဝင်ခွင့်တောင်းတာ ဘယ်သူလဲ ရန်သူလား၊ မိတ်ဆွေလား”

ဟု မေးလိုက်ရာ မာယာက ...၊

“ကျွန်မတို့ မိတ်ဆွေတွေပါ ဟာဒယ ဂိုဏ်းဝင်တွေလည်း ဖြစ်ပါတယ်၊





တရားဝင် အစစ်ဆေးခံရအောင် လာကြတာပါ”

“ဟာဒယဂိုဏ်းဝင်တွေရဲ့ လျှို့ဝှက်ချက်တွေကိုရော နားလည်ရဲ့လား၊ ဒါကို မသိဘဲ အတွင်းကို ဝင်ရင် အသက် ရှင်လျက်နဲ့ ပြန်ထွက်ခွင့် မရှိဘူး”

ကျွန်မတို့ ဝင်မယ့် သုံးယောက်စလုံး လျှို့ဝှက်ချက်တွေကို နားလည် ကြပါတယ်”

ဟု မာယာက ပြောလိုက်သောအခါ တံခါးပြန်ပိတ်သွားသည်။ ခဏကြာသောအခါ တံခါးပြန်ပွင့်လာပြီး ထိုလူပင် ပြန်ထွက်လာလေ သည်။

“ဪ သီရိသိင်္ဂီအုပ်ချုပ်ရေးအဖွဲ့ကို အကြောင်းကြားပြီးပြီ၊ မင်းတို့ကို ဝင်ခွင့်ပြုတယ်”

ဟု ပြောလိုက်သည်။

ထိုအခါ မာယာက ကျွန်ုပ်တို့ နှစ်ယောက်အား အနားကပ်ပြီး

“လမ်းမှာ ဘယ်သူက ဘာပဲမေးမေး၊ ဘာမှ မပြောကြနဲ့ အားလုံး ကျွန်မပဲ ပြောမယ်”

ဟု သတိပေးသည်။

ထို့နောက်တွင် အခန်းအဆင့်ဆင့်ကို ကျော်ဖြတ်ပြီးလျှင် ယဇ်ပလ္လင် ထားသော အခန်းသို့ ဒုတိယအကြိမ်မြောက် ရောက်ရပြန်သည်။ အခန်းထဲရှိ ရွှေချထားသော စားပွဲကုလား ထိုင်များပေါ်တွင် သူရဋ္ဌ ဘုရင်ကြီး၊ နက္ခတ်ဆရာကြီး ရောဟဏီ တို့အပြင် သီရိသိင်္ဂီမြို့၏ အုပ်ချုပ် ရေးအဖွဲ့များမှ ၎င်းတို့နှင့် သက်ဆိုင်သော အဆောင်အယောင် အဝတ်အစားများကို ဝတ်ဆင်ကာ ထိုင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ သုံးယောက်အတွက် ပေးထားသော နေရာဟုံ့ ထိုင်ပြီးသည်နှင့် လူတစ်ယောက်က ထပြီး သူရဋ္ဌအား ..၊

"ဟာဒယ ဂိုဏ်ချုပ်ခင်ဗျား၊ အခြား ဟာဒယဂိုဏ်းချုပ်တစ်ဦး အရှင့်ရှေ့သို့ ရောက်နေပါပြီ၊ သူနှင့်အတူ ဟာဒယ ဂိုဏ်းဝင်ဟု သိရသော လူနှစ်ဦးလည်းအတူ ရောက်ရှိနေပါပြီ၊

ဂိုဏ်းဝင်များအတွက် ထားသော လျှို့ဝှက်ချက်များ စစ်ဆေးပေးပါ"

ဟု ပြောလိုက်လေသည်။

ထို့နောက် လူနှစ်ယောက်ထလာပြီး ကျွန်ုပ်တို့နှစ်ယောက် မျက်နှာအား အဝတ်များနှင့် စည်းလိုက်ကြသည်။ မကြာမီ သူရဋ္ဌ အသံထွက်လာသည်။

"လူစိမ်းနှစ်ယောက်က ဘယ်သူတွေလဲ"

အတန်ကြာတော့ မာယာအသံပေါ်လာသည်။

"သူဟာ ဟာဒယစိန်ကြီးတစ်မြမ်းကို ပိုင်ဆိုင်တဲ့ ဟာဒယ ဂိုဏ်းချုပ်တစ်ဦးဖြစ်ပါတယ်။ သူ့အမည်က ဒိဗ္ဗ၊ ကျန်တစ်ယောက် သူ့ ညီတော် ဗညားမော်ပါ"

"ဒီအခန်းထဲကို ဘယ်လို လူစိမ်းမှ ဝင်ခွင့်မရနိုင်ဘူး၊ ဝင်ရင် အသတ်ခံမယ်လို့ စာတန်း၊ ရေးထားပါလျက်နဲ့ ဘာကြောင့် ဒီအခန်းထဲကို ခေါ်လာခဲ့ရတာလဲ"

"သူတို့ဟာ တိုင်းတစ်ပါးသား ဆိုပေမယ့် ဟာဒယဂိုဏ်းဝင်တွေ ဖြစ်တာကြောင့် နတ်ဘုရင်ကို ပူဇော်ပ,သ, ဆုမွန်ကောင်း တောင်းဖို့ ဝင်လာကြတာ ဖြစ်ပါတယ်"





"ဘယ်လို လုပ်ပြီး ဝင်လာကြတာလဲ"

"ဟာဒယဂိုဏ်းဝင်တို့ ရှိအပ်တဲ့ စိတ်ဆန္ဒရဲ့ ညွှန်ကြားစေ နိုင်းမှုအရ ဝင်လာခြင်းဖြစ်ပါတယ်"

"ဟာဒယဂိုဏ်းရဲ့ လျှို့ဝှက်တဲ့ အထိမ်းအမှတ်ကို ပြပါ"

ဟာဒယဂိုဏ်းရဲ့ လျှို့ဝှက် အထိမ်းအမှတ်များကို မာယာက ကျွန်ုပ်တို့ ကိုယ်စားလျှို့ဝှက် အထိမ်းအမှတ်များကို ပြလိုက်ဟန်ရှိသည်၊ ခဏကြာသောအခါ ကျွန်ုပ်တို့ မျက်နှာပေါ်တွင် စည်းထားသော အဝတ်များကို လာရောက် ဖြေပေးကြသည်။

"လူစိမ်းများ ယခုအချိန်ကစပြီး စကားပြောခွင့် ရှိပါပြီ၊ အုပ်ချုပ်ရေးအဖွဲ့ကလည်း သူတို့ပြောစကားများကို နားထောင် ခွင့်ရှိပါပြီ"

ဟု သူရဋ္ဌက ခွင့်ပေးလိုက်သည်။

ထိုအခါ ကျွန်ုပ်က ..၊

"ကျွန်ုပ်အား အားလုံးသိကြတဲ့အတိုင်း တော်လှန်ရေး ဂိုဏ်းဝင်တစ်ဦး ဖြစ်ပါတယ်။ ကျွန်ုပ်နှင့် ကျွန်ုပ်ညီတို့ ဘုရင် ဥတ္တရနဲ့ မာယာတို့ ဦးဆောင်မှုနဲ့ ဒီမြို့ထဲကို ဝင်လာခဲ့တာ အသတ်ခံရမယ့် ဆဲဆဲဖြစ်ရပါတယ်။ မာယာရဲ့ ကောင်းမှု ကြောင့်သာ အသက်ချမ်းသာရာ ရခဲ့ခြင်းဖြစ်ပါတယ်။ ဒီအတွက် အခု စစ်ဆေးခံရန်အတွက် ရောက်ရှိခဲ့ခြင်းဖြစ်ပါ တယ်။ ဒီမြို့မှာရှိတဲ့ ဥပဒေအတိုင်း တရားသဖြင့် စစ်ဆေးကြဖို့ တောင်းပန်ပါတယ်"

ဟု ပြောလိုက်သည်။

"ဘာကြောင့် ဒီလို တောင်းဆိုရတာလဲ"

"ဟာဒယလူမျိုးများမှာ အဆင့်အတန်းရှိသူ တစ်ယောက်အနေနဲ့ ဒီမြို့ထဲ ဝင်ရုံနဲ့ အပြစ်မရှိနိုင်ပါဘူး၊ ဟာဒယလူမျိုး တစ်ဦးဟာ ဟာဒယ



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးတွေ နေထိုင်တဲ့ မြို့ကို လာတာအပြစ်ရှိပါသလား ဒီအခွင့်အရေးကို ကျွန်ုပ်ရသင့်ပါတယ်"

"မှန်ပါတယ်၊ မှန်ပါတယ်"

"ကျုပ်တို့ ဂိုဏ်းဝင်ဖြစ်တာမှန်ရင်တော့ အပြစ်မရှိပါဘူး၊ ဒါပေမယ့် အစစ်အမှန်ဖြစ်ကြောင်းကိုတော့ သက်သေပြရ လိမ့်မယ်"

ဟုဆိုကာ ဗညားမော်အား အပြင်သို့ ခေါ်ထုတ်သွားကြသည်။

တစ်ယောက် တစ်နေရာစီ ခွဲ၍ စစ်ဆေးကြမည့်ပုံရှိသဖြင့် ကျွန်ုပ်တို့လူမျိုးများ၏ ဓလေ့ထုံးစံ လျှို့ဝှက်ချက်များကို ဘာမှ မသိရှာသော ဗညားမော်အတွက် များစွာ စိတ်ပူမိသည်။

ထို့နောက် ကျွန်ုပ်အား ဟဒယလူမျိုးတို့၏ လျှို့ဝှက်ချက် သင်္ကေတများကို စစ်ဆေးရာ ကျွန်ုပ်က ကောင်းစွာ ဖြေနိုင်ရုံမက ကျွန်ုပ်ပြန်မေးရသော အလှည့်တွင် တော်လှန်ရေး ဂိုဏ်းတွင် အလွန့်အလွန် လျှို့ဝှက်နက်နဲသော သင်္ကေတများကို ပြသရာ ၎င်းတို့အထဲမှ မည်သူတစ်ဦးတစ်ယောက်မှ မဖြေနိုင် ကြပေ၊ ထိုသင်္ကေတ လျှို့ဝှက်ချက်များကို ဥတ္တရနှင့် တွေ့စက ပြ,သ,ရာ ၎င်းမှာ ကောင်းစွာ ဖြေနိုင်ခဲ့ပေသည်။

ထိုအခါမှ ကျွန်ုပ်အား ဟာဒယတော်လှန်ရေးဂိုဏ်းတွင် အလွန်အဆင့်မြင့်သော လူတစ်ယောက်အဖြစ် သတ်မှတ်ကာ ၎င်းတို့နှင့် တစ်တန်းတည်းရှိသော ရွှေကုလားထိုင်တွင် ထိုင်ခွင့်ရတော့သည်။

မကြာမီ ဗညားမော်ကို ပြန်ခေါ်လာကြသည်။

"ဒီလူဟာ လူလိမ်လူညာ တစ်ယောက်ပဲ၊ ဟဒယလူမျိုး တစ်ဦး မဟုတ်သလို၊ တော်လှန်ရေး ဂိုဏ်းဝင်တစ်ယောက်လည်း မဟုတ်ပါဘူး၊ ကျုပ်မေးတဲ့ သင်္ကေတ လျှို့ဝှက်ချက်တွေကို ဘာမှ





မဖြေနိုင်ပါဘူး၊ ဒါကြောင့် ဒီလူကို သတ်သင့်ပါတယ်"

သူရဲ့သည် မာယာနှင့်ပတ်သက်ပြီး ဗညားမော်တွင် အငြိုးထားနေသူဖြစ်ရာ ယခုကဲ့သို့ ချို့ယွင်းချက်တွေ့သောအခါ သတ်ပစ်ရန် တောင်းဆိုလေတော့သည်။

ထိုအခါ ကျွန်ုပ်က ..

"သူဟာ ကျွန်ုပ်ရဲ့ ညီတော်သူတစ်ဦးဖြစ်ပေမယ့် နုနယ်သူတစ်ဦးဖြစ်ပါတယ်၊ ဒါကြောင့် ခေတ္တဆိုင်းငံ့ပါဦး၊ ကျွန်ုပ် ပြောလိုတာက ကွယ်လွန်သူ ဥတ္တရဟာ ဟဒယစိန်ကြီး နှစ်ခြမ်းကို ပေါင်းပြီး ယဇ်ပလ္လင်ပေါ်ကို တင်ပေးနိုင်တဲ့အခါ သိရိသိဂ်ိအတွက် ထူးခြားတဲ့ အကျိုးစီးပွား ရလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်လည်း ကျွန်ုပ်တို့ နှစ်ယောက်စလုံးကို ဒီမြို့ရောက်အောင် ခေါ်လာခဲ့ခြင်း ဖြစ်ပါတယ်။ ဒီစိန် ကြီးနှစ်ခြမ်းကို ပလ္လင်ပေါ်တင်ကြည့်တဲ့အခါမှာ ကျွန်ုပ်တို့နဲ့ ပတ်သက်တဲ့ စီရင်ချက် မပါခဲ့ဘူးဆိုရင် ဥပဒေအတိုင်း အပြစ်ပေးကြပါလို့ ပြောလိုပါတယ်"

"အရှင် ဒီဗ္ဗပြောတဲ့ အကြံဟာ လျော်ကန်သင့်မြတ်လှပါတယ်၊ ဒါကြောင့် ဒီလူကို အပြင်ပြန်ထုတ်လိုက်ပြီး၊ စိန်ကြီး နှစ်ခြမ်းကို ပေါင်းပြီး ပလ္လင်ပေါ်တင်ဖို့ လုပ်ပါ"

အကြီးဆုံး ဂိုဏ်းဝင်တစ်ဦးက ပြောလိုက်သဖြင့် ဗညား မော်အား အပြင်ကို ပြန်ထုတ်သွားကြပြန်သည်။

ထို့နောက်တွင် မာယာဆီမှာ ရှိသော စိန်ကြီးတစ်ခြမ်းနှင့် ကျွန်ုပ်ထံမှာ ရှိသောစိန်ကြီးတစ်ခြမ်းတို့ကို ပေါင်းကာ ရောဟဏီလက်ထဲသို့ ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရောဟဏီက စိန်ကြီးနှစ်ခြမ်းကို သူကိုယ်တိုင် တင်ရန် မဝံ့မရဲ ဖြစ်နေစဉ် ဘုန်းကြီးများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များက တင်ရန် တိုက်တွန်းသဖြင့် တုန်လှုပ်သော လက်ဖြင့် အသာ တင်ပေးလိုက်သည်။

ထိုသို့ တင်လိုက်သောအခါ အံ့ဖွယ်ပွင့်လာပြီး ကျောက်နီကြီး ပေါ်လာတော့သည်။

"ဟာ ဥတ္တရ မသေခင်က ပြောခဲ့တာ မှန်နေပြီ၊ အသဲကြီး ပွင့်ထွက်သွားတာနဲ့ ကျောက်နီကြီးပေါ်လာတယ်။ ကျောက်နီကြီးရဲ့ အောက်မှာ ရွှေပြားတစ်ချပ်လည်း တွေ့ရတယ်၊ ရွှေပြားပေါ်မှာ စာတွေ လည်း ရေးထားတယ်"

"ဒါဖြင့် ရွှေပြားကို ယူပြီး အဲဒီက စာကို ဖတ်ပြပါ"

ဟု အားလုံးက ဝိုင်းဝန်းပြောဆိုသောကြောင့် နက္ခတ် ဆရာကြီး ရောဟဏီ ကိုယ်တိုင် ထိုရွှေပြားကိုယူ ရွှေပြားပေါ် တွင် ရေးထားသော စာများကို အသံကျယ်ကျယ်နှင့်ဖတ်ပြ လေသည်။

(ဤရွှေပေလွှာကို နေ့ နှင့် ည အသဲကြီးနှစ်ခုပေါင်းဆုံ၍ ယင်ပလ္လင် ပေါ်တွင် တင်နိုင်သော အချိန်တွင် ဖတ်ကြားရန် နတ်ဘုရင်ကြီး အလိုအတိုင်း အသဲကြီးအတွင်း၌ ဌာပနာခဲ့ပေသည်။ ဤရွှေပေလွှာ သည် နောင်အခါပေါ်ပေါက်လတ္တံ့သော သီရိသိင်္ဂီမြို့တော် ဘုရင်၏ သမီးတော်အတွက် ရည်စူးပေသည်။

ဤအမျိုးကောင်းသမီးသည် သီရိသိင်္ဂီမြို့တော်မှာ လူနေအိမ်ခြေ နည်းလာပြီး လူဦးရေ တစ်စတစ်စ ယုတ်လျော့လာသောအခါ၊ ငါတို့ လူမျိုးတွေ ဘုန်းတန်ခိုး ယုတ်လျော့လာသော အခါတွင် တိုင်းတစ်ပါးက ဤမြို့သို့ ဦးစွာ ရောက်လာသူ တစ်ဦးနှင့် လက်ထပ်ထိမ်းမြားရမည်၊





ငင်းမှ မွေးဖွားလာသော သားတော်ကို ဤတိုင်းပြည်မှာ ဘုရင်အဖြစ် ခန့်အပ်ရပေမည်။

သို့မှသာ ဟဒယလူမျိုးများ ရှေးအခါကလို သာယာ ဝပြော လူဦးရေ တိုးပွားကာ တန်းခိုးထွားလာလိမ့်မည်)

ထိုစာကို ဖတ်သောအခါ သူရဲ့မှာ မျက်နှာအကြီးအကျယ် ပျက်နေ တော့သည်။

"ဒါ မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ကိုယ့်မြို့က မင်းသမီး တစ်ပါးကို တခြားကလာတဲ့ ဧည့်သည်နဲ့ လက်ထပ်ပြီး ထီးနန်းအပ်ရ မယ်ဆိုတာ ဖြစ်ကိုမဖြစ်နိုင်ဘူး၊ သစ္စာဖောက်တဲ့ ဒင်းတို့ နှစ်ယောက် စလုံးကို သတ်ပစ်ရမယ်"

ဟု သွေးရူးသွေးတန်း ကြိမ်းမောင်းပြောဆိုလေသည်။

ထိုအခါ အုပ်ချုပ်ရေးအဖွဲ့တွင် အသက်အကြီးဆုံးဖြစ်သော ဘိုးသီလ ဆိုသော ပုဂ္ဂိုလ်ကြီးက ..၊

"မင်း စကားပြောတာ ကြည့်ပြောပါ၊ ဆင်ခြင်ပါ၊ နတ်ဘုရား တွေရဲ့ အလိုတော်ဆန္ဒကို ဘယ်သူကမှ ငြင်းပယ်လို့ မရဘူး၊ မင်းကို ထီးနန်းက ဖယ်ပေးပါဆိုရင်လည်း ဖယ်ပေးရမှာပဲ၊ ဒီတော့ ဒီရွှေပေ လွှာထဲမှာပါတဲ့ နတ်ဘုရားရဲ့ အလိုတော်အတိုင်း မင်းသမီး မာယာ ကို ဧည့်သည်နဲ့ လက်ထပ်ပေးရမယ်၊ ဒါမှ တို့လူမျိုးတွေ တိုးတက် ဝပြောမှာ ကျုပ်ပြောတာကို အားလုံး လက်ခံကြပါသလား"

"လက်ခံပါတယ်"

"သဘောတူကြပါသလား"

"သဘောတူပါတယ်"



www.burmeseclassic.com

အရုပ်ကြိုးပြတ် ပြန်ထိုင်ကျသွားလေတော့သည်။

ထို့နောက်တွင် အသက်ခံရတော့မည့် ဆဲဆဲဖြစ်နေသော ဗညားမော်ကို အတွင်းသို့ ပြန်ခေါ်လာပြီး၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ ဘုန်းတော်ကြီးများက ဟဒယမြို့တော်သားအဖြစ် ခံယူစေခြင်း၊ သစ္စာဆိုခြင်းများပြုစေကာ ၎င်း မာယာတို့နှစ်ဦးအား လက်ထပ်ထိမ်းမြားပေးလိုက်လေတော့သည်။

ကျွန်ုပ်၏ အကြံအစည်ကား အတန်အသင့် အောင်မြင်ခဲ့ပြီဟု ဆိုရပေမည်။

❁ ❁ ❁





## အခန်း (၂၁)

## သီရိသိင်္ဂီမြို့ကြီး ပျက်စီးခြင်း

နက္ခတ်ဆရာကြီး ရောဟဏီ၏ အကြံအစည်ကောင်းမှု ကြောင့် သူရဋ္ဌမှာလည်း ဘုရင်ရာထူးမှာ ရှိစေပြီး၊ ၎င်း၏ သမီးဘရဏီမှာ မိဖုရားဘဝနှင့် ထီးနန်းစိုးစံရသည်။

ထီးနန်းစည်းစိမ်မလိုဘဲ အချစ်ကိုသာ လိုချင်သော မာယာ မှာလည်း ချစ်သူနှင့်ပေါင်းသင်းရကာ ပျော်ရွှင်စွာ နေနိုင်သည် ဟု ဆိုနိုင်သော်လည်း ဇာတ်လမ်းက သည်လိုပုံနှင့်မပြီးပေ၊

ကျွန်ုပ်မှာလည်း မကောင်းမှု တစ်ခုကို ကျူးလွန်ထားသူပမာ ထိုမကောင်းမှုကြီး တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပေါ်လာပါက ဟူသော ကြောင့် စိတ်အေးချမ်းသာစွာ မနေခဲ့ရပေ။

အခါအခွင့်သာလျှင် သီရိသိင်္ဂီမြို့မှ ထွက်ပြေးရန် တိုင်ပင်ထားကြသော်လည်း မြို့ပြင်သို့ပင် ထွက်ခွင့် လုံးဝ မရသဖြင့် ထိုအကြံအစည်မှာလည်း အထ မမြောက်ခဲ့ပေ။

ဤသို့ဖြင့် တစ်နှစ်ကျော်ခန့်ကြာသောအခါ မာယာသည် သားယောက်ျားကလေး တစ်ယောက် ဖွားမြင်လာလေတော့သည်။

မြို့သူ မြို့သားများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဘုန်းတော်ကြီးများကတော့ နတ်ဘုရားပေးသော သား၊ သီရိသိင်္ဂီမြို့မင်း ဆက်သွေးအဖြစ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြလေတော့သည်။

မာယာမှာ သားယောက်ျားလေးတစ်ယောက် မွေးဖွားလာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ထီးနန်းကို လွှဲပေးရတော့မည့် သူရဋ္ဌနှင့်ဘရဏီတို့မှာ ဆောက်တည်ရာ
မရအောင် စိုးရိမ်လာကြတော့သည်။

ဥတ္တရသေဆုံးရခြင်းမှာ သူရဋ္ဌ၏ ပယောဂ မကင်းခဲ့သဖြင့် အကယ်၍
မာယာသာ ထီးနန်းအာဏာကို ပြန်ရခဲ့လျှင် သူ့အတွက်
ကလဲ့စားချေခြင်းခံရမည်ကို လွန်စွာ စိုးရိမ်နေဟန် ရှိသည်။ တစ်နေ့
သောအခါ ၎င်းတို့ရှိရာသို့ နက္ခတ်ဆရာကြီး ရောဟဏီ ရောက်လာလေ
တော့သည်။

၎င်းမှာ ယခင်ကကဲ့သို့ မဟုတ်တော့ဘဲ ရောဂါဆိုးတစ်ခုကို
ပြင်းပြင်းထန်ထန် ခံစားနေရသဖြင့် အနိုင်နိုင်ရပ်တည်နေရသော ဘဝသို့
ရောက်နေပေသည်။

"ကျုပ်ဘဝကတော့ အဆုံးကို ရောက်လုနေပါပြီ၊ နတ်ဘုရင်တွေနဲ့
ဟဒယလူမျိုးတွေကို လှည့်စားမိခဲ့လို့ ဒဏ် ခတ်ခြင်းကို ခံနေရပါပြီ၊
ငါတို့တစ်တွေ ဒီလိုလုပ်ခဲ့ကြလို့ အားလုံး ဒီအပြစ်ဒဏ်ကို မလွဲမသွေ
ခံကြရမှာပဲ၊ အခု ငါ့ အလှည့်၊ မကြာခင်မှာ မင်းတို့ အလှည့်ကို
ရောက်လာမယ်ဆိုတာ လာပြီး သတိပေးတာပဲ"

ဟု လာရောက် သတိပေးကာ ပြန်သွားပြီးနောက် နက္ခတ် ဆရာကြီး
ရောဟဏီတစ်ယောက် သေဆုံးသွားလေတော့သည်။

ထိုအခါမှ ကျွန်ုပ်တို့မှာ ပိုမိုထိတ်လန့်မှု ဖြစ်ကြကာ မိမိတို့ အလှည့်သို့
ဘယ်အချိန်ရောက်လာမည်ကို တွေးပူနေရတော့သည်။ တစ်နေ့သော အခါ
မြို့တော်ကို အုပ်ချုပ်နေရသော အဖွဲ့ဝင်ခေါင်းဆောင် တစ်ဦးဖြစ်သူ ဘိုးသီလ
ရောက်လာပြီး ဤသို့ ပြောလေသည်။

"အခု နတ်ဘုရားတွေရဲ့ အလိုတော်အတိုင်း နန်းဆက် သွေး၊





တစ်ယောက် ရလာတာကို ကျုပ်တို့ တစ်တွေက ဝမ်းသာ နေကြ
တယ်၊ ဒီကလေးကို နတ်ဘုရားတွေ ပေးတာလို့ ယုံကြည် နေကြ
တယ်၊ ဒါကြောင့် မကြာခင်မှာ ဒီကလေးကို ထီးနန်းအပ်ဖို့ ကျုပ်တို့
တိုင်ပင်ပြီးကြပြီ"

"ဒီကလေးကို ဘယ်လို ထီးနန်း အပ်မှာလဲ"

"မင်းတို့က ရင်ခွင်ပိုက် ဘုရင်လုပ်ကြရမှာ၊ ဘာကြောင့်လဲဆိုတော့
အခု တို့မြို့တော် အုပ်ချုပ်ရေးအဖွဲ့ဝင်တွေနဲ့ မြို့သူမြို့သားတွေ သူရဋ္ဌရဲ့
ယုတ်မာမှုတွေကို တဖြည်းဖြည်း သိလာပြီး မကြိုက်ကြ တော့ဘူး၊
သူ့ကို အမြန်ဆုံး နန်းချရမယ်၊ သူ့ကို အမြန်ဆုံး နန်းမချရင် သူက
မင်းတို့အားလုံးကို သတ်ပစ်ဖို့ ပြင်ဆင်နေတယ်၊ ဒါကြောင့်
နောက်သုံးရက်ပြည့်တဲ့နေ့မှာ သူရဋ္ဌကို နန်းချပြီး ဒီကလေးကို
ရင်ခွင်ပိုက် ဘုရင်အဖြစ် ထီးနန်းအပ်ဖို့ လာပြော တာပဲ"

ဟု လာရောက်ပြောကြားလေသည်။

"ဒီလိုဆိုရင်တော့ ကျုပ်တို့ သတိဝီရိယနဲ့ နေကြမှပဲ၊ ဘာကြောင့်လဲ
ဆိုတော့ သူရဋ္ဌအနေနဲ့ မာယာဟုန်းကလည်း တစ်ခါလက်လွှတ်
ပေးခဲ့ရတယ်၊ အခု ထီးနန်းပါ လက်လွှတ်ရဦးမယ်ဆိုတော့ ဘယ်လို
မှ အငြိမ်းပြေမှာ မဟုတ်ဖူး"

ထိုသို့ ရှိနေကြစဉ်၊ တစ်နေ့သောအခါ ကျွန်ုပ်နှင့် ဗညားမော်တို့
နှစ်ယောက် အပြင်သို့ သွားနေခိုက် ဘရဏီရောက် လာပြီး ရန်ရှာနေစဉ်
ကျွန်ုပ်တို့ ပြန်ရောက်လာသည်နှင့် ကြုံ၍ သူမကို ဖမ်းဆီး၍ စစ်မေးသော
အခါ ဤသို့ ပြောသည်"

"၎င်းတို့ လူလိမ်တွေ လူညာတွေ၊ ငါ့အဖေက ငါ့ကို ဘိုးရားအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



က ဖယ်ပေးရမှာစိုးလို့ နင်တို့နှစ်ယောက်ကို ပေါင်းရအောင်ကြံပေးလိုက်တဲ့ ဇာတ်လမ်းတွေကို ငါအကုန်သိတယ်၊ ဒီကလေးဟာ ဘယ်နတ်ဘုရားကမှ ပေးတဲ့ သားတော် မဟုတ်ဖူး၊ အခု ငါတို့ ထီးနန်းကချပြီး၊ နင်တို့ကို နန်းအပ်မယ်ဆိုရင် အုပ်ချုပ်ရေးအဖွဲ့ဝင်တွေနဲ့ မြို့သူမြို့သားတွေကို ဒီအကြောင်းတွေကို ဖွင့်ပြောလိုက်ရင် နင်တို့ ဘယ်လိုဖြစ်သွားကြမယ်ဆိုတာ သိကြတယ် မဟုတ်လား" ဟု ကြိမ်းမောင်းပြောဆိုနေလေသည်။

"အခု နင်က ဒီကို ဘာလာလုပ်တာလဲ"

"ငါလာတာ တခြားမဟုတ်ဖူး၊ နင်တို့ သုံးယောက် ဒီကလေးကို ခေါ်ပြီး ဒီမြို့က အမြန်ဆုံး ထွက်ပြေးမလား၊ ဒါမှမဟုတ် နင်တို့ရဲ့ လိမ်ညာမှုတွေကို အုပ်ချုပ်ရေးအဖွဲ့ တွေကို ဖွင့်ပြောလိုက်ရမလား၊ ကြိုက်ရာရွေးဖို့ လာပြောတာ"

မာယာနှင့်ကလေးရှိနေသမျှ သူတို့ မုချ နန်းစည်းစိမ်ကို စွန့်လွှတ်ရတော့မည်ဖြစ်၍ ကျွန်ုပ်တို့အား လာရောက် အကြပ် ကိုင်မှန်းသိသော်လည်း ကျွန်ုပ်တို့အဖို့မှာ ရွေးစရာ လမ်းမရှိတော့ပေ။ အကယ်၍ ဘရင်္ဂီက ကျွန်ုပ်တို့ လိမ်ညာခဲ့သော အကြောင်းများကို အုပ်ချုပ်ရေး အဖွဲ့သို့ ဖွင့်ပြောလိုက်ပါက ကျွန်ုပ်တို့အတွက် သေဒဏ်မှလွဲ၍ အခြား မရှိတော့ပေ။

သို့ကြောင့် ရွှေငွေ ဥစ္စာရတနာများ လိုသလောက် ယူပြီး၊ သိရိသိဂိမြို့မှ ထွက်ပြေးကြရန် သဘောတူရတော့သည်။

ဘရင်္ဂီပြန်သွားပြီးသောအခါတွင် ကျွန်ုပ်တို့သည် လိုအပ်သော ပစ္စည်းရတနာများအား ထုပ်ပိုးသယ်ဆောင်ကာ နောက်တစ်နေ့ အရုဏ်တက်ချိန်လောက်တွင် မြို့တွင်းမှ တိတ်တဆိတ် ထွက်ကာ မြို့ရိုးကို





လှေကားဖြင့် ကျော်ပြီး ကမ်းစပ်တွင် တွေ့ရသော လှေပေါ် တက်ကာ ထွက်ပြေးကြရလေ တော့သည်။

နံနက်လင်းသောအခါ လွန်ခဲ့သော တစ်နှစ်ကျော်ကျော် အချိန်က ဥစ္စာရှာရန် ရောက်ခဲ့သော ရွာကလေးသို့ ရောက်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် လူသိမည်စိုးသောကြောင့် ရွာထဲသို့ မဝင်တော့ဘဲ တောင်တန်းကြီးများရှိရာသို့ ခြေကုန် သုတ်ကာ ပြေးရလေသည်။ ထိုသို့ ပြေးရာတွင် မာယာမှာ ကလေးငယ်ကလေး ပါသဖြင့် ခရီးမတွင်လှပေ။ နေပူလာသောအခါ ကလေးမှာ ဘယ်လိုမှ မခံနိုင်ရှာပေ၊ သို့ကြောင့် ကျွန်ုပ်တို့ လာစဉ်က ပထမဆုံး ဝင်ရောက်တည်းခိုခဲ့သော လင်မယားနှစ်ယောက် အိမ်သို့ ဝင်ကာ အကျိုးအကြောင်း ပြော၍ တည်းခိုကြရသည်။

ထိုအိမ်မှာ တစ်ညတည်းခိုပြီး နောက်တစ်နေ့ နံနက်စောစော အချိန်မှာ လှိုဏ်ဂူလမ်းသို့ သွားရန် စိတ်ကူးနေကြစဉ် ညတွင်းချင်းပင် သိရိသိဂိမှ ရဲမက်များ ရောက်လာပြီး ကျွန်ုပ်တို့ သုံးဦးအား ပြန်လည် ဖမ်းမိကာ သိရိသိဂိမြို့သို့ ပြန်ခေါ် သွားလေတော့သည်။

ထို့နောက်တွင် အချုပ်ခန်းထဲမှာ ချုပ်ထားလေသည်။

ကျွန်ုပ်တို့မှာ ရှေ့အဖို့တွင် ကောင်းစရာ မမြင်ဘဲ၊ ဆိုးရွား လှသော အဖြစ်များနှင့်သာ ကြုံရတော့မည်ဖြစ်သောကြောင့် ဖြစ်သမျှအကြောင်း အကောင်းဟုသာ သဘောထားကာ နေရလေသည်။

ထိုညတွင် မာယာက ထူးဆန်းသော စကားကိုပြောသည်။

"ကျွန်မအဖို့ ဒီကနေ့ဟာ နောက်ဆုံးနေ့ဆိုတာ သိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မအဖေရဲ့ အပေါ်မှာ မကောင်းခဲ့တဲ့ ဝဋ်ကြွေးတွေကို ပေးဆပ်ရဖို့ အချိန်ရောက်လာပြီ၊ အဖေ့ရဲ့ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်မအသက်နဲ့ ရင်းပြီး ပြန်ဆပ်ရတော့မယ်၊ ဒါကြောင့် ကျွန်မ တကယ်လို့ သေသွားရင် မောင်တို့ နှစ်ယောက် သားကလေးကိုပါ ခေါ်ပြီး ဒီမြို့ကနေ လွတ်အောင် ပြေးကြပါ"

"မဖြစ်နိုင်တာ မာယာရယ်၊ ကိုယ်တို့လည်း မင်းနဲ့အတူ သေကြရမှာဆိုတော့ ဘယ်လိုမှ လွတ်စရာ အကြောင်းမရှိ ပါဘူး၊ ဒါတွေ ပြောမနေပါနဲ့တော့"

ထိုအခါ မာယာက မချိုပြုံးလေး ပြုံးကာ ဤသို့ ပြောသည်။

"မောင်တို့ သူတစ်ပါးလက်နဲ့ ဘယ်တော့မှ အသတ်မခံရစေဘူး၊ ကျွန်မ မရှိတော့တဲ့နောက်မှာသာ ဒီနေရာကနေ လွတ်မြောက်အောင် ကြိုးစားကြပါ"

ဟု ဝမ်းနည်းဖွယ်ရာ မှာကြားလေသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်တို့ သုံးယောက်ရော ကလေးပါ ယင်ပလ္လင်ထားရာ အခန်းထဲသို့ ခေါ်သွားကာ စစ်ဆေးလေတော့သည်။ ကျွန်ုပ်တို့မှာ သိရိသိဂိမြို့သားအဖြစ် ခံယူထားပြီးမှ ထိုသစ္စာကို ဖောက်ဖျက်ကာ ထွက်ပြေးသော အမှု၊ နက္ခတ် ဆရာကြီး ရောဟဏီနှင့်ပေါင်းပြီး အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့သူမြို့သားများကို လိမ်ညာလှည့်စားခဲ့သော အမှုနှင့်ပင် သေဒဏ် ထိုက်ခဲ့ကြပေသည်။

ကျွန်ုပ်တို့တစ်တွေကို လွတ်လမ်းမရှိအောင် စီရင်ချက်များဖြင့် အားလုံး သေဒဏ်ပေးပြီးနောက်တွင် အုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ဦးက ခလုတ်တစ်ခုကို နှိပ်လိုက်သောအခါ ကျောက်တုံးကြီး ပွင့်သွားပြီး အသူရာတမျှ နက်လှသော ချောက်ကြီး ပေါ်လာတော့သည်။

ထိုအခါ ရဲမက်တစ်ဦး ရောက်လာပြီး မာယာပွေ့ထားသော ကလေး





ယ်ကို ဆွဲယူသွားပြီး ချောက်ကြီးအတွင်းသို့ ပစ်ချရန် ပြင်သောအခါ မာယာက ..၊

"နေကြပါဦးရှင် ..ခဏလေး သည်းခံပေးကြပါ၊ ကျွန်မတို့ဟာ သိရိသိဂိမြို့ရဲ့ ခွင့်မလွှတ်နိုင်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ သစ္စာတရားကို ချိုးဖောက်မိတဲ့အတွက် သေဒဏ်ထိုက်တာ အမှန်ပါပဲ၊ ဒါပေမယ့် ကျွန်မရဲ့ ဘေးလောင်းတော် ဘိုးလောင်းတော်တွေနဲ့ ကျွန်မ အဖေဟာ သိရိသိဂိမြို့ရဲ့ ကောင်းကျိုးတွေကို ဆောင်ရွက်ခဲ့ပါတယ်။ သာဓက တစ်ခုပြရရင် တစ်သက်လုံး မဆုံစည်းနိုင်တဲ့ နေနဲ့ ညဆိုတဲ့ ဟာဒယ စိန်ကြီးနှစ်ခြမ်းကို ပြန်ဆုံနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ဒီစိန်ကြီးတွေရဲ့ ရှေ့မှာ ကျွန်မတို့ ဘဝ ကူးကောင်းစေဖို့ ဆုတောင်းမှု ပြုပါရစေ ခွင့်ပြုပါရှင်"

ဟု ခွင့်တောင်းလိုက်သောအခါ အုပ်ချုပ်ရေးအဖွဲ့ဝင်များက ခွင့်မပြုချင်သော်လည်း ဘုန်းကြီးများက ခွင့်ပေးလိုက်သောကြောင့် ဆုတောင်းခွင့်ရသွားလေသည်။

ထို့ကြောင့် ကျွန်ုပ်ဆီမှာ ရှိသော စိန်ကြီးနှင့် သူမဆီမှာရှိသော စိန်ကြီးနှစ်ခုကို ယူသွားပြီး အသည်းကြီးပေါ်သို့ တင် လိုက်သည်၊ ထိုအခါ အံဝှက်ပွင့်သွားပြီး အတွင်းမှ ကျောက်နီ ကြီးပေါ်လာလေသည်။ မာယာက အရိုအသေပြု ဆုတောင်း ဟန်ဖြင့် ငုံ့ကာ ထိုကျောက်နီကြီးအား ဖျတ်ခနဲ ဆွဲယူလိုက် သည်။

"ဟင်"

"ဟာ"

"မလုပ်နဲ့ မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဟင်း အခုမှ ကြောက်မနေကြပါနဲ့တော့၊ ငါတို့ တစ်တွေ သေရသလို နင်တို့ တစ်တွေကိုလည်း ဘယ်ချမ်းသာ ပေးနိုင်ပါ့မလဲ အားလုံးသေကြပေတော့"

ဟုဆိုကာ ထိုကျောက်နီကြီးအား ကျောက်သားပြင်ပေါ်သို့ ပေါက်ခွဲလိုက်လေတော့သည်။

"ချွမ်း ...ချွမ်း"

ဟူသော ကွဲသံနှင့်တစ်ဆက်တည်း မြေအောက်ခန်းကြီး တစ်ခုလုံး သိမ့်သိမ့်တုန်သွားလေတော့သည်။

တစ်ဆက်တည်း လွန်စွာ ကြောက်မက်ဖွယ်ရာ ကောင်းသော အသံကြီးများ ဆက်တိုက်ကြားရလေသည်။

"ရေတံခါးကြီးပွင့်ပြီး၊ မြို့ထဲကို ရေလုံးကြီးတွေ ဝင်လာပြီ၊ ပြေးကြ၊ ပြေးကြဟေ့၊ ပြေးကြဟ"

အခြေအနေမှာ လွန်စွာ ရှုပ်ထွေးသွားတော့သည်။

ထိုအခွင့်ကောင်းကိုယူကာ မာယာသည် ပလ္လင်ပေါ်တင် ထားသော စိန်ကြီးနှစ်ခြမ်းကို ပြန်ယူကာ ရဲမက်ဆီတွင် ကိုင် ထားသော သူ့သားဆီသို့ ပြေးသွားလေသည်။ ရဲမက်ကလည်း ကြောက်လန့်တကြားဖြင့် ကလေးအား ချောက်ထဲသို့ ပစ်ချလိုက်ကာ ထွက်ပြေးသွားလေတော့သည်။

"သား သား"

မာယာကား ကလေးကျသွားရာ ချောက်ကမ်းပါးအစပ်သို့ ပြေးသွားသည်။

"မာယာ မြန်မြန်လာ မြန်မြန်လာ အခန်းထဲကို ရေတွေ ဝင်လာပြီ၊





ဒီအထဲက အမြန်ထွက်ကြရအောင်"

ဗညားမော်က လှမ်းအော်သည်။

"ဟင့်အင်း မလိုက်ဘူး၊ ကျွန်မသားလေး မပါဘဲနဲ့ ကျွန်မ ဘယ်လိုမှ မလိုက်ဘူး"

ဟု သွေးရူးသွေးတန်းဖြစ်နေရာ နောက်ဆုံးဗညားမော်က အတင်းသွား၍ ဆွဲခေါ်လာမှ ပါလာလေတော့သည်။

ထို့နောက် ကျွန်ုပ်တို့သည် နက္ခတ်ဆရာကြီး ရေဟာဇီ ပြ ထားသော လမ်းများအတိုင်း အပြင်သို့ ပြန်ထွက်ခဲ့ကြသည်။ ကျွန်ုပ်တို့ အပြင်သို့ ရောက်ရုံရှိသေး တွင်းကြီးထဲမှ ရေလုံးကြီးများ လှိုံတက် လာသောကြောင့် ကျောက်တုံးကြီးများ ပြိုကျလာသောအခါ အခန်းထဲ မှာ ကျန်ရစ်ခဲ့သူများ အားလုံး သေကြလေသည်။

သူ့ရဲ့နှင့်ဘရက်ဇီတို့မှာ ထိုအထဲတွင် ပြန်မထွက်နိုင်ခင် ကျောက်တုံးကြီးများ ပြိုကျလာသောကြောင့် ရေအောက်သို့ ရောက်သွားကြလေ တော့သည်။

ကျွန်ုပ်တို့သည် တံခါးချပ်ကြီးများကို အလျင်အမြန် ပိတ်ကာ ဆက်၍ ပြေးကြရာ ကျွန်ုပ်တို့အား ချုပ်နှောင်ထားခဲ့သော အခန်းရှိရာသို့ ပြန်ရောက်ကြသည်။

သို့သော် ကြာကြာမနေရဲပေ၊

နောက်ပက်မှ ရေလုံးကြီးများ ဆောင့်ဝင်လာသံ၊ အဆောက်အအုံ များ၊ ကျောက်တုံးများ ပြိုကျသံများက နီးလာပြန်သဖြင့် ရှေ့သို့ ဆက်ပြေးရပြန်၏။

နောက်ဆုံးတွင် ကံကောင်းထောက်မစွာဖြင့် ကျောက်ဆောင်ကြီး ၏



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ပေါ်သို့ ပြန်ရောက်သွားသည်။ အောက်သို့ ကြည့်လိုက်သောအခါ အပြင်မှ ရေလုံးကြီးများ ပတ်ပတ်လည်မှ ဝင်လာပြီး ဖြစ်သောကြောင့် တစ်စတစ်စ ရေများ မြုပ်လာရာ မြို့သူမြို့သားများမှာ ဆောက်တည်ရာမရ အော်ဟစ်ပြေးလွှားနေသည်ကို လှမ်းမြင်နေရသည်။

အမှန်တော့ မာယာပေါက်ခွဲလိုက်သော ကျောက်နီလုံးကြီးမှာ သိရိသိဂ်ိမြို့ရေတံခါးကို ပိတ်ထားသော လျှို့ဝှက်ခလုပ် ပင်ဖြစ်ပေတော့သည်။

ကျွန်ုပ်တို့ ကျောက်တောင်ထိပ်သို့ ရောက်သောအခါ မီးပုံကို မီးမငြိမ်းစေရန် တာဝန်ယူနေရသော ဘုန်းတော်ကြီး နှစ်ပါး ထွက်လာကြသည်။ သူတို့သည် သိရိသိဂ်ိမြို့တစ်မြို့လုံး ရေအောက် နစ်မြုပ်နေသည်ကို မြင်သောအခါ တောင်အောက်သို့ အလျင်အမြန် ဆင်းသွားကြလေတော့သည်။ သို့သော် ကျောက်တောင်ကြီးကို ရေများ ပတ်လည်ဝိုင်းနေပြီဖြစ်သောကြောင့် အောက်ရောက်အောင် ဆင်းခွင့် မရရှာတော့ပေ။

မြို့ပြင် တစ်ခုလုံးမှာတော့ နေအိမ်များ လူများမှာ ရေစီးနှင့်မျောပါလျက် ရှိနေကြသည်။ မကြာမီ အခြားအဆောက် အအုံများကို မမြင်ရတော့ဘဲ ရေပြင်ဖွေးဖွေးကြီးကိုသာ လှမ်းမြင်ရတော့သည်။

မာယာကတော့ ထိုအဖြစ်အပျက်ကို လှမ်းကြည့်ကာ သူ၏ သားကလေးကို တမ်းတ,ရွတ်ဆိုရင်း ဗညားမော် ရင်ခွင်ထဲတွင် တရှုံ့ရှုံ့ ငိုကြွေးနေတော့သည်။

ထို့နောက် ကျွန်ုပ်တို့သည် မီးပုံရှိသော ကျောင်းတိုက် ကလေးရှိရာသို့ သွားနေရသည်။ ကျွန်ုပ်တို့နှင့်အတူ တောင်အောက်သို့ ဆင်းခွင့်မရသော ဘုန်းကြီးနှစ်ပါးလည်း ရှိနေရာ ၎င်းတို့က အစာရေစာအချို့





လာကျွေးလေသည်။

ထိုကျောင်းတိုက်ကလေးထဲတွင် တစ်နေ့နှင့် တစ်ည နေကြရာ မာယာမှာ အဖျားဝင်လာပြီး ကယောင်ကတမ်း ဖြစ်လာလေတော့သည်။

သတိလစ်နေစဉ်မှာပင် ..၊

“ဟိုမှာ အဖေ လာခေါ်နေတယ်၊ အဖေ ကျွန်မကို လာခေါ်နေပြီ၊ ကျွန်မ လိုက်ရတော့မယ်၊ လိုက်သွားရတော့မယ်”

ဟု ကြောက်လန့်တကြား အော်ဟစ်နေသဖြင့် ကျွန်ုပ်တို့မှာ စိတ်မချမ်းမသာ ဖြစ်ရုံကလွဲပြီး ကုသပေးစရာ ဆေးဝါးကလည်း မရှိသောကြောင့် ဘာမှ မတတ်နိုင်ခဲ့ကြပေ၊

ကျွန်ုပ်တို့ ရောက်နေသော ကျောက်တောင်ကြီးမှာ ရေပေါ်ပေါ်နေသည်ဆိုသော်လည်း ရေတိုက်စားမှုကြောင့် ကျောက်တုံးကျောက်ခဲများ တစ်စတစ်စ ပြိုကျနေပြီဖြစ်ရာ မကြာခင် ပြိုလဲကျတော့မည်မှာ သေချာလှသည်။ ရေပြင် တစ်ဝိုက်မှာလည်း ရေစီးနှင့်မျောပါလာသော အလောင်းများက မြင်မကောင်းပေ၊

အချို့အလောင်းများက ဝဲလည်ကာ တောင်ခြေတွင်လာ ကပ်နေကြသည်။ ညဘက် ကျွန်ုပ်တို့ အိပ်ပျော်နေစဉ် ဘုန်းကြီးနှစ်ပါးသည် ၎င်းတို့ အိပ်သော ကျွန်းခုတင်ကြီးနှစ်လုံး ကို ယူကာ ဖောင်အဖြစ် အသုံးပြုကာ ထွက်ခွာသွားကြသည်။

နောက်ရက်တွင် စားစရာလည်း မရှိတော့သဖြင့် မာယာ အခြေအနေမှာ ပို၍ ဆိုးလာပြီးနောက် ကယောက်ကတမ်းများ အော်ဟစ်ရွတ်ဆိုရင်းနှင့် ကျွန်ုပ်တို့နှစ်ယောက် အိပ်ပျော်ရာမှ နိုးလာသောအခါ မာယာ မရှိတော့ပေ ..၊



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျောက်တောင်ထိပ် ပတ်ဝန်းကျင်သို့ လိုက်ကြည့်သော အခါ ဝဲလည်၍ ကမ်းခြေတွင် လာကပ်နေသော အလောင်းတစ်လောင်းကို ဖက်ကာ သေဆုံးနေသော မာယာ၏ အလောင်းကို စိတ်မကောင်းစွာ တွေ့မြင်ရတော့သည်။

သူက ဖက်တွယ်ထားသော အလောင်းမှာ အခြားသူ မဟုတ်ပေ၊ သူမ၏ ဖခင် ဥတ္တရ၏ အလောင်းပင်ဖြစ်ပေတော့သည်။

❀ ❀ ❀

## နိဂုံး

သည်နောက်ပိုင်းတွင် ကျွန်ုပ်အတွက် ထူးထူးခြားခြား ရေးသား စရာ အကြောင်းမရှိတော့ဘဲ၊ ကံဆိုးကြရှာသော ဥတ္တရနှင့် မာယာတို့၏ အလောင်းများကို ဆယ်ယူ၍ ဘုန်းကြီးများနေသော ကျောင်းတိုက်ထဲသို့ သွင်းကာ ကောင်းစွာ သဂြိုဟ် လိုက်သည်။ ကျွန်ုပ်သတိပြုမိသည်မှာ ထိုအချိန်မှစ၍ ဗညားမော်မှာ အမူအရာပျက်လာပြီး ကယောင်ကတမ်း ဖြစ်လာလေသည်။

နောက်တစ်နေ့ နံနက်လင်းသည်နှင့် ကျွန်ုပ်တို့နှစ်ယောက်မှာ ကျောက်တောင်ကြီးထိပ်မှ အမြန်ဆုံး စွန့်ခွာကြရန် ပြင်ဆင်ရတော့ သည်။ အဘယ်ကြောင့်ဆိုသော် ရေတိုက်စားမှုကြောင့် ကျောက်တောင် ကြီးမှာ ကျောက်တုံး ကျောက်ခဲများ၊ တစ်စတစ်စ ပဲ့ထွက်ကာ ယိုင်နဲ့လာပြီ ဖြစ်သောကြောင့် မကြာတော့မည့် အချိန်မှာ ပြိုကျတော့မည့် လက္ခဏာများကို တွေ့လာရသောကြောင့် ဖြစ်သည်။

ကျွန်ုပ်တို့သည် ကျောက်တောင်ကြီးထိပ်တွင် ကျန်နေသေးသော





စားပွဲကုလားထိုင်များ၊ ပေါ့ပါးသော သစ်တုံးများကို ဝါးကြိုးစားဖြင့် တွဲချည်ကာ ဖောင်သဖွယ် ပြုလုပ်ကြသည်။ထို့နောက်တွင် ဖောင်ထိပ် ပေါ်တွင် ကျန်နေသေးသော စားစရာနှင့် သောက်ရေအချို့ကို ဖောင်ပေါ် တင်ပြီး ဖောင်ကို နှစ်ယောက်သား ဖက်တွယ်ကာ ကျောက်တောင်ကြီး ထိပ်မှ စွန့်ခွာကြရတော့သည်။

"မောင်သွားတော့မယ် မာယာရေ၊ မင်းအသက်ပေးပြီး ကယ်တင်ခဲ့လို့ မောင်အသက်ရှင်နေရပေမယ့် မင်းကိုတော့ တစ်သက်လုံး မမေ့တော့ပါဘူးကွယ်၊ ဒီဘဝမှာ မဆုံကြရပေမယ့် နောင်ဘဝတွေမှာ မင်းနဲ့အတူ ပျော်ပျော်ရွှင်ရွှင်နဲ့ ပေါင်းရပါစေလို့ မောင်ဆုတောင်းခဲ့ပါတယ်။

မင်းကို မောင်နောက်ဆုံး နှုတ်ဆက်ခဲ့ပါတယ် အချစ်ရယ်၊ တစ်နေ့ကျရင်မင်းရှိတဲ့ အရပ်ကို ကိုယ်ပြန်ခဲ့ပါ့မယ်လို့ ကတိပေးခဲ့ပါတယ်.."

ဗညားမော်မှာ အရူးတစ်ယောက်သဖွယ် ပါးစပ်မှ တတွတ်တွတ် ရွတ်ဆိုလျက် ရှိနေတော့သည်။

တောင်ထိပ်မှာ ကျွန်ုပ်တို့ စွန့်ခွာလာခဲ့ပြီး သိပ်မကြာခင်မှာ ကျောက်တောင်ကြီးမှာ တစ်စတစ်စနှင့်ရေအောက်သို့ နစ်မြုပ်သွား လေရာ ထိုနေရာတွင် ရေပြင်ဖွေးဖွေးကိုသာ လှမ်းမြင်ရတော့သည်။

တစ်ချိန်က ရွှေငွေကျောက်သံပတ္တမြား၊ တိုက်တာအိုးအိမ် များဖြင့် စည်ကားခဲ့သော သီရိသိင်္ဂမြို့ကြီးမှာ ယခုအခါ ရေအောက်သို့ စုံးစုံး နစ်မြုပ်သွားပေပြီ။ ထိုနှင့်အတူ ချစ်သူအပေါ်တွင် ချစ်ခဲ့သော သစ္စာတရားအတွက် အသက်နှင့် လဲသွားခဲ့သော သီရိသိင်္ဂမြို့၏ ကောရီ



www.burmeseclassic.com

www.burmeseclassic.com



မာယာဆိုသော မိန်းမ ချောတစ်ယောက်၏ ဝိညာဉ်သည်လည်း ယခုတော့ ရေအောက်တွင် အေးချမ်းစွာဖြင့် ရှိနေပေတော့သည်။

ကျွန်ုပ်တို့နှစ်ယောက်မှာ ဖောင်ကြီးကို ဖက်တွယ်ရင်းနှင့် ကန်ကြီး ရေပြင်ပေါ်မှာ ကယ်မည့်သူ မတွေ့နိုင်ဘဲ တစ်နေ့နှင့် တစ်ညတိုင်တိုင် မျောပါနေရာမှ နောက်တစ်နေ့ နံနက် လင်းသောအခါ လှေတစ်စင်းက တွေ့မြင်ကယ်တင်သွားလေတော့သည်။

ထိုလှေကို လှော်ခတ်လာသူနှစ်ယောက်မှာ အခြားသူများ မဟုတ်ပေ၊ ကျွန်ုပ်တို့ သီရိသိဂီသို့ လာစဉ်လမ်းတွင် ဦးဆုံးတွေ့ခဲ့သော အဘိုး အိုလင်မယားပင်ဖြစ်ပေသည်။ သူတို့သည် သီရိသိဂီမြို့ကြီး၏ သတင်းဆိုး ကို ကြားသဖြင့် လှေဖြင့် လာကြည့်ရာမှ ကျွန်ုပ်တို့နှစ်ယောက်အား တွေ့ သဖြင့် ကယ်တင်ကာ ၎င်းတို့ အိမ်သို့ ခေါ်သွားလေသည်။

အိမ်သို့ရောက်သောအခါ အစားအစာများ ကျွေးခြင်း၊ အဝတ်အထည် များ ပေးခြင်း၊ ဆေးဝါးကုသပေးခြင်းများ ပြုလုပ်ပေးသောကြောင့် ကျွန်ုပ်မှာ ပြန်လည် ကောင်းမွန်လာသော်လည်း၊ ဗညားမော်မှာ စိတ်ပိ စီးမှုဒဏ်၊ အအေးပတ် အဖျားဝင်သည့်ဒဏ်များ ရောထွေးခံစားနေရ သဖြင့် အဘယ် မျှပင် ပြုစု ကုသမှု ပေးသော်လည်း သက်သာခြင်းမရှိဘဲ ၎င်း ဇနီးဖြစ်သူ 'မာယာ'၏အမည်ကို တဖွဖွ တမ်းတရင်းနှင့် ကွယ် လွန်သွား ရှာတော့သည်။

ကျွန်ုပ်မှာ လွန်စွာ ခင်မင်ရသော မိတ်ဆွေအတွက် များစွာ စိတ်မကောင်းဖြစ်ရသော် တတ်နိုင်တော့ပြီး၊ ၎င်းအား ထိုနေရာတွင် ကောင်းမွန်စွာ သင်္ဂြိုဟ်ကာ အိမ်ရှင်လင်မယားတို့က လျှို့ဝှက်လမ်းကျော် အောင် လိုက်လံပို့ဆောင်သောကြောင့် နောက်ဆုံး မိမိနေရပ်သို့





ကောင်းမွန်စွာ ပြန်လည်ရောက်ရှိ ခဲ့ရပေတော့သည်။

မိမိနေရပ်သို့ ပြန်ရောက်ပြီး သီရိသိဂီမြို့မှ အနည်းငယ်မျှသာ ယူဆောင်လာသော ရတနာပစ္စည်းများအား ထုခွဲ၍ မိမိတဝ ကောင်းမွန်စွာ ထူထောင်နိုင်ခဲ့သော ကျွန်ုပ်အပေါ်တွင် အသက်နှင့်လဲကာ စောင့်ရှောက် ခဲ့သော မာယာဆိုသော သီရိသိဂီ ကေရီတစ်ပါးကိုသော်လည်းကောင်း၊ မိတ်ဆွေကြီး ဗညားမော် ကိုသော်လည်းကောင်း၊ တစ်နေ့မှ မမေ့သော ကြောင့်၊ ၎င်းတို့၏ ကျေးဇူးများကို ထာဝရ အမှတ်ရစေခြင်းငှာ ကျောက်ပြားထက်တွင် အက္ခရာထွင်း၍ မှတ်တမ်း တင်ခဲ့ပေသတည်း။

ကျွန်ုပ်ရေးသားခဲ့သော ဤမှတ်တမ်းကြီးအား ဖတ်နေသော အချိန်
တွင် ကျွန်ုပ်မှာ လူ့လောကမှာ ရှိတော့မည် မဟုတ်ပေ၊
ကျွန်ုပ်၏ ဝိညာဉ်မှာလည်း ကျုပ်မိတ်ဆွေများ၏ ဝိညာဉ်များ ရှိသော
သီရိသိဂီမြို့သို့ ရောက်နေပြီလား မပြောနိုင်ပေ၊ မည်သို့ပင်ဖြစ်စေ၊
လောကတွင် ကြုံဆုံရန် ခက်ခဲသော ...၊
ယုံကြည်နိုင်ရန် ခက်ခဲလှသည့် ဂမ္ဘီရဆန်သော ဖြစ်ရပ် ဆန်းကြယ်
များသည် ကမ္ဘာတည်သရွေ့ ရှိနေပေလိမ့်ဦးမည် ဟူသော မှတ်ချက်ပြုရင်း
ကျွန်ုပ်ဒိဗ္ဗ၏ မှတ်တမ်းကြီးမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ်အဆုံး
သတ်ပြီးဖြစ်ပါတော့သတည်း၊

အောက်တွင် 'ဒိဗ္ဗ'ဟူသော အမည်ကို ရေးထိုးထားသော ဒိဗ္ဗဆို သော လူတူးလူဆန်းကြီး၊တစ်နည်းအားဖြင့် ကိုမင်းနောင်၏ ဘေးဒူးရှင် ကြီး ရေးသားထားခဲ့သော မှတ်တမ်းရှည်ကြီး ဖတ်ရှုကာ ကိုမင်းနောင် အံ့ဩမဆုံးနိုင်အောင် ရှိပေတော့သည်။

အတ္တဂမ္ဘီရ အကျိုး၏ နက်နဲခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မ ဂမ္ဘီရ အကြောင်း၏ နက်နဲခြင်း၊
ဒေသနာဂမ္ဘီရ တရားတော်၏ နက်နဲခြင်း၊
ပဋိဝေဓ ဂမ္ဘီရ ပညာ၏ နက်နဲခြင်း၊
ဟူ၍ ဂမ္ဘီရလေးပါးရှိရာ ၎င်း ဂမ္ဘီရလေးပါးစလုံး လူများနှင့် ဆက်စပ်လျက်ရှိပေသည်။

ထို့ကြောင့် ဆန်းကြယ်လွန်းသော အဖြစ်အပျက်များနှင့် ပြည့်နှက်နေသော ဤကမ္ဘာလောကကြီးတွင် တွေ့ဆုံကြုံကွဲဟူသော လောကဓံတရားသည်လည်း ရှိနေဦးမည်ဖြစ်၏။

မိတ်ဆွေများ၏ အကျိုးစီးပွားများကို ဆောင်ရွက်တတ်သော ဦးဒိဗ္ဗသည်လည်းကောင်း၊

ချစ်သူအပေါ်တွင် အသက်နှင့်လဲကာ သစ္စာရှိခဲ့သော မာယာသည်လည်းကောင်း၊

ဗညားမော်ဆိုသော လူတစ်ယောက်သည်လည်းကောင်း၊ အားလုံးတို့မှာ လောက၏ သားကောင်များသာ ဖြစ်သောကြောင့် ဤဆန်းကြယ်လှသော အဖြစ်အပျက်များနှင့် ကြုံတွေ့ရသည်ဟု ကိုမင်းနောင်တစ်ယောက် သံဝေဂ ယူမိသည်တွင် ကျွန်ုပ်ရေးသားသော ဤ "မာယာကေဝီ" ဂမ္ဘီရ ဆန်းကြယ် မှတ်တမ်းရှည်ကြီးမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီးဖြစ်ပေတော့သတည်း။ ။

စာဖတ်သူများ နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြပါစေ


(ကြိုစက္ကူ)

စာပြီးချိန် ၂၀၀၄ ခုနှစ် ဧပြီလ (၄)ရက်

တနင်္ဂနွေနေ့ ည ရနာရီ ၃၀ မိနစ် ...၊

ရွှေသမင်စာပေ

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com